ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

# ဘောဂဗေဒ

# နဝမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်

ကျောင်းသုံးစာအုပ်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပညာရေးဝန်ကြီးဌာန

# ဘောဂဗေဒ

# နဝမတန်း

အခြေခံပညာသင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်

ကျောင်းသုံးစာအုပ်ကော်မတီ

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ- ၁၈၀၀၀၀၀

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့်
ကျောင်းသုံးစာအုပ်ကော်မတီ၏ မူပိုင်ဖြစ်သည် ။

# အမှာစာ

အခြေခံပညာအထက်တန်း၊ နဝမတန်း ဘောဂဗေဒဘာသာရပ်ကိုရည်ရွယ်ချက်နှစ်ရပ်ဖြင့် သင်ကြားခြင်းဖြစ်သည်။ ပထမရည်ရွယ်ချက်မှာ စီးပွားရေး၊ လူမှုရေးဖြစ်စဉ်များနှင့် ပတ်သက်သော အခြေခံဘောဂဗေဒ အသိပညာကို ဖြည့်ဆည်းပေးရန်ဖြစ်ပြီး၊ ဒုတိယရည်ရွယ်ချက်မှာ ဘောဂဗေဒ ဘာသာရပ်နှင့် စတင်မိတ်ဆက်ရမည့် ကျောင်းသား၊ ကျောင်းသူများ မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ်၊ စီးပွားရေးအဆောက်အအုံနှင့် ဆောင်ရွက်လုပ်ကိုင်နေမှု အခြေအနေတို့ကို အခြေခံအားဖြင့် သဘောပေါက် နားလည်လာစေရန် ဖြစ်ပါသည်။ ဤသို့ဖြင့် ဘောဂဗေဒအဓိပ္ပာယ်၊ စီးပွားရေး လုပ်ဆောင်ချက်များ၊ စီးပွားရေး အဆောက်အအုံနှင့် စီးပွားရေးစနစ်များအကြောင်း ယေဘုယျသိရှိပြီး၊ တစ်ပြိုင်တည်းမှာပင် အဆိုပါ စီးပွားရေး လုပ်ဆောင်ချက်များ၊ စီးပွားရေး အဆောက်အအုံ၊ စီးပွားရေး စနစ်တို့တွင် ထုတ်လုပ်သူများအနေဖြင့်လည်းကောင်း၊ စားသုံးသူများအနေဖြင့်လည်းကောင်း၊ သက်ဝင် လှုပ်ရှားနေသော လူဦးရေအကြောင်းကိုလည်းကောင်း သိရှိနိုင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် မိမိနိုင်ငံနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ၏ လူဦးရေအကြောင်းကို လူဦးရေ အမျိုးအစား၊ လုပ်သားအင်အား၊ စားသုံးသူများနှင့် အနေတော်လူဦးရေစသည်ဖြင့် ခွဲခြားလေ့လာစေပါသည်။ ထို့အတူ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး အဆောက်အအုံနှင့် နိုင်ငံတကာ၏ စီးပွားရေးအဖွဲ့အစည်းများအကြောင်းကိုလည်း သိရှိနိုင်ရန် ထည့်သွင်းထားပါသည်။

နဝမတန်းဘောဂဗေဒစာအုပ်တွင် အခန်း (၁၀) ခန်းရှိပြီး၊ အခန်း (၁)၊ (၂)၊ (၃) တို့ကို ပထမရည်ရွယ်ချက် ပြည့်ဝစေရန် ပြုစုသင်ကြားစေခြင်းဖြစ်သည်။ အခန်း (၄) (၅) (၆) (၇) (၈) (၉)နှင့် (၁၀) တို့ကိုမူ ဒုတိယ ရည်ရွယ်ချက်ပြည့်ဝစေရန် သင်ကြားစေခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ပြုစုရာတွင် ၁၉၈၅/၈၆ ပညာသင်နှစ် နဝမတန်းဘောဂဗေဒဘာသာရပ်အတွက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြဌာန်းခဲ့သော စာအုပ်အားအခြေခံပါသည်။ သို့သော် လက်ငင်းအခြေအနေများကို ထင်ဟပ်ပေါ်လွင်စေသည့် နောက်ဆုံးထုတ်ပြန်သော တရားဝင်စာရင်းအင်း အချက်အလက်များ အပေါ်မှီငြမ်း၍ ရေးသားပြုစုထားခြင်းဖြစ်ပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံ၏ လူဦးရေနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံတို့ကို ရေးသားရာတွင် နောက်ဆုံးရရှိသော တရားဝင်စာရင်းအင်း အချက်အလက်များကိုသာ အသုံးပြုဖော်ပြထားပါသည်။

ဤသင်ရိုးသစ်ကို ပညာရေးမြှင့်တင်မှု အစီအစဉ်နှင့် လိုက်လျောညီထွေရှိစေရန် ကမ္ဘာ့အဆင့်မီ သင်ရိုးများနှင့် နှိုင်းယှဉ်၍ မြန်မာနိုင်ငံ၏အခြေအနေကို ထင်ဟပ်ရေးဆွဲ ပြုစုထားခြင်းလည်းဖြစ်ပါသည်။

နဝမတန်းတွင် ဘောဂဗေဒဘာသာရပ်ကို စတင်သင်ယူကြသည့် ကျောင်းသား၊ ကျောင်းသူများအတွက် အခက်အခဲမရှိ လွယ်ကူစွာ နားလည်နိုင်ရန်နှင့် ဘာသာရပ်၏ အခြေခံကို သိရှိသွားရန် ရေးသားပြုစုထားပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၁ | ဘောဂဗေဒ ဆိုသည်မှာ | ၁ |
| | ၁-၁။ နိဒါန်း | ၁ |
| | ၁-၂။ "အီးကို့စ်" Ecos+ "နိုမီ" Nomy | ၁ |
| | ၁-၃။ လူသားတို့၏အကန့်အသတ်မရှိသော လိုအင်ဆန္ဒများနှင့်အကန့်အသတ်ရှိသောအရင်းအမြစ် | ၂ |
| | ၁-၄။ နိဂုံး | ၄ |
| | အနှစ်ချုပ် | ၄ |
| | ဝေါဟာရများ | ၅ |
| | လေ့ကျင့်ခန်းများ | ၅ |
| အခန်း ၂ | ကုန်စည်နှင့် ဝန်ဆောင်မှုများ | ၇ |
| | ၂-၁။ နိဒါန်း | ၇ |
| | ၂-၂။ အခမဲ့ကုန်စည်နှင့် ရှားပါးကုန်စည်များ | ၇ |
| | ၂-၃။ သွင်းအားစုနှင့် ကုန်ထွက်များ | ၈ |
| | ၂-၄။ ကုန်ချောများနှင့် ကုန်ကြမ်းများ | ၉ |
| | ၂-၅။ နောက်ဆုံးသုံး ကုန်စည်နှင့် ကြားသုံးကုန်စည် | ၁၀ |
| | ၂-၆။ စားသုံးကုန်စည်များနှင့် ထုတ်လုပ်သူသုံးကုန်စည် | ၁၀ |
| | ၂-၇။ ကြာရှည်သုံးကုန်စည်နှင့် တစ်ခါသုံးကုန်စည် | ၁၁ |
| | ၂-၈။ ပျက်စီးလွယ်သောကုန်စည်နှင့်မပျက်စီးလွယ်သောကုန်စည် | ၁၁ |
| | ၂-၉။ ကုန်လက်ကျန်နှင့် ကုန်စီးဆင်းမှု | ၁၂ |
| | ၂-၁၀။ နိဂုံး | ၁၂ |
| | အနှစ်ချုပ် | ၁၃ |
| | ဝေါဟာရများ | ၁၄ |
| | လေ့ကျင့်ခန်းများ | ၁၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| အခန်း ၃ | စီးပွားရေးလုပ်ဆောင်ချက်များ၊ စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန် စီးပွားရေးစနစ် နှင့် စီးပွားရေးအဖွဲ့အစည်းများ | ၁၇ |
| | ၃-၁။ နိဒါန်း | ၁၇ |
| | ၃-၂။ စီးပွားရေးလုပ်ဆောင်ချက်များ | ၁၇ |
| | ၃-၃။ စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန် | ၂၄ |
| | ၃-၄။ စီးပွားရေးစနစ် | ၂၄ |
| | ၃-၅။ စီးပွားရေးအဖွဲ့အစည်းများ | ၂၅ |
| | ၃-၆။ စီးပွားရေးအဖွဲ့အစည်းအမျိုးအစားများ | ၂၈ |
| | ၃-၇။ နိဂုံး | ၃၂ |
| | အနှစ်ချုပ် | ၃၃ |
| | ဝေါဟာရများ | ၃၆ |
| | လေ့ကျင့်ခန်းများ | ၃၆ |
| အခန်း ၄ | မြန်မာနိုင်ငံ၏ လူဦးရေ | ၃၈ |
| | ၄-၁။ နိဒါန်း | ၃၈ |
| | ၄-၂။ မြန်မာနိုင်ငံလူဦးရေတည်ဆောက်ပုံ | ၃၈ |
| | ၄-၃။ လုပ်သားအင်အား | ၄၉ |
| | ၄-၄။ စားသုံးသူများ | ၅၄ |
| | ၄-၅။ အနေတော်လူဦးရေ | ၅၅ |
| | ၄-၆။ နိဂုံး | ၅၉ |
| | အနှစ်ချုပ် | ၅၉ |
| | ဝေါဟာရများ | ၆၁ |
| | လေ့ကျင့်ခန်းများ | ၆၁ |
| အခန်း ၅ | မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံ | ၆၄ |
| | ၅-၁။ နိဒါန်း | ၆၄ |
| | ၅-၂။ တိုင်းပြည်ဝင်ငွေ | ၆၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၅-၃။ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုအဆောက်အအုံ | ၆၆ |
| | ၅-၄။ မြန်မာနိုင်ငံ၏ GDP ကို ခွဲဝေအသုံးပြုပုံ | ၇၄ |
| | ၅-၅။ နိဂုံး | ၇၆ |
| | အနှစ်ချုပ် | ၇၇ |
| | ဝေါဟာရများ | ၇၈ |
| | လေ့ကျင့်ခန်းများ | ၇၈ |
| အခန်း ၆ | မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ | ၈၀ |
| | ၆-၁။ နိဒါန်း | ၈၀ |
| | ၆-၂။ လယ်ယာကဏ္ဍ၏ အဓိကထုတ်ကုန်များ | ၈၀ |
| | ၆-၃။ လယ်ယာကဏ္ဍ၏ သွင်းအားစုများ | ၈၆ |
| | ၆-၄။ အခြားကဏ္ဍများနှင့်ဆက်စပ်မှု | ၉၀ |
| | ၆-၅။ သားငါးကဏ္ဍ | ၉၂ |
| | ၆-၆။ ရေလုပ်ငန်း | ၉၄ |
| | ၆-၇။ နိဂုံး | ၉၆ |
| | အနှစ်ချုပ် | ၉၆ |
| | လေ့ကျင့်ခန်းများ | ၉၇ |
| အခန်း ၇ | မြန်မာနိုင်ငံ၏သစ်တောကဏ္ဍ | ၉၉ |
| | ၇-၁။ နိဒါန်း | ၉၉ |
| | ၇-၂။ သစ်တောကဏ္ဍ၏ အဓိကထုတ်ကုန်များ | ၁၀၀ |
| | ၇-၃။ သစ်တောကဏ္ဍအတွက် သွင်းအားစုများ | ၁၀၂ |
| | ၇-၄။ အခြားစီးပွားရေးကဏ္ဍများနှင့် ဆက်စပ်ပုံ | ၁၀၆ |
| | ၇-၅။ နိဂုံး | ၁၀၇ |
| | အနှစ်ချုပ် | ၁၀၇ |
| | လေ့ကျင့်ခန်းများ | ၁၀၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၈ | မြန်မာနိုင်ငံ၏သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ | ၁၁၀ |
| | ၈-၁။ နိဒါန်း | ၁၁၀ |
| | ၈-၂။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏အဓိကထုတ်ကုန်များ | ၁၁၀ |
| | ၈-၃။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍအတွက်သွင်းအားစုများ | ၁၁၃ |
| | ၈-၄။ သတ္တုတွင်းထွက်ပစ္စည်းထုတ်လုပ်မှုနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသောဌာနခွဲများ | ၁၁၅ |
| | ၈-၅။ စွမ်းအင်ကဏ္ဍ၏ အဓိကထုတ်ကုန်များ | ၁၁၇ |
| | ၈-၆။ စွမ်းအင်ကဏ္ဍအတွက် သွင်းအားစုများ | ၁၁၇ |
| | ၈-၇။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု | ၁၁၈ |
| | ၈-၈။ နိဂုံး | ၁၂၀ |
| | အနှစ်ချုပ် | ၁၂၀ |
| | လေ့ကျင့်ခန်းများ | ၁၂၁ |
| အခန်း ၉ | မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းကဏ္ဍများ | ၁၂၃ |
| | ၉-၁။ နိဒါန်း | ၁၂၃ |
| | ၉-၂။ မြန်မာနိုင်ငံတွင် စက်မှုထူထောင်ရန်လိုအပ်ခြင်း | ၁၂၄ |
| | ၉-၃။ စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ခြင်း | ၁၂၆ |
| | ၉-၄။ မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ | ၁၂၈ |
| | ၉-၄ (၁) ။ စက်မှုလုပ်ငန်းအမျိုးအစားခွဲခြားပုံများ | ၁၂၉ |
| | ၉-၄ (၂)။ မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ၏ အဓိကထုတ်ကုန်များ | ၁၃၀ |
| | ၉-၄ (၃)။ မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ၏ အဓိသွင်းအားစုများ | ၁၃၃ |
| | ၉-၄ (၄)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု | ၁၃၅ |
| | ၉-၅။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၃၅ |
| | ၉-၅ (၁)။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု | ၁၃၆ |
| | ၉-၅ (၂)။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားကဏ္ဍ၏သွင်းအားစုများ | ၁၄၀ |
| | ၉-၅ (၃)။ အခြားကဏ္ဍများနှင့်ဆက်စပ်မှု | ၁၄၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၉-၅(၄)။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားအသုံးပြုမှု | ၁၄၀ |
| | ၉-၆။ ဆောက်လုပ်ရေးကဏ္ဍ | ၁၄၂ |
| | ၉-၆ (၁)။ ဆောက်လုပ်ရေးကဏ္ဍ၏ တည်ဆောက်ရေးလုပ်ငန်းများ | ၁၄၂ |
| | ၉-၆ (၂)။ ဆောက်လုပ်ရေးကဏ္ဍ၏ အဓိကသွင်းအားစုများ | ၁၄၃ |
| | ၉-၆ (၃)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု | ၁၄၃ |
| | ၉-၇။ နိဂုံး | ၁၄၄ |
| | အနှစ်ချုပ် | ၁၄၄ |
| | ဝေါဟာရများ | ၁၄၅ |
| | လေ့ကျင့်ခန်းများ | ၁၄၆ |
| အခန်း၁၀ | မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများ | ၁၄၈ |
| | ၁၀-၁။ နိဒါန်း | ၁၄၈ |
| | ၁၀-၂။ ကုန်သွယ်ရေးကဏ္ဍ | ၁၄၈ |
| | ၁၀-၂ (၁)။ ကုန်သွယ်ရေးကဏ္ဍ၏ အရေးပါမှု | ၁၄၉ |
| | ၁၀-၂ (၂)။ ဝင်လယ်ရေကြောင်းကုန်သွယ်ရေး | ၁၅၀ |
| | ၁၀-၂ (၃)။ ပြည်တွင်းကမ်းရိုးတန်းကုန်သွယ်မှု | ၁၅၃ |
| | ၁၀-၂ (၄)။ နယ်စပ်ကုန်သွယ်ရေး | ၁၅၄ |
| | ၁၀-၂ (၅)။ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း | ၁၅၄ |
| | ၁၀-၂ (၆)။ ကုန်သွယ်ရေးကဏ္ဍ၏ သွင်းအားစုများ | ၁၅၅ |
| | ၁၀-၂ (၇)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု | ၁၅၆ |
| | ၁၀-၃။ ငွေရေးကြေးရေးကဏ္ဍ | ၁၅၆ |
| | ၁၀-၃ (၁)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု | ၁၅၉ |
| | ၁၀-၄။ ပို့ဆောင်ရေးကဏ္ဍ | ၁၅၉ |
| | ၁၀-၅။ ဆက်သွယ်ရေးကဏ္ဍ | ၁၆၂ |
| | ၁၀-၆။ နိဂုံး | ၁၆၄ |

အနှစ်ချုပ် ၁၆၄
ဝေါဟာရများ ၁၆၅
လေ့ကျင့်ခန်း ၁၆၅

# အခန်း (၁)

# ဘောဂဗေဒဆိုသည်မှာ

**What is Economics?**

## ၁-၁။ နိဒါန်း

ဘောဂဗေဒဆိုသည်မှာ အဘယ်နည်း။ ဤမေးခွန်းသည် ဖြေဆိုရန် လွယ်ကူလှသော မေးခွန်းတစ်ရပ် မဟုတ်ပေ။ ဘောဂဗေဒ၏ အဓိပ္ပာယ်သည် ကျယ်ပြန့်၏။ သို့ဖြစ်၍ ဘာသာရပ်၏ သဘောသဘာဝကို ခြုံငုံမိစေသည့် အဓိပ္ပာယ်ကို တိတိကျကျဖွင့်ဆိုရန်မှာ ခက်ခဲသည်။ ဘောဂဗေဒ ပညာရှင်အသီးသီးက ရှုထောင့်အမျိုးမျိုးမှ အဓိပ္ပာယ်ဖွင့် ဆိုကြသည်။ ထို့ကြောင့် ဘောဂဗေဒ ဘာသာရပ်ဝေါဟာရ၏ အခြေခံအဓိပ္ပာယ် ဖော်ပြချက် အချို့ဖြင့် စတင်ရှင်းပြပါမည်။

## ၁-၂။ "အီးကို့စ်" (Ecos) + "နိုမီ" (Nomy)

ဘောဂဗေဒ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် "အီကိုနော်မစ်"(economics) ဟူသော ဝေါဟာရသည် စီးပွားရေးအဆောက်အအုံ သို့မဟုတ် "အီကိုနိုမီ" (economy) ဟူသော စကားလုံးပေါ်တွင် အခြေတည် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်။ တစ်ဖန် "အီကိုနိုမီ"ဟူသော စကားလုံးသည် ဂရိဘာသာမှ "အီးကို့စ်" နှင့် " နိုမီ" ဟူသော စကားနှစ်လုံးကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ "အီးကို့စ်" ၏ အဓိပ္ပာယ်မှာ မိသားစု သို့မဟုတ် အိမ်ထောင်စုဖြစ်ပြီး "နိုမီ" ၏ အဓိပ္ပာယ်မှာ စီမံခန့်ခွဲခြင်းဖြစ်သည်။ ထို့ကြောင့် "အီကိုနိုမီ"ဟူသော စကားလုံး၏ တိုက်ရိုက်အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ မိသားစု သို့မဟုတ် အိမ်ထောင်စုစီမံခန့်ခွဲခြင်းဖြစ်သည်။

မျက်မှောက်ကာလတွင်မူ "အီကိုနိုမီ" ၏ အဓိပ္ပာယ်မှာ မိသားစုစီမံခန့်ခွဲခြင်းထက် များစွာပို၍ ကျယ်ပြန့်ကြောင်းတွေ့ရသည်။ " အီကိုနိုမီ" ဟူသောဝေါဟာရတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများ **(goods and services)** ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်း အခြေအနေများအားလုံး အကျုံးဝင်ပေသည်။ ဥပမာအားဖြင့် မြန်မာ့စီးပွားရေးအဆောက်အအုံ **(The economy of Myanmar)** ဟုဆိုလျှင် မြန်မာနိုင်ငံအတွင်းရှိ ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းများအားလုံးကို ဆိုလိုပါသည်။ ထိုနည်းတူစွာ အပြည်ပြည် ဆိုင်ရာစီးပွားရေး အဆောက်အအုံ **(The international economy)**ဟုဆိုရာတွင်လည်း ကမ္ဘာပေါ်ရှိနိုင်ငံများ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းများကို ဆိုလိုခြင်းဖြစ်သည်။

တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအဆောက်အအုံကို ရည်ညွှန်းသည်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာစီးပွားရေးအဆောက်အအုံကို ရည်ညွှန်းသည်ဖြစ်စေ၊ ကုန်စည်နှင့် ဝန်ဆောင်မှုတို့၏ အမှန်တကယ် ထုတ်လုပ်မှုနှင့် အသုံးပြုမှုတို့ကို လူတစ်ဦးချင်းကသော်လည်းကောင်း၊ အိမ်ထောင်စုများကသော်လည်းကောင်း၊

အဖွဲ့အစည်းအလိုက်သော်လည်းကောင်း တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သည်။ ဤသို့ ဆောင်ရွက်ရာတွင် မည်သည့်အရာများကို ထုတ်လုပ်မည်၊ ထုတ်လုပ်မှုရလဒ်များကို မည်သို့မည်ပုံ အသုံးပြုမည်ဟူသော ဆုံးဖြတ်ချက်များကို ပြုလုပ်ကြရသည်။ ဤဆုံးဖြတ်ချက်များသည် အိမ်ထောင်စု၏ဝင်ငွေနှင့် အသုံးစရိတ်များကို အိမ်ထောင်ဦးစီး တစ်ယောက်က စီမံခန့်ခွဲသည့်အခါ ပြုလုပ်ရသော ဆုံးဖြတ်ချက်များနှင့် အလွန်တူပေသည်။ ထို့ကြောင့်"အီကိုနိုမီ"ဟူသောစကားလုံး၏ ခေတ်သစ်အဓိပ္ပာယ်ဆိုလိုချက်နှင့် ဂရိဘာသာစကား၏ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်တို့သည် အခြေခံအားဖြင့် တူညီကြောင်းတွေ့ရသည်။

"အီကိုနိုမီ" ဆိုသောစကားလုံးမှ "အီကိုနိုမိုက်ဇ်" (economize) ချွေတာရေးဟူသော စကားလုံးပေါ်ထွက်လာစေခဲ့သည်။ ချွေတာရေးဟုဆိုရာ၌ အသုံးစရိတ်များသုံးစွဲရာတွင် လည်းကောင်း၊ စွမ်းအားစုများ အသုံးပြုရာတွင်လည်းကောင်း၊ အလေအလွင့်မရှိစေရန် ဂရုတစိုက်သုံးစွဲခြင်းကိုဆိုလိုသည်။" အီကိုနိုမီ" ဟူသောစကားနှင့် "အီကိုနိုမိုက်ဇ်" ဟူသော စကား(၂)လုံးမှ "အီကိုနောမစ်" (economics) မြန်မာအခေါ်အဝေါ်အားဖြင့် ဘောဂဗေဒဟူသော ဝေါဟာရကိုရရှိသည်။ ဘောဂဗေဒဆိုသည်မှာ စီးပွားရေးအဆောက်အအုံကို လေ့လာခြင်းနှင့် ချွေတာစွာသုံးစွဲရေးတို့ကို လေ့လာခြင်းဖြစ်သည်။ **(Economics is the study of the economy and of economizing.)** ထို့ကြောင့် ဘောဂဗေဒဆိုသည်မှာ လူသားတို့အနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို မည်သို့မည်ပုံထုတ်လုပ်၍ မည်သို့မည်ပုံ ခွဲဝေအသုံးပြုသည်ဟူသော အကြောင်းရပ်များကို လေ့လာခြင်းဖြစ်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

၁-၃။ လူသားတို့၏ အကန့်အသတ်မရှိသော လိုအင်ဆန္ဒများနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်များ **(Unlimited Human Wants Vs. Limited Resources)**

လူသားတို့သည် နေ့စဉ်နေ့တိုင်းစားသောက်မှုများအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို လိုအပ်သည်။ ထိုလိုအပ်ချက်များတွင် အခြေခံကျသောလိုအပ်ချက်များ **(basic requirements)** နှင့် အခြေခံမကျသောလိုအပ်ချက်များ **(non-basic requirements)** ဟူ၍(၂)မျိုး ပါဝင်နေသည်။ အခြေခံကျသောလိုအပ်ချက်များတွင် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် အိမ်ရာအဆောက်အအုံတို့ပါဝင်သည်။ အခြေခံမကျသော လိုအပ်ချက်များမှာပျော်ပွဲရွှင်ပွဲ၊ ဖျော်ဖြေမှု၊ အနားယူအပန်းဖြေခြင်းစသည်တို့ပါဝင်သည်။ အကယ်၍လူသားတို့၏ လိုအပ်ချက်များသို့မဟုတ် လိုအင်ဆန္ဒများသည် အကန့်အသတ်ဖြင့် ရှိလျှင်သော်လည်းကောင်း၊ နည်းပါးလျှင်သော်လည်းကောင်း လူသားတို့၏ဘဝသည် အလွန်ပင်ရိုးစင်းနေပေလိမ့်မည်။

လက်တွေ့၌ လူသားတို့၏လိုအင်ဆန္ဒများသည် အကန့်အသတ်မရှိ များပြားလှပေသည်။ လူသားတို့သည် ပစ္စည်းတစ်စုံတစ်ရာကို လုံလောက်စွာရရှိပြီး ဖြစ်သည့်တိုင်အောင် အခြားအရာများကို ထပ်မံလိုချင်လာတတ်ကြပေသည်။ ထို့ကြောင့် ဘောဂဗေဒဘာသာရပ်တွင် လူသားတို့၏ လိုအင်ဆန္ဒ အကန့်အသတ်မရှိခြင်းသည် မငြင်းပယ်နိုင်သည့် အမှန်တရားတစ်ရပ်အနေဖြင့် လက်ခံထားခြင်းဖြစ်

သည်။

**လူသားတို့၏ လိုအင်ဆန္ဒများ ဖြည့်စွမ်းရန်အတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ရာတွင် ကုန်ထုတ်အင်အားစုများ (factors of production) ကို အသုံးပြုရပေမည်။ ဘောဂဗေဒဘာသာရပ်တွင် လူ့လုပ်အား၊ သဘာဝသယံဇာတပစ္စည်းများ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် ထုတ်လုပ်မှု ကိရိယာများအားလုံးကို ကုန်ထုတ်အင်အားစုများ သို့မဟုတ် ထုတ်လုပ်မှု အရင်းအမြစ်များ (productive resources) ဟုခေါ်သည်။**

လူ့လုပ်အားရရှိနိုင်မှု၊ သဘာဝသယံဇာတပစ္စည်းများရရှိနိုင်မှု ရုပ်ဝတ္ထုပစ္စည်းများနှင့် ကုန်ထုတ်ကိရိယာများ ရရှိနိုင်မှုတို့သည် လိုသလောက်ပင် မရရှိနိုင်ပေ။ ထို့ကြောင့် ထုတ်လုပ်မှုအရင်းအမြစ်များ ရရှိနိုင်မှုသည် အကန့်အသတ်ဖြင့်တည်ရှိနေသည်။

အကန့်အသတ်ဖြင့်ရှိနေသည့် ထုတ်လုပ်မှုအရင်းအမြစ်များကို အသုံးပြုရသဖြင့်ထုတ်လုပ်မှုသည်လည်း အကန့်အသတ်ဖြင့်သာရရှိနိုင်သည်။ သို့ရာတွင် လူတို့၏ လိုအင်ဆန္ဒများမှာ အကန့်အသတ်မရှိသည့်အတွက် ထုတ်လုပ်နိုင်သည်ထက် ပိုမိုများပြားနေသည်။ ထို့ကြောင့် လူတို့၏ လိုအင်ဆန္ဒများကို ဖြည့်စွမ်းရန် ရွေးချယ်မှုပြုလုပ်ရန်လိုအပ်သည်။

ထို့ကြောင့်ဘောဂဗေဒဘာသာရပ်တွင် မငြင်းပယ်နိုင်သည့်အမှန်တရား(၂) ရပ်ရှိသည်၊ ယင်းတို့မှာ -

(က) ထုတ်လုပ်မှု အရင်းအမြစ်များရရှိနိုင်မှုသည် အကန့်အသတ်ရှိခြင်း

(ခ) လူသားတို့၏ လိုအင်ဆန္ဒများသည် အကန့်အသတ်မရှိခြင်းတို့ဖြစ်သည်။

ဤအကြောင်း အရာ(၂)ရပ်ကိုယှဉ်တွဲလေ့လာခြင်းဖြင့် ပိုမိုတိကျသော ဘောဂဗေဒဘာသာ ရပ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုနိုင်သည်။ထို့ကြောင့် **ဘောဂဗေဒဘာသာရပ်သည် လူသားတို့ အနေဖြင့်မိမိတို့၏ လိုအင်ဆန္ဒများကိုအများဆုံး ဖြည့်စွမ်းနိုင်ရန်အတွက် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော ထုတ်လုပ်မှု အရင်းအမြစ်များကို မည်သို့မည်ပုံစီမံခန့်ခွဲ၍ အသုံးပြုသည်ကို လေ့လာသော ဘာသာရပ် ဖြစ်သည်။**

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ယခင် အဓိပ္ပာယ်ဖွင့်ဆိုချက်များထက် ပို၍ပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။ ဘောဂဗေဒဘာသာရပ်နှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်(၃)မျိုး ရှိခဲ့သော်လည်းအခြေခံသဘောတရားမှာ အတူတူပင်ဖြစ်သည်။

၁-၄။ **နိဂုံး**

ဤအခန်းတွင် ဘောဂဗေဒ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် (၃) မျိုးကို ဖော်ပြခဲ့ပေသည်။ ပထမမှာ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပြီး မိသားစုစီမံခန့်ခွဲခြင်း အဓိပ္ပာယ်နှင့် သက်ဆိုင်ပေသည်။ ဒုတိယမှာ ယေဘုယျအဓိပ္ပာယ် ဖွင့်ဆိုချက်ဖြစ်သည်။ ယင်းမှာ ဘောဂဗေဒဘာသာရပ်သည် လူသားတို့အနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို မည်သို့မည်ပုံထုတ်လုပ်၍ မည်သို့မည်ပုံ ခွဲဝေအသုံးပြုသည်ကို လေ့လာသောဘာသာရပ်ဖြစ်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်ပေသည်။ တတိယမှာ ပိုမိုကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်သည်။ ယင်းမှာ ဘောဂဗေဒ ဘာသာရပ်သည် လူတို့၏လိုအင်ဆန္ဒများကို အများဆုံးဖြည့်စွမ်းရန်အတွက် အကန့်အသတ်ဖြင့်သာရရှိနိုင်သော ထုတ်လုပ်မှုအရင်းအမြစ်များကို လူသားများအနေနှင့် မည်သို့မည်ပုံ စီမံခန့်ခွဲ၍ အသုံးပြုသည်ကို လေ့လာသောဘာသာရပ်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည်။

ဘောဂဗေဒဘာသာရပ်သည် လူ့အဖွဲ့အစည်းနှင့် သက်ဆိုင်ပြီး သိပ္ပံနည်းကျစူးစမ်း လေ့လာမှုများကို အသုံးပြုသဖြင့် ယင်းကို လူမှုရေးသိပ္ပံဘာသာခွဲ တစ်ရပ်အနေဖြင့် သတ်မှတ်ထားပေသည်။

---

## အနှစ်ချုပ်

(၁) 'အီးကို့စ်' (Ecos) ဟူသောစကားလုံးသည် ဂရိဘာသာစကားမှ မိသားစု (သို့မဟုတ်) အိမ်ထောင်စုဖြစ်သည်။

(၂) 'နိုမိ' (Nomy) ဟူသောစကားလုံးသည် ဂရိဘာသာစကားမှ စီမံခန့်ခွဲခြင်းဟူသော အဓိပ္ပာယ်ဖြစ်သည်။

(၃) ဂရိဘာသာစကားမှ ထုတ်ဖော်ထားသော 'အီကိုနိုမီ' (Economy) ဟူသော စကားလုံး၏ တိုက်ရိုက်အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ မိသားစု (သို့မဟုတ်) အိမ်ထောင်စု စီမံခန့်ခွဲခြင်း ဖြစ်သည်။

(၄) မြန်မာနိုင်ငံ စီးပွားရေးအဆောက်အအုံဆိုသည်မှာ မြန်မာနိုင်ငံအတွင်းရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းများကို ဆိုလိုခြင်းဖြစ်သည်။

(၅) အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံဆိုသည်မှာ ကမ္ဘာပေါ်ရှိနိုင်ငံများ၏ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းများကို ဆိုလိုခြင်းဖြစ်သည်။

(၆) ဘောဂဗေဒဆိုသည်မှာ လူသားတို့အနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို မည်သို့မည်ပုံ ထုတ်လုပ်၍ မည်သို့မည်ပုံအသုံးပြုသည်ကို လေ့လာခြင်းဖြစ်သည်။ (ယေဘုယျအဓိပ္ပာယ် ဖွင့်ဆိုချက်)

(၇) ဘောဂဗေဒဘာသာရပ်တွင် ထုတ်လုပ်မှုအရင်းအမြစ်များရရှိနိုင်မှုသည် အကန့်အသတ်ဖြင့် ရှိနေသည်။

(၈) ဘောဂဗေဒဘာသာရပ်တွင် လူသားတို့၏ လိုအင်ဆန္ဒများသည် အကန့်အသတ်မရှိပါ။

(၉) ပို၍တိကျသော ဘောဂဗေဒဘာသာရပ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ 'ဘောဂဗေဒဘာသာရပ်သည် လူတို့၏ လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်ရန်အတွက် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော ကုန်ထုတ်အရင်းအမြစ်များကို မည်သို့မည်ပုံ စီမံခန့်ခွဲ၍အသုံးပြုသည်ကို လေ့လာသော ဘာသာရပ်ဖြစ်သည်။

<u>ဝေါဟာရ</u>

- အပြည်ပြည်ဆိုင်ရာ စီးပွားရေးအဆောက်အအုံ
- ဈေးကွက်ရေး
- အခြေခံကျသောလိုအပ်ချက်
- အခြေခံမကျသောလိုအပ်ချက်
- ထုတ်လုပ်မှုအရင်းအမြစ်များ
- ဘောဂဗေဒဘာသာရပ်

---

**လေ့ကျင့်ခန်းများ**

**(က) မှား/မှန်မေးခွန်း**

၁။ "အီကိုနိုမီ" ဟူသောစကားလုံး၏ အဓိပ္ပာယ်မှာ မိသားစုသို့မဟုတ် အိမ်ထောင်စုစီမံခန့်ခွဲခြင်းဖြစ်သည်။

၂။ မျက်မှောက်ကာလ၌ ဘောဂဗေဒတွင် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းအခြေအနေများအားလုံး အကျုံးဝင်သည်။

၃။ ဘောဂဗေဒဆိုသည်မှာ စီးပွားရေးအဆောက်အအုံကို လေ့လာခြင်းနှင့် ဈေးကွက်သုံးစွဲရေးတို့ကို လေ့လာခြင်းဖြစ်သည်။

၄။ အီကိုနိုမီနှင့် အီကိုနိုမိုက်(စ်) မှ အီကိုနောမစ် (ဘောဂဗေဒ)ဟူသော ဝေါဟာရကိုရရှိသည်။

၅။ ဘောဂဗေဒဘာသာရပ်၏ သဘောသဘာဝကို ခြုံငုံမိစေသည့် အဓိပ္ပာယ်ကို တိတိကျကျ ဖွင့်ဆိုရန်မှာ မခက်ခဲပါ။

**(ခ)ကွက်လပ်ဖြည့်မေးခွန်း**

၁။ အီးကို့စ်၏အဓိပ္ပာယ်မှာ မိသားစု သို့မဟုတ် အိမ်ထောင်စုဖြစ်ပြီး နိုမိ၏အဓိပ္ပာယ်မှာ---------- ဖြစ်သည်။

၂။ ကုန်ထုတ်အင်အားစုများကို တနည်းအားဖြင့် ---------- ဟုခေါ်သည်။

၃။ ထုတ်လုပ်မှုအရင်းအမြစ်များ ရရှိနိုင်မှုသည် ------------ ဖြင့်ရှိနေသည်။

၄။ ဘောဂဗေဒ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် (၃)မျိုးအနက် ပထမတိုက်ရိုက်အဓိပ္ပာယ်သည် ---------- အဓိပ္ပာယ်နှင့် သက်ဆိုင်သည်။

၅။ နိုင်ငံများ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ခြင်း၊ အသုံးပြုခြင်းများသည် ------------ ဆိုလိုခြင်းဖြစ်သည်။

**(ဂ) ရွေးချယ်မှုမေးခွန်း**

၁။ (က) နေအိမ်အဆောက်အဦ (ခ) ပျော်ပွဲရွှင်ပွဲ (ဂ) အနားယူအပန်းဖြေခြင်းသည် အခြေခံကျသော လိုအပ်ချက်ဖြစ်သည်။

၂။ (က) အစားအစာ (ခ) အဝတ်အထည် (ဂ) ဖျော်ဖြေမှုသည် အခြေခံမကျသော လိုအပ်ချက် ဖြစ်သည်။

၃။ လူသားတို့သည် နေ့စဉ်နေ့တိုင်း စားသုံးမှုများအတွက် ကုန်စည်နှင့်ဝန်ဆောင်မှုများကို လိုအပ်ရာတွင် လိုအပ်ချက် အမျိုးအစား(က)၂ မျိုး (ခ) ၃ မျိုး (ဂ) ၄ မျိုး ပါဝင်သည်။

၄။ (က) ချွေတာရေး (ခ) စုဆောင်းရေး (ဂ) ရင်းနှီးမြှုပ်နှံရေးဟုဆိုရာ၌ အသုံးစရိတ်များ သုံးစွဲရာတွင်လည်းကောင်း၊ စွမ်းအားစုများ အသုံးပြုရာတွင်လည်းကောင်း အလေအလွင့် မရှိစေရန် ဂရုတစိုက် သုံးစွဲခြင်းကိုဆိုလိုသည်။

၅။ ဘောဂဗေဒဘာသာရပ်သည် လူသားတို့အနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများကိုမည်သို့ မည်ပုံ (က) ထုတ်လုပ်သည် (ခ) ခွဲဝေအသုံးပြုသည် (ဂ) ထုတ်လုပ်၍ ခွဲဝေအသုံးပြုသည်ကို လေ့လာသောဘာသာရပ် ဖြစ်သည်။

**(ဃ) မေးခွန်းများ**

၁။ သင့်မိသားစုအတွက် အရေးကြီးဆုံးလိုအပ်ချက်သည် မည်သည့်အရာဖြစ်သည်ကို ဖော်ပြ၍ အကြောင်းပြဖြေဆိုပါ။

၂ လူသားတို့သည်မိမိတို့ လိုအင်ဆန္ဒရှိသည့် အရာဟူသရွေ့ကို ရရှိနိုင်၊မရရှိနိုင်သည်ကို ရှင်းလင်းပါ။

၃။ နိုင်ငံတစ်နိုင်ငံအတွက် အကန့်အသတ်ဖြင့် တည်ရှိသည့် ထုတ်လုပ်မှုအရင်းအမြစ်များကို ဥပမာများဖြင့် တင်ပြပါ။

၄။ ဘောဂဗေဒ၏အဓိပ္ပာယ်ကို မည်ကဲ့သို့ ဖွင့်ဆိုနိုင်သနည်း။

# အခန်း (၂)
# ကုန်စည်နှင့်ဝန်ဆောင်မှုများ
## Goods and Services

**၂-၁။ နိဒါန်း**

ဘောဂဗေဒဘာသာရပ်သည် ကုန်စည်နှင့်ဝန်ဆောင်မှုများကို လူသားတို့က မည်သို့မည်ပုံ ထုတ်လုပ်၍ မည်သို့မည်ပုံအသုံးပြုကြသည်ကို လေ့လာသောဘာသာရပ်ဖြစ်ကြောင်း သိရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဘောဂဗေဒဘာသာရပ်ကို လေ့လာရာတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများကို သိပ္ပံနည်းကျ ခွဲခြားဖော်ပြရန် လိုအပ်လှသည်။ ဤအခန်းတွင် ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့် သက်ဆိုင်သော သဘောတရားများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ အရေးပါသော ခွဲခြားသတ်မှတ်မှုများကိုပါ ဆွေးနွေး ဖော်ပြသွားမည်။

**ကုန်စည်များ (Goods)** မှာ လူသားတို့အတွက်အသုံးဝင်ပြီး ထိတွေ့ကိုင်တွယ်နိုင်သည့် **ဒြပ်ရှိအရာများ (tangible things)** ဖြစ်သည်။ ဥပမာအားဖြင့် နေအိမ်အဆောက်အအုံ၊ ပရိဘောဂ၊ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်စသည်တို့ဖြစ်သည်။ **ဝန်ဆောင်မှုများ (Services)** မှာ **လူသားတို့အတွက် အသုံးဝင်သော်လည်း ထိတွေ့ကိုင်တွယ်၍မရသော ဒြပ်မဲ့အရာများ (intangible things)** ဖြစ်သည်။ ဥပမာအားဖြင့် သယ်ယူပို့ဆောင်ပေးခြင်း၊ ဆက်သွယ်ပေးခြင်း၊ ကုန်သွယ်မှု ပြုလုပ်ပေးခြင်း၊ ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပညာသင်ကြားပေးခြင်း၊ ဖျော်ဖြေမှုပေးခြင်း၊ ဆေးကုသပေးခြင်း စသည်တို့ဖြစ်သည်။

ဤစာအုပ်တွင် တိုတိုနှင့်လိုရင်းသိရှိစေရန် ကုန်စည်ဟုသုံးထားသော်လည်း ထိုကုန်စည်ဟူသည့် ဝေါဟာရတွင် ကုန်စည်နှင့်ဝန်ဆောင်မှုနှစ်မျိုးလုံး အကျုံးဝင်ကြောင်းသိရှိ ထားရန်လိုအပ်သည်။

**၂-၂။ အခမဲ့ကုန်စည်နှင့် ရှားပါးကုန်စည်များ**

**Free Goods and Scarce Goods**

ကုန်စည်များကို အခမဲ့ကုန်စည် (Free Goods) နှင့် ရှားပါးကုန်စည် (Scarce Goods) ဟူ၍ အဓိက နှစ်မျိုးခွဲခြားနိုင်သည်။ လူသားတို့၏ လုပ်အားစိုက်ထုတ်လုပ်မှုမပါဘဲ ရရှိသော အရာများသည် အခမဲ့ကုန်စည်များဖြစ်သည်။ သို့သော် အရာဝတ္ထုတစ်ခုသည် နေရာတိုင်းနှင့် အချိန်တိုင်း၌ အခမဲ့ ကုန်စည် ဖြစ်မနေပါ။ ဥပမာအားဖြင့် ရေသည် မိုးတွင်းကာလတွင် အခမဲ့ကုန်စည် ဖြစ်နေသော်လည်း နွေရာသီ၌ အခမဲ့ကုန်စည်မဖြစ်နိုင်ပါ။ အယားတူ မြစ်ချောင်း အင်းအိုင်အနားရှိ ဒေသများ၌ ရေသည် အခမဲ့ကုန်စည် ဖြစ်နိုင်သော်လည်း အခြားနေရာများ၌မူ အခမဲ့ကုန်စည် မဖြစ်နိုင်ပေ။

အရာရာတိုင်းသည် အခမဲ့ကုန်စည်များမဟုတ်ပေ။ ကျွန်ုပ်တို့သုံးစွဲသောအရာဝတ္ထုတိုင်း လိုလိုပင် လူတို့၏ လုပ်အားစိုက်ထုတ်လုပ်ထားသော အရာဝတ္ထုများ ဖြစ်ကြသည်။ ကုန်စည်များ ထုတ်လုပ်ရန် အတွက် ရရှိနိုင်သောအချိန်ကာလသည် အကန့်အသတ်ဖြင့်ရှိသည်။ ထို့ပြင် ကုန်စည် ထုတ်လုပ်ရန် လိုအပ်သည့် ကုန်ထုတ်စွမ်းအားစုများသည်လည်း အကန့်အသတ်ဖြင့်သာ တည်ရှိသောကြောင့် ၎င်းတို့ကို အသုံးပြု၍ ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရရှိနိုင်မှုသည်လည်း အကန့်အသတ်ရှိသည်။ အကန့်အသတ်ဖြင့်သာ ရရှိနိုင်သောအရာဝတ္ထုများကို ရှားပါးကုန်စည်များ (scarce goods) ဟုခေါ် သည်။ တစ်နည်းအားဖြင့် ရှားပါးကုန်စည်များကို စီးပွားရေး ကုန်စည်များ (economic goods) ဟု လည်းခေါ်သည်။

ဘောဂဗေဒဘာသာရပ်သည် ရှားပါးကုန်စည်ဟူသရွေ့နှင့် ပတ်သက်သော်လည်း ရှားပါး ကုန်စည်ဟူသရွေ့သည် ဘောဂဗေဒဘာသာရပ်နှင့် မပတ်သက်ပါ။ ဥပမာအားဖြင့် ခရမ်းရောင် ငှက်မွေးတောင်သည် ရှားပါးသောအရာဝတ္ထုတစ်ခုဖြစ်သည်။ သို့သော်လူသားတို့က ထိုအရာဝတ္ထုကို အသုံးမဝင်သဖြင့် မလိုချင်ပါက ခရမ်းရောင်ငှက်မွေးတောင်သည် ရှားပါးကုန်စည် ဖြစ်သော်လည်း စီးပွားရေးကုန်စည်မဖြစ်နိုင်ပေ။ အိမ်တွင်အလှထားရန်အတွက် ထိုခရမ်းရောင်ငှက်မွေးတောင်ကို လိုချင် ပါက တန်ဖိုးမြင့်မားစွာပေး၍ ဝယ်ယူရမည်။ ထိုအခါအဆိုပါ ခရမ်းရောင်ငှက်မွေးတောင်သည် စီးပွားရေး ကုန်စည်ဖြစ်လာသည်။

ထို့ကြောင့် **စီးပွားရေးကုန်စည်ဆိုသည်မှာ လူတို့၏လုပ်အားစိုက်ထုတ် လုပ်ကိုင်မှုမှ ရရှိ သည့် အသုံးဝင်တန်ဖိုးနှင့် ဖလှယ်မှုတန်ဖိုးရှိသော အရာများဖြစ်သည်။ အခမဲ့ကုန်စည် (free goods) ဆိုသည်မှာ အသုံးဝင်တန်ဖိုးရှိသော်လည်း လူတို့၏လုပ်အားစိုက်ထုတ် လုပ်ကိုင်မှုနှင့် ဖလှယ်မှုတန်ဖိုးမပါသည့်အရာများဖြစ်သည်။**

## ၂-၃။ သွင်းအားစုနှင့်ကုန်ထွက်များ

### Inputs and outputs

ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရန်အတွက် ကုန်ထုတ်စွမ်းအားစုများကို အတူတကွ အချိုး ကျ ပေါင်းစပ်အသုံးပြုရသည်။ ခေတ်သစ်စီးပွားအဆောက်အအုံတွင် ထုတ်လုပ်မှုကို ဖြစ်စဉ် (process) တစ်ခုအဖြစ် အဆင့်များခွဲပြီးလေ့လာသည်။ မြေယာ၊ လုပ်အား၊ အရင်းအနှီးတို့ဖြင့်စတင်၍ ကုန်ချော များဖြင့်အဆုံးသတ်သည်။ ဥပမာအားဖြင့် ပရိဘောဂများရောင်းချခြင်း လုပ်ငန်းတွင် သစ်ထုတ်လုပ်ခြင်း၊ သစ်ခွဲခြင်း ၊ ပရိဘောဂများပြုလုပ်ခြင်း၊ ပရိဘောဂများရောင်းချခြင်း စသည့်အဆင့်များပါဝင်သည်။ သစ်ထုတ်လုပ်ခြင်းဖြစ်စဉ်၏ နောက်ဆုံးရလဒ်မှာ သစ်လုံးများဖြစ်သည်။ သစ်လုံးများသည် သစ်ထုတ် လုပ်ငန်း၏ ကုန်ချောဖြစ်သည်။ ထို့နောက် နောက်ဆုံးရလဒ်ကုန်ချော သစ်လုံးသည် သစ်ထုတ်

လုပ်ငန်း၏ ကုန်ထွက်ဖြစ်သည်။ ထို့နည်းတူသစ်ခွဲခြင်း လုပ်ငန်း၏ကုန်ထွက်သည် သစ်ခွဲသားများဖြစ်သည်။ ပရိဘောဂလုပ်ငန်း၏ ကုန်ထွက်သည် ပရိဘောဂများဖြစ်သည်။

သစ်လုံးများသည် သစ်ထုတ်လုပ်ခြင်း၏ ကုန်ချောများဖြစ်သော်လည်း သစ်ခွဲခြင်း လုပ်ငန်း၏ ကုန်ကြမ်းဖြစ်သည်။ ထို့နည်းတူသစ်ခွဲသားများသည် သစ်ခွဲခြင်းလုပ်ငန်း၏ ကုန်ချောဖြစ်သော်လည်း ပရိဘောဂလုပ်ငန်း၏ကုန်ကြမ်းဖြစ်သည်။ ထို့ကြောင့် ထုတ်လုပ်မှုအဆင့် တစ်ဆင့်၏ ကုန်ချောသည် အခြားအဆင့်၏ကုန်ကြမ်းဖြစ်ကြောင်း တွေ့ရသည်။

**သွင်းအားစုများ (Inputs)** မှာ ထုတ်လုပ်မှုဖြစ်စဉ်တွင် ထည့်သွင်းအသုံးပြုလိုက်သော **အရာများဖြစ်သည်။ ထုတ်လုပ်မှုဖြစ်စဉ်၏ နောက်ဆုံးရလဒ်အဖြစ် ပေါ်ထွက်ရရှိလာသော အရာများသည် ကုန်ထွက်များ (Output)** ဖြစ်သည်။ သို့ဖြစ်၍ ယေဘုယျအားဖြင့် သွင်းအားစုများတွင် ကုန်ထုတ်စွမ်းအားစုများနှင့် ကုန်ကြမ်းများပါဝင်ကြောင်းတွေ့ရသည်။ **ကုန်ထုတ်စွမ်းအားစုများကို မူလ သွင်းအားစုများ (primary inputs)** ဟုခေါ်ပြီး ကုန်ကြမ်းများကို ကြားသုံးသွင်းအားစုများ **(intermediate inputs)** ဟုခေါ်သည်။

## ၂-၄။ ကုန်ချောများနှင့် ကုန်ကြမ်းများ

### Finished Goods and Raw Materials

**ကုန်ချော (Finished Goods)** ဆိုသည်မှာ **ထုတ်လုပ်မှုဖြစ်စဉ်၏ နောက်ဆုံးရလဒ်အဖြစ် ရရှိလာသည့် ကုန်ထွက်များဖြစ်သည်။** ၎င်းတို့သည် ရင်းနှီးမြှုပ်နှံမှုပြုရန်နှင့် စားသုံးရန် အသင့်ဖြစ်နေသော ကုန်စည်များဖြစ်သည်။ ထုတ်လုပ်မှုဖြစ်စဉ်အတွင်း ထပ်ဆင့်ပြုပြင်ရန် မလိုအပ်တော့သည့် ကုန်စည်များဖြစ်သည်။ ဥပမာအားဖြင့် ပရိဘောဂ၊ အဝတ်အထည်၊ ဆန်စသည်တို့ ဖြစ်သည်။

**ကုန်ကြမ်းများ (Raw Materials)**မှာ ကုန်ချောအဆင့်သို့ မရောက်မချင်း ထုတ်လုပ်မှု ဖြစ်စဉ်တွင် အဆင့်ဆင့်ပြုပြင်နေရသော ကုန်စည်များဖြစ်သည်။ ကုန်ကြမ်းများ၏ ဥပမာအချို့မှာ စပါး၊ ဝါဂွမ်း၊ ချည်ခင် စသည်တို့ဖြစ်သည်။ စပါးစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းတွင် စပါးမှာ ကုန်ချောဖြစ်သော်လည်း ဆန်စက်လုပ်ငန်းတွင် စပါးသည်ကုန်ကြမ်းဖြစ်သည်။ ထို့နည်းတူ ဝါဂွမ်းနှင့် ချည်ခင်တို့သည် သက်ဆိုင်ရာထုတ်လုပ်မှုဖြစ်စဉ်၏ ကုန်ချောဖြစ်သော်လည်း အထည်ရက်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် ပါဝင်ပြီး ထပ်ဆင့်ပြုပြင်ခြင်းကိုခံရသည်။ အထည်ဖြစ်လာမှသာ ကုန်ချောအဆင့်သို့ရောက်ရှိသည်။

ကုန်စည်များကို အသုံးပြုပုံအပေါ်မူတည်၍ ကုန်ချော သို့မဟုတ် ကုန်ကြမ်းအဖြစ် ခွဲခြားသတ်မှတ်သည်။ ဥပမာအားဖြင့် အိမ်ရှင်မတစ်ဦးသည် သူ၏မိသားစုစားသုံးရန်အတွက် ဆန်ကို အသုံးပြုပါက ၎င်းဆန်သည် ကုန်ချောဖြစ်ပြီး ဆန်ကိုမုန့်များပြုလုပ်ရောင်းချရာတွင် အသုံးပြုပါက ဆန်သည်ကုန်ကြမ်းဖြစ်သည်။

**ကုန်ချောအဆင့်သို့ရောက်ရန် အနည်းငယ်သာအချောကိုင်ရန်လိုသော ကုန်စည်များကို** တစ်ဝက်တစ်ပျက်ပြီး ကုန်ချောများ **(Semi-finished goods)** ဟုခေါ်သည်။ ဥပမာအားဖြင့်

စုပေါင်းတပ်ဆင်ခြင်း မပြုရသေးသည့် စက်ကိရိယာအပိုင်းအစများ၊ အရောင်မတင်ရသေးသော ပရိဘောဂများ၊ ကော်ဇောအောက်ခံများစသည်တို့ဖြစ်သည်။

## ၂-၅။ နောက်ဆုံးသုံးကုန်စည်နှင့်ကြားသုံးကုန်စည်များ

### Final Use Goods and Intermediate Use Goods

နောက်ဆုံးသုံးကုန်စည်များမှာ သုံးစွဲမှုပြုလိုက်သဖြင့် ထုတ်လုပ်မှုဖြစ်စဉ်တွင် ပြန်လည် ပါဝင်နိုင်ခြင်း မရှိသည့်ကုန်စည်များဖြစ်သည်။ နောက်ဆုံးသုံးကုန်စည်များ **(final use goods)** သည် စားသုံးမှုအတွက်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုအတွက်သော်လည်းကောင်း၊ ပို့ကုန်တင်ပို့မှုအတွက်သော်လည်းကောင်း အသုံးပြုသည့် ကုန်စည်များဖြစ်သည်။ နောက်ဆုံးသုံးကုန်စည်ဟု ဆိုရခြင်းမှာ အဆိုပါကုန်စည်သည် လတ်တလောကာလအတွင်း ပြည်တွင်း၌ အခြားကုန်စည်တစ်ခု၏ အစိတ်အပိုင်းအဖြစ်ရောက်ရှိ မလာနိုင်သောကြောင့်ဖြစ်သည်။

စားသုံးမှုအတွက် အသုံးပြုလိုက်သော ကုန်စည်သည် အခြားကုန်စည်တစ်ခု ဖြစ်မလာနိုင်ပါ။ ရင်းနှီးမြှုပ်နှံမှုအတွက် အသုံးပြုလိုက်သော ကုန်စည်သည် အခြားကုန်စည် ထုတ်လုပ်ရာတွင် အသုံးပြုသော်လည်း ၎င်းကုန်စည်၏ အစိတ်အပိုင်းဖြစ်မလာနိုင်ပါ။ နိုင်ငံခြားသို့ တင်ပို့လိုက်သော ကုန်စည်တစ်ခုသည်လည်း ပြည်တွင်းထုတ်လုပ်မှုဖြစ်စဉ်တွင် ပြန်လည်မပါဝင်လာနိုင်တော့ပေ။

ကုန်ထွက်များသည် ကုန်ချောများဖြစ်သော်လည်း ကုန်ချောတိုင်းသည် နောက်ဆုံးသုံး ကုန်စည်များ မဟုတ်ပေ။ ဥပမာ-ပို့ကုန်များတွင် ကုန်ချောများသာမက ကုန်ကြမ်းများလည်း ပါဝင်နိုင်သည်။ ထို့ကြောင့် ကုန်ချောများနှင့် နောက်ဆုံးသုံးကုန်စည်များကို ထပ်တူထပ်မျှထား၍ မစဉ်းစားမိရန် အရေးကြီးသည်။

ထုတ်လုပ်မှုဖြစ်စဉ်တွင် အဆင့်ဆင့်ပြုပြင်နေရသော ကုန်စည်များသည် ကုန်ကြမ်းများ ဖြစ်သည်။ ကုန်ကြမ်းများသည် ကြားသုံးသွင်းအားစုများဖြစ်သည်။ ကြားသုံးသွင်းအားစုများကို ကြားသုံးကုန်စည်များ **(intermediate use goods)** ဟုခေါ်သည်။

## ၂-၆။ စားသုံးကုန်စည်များနှင့် ထုတ်လုပ်သူသုံးကုန်စည်များ

### Consumer Goods and Producer Goods

**စားသုံးကုန်စည် (consumer goods) ဆိုသည်မှာ အိမ်ထောင်စုများမှ စားသုံးရန်အတွက် အသုံးပြုသည့်ကုန်စည်များဖြစ်သည်။** အစားအစာများ၊ အိမ်သုံးပစ္စည်းများ၊ ရေခဲသေတ္တာ၊ ရုပ်မြင်သံကြားစက် စသည့်ကုန်စည်များဖြစ်သည်။ **ထုတ်လုပ်သူသုံးကုန်စည်များ (producer goods) ဆိုသည်မှာ ကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုသည့်ကုန်စည်များ ဖြစ်သည်။** ထုတ်လုပ်သူသုံးကုန်စည်များတွင် ရင်းနှီးကုန်စည်များနှင့် ကုန်ကြမ်းများပါဝင်သည်။ အသုံးချမှုအပေါ်မူတည်၍

စားသုံးကုန်စည်၊ ထုတ်လုပ်သူသုံးကုန်စည်ဟူ၍ ခွဲခြားသည်။ ဥပမာအားဖြင့် စက်ပစ္စည်းများ၊ မော်တော်ယာဉ်များဖြစ်သည်။ မော်တော်ယာဉ်များကို အိမ်သုံးအဖြစ် အသုံးပြုပါက စားသုံးကုန်စည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများမှ အသုံးပြုရန် ဝယ်ယူထားသော မော်တော်ယာဉ်များသည် ထုတ်လုပ်သူသုံး ကုန်စည်များဖြစ်သည်။

## ၂-၇။ ကြာရှည်သုံးကုန်စည်နှင့် တစ်ခါသုံးကုန်စည်များ

## Durable Use Goods and Single Use goods

ကြာရှည်သုံးကုန်စည် (**durable use goods**) ဆိုသည်မှာ တာရှည်ခံပြီး၊ ထပ်ခါထပ်ခါ အကြိမ်ကြိမ် အသုံးပြုနိုင်သော ကုန်စည်ဖြစ်သည်။ ထိုကုန်စည်များသည် စားသုံးကုန်စည်နှင့် ထုတ်လုပ်သူသုံးကုန်စည် နှစ်မျိုးလုံးဖြစ်နိုင်သည်။ ကြာရှည်သုံး ထုတ်လုပ်သူသုံးကုန်စည်သည် ရင်းနှီးကုန်စည်များဖြစ်သည်။ ကြာရှည်သုံးစားသုံးကုန်စည်မှာ အဝတ်အထည်များ၊ ပရိဘောဂများ၊ မိသားစုသုံး မော်တော်ကားများစသည်တို့ဖြစ်သည်။

တစ်ခါသုံးကုန်စည်များ (**single use goods**) မှာ တစ်ကြိမ်တစ်ခါသာ အသုံးပြုနိုင်သော ကုန်စည်များဖြစ်သည်။ တစ်ခါသုံးစားသုံးကုန်စည်တို့မှာ အစားအစာများ၊ ထင်း၊ မီးသွေး၊ လောင်စာဆီ စသည်တို့ဖြစ်သည်။ ထိုကုန်စည်များကို ကုန်ထုတ်လုပ်ရာတွင် အသုံးပြုပါက တစ်ခါသုံး ထုတ်လုပ်သူသုံး ကုန်စည် ဖြစ်သည်။

## ၂-၈။ ပျက်စီးလွယ်သော ကုန်စည်နှင့် မပျက်စီးလွယ်သောကုန်စည်များ

## Perishable Goods and Non-perishable Goods

ပျက်စီးလွယ်သောကုန်စည် (**perishable goods**) ဆိုသည်မှာ ကြာရှည်မခံဘဲ တိုတောင်းသော အချိန်အတွင်း ပျက်စီးသွားနိုင်သော ကုန်စည်များဖြစ်သည်။ ဥပမာ-ငါး၊ နို့စိမ်း၊ ခူးယူထားသော ပန်းများစသည်တို့ဖြစ်သည်။ မပျက်စီးလွယ်သော ကုန်စည် (**non-perishable goods**) ဆိုသည်မှာ တိုတောင်းသော အချိန်အတွင်း ပျက်စီးလွယ်သော ကုန်စည်နှင့်စာလျှင် အထိုက်အလျောက် ကြာရှည်သိမ်းဆည်းထား၍ ရသောကုန်စည်များဟု ဆိုရပေမည်။ ဥပမာ- ပုစွန်ခြောက်၊ စည်သွတ်အစားအစာများ၊ အဂဝတ်အထည်များ၊သစ်များ၊ စက်ဆီစသည်တို့ဖြစ်သည်။

## ၂-၉။ ကုန်လက်ကျန်နှင့် ကုန်စီးဆင်းမှု

**Stocks and Flows**

ကုန်စည်ပမာဏကို ပုံသေသဘောအရသော်လည်းကောင်း၊ စီးဆင်းမှုသဘောအရသော် လည်းကောင်း လေ့လာနိုင်သည်။ ပုံသေသဘောအရလေ့လာလျှင် သတ်မှတ်ထားသည့် ကာလတစ်ခုတွင် ပုံသေဖြစ်နေသည့် အစုအပုံပမာဏကို လေ့လာရသည်။ စီးဆင်းမှုသဘောအရ လေ့လာလျှင် ကုန်စည်ပမာဏသည် ပုံသေဖြစ်မနေဘဲ မည်မျှတိုးပွားလာသည်၊ မည်မျှလျော့သွားသည်ကို လေ့လာရသည်။ ဥပမာအားဖြင့် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် မတ်လ(၃၁)ရက် နေ့တွင်ရှိသည့်မြေကေများ၊ လုပ်သားအရေအတွက်၊ စက်ကိရိယာအရေအတွက်၊ ကုန်လှောင်ရုံတွင်သိုလှောင်ထားသော စပါး၏ပမာဏတို့ဖြစ်သည်။ ထို့ကြောင့် ကုန်လက်ကျန် (stocks) ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလတွင်ရှိနေသော ကုန်စည်များ (သို့မဟုတ်) ကုန်ထုတ် စွမ်းအားစုများ၏ အစုအပုံပမာဏဖြစ်သည်။

ကုန်စီးဆင်းမှု (flows) ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း ကုန်လက်ကျန်တွင် ထပ်ပေါင်းထည့်လိုက်သောပမာဏ သို့မဟုတ် ထုတ်နုတ်လိုက်သောပမာဏဖြစ်သည်။ များသောအားဖြင့် နှစ်တစ်နှစ်တာကာလအတွင်း ကုန်စည်အရေအတွက် မည်မျှပြောင်းလဲသည်ကို ဖော်ပြသည်။ ဥပမာ ကုန်သိုလှောင်ရုံတွင် နှစ်စဉ်စပါးတင်း ၂ သန်းရှိသည်ဆိုပါစို့။ အကယ်၍ ထိုနှစ်အတွင်း စပါးထုတ်လုပ်မှုမှာ တင်း ၁ သန်းဖြစ်ပြီး သုံးစွဲမှုမှာ တင်း ၁. ၅ သန်း ဖြစ်လျှင် ကုန်စီးဆင်းမှုမှာ ကုန်လက်ကျန်တွင် စပါးတင်း ၀. ၅ သန်းလျော့သွားခြင်းဖြစ်သည်။

နှစ်စတွင်ရှိသည့် စပါးတင်း၂ သန်းမှာ ပုံသေသဘောဆောင်သဖြင့် ကုန်လက်ကျန်ဖြစ်သည်။ တစ်နှစ်အတွင်း ထုတ်လုပ်မှုနှင့် သုံးစွဲမှုများကြောင့် နှစ်ဆုံးရှိကုန်လက်ကျန်မှာ စပါးတင်း ၀. ၅ သန်းလျော့သွားပြီး တင်း ၁. ၅ သန်းသာ ကျန်ရှိတော့သည်။ ထို့ကြောင့် စီးဆင်းမှုမှာတင်း ၀. ၅ သန်းဖြစ်သည်။ စီးဆင်းမှုကို ကုန်လက်ကျန်အတိုးအလျော့ဖြင့်ဖော်ပြသည်။

± ကုန်လက်ကျန် = ထုတ်လုပ်မှု - သုံးစွဲမှု

သုံးစွဲမှုသည် ထုတ်လုပ်မှုထက်များလျှင် ကုန်လက်ကျန်လျော့နည်းသွားမည်။ သုံးစွဲမှုသည် ထုတ်လုပ်မှုထက်နည်းပါက ကုန်လက်ကျန်တိုးလာမည်။

## ၂-၁၀။ နိဂုံး

ကုန်စည် တစ်မျိုးတည်းကိုပင် အမျိုးအစားအမျိုးမျိုးခွဲခြားနိုင်သည်။ ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်းကိုလိုက်၍ ကုန်စည်အမျိုးအစားများ ကွဲပြားခြားနားမှု ရှိကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် ဤအခန်းတွင် ကုန်စည်အမျိုးအစားခွဲခြားပုံကို တင်ပြဆွေးနွေးခြင်းဖြစ်သည်။ နောက်လာမည့်အခန်းများတွင် ကုန်စည်အမျိုးအစားများကို ဖော်ပြသုံးစွဲသွားမည်ဖြစ်သဖြင့် ထိုကုန်စည်အမျိုးအစားများမှာ မည်သည့်ကုန်စည်အမျိုးအစားဖြစ်သည်ကိုသိရှိရန် ဤအခန်းကို သေချာစွာ လေ့လာထားရန်လိုအပ်သည်။

---

# အနှစ်ချုပ်

(၁) ကုန်စည်များသည် ထိတွေ့ကိုင်တွယ်နိုင်သော အရာများဖြစ်သည်။

(၂) ဝန်ဆောင်မှု များသည်ထိတွေ့ကိုင်တွယ်၍ မရသောအရာများဖြစ်သည်။

(၃) လူသားတို့၏ လုပ်အားစိုက်ထုတ်မှုမပါဘဲ ရရှိသောအရာများသည် အခမဲ့ကုန်စည်များဖြစ်သည်။

(၄) အရာဝတ္ထုတစ်ခုသည် နေရာတိုင်းနှင့် အချိန်တိုင်း၌ အခမဲ့ကုန်စည် ဖြစ်မနေပါ။ သုံးစွဲသော အရာဝတ္ထုတိုင်းလိုလိုပင် လူတို့၏အင်အားများစွာ စိုက်ထုတ်လုပ်ရသော အရာဝတ္ထုများဖြစ်သည်။

(၅) ကုန်စည်များထုတ်လုပ်ရန် အချိန်ကာလ၊ လိုအပ်သည့်ကုန်ထုတ်စွမ်းအားစု (အရင်းအမြစ်) များသည် အကန့်အသတ်ဖြင့်သာ ရရှိသည်။

(၆) အကန့်အသတ်ဖြင့်သာရရှိသော အရာဝတ္ထုများကို ရှားပါးကုန်စည်များဟုခေါ်သည်။

(၇) စီးပွားရေးကုန်စည်ဆိုသည်မှာ လူတို့၏ လုပ်အားစိုက်ထုတ်လုပ်ကိုင်မှုမှ ရရှိသည့်အသုံးဝင်တန်ဖိုးနှင့် ဖလှယ်မှုတန်ဖိုးရှိသော အရာများဖြစ်သည်။

(၈) အခမဲ့ကုန်စည်ဆိုသည်မှာ အသုံးဝင်တန်ဖိုးရှိသော်လည်း လူတို့၏ လုပ်အားစိုက်ထုတ်လုပ်ကိုင်မှုနှင့် ဖလှယ်မှုတန်ဖိုး မပါသောအရာများဖြစ်သည်။

(၉) သွင်းအားစုများသည် ကုန်စည်ထုတ်လုပ်မှုဖြစ်စဉ်တွင် ထည့်သွင်းအသုံးပြုလိုက်သည့် အရာများဖြစ်သည်။

(၁၀) ကုန်ထွက်များသည် ထုတ်လုပ်မှုဖြစ်စဉ်မှ ပေါ်ထွက်ရရှိလာသော အရာများဖြစ်သည်။

(၁၁) ကုန်ကြမ်းများ (raw materials) မှာ ကုန်ချောအဖြစ်သို့ မရောက်မချင်း ထုတ်လုပ်မှုဖြစ်စဉ်တွင်အဆင့်ဆင့် ပြုပြင်နေရသော ကုန်စည်များဖြစ်သည်။

(၁၂) ကုန်ချောအဆင့်ရောက်ရှိရန် အနည်းငယ်မျှသာ အချောကိုင်ရန်လိုသော ကုန်စည်များကို တစ်ဝက်တစ်ပျက်ပြီး ကုန်ချော(semifinished goods) ဟုခေါ်သည်။

(၁၃) ကုန်ချော (finished goods) ဆိုသည်မှာ ရင်းနှီးမြှုပ်နှံမှုပြုရန် သော်လည်းကောင်း၊ စားသုံးရန်လည်းကောင်း အသင့်ဖြစ်နေသောကုန်စည်များဖြစ်သည်။

(၁၄) နောက်ဆုံးသုံးခြင်း (final use) ဆိုသည်မှာ ကုန်စည်တစ်ခုခုကို စားသုံးမှုအတွက်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု အတွက်သော်လည်းကောင်း၊ ပို့ကုန်တင်ပို့မှုအတွက်သော်လည်းကောင်း အသုံးပြုခြင်းဖြစ်သည်။

(၁၅) စားသုံးကုန်စည် (consumer goods) ဆိုသည်မှာ စားသုံးခြင်းအတွက် ရည်ရွယ်သော ကုန်စည်များဖြစ်သည်။

(၁၆) ထုတ်လုပ်သူသုံးကုန်စည် (producer goods)မှာ ကုန်ထုတ်လုပ်မှုတွင် အသုံးပြုသော ကုန်စည်များဖြစ်သည်။ ထုတ်လုပ်သူသုံးကုန်စည်များတွင် ရင်းနှီးကုန်စည်များ (capital goods) နှင့် ကုန်ကြမ်းများ ပါဝင်သည်။

(၁၇) ကြာရှည်သုံးကုန်စည်များ (durable use goods) ဆိုသည်မှာတာရှည်ခံလေ့ရှိပြီး ထပ်ခါထပ်ခါ အကြိမ်ကြိမ်အသုံးပြုနိုင်သော ကုန်စည်ဖြစ်သည်။

(၁၈) တစ်ခါသုံးကုန်စည်များမှာ (single use goods) တစ်ကြိမ်တစ်ခါသာ အသုံးပြုနိုင်သော ကုန်စည်များဖြစ်သည်။

(၁၉) ပျက်စီးလွယ်သောကုန်စည် (perishable goods) ဆိုသည်မှာ ကြာရှည်မခံဘဲ တိုတောင်းသော အချိန်အတွင်း ပျက်စီးသွားနိုင်သော ကုန်စည်များဖြစ်သည်။

(၂၀) မပျက်စီးလွယ်သော ကုန်စည် (non-perishable goods) ဆိုသည်မှာ တိုတောင်းသော အချိန်အတွင်း ပျက်စီးလွယ်သောကုန်စည်နှင့် စာလျှင်အထိုက်အလျောက် ကြာရှည်သိမ်းဆည်းထား၍ ရသောကုန်စည်များဖြစ်သည်။

(၂၁) ကုန်လက်ကျန်များ (stocks) ဆိုသည်မှာ အချိန်ကာလတစ်ခုတွင် ရှိနေသောကုန်စည်များ (သို့မဟုတ်) ကုန်ထုတ်စွမ်းအားစုများ၏ အစုအပုံပမာဏဖြစ်သည်။

(၂၂) ကုန်စီးဆင်းမှု (flows) ဆိုသည်မှာ အချိန်ကာလတစ်ခုအတွင်း ကုန်လက်ကျန်တွင် ထပ်ပေါင်းထည့်လိုက်သောပမာဏ (သို့မဟုတ်) ကုန်လက်ကျန်မှထုတ်နုတ်ယူလိုက်သော ပမာဏဖြစ်သည်။

---

## ဝေါဟာရ

| | |
|---|---|
| - ကုန်စည် | - ကုန်ကြမ်း |
| - ဝန်ဆောင်မှု | - တစ်ဝက်တစ်ပျက်ပြီးကုန်ချောများ |
| - ဒြပ်ရှိအရာ | - နောက်ဆုံးသုံးကုန်စည် |
| - ဒြပ်မဲ့အရာ | - ကြားသုံးကုန်စည်များ |
| - အခမဲ့ကုန်စည် | - စားသုံးကုန်စည် |
| - ရှားပါးကုန်စည် | - ထုတ်လုပ်သူသုံးကုန်စည် |
| - စီးပွားရေးကုန်စည် | - ကြာရှည်သုံးကုန်စည် |
| - သွင်းအားစု | - တစ်ခါသုံးကုန်စည် |
| - ကုန်ထွက် | - ပျက်စီးလွယ်သောကုန်စည် |
| - ကုန်ထုတ်စွမ်းအားစု | - မပျက်စီးလွယ်သောကုန်စည် |
| - မူလသွင်းအားစု | - ကုန်လက်ကျန် |
| - ကြားသုံးသွင်းအားစု | - ကုန်စီးဆင်းမှု |
| - ကုန်ချော | |

**လေ့ကျင့်ခန်းများ**

**(က) မှား/မှန်မေးခွန်း**

၁။ ကြံသည်ကြံစိုက်ပျိုးရေးလုပ်ငန်း၏ ကုန်ထွက်ဖြစ်ပြီး၊ သကြားထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကုန်ထုတ်စွမ်းအားစုဖြစ်သည်။

၂။ အကနဲ့အသတ်ဖြင့်သာ ရရှိနိုင်သော ရှားပါးကုန်စည်များကို စီးပွားရေးကုန်စည်များဟု ခေါ်သည်။

၃။ အသင့်ချုပ်ပြီးအင်္ကျီများသည် စားသုံးသူနှင့်ရောင်းချသူများအတွက် ကုန်ချောဖြစ်သကဲ့သို့ နောက်ဆုံးသုံး ကုန်စည်လည်းဖြစ်သည်။

၄။ နှမ်း၊ နေကြာနှင့် မြေပဲတို့သည် ထုတ်လုပ်သူသုံးကုန်စည်များ ဖြစ်သကဲ့သို့ စားသုံးသူသုံး ကုန်စည်များလည်းဖြစ်သည်။

၅။ ကြွေနှင့်ဖန်ပန်းအိုးများသည် ပျက်စီးလွယ်သော ကုန်စည်များဖြစ်သည်။

**(ခ) ကွက်လပ်ဖြည့်မေးခွန်း**

၁။ စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုသော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးနှင့် ထွန်စက်တို့မှာ --------- ဖြစ်သည်။

၂။ လူသားတို့ အားစိုက်ထုတ်လုပ်ထားမှုမှ ရရှိသောအရာများ မဟုတ်ပါက ၎င်းကို-------------- ဟုခေါ်သည်။

၃။ မြေဖြူခဲမှာ တစ်ခါသုံးကုန်စည်ဖြစ်သကဲ့သို့ ----------------ကုန်စည်လည်း ဖြစ်သည်။

၄။ စာအုပ်နှင့် ဘောပင်တို့သည် ကျောင်းသား၊ ကျောင်းသူများအတွက် ---------ကုန်စည်များ ဖြစ်သည်။

၅။ စားသုံးသူတစ်ဦးအတွက် လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီးတို့မှာ ပျက်စီးလွယ်သော ကုန်စည်ဖြစ်သကဲ့သို့ ---------------- ကုန်စည်များလည်း ဖြစ်သည်။

**(ဂ) ရွေးချယ်မှုမေးခွန်း**

၁။ အောက်ဖော်ပြပါတို့မှ မည်သည့် အရာသည် မူလသွင်းအားစု ဖြစ်ပါသနည်း။

(က) စပါး (ခ) ဂုံ (ဂ) မြေယာ

၂။ ၂၀၀၅ ခုနှစ်အတွင်း ကုန်လှောင်ရုံတစ်ခုအတွင်း၌ ဆန်တန်(၂)သန်းရှိပြီး ထိုနှစ်အတွက် စုစုပေါင်း ဆန်ထုတ်လုပ်မှုမှာ (၁)သန်းဖြစ်ပြီး စုစုပေါင်းစားသုံးမှုမှာ တန်(၁.၅) ဖြစ်ခဲ့လျှင် စုစုပေါင်း ကုန်စီးဆင်းမှုမှာ မည်မျှဖြစ်မည်နည်း။

(က) ၄.၅ သန်း (ခ) .၅ သန်း (ဂ) ၁ သန်း

၃။ အောက်ပါတို့မှ မည်သည့်ကုန်စည်သည် နောက်ဆုံးသုံးဖြစ်သော်လည်း ကုန်ချောမဖြစ်နိုင်သနည်း။
(က) မော်တော်ကား (ခ) မော်တော်ကားဘီး (ဂ) ဆန်
၄။ အောက်ပါတို့မှ မည်သည့်ကုန်စည်သည် တစ်ခါသုံးကုန်စည်ဖြစ်သနည်း။
(က) လေ့ကျင့်ခန်းစာအုပ် (ခ) ပေတံ (ဂ) ပုံနှိပ်စာအုပ်
၅။ နေရောင်ခြည်နှင့် လေကောင်းလေသန့်တို့သည် ဘောဂဗေဒဘာသာရပ်တွင်
(က) ရှားပါးကုန်စည်များ (ခ) အခမဲ့ကုန်စည် (ဂ) အရေးပါသောကုန်စည် ဖြစ်သည်။

**(ဃ) မေးခွန်းများ**

၁။ ကုန်စည်များကို အသုံးပြုမှု အပေါ် မူတည်၍ မည်သို့အမျိုးအစားခွဲနိုင်သနည်း။ ဥပမာ ဖြင့်ဖော်ပြ၍ ရှင်းလင်းဖြေဆိုပါ။

၂။ မည်သည့်အရာဝတ္ထုများကို ကုန်စည်ဟု သတ်မှတ်ပြီး မည်သည့်အရာဝတ္ထုများ ကို ဝန်ဆောင်မှုဟုသတ်မှတ်နိုင်သည်ကို ဥပမာဖြင့်ရှင်းလင်း ဖြေဆိုပါ။

၃။ သင့်အနေဖြင့် လက်ဆောင်ရရှိသည့် ကုန်စည်သည် အခမဲ့ကုန်စည်ဖြစ်/မဖြစ်ကို အကြောင်းပြ ဖြေဆိုပါ။

၄။ မူလသွင်းအားစုနှင့် ကြားသုံးသွင်းအားစုများကို နှိုင်းယှဉ်ရှင်းလင်းပါ။

၅။ နောက်ဆုံးသုံး ကုန်စည်တိုင်းသည် ကုန်ချောဖြစ်သော်လည်း ကုန်ချောတိုင်းသည် နောက်ဆုံးသုံး ကုန်စည်များမဟုတ်ကြောင်း ပေါ်လွင်အောင်ရှင်းပါ။

၆။ ကုန်စည် သို့မဟုတ် ကုန်ထုတ်စွမ်းအားစုတို့၏ ပုံသေသဘောနှင့် စီးဆင်းခြင်းသဘောကို နှိုင်းယှဉ် ရေးသားပြပါ။

၇။ အောက်ပါကုန်စည်များသည် မည်သည့်ကုန်စည်အမျိုးအစားများ ဖြစ်နိုင်သည်ကို အကြောင်းပြ ဖြေဆိုပါ။
(က) မော်တော်ကားဘီး
(ခ) ပရိဘောဂ
(ဂ) နို့စိမ်း
(ဃ) အပ်ချုပ်စက်
(င) ရုပ်မြင်သံကြားစက်
(စ) တယ်လီဖုန်း

# အခန်း (၃)

# စီးပွားရေးလုပ်ဆောင်ချက်များ၊ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်၊ စီးပွားရေးစနစ် နှင့် စီးပွားရေးအဖွဲ့အစည်းများ

# Economic Activities, Economic Structure, Economic System and Economic Organizations

## ၃-၁။ နိဒါန်း

အခန်း(၁)တွင် ဘောဂဗေဒဘာသာရပ်သည် လူတို့၏လိုအင်ဆန္ဒများကို ဖြည့်စွမ်းရန်အတွက် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သော ထုတ်လုပ်မှုအရင်းအမြစ်များကို လူသားများအနေ ဖြင့်မည်သို့မည်ပုံ စီမံခန့်ခွဲအသုံးပြုသည်ကို လေ့လာသော ဘာသာရပ်ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုခဲ့ပြီးဖြစ်သည်။ အကယ်၍ လူသားတို့သည် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ အသုံးပြုရာတွင်လည်းကောင်း တစ်ဦးနှင့်တစ်ဦး ဆက်နွှယ်မှုမရှိပါက လုပ်ဆောင်ချက်သည် ရိုးရိုးစင်းစင်းသာ ဖြစ်ပေလိမ့်မည်။ သို့သော် ပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့်ပင်လျှင် အကန့်အသတ်ဖြင့်သာရှိနေသော အချိန်နှင့် စွမ်းအားစုများကို နေရာတကျစေ့စပ်မှုရှိစေရန် စီမံနေရဦးမည်ဖြစ်သည်။ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရာတွင်လည်းကောင်း၊ အသုံးပြုရာတွင်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ဆက်နွှယ်လျက်ရှိပြီး အလုပ်ပြီးမြောက်စေရန် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရသော အခြေအနေများစွာ ရှိသည်။ **စီးပွားရေးကိစ္စရပ်များအတွက် လူသားတို့ပူးပေါင်း စီမံခန့်ခွဲလုပ်ကိုင်ခြင်းသည် စီးပွားရေး လုပ်ဆောင်ချက်များဖြစ်သည်။** စီးပွားရေးလုပ်ဆောင်ချက်များသည် စီးပွားရေးအဆောက်အအုံ ပုံသဏ္ဌာန်ကိုဖော်ပြသည်။ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဌာန်ကိုလေ့လာခြင်းဖြင့် စီးပွားရေးစနစ် အကြောင်းသိရှိနိုင်သည်။ စီးပွားရေးလုပ်ဆောင်ချက်များကို စီးပွားရေးအဖွဲ့အစည်းများမှ ဆောင်ရွက်ကြသည်။ တစ်ဦးတည်းပိုင်လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများ၊ အစုစပ်ကုမ္ပဏီများ၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများကို ဤအခန်းတွင် ရှင်းလင်းတင်ပြသွားမည်။

## ၃-၂။ စီးပွားရေးလုပ်ဆောင်ချက်များ

**Economic Activities**

စီးပွားရေးဆိုသည်မှာ စားဝတ်နေရေး ဖြစ်သည်။ စီးပွားရေးပြေလည်စေရန် ကြိုးပမ်းလုပ်ဆောင်ရသည့် လုပ်ဆောင်ချက်များသည် **စီးပွားရေးလုပ်ဆောင်ချက်များ** ဖြစ်သည်။ **စီးပွားရေးကိစ္စရပ်များအတွက် လူသားတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းကို စီးပွားရေး လုပ်ဆောင်ချက်များ (Economic Activities)** ဟုခေါ်သည်။ ထိုလုပ်ဆောင်ချက်များကို အဓိကအားဖြင့် အောက်ပါအတိုင်း အမျိုးအစား (၅)ခု ခွဲခြားဖော်ပြနိုင်သည်။

(က) ထုတ်လုပ်ခြင်း (Production)

(ခ) ဖြန့်ဖြူးခြင်း (Distribution)

(ဂ) လဲလှယ်ခြင်း (Exchange)

(ဃ) စားသုံးခြင်းနှင့် စုဆောင်းခြင်း (Consumption and Saving)

(င) ရင်းနှီးမြှုပ်နှံခြင်း (Investment) တို့ဖြစ်သည်။

## (က) ထုတ်လုပ်ခြင်း

**ထုတ်လုပ်ခြင်းဆိုသည်မှာ ကုန်စည်(goods)နှင့် ဝန်ဆောင်မှုများ(Services)ကို ပြုလုပ်ခြင်းပင်ဖြစ်သည်။** ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ရန်အတွက် ကုန်ထုတ်စွမ်းအားစုများ (Productive forces) ကိုပေါင်းစပ်အသုံးပြုရသည်။

ကုန်ထုတ်စွမ်းအားစုများကို ယေဘုယျအားဖြင့် မြေယာ (Land) လုပ်အား (Labour) နှင့် အရင်းအနှီး (Capital) ဟူ၍ခွဲခြားဖော်ပြနိုင်သည်။ မြေယာတွင်မြေပေါ်မြေအောက် သဘာဝသယံဇာတ ပစ္စည်းများ အားလုံးပါဝင်သည်။ လုပ်အားတွင်လူတို့၏ ကာယလုပ်အားအပြင် ကျွမ်းကျင်မှုနှင့် အတတ်ပညာများလည်း ပါဝင်သည်။ အရင်းအနှီးတွင် အဆောက်အဦများ၊ စက်များ၊ ကိရိယာ တန်ဆာပလာများ၊ ရုပ်ဝတ္ထုများ စသည်တို့ပါဝင်သည်။

ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ရန်အတွက် ကုန်ထုတ်အင်အားစုများကို သင့်လျော်သောနေရာ၊ သင့်လျော်သောအချိန်၌ သင့်လျော်သော ပမာဏအတိုင်း စုစည်းအသုံးပြုရန်လိုအပ်သည်။ ဥပမာ- စပါးစိုက်ပျိုးထုတ်လုပ်ရန်အတွက် လူ၏လုပ်အား၊ အရင်းအနှီးဖြစ်သော ထယ်များ၊ ကျွဲ၊ နွား တိရစ္ဆာန်များ၊ ထွန်စက်များ စသည်တို့နှင့် မြေယာကို သင့်လျော်သောနေရာ၌ သင့်လျော်သော ပမာဏအတိုင်း ပေါင်းစပ်အသုံးပြုရပေသည်။

ကုန်ထုတ်စွမ်းအားစုများကို မြေယာ၊ လုပ်အား၊ အရင်းအနှီးဟူ၍ သုံးမျိုးခွဲခြားထားသော်လည်း လုပ်အားသည် အခြေခံအကျဆုံးသော စွမ်းအားစုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြေယာနှင့်အရင်းအနှီးတို့သည် လူ၏လုပ်အားမပါလျှင် ကုန်ထုတ်လုပ်နိုင်စွမ်း မရှိသောကြောင့် ဖြစ်သည်။

လူ့အဖွဲ့အစည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ထုတ်လုပ်မှုဖြစ်စဉ်တွင် လုပ်အားကို အသုံးချခြင်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာသော အရေးပါသည့် သွင်ပြင်လက္ခဏာရပ်တစ်ရပ်မှာ အလုပ်ခွဲခြားလုပ်ကိုင်ခြင်း (division of labour) ပင်ဖြစ်သည်။ **အလုပ်ခွဲခြားလုပ်ကိုင်ခြင်း ဆိုသည်မှာ လုပ်သားတစ်ဦးက လုပ်ငန်းအားလုံးကိုမလုပ်ကိုင်တော့ဘဲ လုပ်ငန်းတစ်မျိုးတည်း သို့မဟုတ် လုပ်ငန်း အနည်းငယ်ကိုသာ စူးစိုက်ဇောက်ချလုပ်ကိုင်ခြင်း (specialization of labour) ဖြစ်သည်။** အလုပ်ခွဲခြားလုပ်ကိုင်ခြင်းဖြင့် လုပ်သားတစ်ဦးသည် အလိုရှိသမျှ အရာအားလုံးကို ကိုယ်တိုင်

ထုတ်လုပ်ရန် မလိုတော့ပေ။ အရာဝတ္ထု အနည်းငယ်အပေါ်တွင်သာ စူးစိုက်ထုတ်လုပ်ရန် လိုပေသည်။ ထို့ကြောင့် လုပ်သားအင်အား (labour force) တွင် အလုပ်အကိုင်အမျိုးအစားအလိုက် ခွဲခြားမှုရှိလာသည်။ ဥပမာ- လက်သမား၊ ပန်းပဲဆရာ၊ ရက်ကန်းရက်သူ၊ လယ်သမား၊ ဆရာဝန်၊ ကျောင်းဆရာ စသည်ဖြင့် အလုပ်အကိုင် ခွဲခြားလုပ်ကိုင်မှု ဖြစ်ပေါ်လာသည်။ လက်သမားသည် ပရိဘောဂများ ထုတ်လုပ်ရာတွင် စူးစိုက်လုပ်ကိုင်သကဲ့သို့ လယ်သမားသည်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်သာ စူးစိုက်လုပ်ကိုင်ပေသည်။

မိမိအစွမ်းဆောင်နိုင်ဆုံးအရာများကို ဖောက်ချထုတ်လုပ်ခြင်းဖြင့် အလုပ်သမားတစ်ဦးသည် မိမိလိုအပ်မှုထက် အပိုအလျှံများရရှိလာနိုင်သည်။ ထိုအခါ မိမိလိုအပ်သော အခြားအရာဝတ္ထုများကို ထိုအပိုအလျှံဖြင့် လဲလှယ်နိုင်သည်။ အလုပ်ခွဲခြားလုပ်ကိုင်ခြင်း၏ အဓိကအကျိုးကျေးဇူးမှာ စုစုပေါင်းထုတ်လုပ်မှုပမာဏ မြင့်မားလာခြင်းပင်ဖြစ်သည်။ ထုတ်လုပ်မှု မြင့်မားလာရခြင်းမှာ လုပ်သားများအနေဖြင့် မိမိတို့ကျွမ်းကျင်ထက်မြက်သော လုပ်ငန်းတွင်ဖောက်ချ ထုတ်လုပ်နိုင်သော စက်ကိရိယာများကို အသုံးပြုနိုင်ခြင်း၊ ထုတ်လုပ်မှုနည်းပညာနှင့် ကျွမ်းကျင်မှုတိုးတက်ခြင်း စသည့်အကြောင်းရင်းများကြောင့် ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် ထုတ်လုပ်မှု အဆင့်မြင့်မားလာခြင်းမှာ အလုပ်ခွဲခြားလုပ်ကိုင်ခြင်း၏ ရလဒ်ဖြစ်သည်။

မျက်မှောက်ခေတ်တွင် လူတို့သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း (occupation) အလိုက် ဖောက်ချလုပ်ကိုင်လာကြသည်။ ထို့ပြင် နိုင်ငံများ (nations) အကြားတွင်လည်းကောင်း၊ ဒေသများ (regions) အကြားတွင်လည်းကောင်း၊ လုပ်ငန်းစုများ (industries) အကြားတွင်လည်းကောင်း၊ လုပ်ငန်းများ (firms) အကြားတွင်လည်းကောင်း၊ အလုပ်အုပ်စုများ (working groups) အကြားတွင်လည်းကောင်း ဖောက်ချလုပ်ကိုင်လာကြသည်။ ဤသို့ ဖောက်ချလုပ်ကိုင်ခြင်း၊ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းတို့ကြောင့် လဲလှယ်ခြင်း (exchange) နှင့်ကုန်သွယ်ခြင်း (trading) တို့သည် အလွန်အရေးပါလာပေသည်။

## (ခ) ဖြန့်ဖြူးခြင်း

ဖြန့်ဖြူးခြင်းဆိုသည်မှာ ထုတ်လုပ်မှုတွင် ပါဝင်သူများအကြား ထုတ်လုပ်မှု၏ ရလဒ်များကို ခွဲဝေဖြန့်ဖြူးခြင်းပင်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုတွင် ကုန်ထုတ်စွမ်းအားစုများ ဖြစ်ကြသည့် မြေယာ၊ လုပ်အား၊ အရင်းအနှီးတို့၏ ပါဝင်မှုအချိုးအစားအတိုင်း ခွဲဝေဖြန့်ဖြူးသည်။ မြေယာပိုင်ဆိုင်သူများက ငှားရမ်းခ (rent)၊ လုပ်သားများက လုပ်ခနှင့် လစာများ (wages and salaries) အရင်းအနှီး ပိုင်ဆိုင်သူများက အတိုး (interest)၊ အမြတ် (profit) နှင့် အမြတ်ဝေစု (dividend) များအဖြစ် ခွဲဝေယူကြသည်။ ထို့ကြောင့်မြေယာ၊ လုပ်အား၊ အရင်းအနှီးတို့သည် ဝင်ငွေရရှိသည့် ဇာစ်မြစ်များဖြစ်ကြသည်။ ထိုကုန်ထုတ်စွမ်းအားစု ဇာစ်မြစ်များမှရရှိသည့် ဝင်ငွေများကို အင်အားစု အခဝင်ငွေ (factor income)

**ဟုခေါ်သည်။ အင်အားစုအခ ဝင်ငွေဆိုသည်မှာ ကုန်ထုတ်စွမ်းအားစုများဖြစ်သည့် မြေယာ၊ လုပ်အား၊ အရင်းအနှီးတို့၏ အခငွေအဖြစ်ရရှိသည့် ငှားရမ်းခ၊ လုပ်ခ၊ လစာ၊ အတိုး၊ အမြတ်၊ အမြတ်ဝေစုများဖြစ်သည်။**

အလုပ်လုပ်ရာမှ ရရှိသောဝင်ငွေများသည် ပညာအရည်အချင်း၊ အတွေ့အကြုံ၊ ဗဟုသုတ၊ အလေ့အကျင့် စသည့်အချက်များတွင် မူတည်ပြီး ကွာခြားသည်။ ဥစ္စာနေပိုင်ဆိုင်မှု ကွာခြား၍လည်း ဝင်ငွေခွဲဝေဖြန့်ဖြူးမှုကွာခြားသည်။

## (ဂ) လဲလှယ်ခြင်း

**လဲလှယ်ခြင်းဆိုသည်မှာ လုပ်သားတို့၏ ဖောက်ချလုပ်ကိုင်မှုကြောင့် ရရှိလာသော ကုန်စည်အပိုအလျှံများကို မိမိတို့အလိုရှိရာ အခြားကုန်စည်များဖြင့် ဖလှယ်ရယူခြင်း ဖြစ်သည်။** ထို့ကြောင့် လဲလှယ်ခြင်းသည်လည်း အလွန်အရေးပါသော စီးပွားရေးလုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ လဲလှယ်ခြင်းနှင့် ဖောက်ချလုပ်ကိုင်ခြင်းတို့သည် အပြန်အလှန်အကျိုးပြုနေကြသည်။ ဖောက်ချလုပ်ကိုင်ခြင်းကြောင့် လဲလှယ်မှုတိုးတက်လာပြီး လဲလှယ်မှုလွယ်ကူ တိုးတက်လာခြင်းကြောင့် ပိုမိုဖောက်ချလုပ်ကိုင်နိုင်ပေသည်။ ဖောက်ချလုပ်ကိုင်ခြင်း၏ အကျိုးဆက်မှာ ထုတ်လုပ်မှုကို ပိုမိုမြင့်မားလာစေခြင်းဖြစ်သည်။

ရှေးအခါက လူတို့သည် ကုန်စည်များကို တိုက်ရိုက်လဲလှယ်ခဲ့ကြသည်။ ဥပမာ- စပါး အပိုအလျှံရှိသော လယ်သမားတစ်ဦးသည် မိမိလိုအပ်လျက်ရှိသော အဝတ်အထည်ကိုရရှိရန် ရက်ကန်းရက်သူနှင့် တိုက်ရိုက်ဆက်သွယ်၍ စပါးနှင့်အဝတ်အထည်ကို လဲလှယ်ပေမည်။ ဤသို့ ကုန်ပစ္စည်းချင်းတိုက်ရိုက် လဲလှယ်ခြင်းကို တိုက်ရိုက်ဖလှယ်သည့်စနစ် (barter system) ဟုခေါ်သည်။ ဤသို့တိုက်ရိုက်လဲလှယ်သော စနစ်သည် အလွန်ရိုးစင်းသောလဲလှယ်မှုပုံစံမျိုးဖြစ်သည်။ ဤစနစ်တွင် ပြဿနာများစွာ ရှိပေသည်။ ဥပမာ - ကျွဲ၊ နွား တိရစ္ဆာန်မွေးမြူသူ တစ်ဦးသည် အလိုရှိသောဆန်ကို လဲလှယ်ရရှိရန် လိုက်လံရှာဖွေရာ ဆန်နှင့်ကျွဲနွားများ လဲလှယ်လိုသောသူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရပါက လဲလှယ်မှု ဖြစ်မြောက်နိုင်မည် မဟုတ်ပေ။ ဆန်နှင့် ကျွဲနွားကို လဲလှယ်လိုသော လယ်သမားအား တွေ့ရှိပါကလည်း လယ်သမားသည် အနည်းငယ်မျှသာ ဆန်ပမာဏကို ပေးနိုင်မည်ဆိုလျှင် ကျွဲနွားတို့ကို ခွဲခြမ်းစိတ်ဖြာ၍ လဲလှယ်ရန် မဖြစ်နိုင်ပေ။ ဤသို့သော အခက်အခဲများကြောင့် လူတို့သည် ငွေကြေးသို့မဟုတ်အသပြာ (money) ကို အသုံးပြုလာကြသည်။ ထုတ်လုပ်သူများသည် မိမိတို့၏ ထုတ်ကုန်များကို အသပြာဖြင့် ဦးစွာရောင်းချပြီး ရရှိသောအသပြာဖြင့် မိမိတို့အလိုရှိရာ ပစ္စည်းများကို ပြန်လည်ဝယ်ယူကြသည်။ အသပြာကို အသုံးပြုခြင်းဖြင့် လဲလှယ်ခြင်းကို လွယ်ကူအဆင်ပြေစေသည်။ ထို့ကြောင့် ခေတ်သစ် စီးပွားရေး အဆောက်အအုံတွင် ငွေကြေးသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

လဲလှယ်ခြင်းဟူသော လုပ်ဆောင်ချက်သည် ဘောဂဗေဒဘာသာရပ်တွင် အလွန်အရေးပါသောအခြင်းအရာ (phenomena) နှစ်ရပ်ကို ဖြစ်ပေါ်စေသည်။ ၎င်းတို့မှာ ဈေးကွက် (market) နှင့်

**ဈေးနှုန်း** (price) တို့ ဖြစ်သည်။

ရှေးအခါက လူတို့သည် **မိမိတို့၏ ထုတ်ကုန်များကို တိုက်ရိုက်လဲလှယ်ရန်အတွက် တစ်နေရာရာတွင်** တွေ့ဆုံကြသည်။ ထိုနေရာသည် **ဈေးကွက်ဖြစ်လာသည်။** မျက်မှောက်ခေတ်ကာလတွင်လည်း **ဈေးကွက်များ** ဆက်လက်တည်ရှိလျက်ပင်ဖြစ်သည်။ **သို့သော်** လူတို့သည်မိမိတို့၏ **ရောင်းကုန်များကို** အသပြာဖြင့် ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်ကြခြင်း၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာခြင်းတို့ကြောင့် ဈေးကွက်အနေဖြင့် တစ်နေရာတည်းတွင်အမြဲဆုံတွေ့ရန် မလိုတော့ပေ။ **ရောင်းချရန် ထုတ်လုပ်ထားသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရောင်းကုန်များ (commodities) ဟုခေါ်သည်။**

ဈေးနှုန်းများသည် ကုန်စည်အချင်းချင်း လဲလှယ်သော နှုန်းထားများပင်ဖြစ်သည်။ ဈေးနှုန်းကို နှိုင်းယှဉ်ဈေးနှုန်းနှင့် ငွေကြေးဈေးနှုန်းဟူ၍ (၂)မျိုးခွဲခြား ဖော်ပြနိုင်သည်။အကယ်၍ မုန့်ဖုတ်သမား **တစ်**ယောက်သည် ပေါင်မုန့်ငါးလုံးနှင့် ငါးတစ်ပိဿာတို့ကို လဲလှယ်ပါက ငါးတစ်ပိဿာ၏ဈေးနှုန်းသည် ပေါင်မုန့်ငါးလုံးဟု ပြောဆိုနိုင်ပြီး၊ ပေါင်မုန့်တစ်လုံး၏ ဈေးနှုန်းသည် ငါး(၂၀)ကျပ်သားဟု ပြောနိုင်သည်။ ထိုဈေးနှုန်းသည် နှိုင်းယှဉ်ဈေးနှုန်း (relative price) ဖြစ်သည်။ **နှိုင်းယှဉ်ဈေးနှုန်းဆိုသည်မှာ ကုန်စည်တစ်မျိုး၏ တန်ဖိုးကို** အခြားကုန်စည်တစ်မျိုး၏တန်ဖိုးနှင့် **နှိုင်းယှဉ်ဖော်ပြခြင်းဖြစ်သည်။ ငွေကြေးဈေးနှုန်း (money price)**သည် ယင်းကုန်စည်နှင့် အသပြာတို့လဲလှယ်သော **နှုန်းပင်ဖြစ်သည်။** ငွေကြေးကို အသုံးပြုသောအခါ ဈေးနှုန်းများကို ပိုမိုလွယ်ကူစွာ ဖော်ပြနိုင်သည်။ ဥပမာအားဖြင့် ပေါင်မုန့်တစ်လုံး(၃၀၀)ကျပ်၊ ငါးတစ်ပိဿာ (၁၅၀၀)ကျပ် စသည်ဖြင့် ဖြစ်သည်။

သယ်ယူပို့ဆောင်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သိုလှောင်မှုလုပ်ငန်းများ ကောင်းမွန်ပါက အလွန်ဝေးကွာသော ဒေသများအကြား ကုန်စည်လဲလှယ်မှုများကို ပြုလုပ်နိုင်ပေမည်။ ဥပမာ- ပဲခူးတိုင်းဒေသကြီးမှဆန်ကို ကချင်ပြည်နယ်တွင်ရောင်းချနိုင်မည်ဖြစ်ပြီး ကချင်ပြည်နယ်မှသစ်သီးများကို ပဲခူးတိုင်းဒေသကြီးတွင် ရောင်းချနိုင်မည်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် ကုန်စည်များ လဲလှယ်ကြရာမှ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဖြစ်ပေါ်လာသည်။ ထို့ကြောင့် **အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးသည် နိုင်ငံအလိုက်ကုန်စည်များကို ဖောက်ချထုတ်လုပ်ခြင်းနှင့် အလုပ်ခွဲခြားလုပ်ကိုင်ခြင်းမှ ပေါ်ပေါက်လာသောလဲလှယ်ခြင်းပုံစံ တစ်မျိုးပင်ဖြစ်သည်။**

## (ဃ) စားသုံးခြင်းနှင့် စုဆောင်းခြင်း

**စားသုံးခြင်းဆိုသည်မှာ လူပုဂ္ဂိုလ်အနေဖြင့်လည်းကောင်း၊ အိမ်ထောင်စုအနေဖြင့် လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း၊ ထုတ်လုပ်မှုအတွက် မရည်ရွယ်ဘဲ လတ်တလောလိုအင်ဆန္ဒများကို ဖြည့်စွမ်းရန် ကုန်စည်နှင့်ဝန်ဆောင်မှုများကို အသုံးပြုခြင်းပင်ဖြစ်သည်။** ကုန်စည်တစ်ခုကို စားသုံးလိုက်သောအခါ အခြားကုန်စည်တစ်ခု ဖြစ်မလာတော့ပေ။ ဥပမာအားဖြင့် ဆန်ကို

အိမ်ထောင်စုတစ်ခု၏ အစားအစာအဖြစ် အသုံးပြုလိုက်သောအခါ အဆိုပါစားသုံးလိုက်သော ဆန်သည် အခြားကုန်စည်တစ်ခု ဖြစ်မလာတော့ပေ။ သို့ဖြစ်၍ ဆန်ကို စားသုံးလိုက်သည်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ဆန်ကိုစားသုံးခြင်းသည် နောက်ဆုံး အသုံးပြုခြင်းဖြစ်သဖြင့် နောက်ဆုံးသုံး၊ စားသုံးသူသုံး တစ်ခါသုံးကုန်စည်ဖြစ်သည်။ နောက်ဆုံးအသုံးပြုခြင်း (final use) တွင် စားသုံးခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းနှင့် ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချခြင်းတို့ ပါဝင်သည်။

ခေတ်သစ်စီးပွားရေး အဆောက်အအုံများတွင် စားသုံးခြင်းကို နှစ်ပိုင်းခွဲခြားဖော်ပြနိုင်သည်။ ၎င်းတို့မှာ တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုအလိုက် စားသုံးခြင်း (Individual or Household Consumption) နှင့်စုပေါင်းစားသုံးခြင်း (Collective Consumption) တို့ဖြစ်သည်။ **တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုအလိုက်စားသုံးခြင်းဆိုသည်မှာ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအတွက် တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အိမ်ထောင်စုအနေဖြင့် စားသုံးခြင်းဖြစ်သည်။** ဥပမာ- လူတစ်ဦးတစ်ယောက်၏ အစားအစာဝယ်ယူမှု၊ အိမ်ထောင်စုတစ်ခု၏ ဆေးဝါးဝယ်ယူမှုတို့ ဖြစ်သည်။ **စုပေါင်းစားသုံးခြင်းဆိုသည်မှာ ပြည်သူလူထုအတွက် အသုံးပြုသော စားသုံးမှုစရိတ်ဖြစ်သည်။** အစိုးရ၏ ပညာရေးအတွက်အသုံးစရိတ်များ၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအသုံးစရိတ်များ၊ ဆေးရုံများနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်များဖြစ်သည်။

ဘောဂဗေဒဘာသာရပ်တွင် စားသုံးခြင်းနှင့် စုဆောင်းခြင်းတို့ကို ဒင်္ဂါးပြားတစ်ခု၏ မျက်နှာပြင်နှစ်ဖက်အဖြစ်ရှုမြင်တတ်ကြသည်။ **စုဆောင်းခြင်းဆိုသည်မှာ ထုတ်လုပ်မှုစုစုပေါင်းမှ စားသုံးပြီးနောက် ကျန်ရှိသောအစိတ်အပိုင်းပင်ဖြစ်သည်။** စားသုံးမှုမပြုသောအရာသည် စုဆောင်းမှုဖြစ်သည်။ ထို့ကြောင့် စုဆောင်းမှုသည် စားသုံးခြင်းမပြုသော အပိုင်းဖြစ်ပြီး စားသုံးခြင်းသည် စုဆောင်းမှုမပြုသော အပိုင်းပင်ဖြစ်သည်။ ပို၍နားလည်စေရန် သာဓကတစ်ခုဖြင့်ရှင်းပြပါမည်။ အကယ်၍ လယ်သမားတစ်ဦးသည် စပါးတင်း (၃၀၀) ထုတ်လုပ်ပြီးနောက် တင်း (၁၀၀)ကို ဝမ်းစာအဖြစ်အသုံးပြု၍ အခြားတင်း (၁၅၀)ကို အဝတ်အထည်၊ အစားအစာ၊ ဖျော်ဖြေရေး၊ ခရီးသွားလာရေး စသည်တို့အတွက် လဲလှယ်အသုံးပြုခဲ့သည်ဆိုပါက ဤလယ်သမားသည် စုစုပေါင်းထုတ်လုပ်သော စပါးတင်း(၃၀၀)အနက်မှ တင်း(၂၅၀)ကို စားသုံးမှုအတွက် အသုံးပြုသည်ဟု ဆိုရပေသည်။ ထို့ကြောင့်သူ၏ စုဆောင်းမှုသည် စပါးတင်း (၅၀) ဖြစ်သည်။ ဤစုဆောင်းမှုဖြစ်သော စပါးတင်း (၅၀)သည် စုစုပေါင်းထုတ်လုပ်မှုအနက်မှ တင်း (၂၅၀)ကို စားသုံးပြီးနောက် ကျန်ရှိသောစပါးဖြစ်သည်။ စားသုံးမှုပြုသော တင်း(၂၅၀)သည်လည်း ထုတ်လုပ်လိုက်သည့် တင်း(၃၀၀)မှ စုဆောင်းမှုအတွက်တင်း (၅၀) ဖယ်ထားပြီးနောက်ကျန်ရှိသောစပါးဖြစ်သည်။

ဤအခြေအနေ၌ သက်ဆိုင်ရာ ကုန်စည်များ၏ ဈေးနှုန်းများကိုသိလျှင် ယင်းကိုငွေကြေးတန်ဖိုးအားဖြင့် ဖော်ပြနိုင်သည်။ အကယ်၍ စပါးဈေးနှုန်းသည် တစ်တင်းလျှင် (၄၀၀၀) ကျပ် ဖြစ်ပါက စုစုပေါင်း ထုတ်လုပ်သော စပါးတင်း (၃၀၀)သည် ဝင်ငွေ (၁၂၀၀,၀၀၀) ကျပ်နှင့် ညီမျှပေသည်။ ဤဝင်ငွေအနက် စပါးတင်း (၂၅၀)နှင့်ညီမျှသော တန်ဖိုးကျပ် (၁၀၀၀,၀၀၀)ကို စားသုံးလိုက်ပြီး (၂၀၀,၀၀၀) ကျပ်ကို စုဆောင်းသည်။ စားသုံးမှုအတွက် သုံးလိုက်သော ငွေတန်ဖိုးကျပ် (၁၀၀၀,၀၀၀)နှင့် စုဆောင်း

ငွေကျပ် (၂၀၀,၀၀၀)တို့ကို ပေါင်းလိုက်ပါကစုစုပေါင်း ဝင်ငွေ (၁၂၀၀,၀၀၀) ကျပ်ရရှိမည်ဖြစ်သည်။ လယ်သမားကြီး၏ စားသုံးရန်ဆုံးဖြတ်ချက်သည် သွယ်ဝိုက်သောအားဖြင့် စုဆောင်းရန် ဆုံးဖြတ်ချက်ဖြစ်သည်။ ထို့အတူအပြန်အလှန်အားဖြင့် စုဆောင်းရန်ဆုံးဖြတ်ချက်သည် စားသုံးရန်ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

စုဆောင်းခြင်းကို ရွှေ့ဆိုင်းထားသော စားသုံးမှုအဖြစ်မှတ်ယူသည်။ လူတို့စုဆောင်းကြသည်မှာ မိမိတို့ကိုယ်တိုင်ဖြစ်စေ၊ မိမိတို့၏ သားစဉ်မြေးဆက်တို့အတွက်ဖြစ်စေ၊ နောင်တစ်ချိန်တွင် စားသုံးနိုင်ရန်အတွက်ဖြစ်သည်။ စုဆောင်းမှုသည်လည်း အလွန်အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် စုဆောင်းမှုရှိမှသာလျှင် စီးပွားရေးအဆောက်အအုံသည် တိုးတက်လာမည်ဖြစ်ပြီး နောင်ကာလတွင် ပိုမိုစားသုံးလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် စုစုပေါင်းထုတ်လုပ်မှုအနက်မှ မည်မျှကိုစားသုံးပြီး မည်မျှကိုစုဆောင်းမည်ဟူသော စားသုံးမှုနှင့်စုဆောင်းမှု ဆုံးဖြတ်ချက်သည် ပစ္စုပ္ပန်ကာလစားသုံးမှုနှင့် အနာဂတ်ကာလစားသုံးမှုတို့အကြား ရွေးချယ်မှုပင်ဖြစ်သည်။

## (c) ရင်းနှီးမြှုပ်နှံခြင်း

ရင်းနှီးမြှုပ်နှံခြင်းဆိုသည်မှာ ကုန်ထုတ်အရင်းအနှီးသစ်များ တိုးပွားလာခြင်း၊ ထုတ်လုပ်မှုကို အဆက်မပြတ်ဖြစ်ပေါ်စေရန် အသုံးပြုသည့် ကုန်ထုတ်အရင်းအနှီးများ၏ ချွတ်ယွင်းပြုန်းတီးမှု (depreciation) ကို အစားထိုးခြင်းနှင့် အရင်းအနှီးကုန်လက်ကျန်များသို့ အရင်းအနှီးသစ်များ ထပ်ပေါင်းဖြည့်စွက်သည့် လုပ်ဆောင်ချက်ဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှု၏ အခြားအခေါ်အဝေါ်တစ်ခုမှာ အရင်းအနှီးတည်ဆောက်မှု (capital formation) ဖြစ်သည်။ စက်ရုံအလုပ်ရုံများအသွင် ရင်းနှီးမြှုပ်နှံခြင်း၊ အဆောက်အဦများ၊ လမ်းများအသွင် ရင်းနှီးမြှုပ်နှံခြင်းတို့ကို ပုံသေအရင်းအနှီးတည်ဆောက်ခြင်း (fixed capital formation) ဟုခေါ်သည်။ ကုန်လက်ကျန်များကိုမူ သိုလှောင်ကုန်စည်များအသွင် ရင်းနှီးမြှုပ်နှံခြင်းအဖြစ် ရှုမြင်နိုင်သည်။ ၎င်းကို သိုလှောင်ကုန်စည် လက်ကျန်ပြောင်းလဲခြင်း (inventory or stocks changes) ဟုခေါ်သည်။ ရင်းနှီးမြှုပ်နှံပြုလုပ်ရန်အတွက် စုဆောင်းမှုများရှိရမည်။

စီးပွားရေးလုပ်ဆောင်ချက်များ၏ အဓိကဦးတည်ချက်မှာ စားသုံးခြင်းဖြစ်သည်။ ထို့ကြောင့် စားသုံးလိုသော အလိုဆန္ဒသည် စီးပွားရေးလုပ်ဆောင်ချက် အားလုံး၏ အကြောင်းရင်းဖြစ်ပေသည်။ စားသုံးခြင်းကို လုပ်ဆောင်နိုင်ရန် ကုန်ထုတ်လုပ်ခြင်းဟူသော လုပ်ဆောင်ချက် ရှိရန်လိုအပ်သည်။ လူတို့သည်မိမိတို့၏ ထုတ်လုပ်မှုမှရရှိသည့် ကုန်စည်များကို မိမိတို့အလိုရှိသော အခြားကုန်စည်များဖြင့် လဲလှယ်ယူကြသည်။ ကုန်ထုတ်လုပ်ခြင်းကို အဆက်မပြတ် လုပ်ဆောင်နိုင်ရန် စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုဟူသော စီးပွားရေးလုပ်ဆောင်ချက်များ လိုအပ်သည်။ ထို့ကြောင့် စီးပွားရေးလုပ်ဆောင်ချက်များသည် တစ်ခုနှင့်တစ်ခုဆက်စပ်နေကြသည်။

## ၃-၃။ စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်

### Economic Structure

**နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဍာန်သည် ထိုနိုင်ငံ၏ စီးပွားရေး လုပ်ဆောင်ချက်များ၏ အမျိုးအစားပုံသဏ္ဍာန်ပင်ဖြစ်သည်။** စီးပွားရေး လုပ်ဆောင်ချက်များသည် ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ လဲလှယ်မှု၊ စားသုံးမှု၊ စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုတို့ဖြစ်သည်။ ထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံတစ်နိုင်ငံ၏ ထုတ်လုပ်မှုအဆောက်အအုံပုံသဏ္ဍာန် (Productive Structure) ကို ယေဘုယျအားဖြင့် စီးပွားရေးကဏ္ဍအလိုက် လေ့လာလေ့ရှိသည်။ **စီးပွားရေးကဏ္ဍတစ်ခုသည် လက္ခဏာတူညီသော ထုတ်လုပ်မှုလုပ်ဆောင်ချက်များ၏ အုပ်စုတစ်ခုကို ဖော်ညွှန်းသည်။** ဥပမာ- အပင်၊ သစ်ပင်များစိုက်ပျိုးထားသော ထုတ်လုပ်မှုလုပ်ဆောင်ချက်များကို လယ်ယာစိုက်ပျိုးရေးကဏ္ဍ (Agriculture Sector)တွင် အုပ်စုဖွဲ့ဖော်ပြလေ့ရှိသည်။ စက်ရုံအလုပ်ရုံတွင်ပြုလုပ်သော လုပ်ဆောင်ချက်များအား စက်မှုကဏ္ဍ (Manufacturing Sector)တွင် အုပ်စုဖွဲ့ဖော်ပြလေ့ရှိသည်။

ထုတ်လုပ်မှုအမျိုးအစားများအားလေ့လာခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံကို လေ့လာရာတွင် အဓိကအပိုင်းဖြစ်သည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အဆောက်အအုံကို ပြည့်စုံစွာသိရှိရန်အလို့ငှာ စားသုံးမှု၊ ဖြန့်ဖြူးမှု၊ လဲလှယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့၏ အမျိုးအစားများကိုပါ ဖြည့်စွက်လေ့လာရန် လိုအပ်ပေသည်။

## ၃-၄။ စီးပွားရေးစနစ်

### Economic System

စီးပွားရေးလုပ်ဆောင်ချက်များနှင့် စီးပွားရေးအဆောက်အအုံတို့၏ အဓိပ္ပာယ်များကို သိရှိခဲ့ပြီးဖြစ်၍ ယခုအခါ စီးပွားရေးစနစ်အကြောင်းကို ဖော်ပြမည်ဖြစ်သည်။ **စီးပွားရေးစနစ်ဆိုသည်မှာ လူတို့အနေဖြင့် စီးပွားရေးလုပ်ဆောင်ချက်များ လုပ်ကိုင်ဆောင်ရွက်သည့်စနစ်ကို ဆိုလိုသည်။** စီးပွားရေးစနစ်ကို နိုင်ငံရေးဆိုင်ရာရှုထောင့်နှင့် နည်းပညာဆိုင်ရာရှုထောင့် နှစ်ရပ်မှ ရှုမြင်နိုင်သည်။ **စီးပွားရေးစနစ်၏နိုင်ငံရေးဆိုင်ရာရှုထောင့်သည် ကုန်ထုတ်စွမ်းအားစုများကို မည်သူတို့ကပိုင်ဆိုင်ပြီး စုစုပေါင်း ထုတ်ကုန်အား လူတန်းစားများအကြားတွင် မည်သို့ခွဲဝေဖြန့်ဖြူးသည်နှင့် သက်ဆိုင်ပေသည်။** ဆိုရှယ်လစ်စီးပွားရေးစနစ်၊ အရင်းရှင်စီးပွားရေးစနစ်၊ သမိုင်းဦးဘုံမြေစီးပွားရေးစနစ် စသည်ဖြင့် တည်ရှိခဲ့ကြပေသည်။ **စီးပွားရေးစနစ်၏ နည်းပညာဆိုင်ရာရှုထောင့်များမှာ ထုတ်လုပ်မှု ယန္တရားများသည် မည်သည့်အရပ်တွင် တည်ရှိပြီး မည်သည့်ထုတ်လုပ်မှုနည်းလမ်းများကို အသုံးပြုမည်၊ စီးပွားရေး တိုးတက်မှုအတွက် မည်သို့စီမံကိန်းများ ပေါ်လစီများ ရေးဆွဲချမှတ်မည်၊ နိုင်ငံတော်ဘဏ္ဍာငွေကို မည်ကဲ့သို့ ရှာဖွေစုစည်းမည် စသည့်အကြောင်းအရာများနှင့်သက်ဆိုင်ပေသည်။**

ယနေ့ကမ္ဘာပေါ်ရှိ စီးပွားရေးစနစ်များကို (၃)မျိုးခွဲခြားဖော်ပြနိုင်သေးသည်။ ၎င်းတို့မှာ

**(၁) ဈေးကွက်စီးပွားရေးစနစ်(Market Economy) (၂) ဗဟိုစီမံကိန်းချ စီးပွားရေးစနစ် (Centrally Planned Economy) (၃) ရောပြွမ်းစီးပွားရေးစနစ် (Mixed Economy) တို့ဖြစ်သည်။**

## ၃-၅။ စီးပွားရေးအဖွဲ့အစည်းများ

## Economic Organizations

ယခုခေတ်တွင် ကုန်စည်နှင့်ဝန်ဆောင်မှုများ ထုတ်လုပ်ရာ၌ လုပ်သားများ အချင်းချင်း ပူးပေါင်း၍ ကုန်ထုတ်လုပ်မှု "ယူနစ်များ" (units) ဖွဲ့စည်းသည်။ တစ်ဖန် ကုန်ထုတ်လုပ်မှု ယူနစ်အချင်းချင်း ပေါင်းစပ်ကာ၊ ပိုမိုကြီးမားသော ယူနစ်များကို ဖွဲ့စည်းကြပြန်သည်။ ဤယူနစ်များအားလုံးကို "စီးပွားရေး အဖွဲ့အစည်းများ"ဟူ၍ခေါ်ဆိုနိုင်ပေသည်။ **ထို့ကြောင့် စီးပွားရေးအဖွဲ့အစည်း (Economic Organization) ဆိုသည်မှာ ကုန်ထုတ်လုပ်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားသော လုပ်သားအုပ်စုကို ခေါ်သည်။**

ခေတ်သစ်စီးပွားရေး အဆောက်အအုံအတွက် စီးပွားရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းမှာ အလွန်လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအဖွဲ့အစည်းများသည် ကုန်ထုတ်လုပ်မှုဖြစ်စဉ်ကို ထိရောက်သော စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်မှုတို့ကို ပြုလုပ်ပေးနိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။ ယခုခေတ်တွင် စီးပွားရေးအဖွဲ့အစည်းများသည် ဥပဒေအရ တရားဝင်ရပ်တည်နိုင်ခွင့် (legal status) ရှိသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် ကန်ထရိုက်စာချုပ်များချုပ်ဆိုနိုင်ပြီး တရားရုံးများတွင်လည်း အမှုများကို ရင်ဆိုင်နိုင်သည်။ စီးပွားရေးအဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းများ (economic enterprises) ဟုလည်းခေါ်ကြသည်။

စီးပွားရေးအဖွဲ့အစည်းတစ်ခု၏ အရွယ်အစားမှာ အလွန်သေးငယ်ခြင်း၊ အလယ်အလတ်ဖြစ်ခြင်း၊ အလွန်ကြီးမားခြင်း စသည်ဖြင့် ဖြစ်နိုင်သည်။ ဥပမာအားဖြင့် တောင်သူလယ်သမားတစ်ဦး ပိုင်ဆိုင်သည့် အလွန်သေးငယ်သည့် လယ်ယာစိုက်ခင်း၊ အလယ်အလတ် အရွယ်အစားရှိသည့် ဘတ်စ်ကား သမဝါယမအသင်းနှင့် အလွန်ကြီးမားသည့် လေကြောင်းကုမ္ပဏီစသည်တို့ဖြစ်သည်။ စ ်စစ်နိုင်ငံတစ်နိုင်ငံကိုပင် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ် သဘောထားနိုင်ပေသည်။ အကြောင်းမှာ နိုင်ငံကိုထုတ်လုပ်မှုယူနစ်များစွာဖြင့် ဖွဲ့စည်းတည်ထောင်ထားသောကြောင့်ဖြစ်သည်။ စီးပွားရေးအဖွဲ့အစည်းများ၏ အမျိုးအစား၊ အရွယ်အစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်တို့မှာ-

(က) ကုန်ထုတ်လုပ်မှု၏ နည်းပညာဆိုင်ရာ အခြေအနေများ (technical conditions) နှင့်

(ခ) ကုန်ထုတ်အရင်းအနှီး (means of production) ပိုင်ဆိုင်မှုတို့အပေါ်တွင်မူတည်ပေသည်။

(က) နည်းပညာဆိုင်ရာ အခြေအနေများ။ ။ ကုန်ထုတ်လုပ်ငန်း၏ နည်းပညာဆိုင်ရာ အခြေအနေများသည် စီးပွားရေးအဖွဲ့အစည်းများ၏ အရွယ်အစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက်များအပေါ်တွင် အမျိုးမျိုးအဖုံဖုံ အကျိုးသက်ရောက်မှုများရှိပေသည်။ အချို့ ထုတ်လုပ်မှုဖြစ်စဉ်များကို အရွယ်ကြီးမားစွာ ဖွဲ့စည်းတည်ထောင်ရလေ့ရှိသည်။ ဥပမာ- မော်တော်ကား ထုတ်လုပ်သောလုပ်ငန်း။ သို့ရာတွင် အချို့သော ထုတ်လုပ်မှုဖြစ်စဉ်များကိုမူ အသေးစားဖွဲ့စည်း တည်ထောင်နိုင်ပေသည်။ ဥပမာ- လက်ဖက်ရည်ဆိုင်၊ လက်မှုပညာလုပ်ငန်း စသည်တို့ဖြစ်သည်။ တစ်ဖန်အချို့ ကုန်စည်များထုတ်လုပ်ရာတွင် အသုံးပြုသော ထုတ်လုပ်မှု နည်းပညာပေါ် မူတည်၍ စီးပွားရေးအဖွဲ့အစည်းများကို အကြီးစား သို့မဟုတ် အလတ်စား သို့မဟုတ် အသေးစားဖွဲ့စည်းနိုင်ပေသည်။ ဥပမာအားဖြင့် ဆန်စပါးထုတ်လုပ်ရာတွင် မြန်မာနိုင်ငံ ကျေးလက်ဒေသများမှာကဲ့သို့ ရိုးစင်းသည့် ကုန်ထုတ်နည်းလမ်းများကို အသုံးပြု၍ သေးငယ်သော လယ်ယာလုပ်ကွက်များတွင် ထုတ်လုပ်နိုင်ပေသည်။ သို့ရာတွင် ပိုမိုအဆင့်မြင့်သော ကုန်ထုတ်နည်းလမ်းများကို အသုံးပြုပါက ဆန်စပါးထုတ်လုပ်မှုလုပ်ငန်းအတွက် စီးပွားရေးအဖွဲ့အစည်း၏ အရွယ်အစားမှာလည်း ပိုမိုကြီးမားပေမည်။ ဥပမာအားဖြင့် ဩစတြေးလျနိုင်ငံရှိ ဆန်စပါးစိုက်ပျိုးသည့်လုပ်ငန်းများ။

နည်းပညာဆိုင်ရာ အခြေအနေများမှ စီးပွားရေးအဖွဲ့အစည်းများ၏ သဘောဝအပေါ် တွင်လည်း အကျိုးသက်ရောက်မှုရှိပေသည်။ လုပ်သားစူးစိုက်အသုံးပြုသော ကုန်ထုတ်နည်းလမ်းများ (labour-intensive production techniques) ကို အသုံးပြုသည့် လုပ်ငန်းများနှင့် အရင်းအနှီးစူးစိုက် အသုံးပြုသော ကုန်ထုတ်နည်းလမ်းများ (capital- intensive production techniques) ကို အသုံးပြုသည့် လုပ်ငန်းများ၏ ဖွဲ့စည်းပုံမှာ ကွဲပြားခြားနားမည်ဖြစ်သည်။

သိပ္ပံပညာရပ်ဆိုင်ရာ တိုးတက်မှုများသည် စီးပွားရေးအဖွဲ့အစည်းများ၏ သဘောသဘာဝကို တစ်ခါတစ်ရံ ပြောင်းလဲသွားစေနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာနှင့် ဆက်သွယ်ရေး နည်းပညာရပ်များ တိုးတက်လာခြင်းကြောင့် နိုင်ငံအများတွင် လုပ်ငန်းခွဲများရှိသည့် ကြီးမားသောစီးပွားရေး အဖွဲ့အစည်းကြီးများကို တည်ထောင်လာနိုင်ကြသည်။ **နိုင်ငံအများတွင် ကုန်ထုတ် လုပ်မှုယူနစ်များရှိသော အဖွဲ့အစည်းများကို နိုင်ငံအများတွင် လုပ်ငန်းခွဲများရှိ စီးပွားရေးအဖွဲ့အစည်းများ (multi-national organizations)** ဟုခေါ်ကြသည်။

စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များမှာ နည်းပညာဆိုင်ရာ အချက်အလက်များပေါ်တွင်လည်း မူတည်နေပေသည်။ ဥပမာ- ဖိနပ်လုပ်ငန်းတစ်ခုသည် ဖိနပ်ထုတ်လုပ်ခြင်းကိုသာ ဆောင်ရွက်၍ ဖိနပ်ရောင်းချခြင်းအလုပ်ကို အခြားအဖွဲ့အစည်းများသို့ လွှဲအပ်နိုင်သည်။ သို့ရာတွင် အီလက်ထရွန်းနစ် ကွန်ပျူတာကဲ့သို့ အထူးစက်ကိရိယာများ ထုတ်လုပ်သည့် လုပ်ငန်းများမှာမူ မိမိ၏ ထုတ်ကုန်ကို မိမိကိုယ်တိုင် ရောင်းချကောင်း ရောင်းချရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထုတ်ကုန်များ၏ နည်းပညာဆိုင်ရာ လက္ခဏာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိကြသေးသောကြောင့်ဖြစ်သည်။

ခေတ်သစ်စီးပွားရေး အဆောက်အအုံတွင် ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်း၊ လုပ်သားစုဆောင်းပေးခြင်းနှင့် လေ့ကျင့်ပေးသောလုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ စီမံခန့်ခွဲရေးနှင့်

အင်ဂျင်နီယာဆိုင်ရာ အကြံပေးလုပ်ငန်း စသည်ဖြင့် ဝန်ဆောင်မှုတစ်မျိုးစီကို သီးခြားဆောင်ရွက်ပေးသော အဖွဲ့အစည်းများစွာ ရှိပေသည်။

နည်းပညာဆိုင်ရာ အချက်အလက်များက ပြဌာန်းသော စီးပွားရေးအဖွဲ့အစည်းတစ်မျိုးမှာ ပြည်သူသုံးလုပ်ငန်း (public utility) ဖြစ်သည်။ ပြည်သူသုံးလုပ်ငန်းများတွင် အောက်ပါ လက္ခဏာရပ်များရှိသည်။

(၁) မရှိမဖြစ် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ဆောင်ရွက်ပေးခြင်း၊

(၂) စရိတ်စကကြီးမားပြီးအမြဲတစေတပ်ဆင်ရသည့်ကိရိယာတန်ဆာပလာများလိုအပ်သည့်လုပ်ငန်း၊

(၃) စကေးကြီးထုတ်လုပ်မှု (large- scale production) ၏ အကျိုးကျေးဇူးများ ရရှိသောလုပ်ငန်း၊

(၄) အဖွဲ့အစည်းများစွာထားရှိရန် မလိုအပ်သော လုပ်ငန်းတို့ဖြစ်ကြသည်။

ပြည်သူသုံးလုပ်ငန်းအချို့ကို ဥပမာအဖြစ်ဖော်ပြရလျှင် လျှပ်စစ်ဓာတ်အား၊ စာတိုက်လုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ ရထားပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေး၊ သောက်ရေသုံးရေ ပေးဝေသော လုပ်ငန်း စသည်တို့ဖြစ်ကြသည်။ ဤလုပ်ငန်းများအားလုံးမှာ ခေတ်သစ် လူနေမှုစနစ်အတွက် မရှိမဖြစ် လိုအပ်သော လုပ်ငန်းများဖြစ်ကြသည်။ အဆိုပါလုပ်ငန်းများကို တည်ထောင်ရန်အတွက် ငွေအရင်းအနှီး အမြောက်အမြားလိုအပ်သည့်အပြင် လုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းတစ်မျိုးစီတွင် အဖွဲ့အစည်းများစွာ တည်ထောင်ရန်မလိုပေ။ ဥပမာအားဖြင့် လျှပ်စစ်ကွန်ချာစနစ် (electricity grid system) တစ်ခု တည်ထောင်ထားပါက နောက်ထပ်အခြားစနစ်တစ်ခု ထပ်မံတည်ထောင်ရန်မလိုအပ်ပေ။ ထို့ပြင် တပ်ဆင်ထားသော ကိရိယာတန်ဆာပလာများကို ပိုမိုအသုံးပြုလေလေ တစ်ယူနစ်၏ ထုတ်လုပ်မှုစရိတ် လျော့နည်းလေလေဖြစ်သည်။ သို့ဖြစ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းတွင် စကေးကြီး ထုတ်လုပ်မှု၏ အကျိုးကျေးဇူးရရှိသည်။ ပြည်သူသုံးလုပ်ငန်းများသည် ပြည်သူလူထု၏ ကောင်းကျိုးအတွက် မရှိမဖြစ် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ထုတ်လုပ်ဆောင်ရွက်ပေးသောကြောင့် အဆိုပါလုပ်ငန်းများသည် လူမှုရေး နှင့်စီးပွားရေးရည်မှန်းချက် နှစ်မျိုးလုံးကို ဖြည့်ဆည်းရာရောက်ပေသည်။

(ခ) ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှု။ ။ တိုင်းပြည်တစ်ပြည်၏ စီးပွားရေးအဖွဲ့အစည်း အမျိုးအစားကို ပြဌာန်းရာတွင် ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှုသည် အရေးကြီးသောအချက်တစ်ရပ်ဖြစ်ပေသည်။ အရင်းအနှီးနှင့် သဘာဝသယံဇာတ ပစ္စည်းအများစုကို ပုဂ္ဂလိကပိုင်ဆိုင်သော အရင်းရှင်နိုင်ငံများတွင် စီးပွားရေး အဖွဲ့အစည်းများကို အရင်းအနှီးပိုင်ဆိုင်မှု၏ သဘောသဘာဝပေါ် အခြေခံ၍ တည်ထောင်ကြသည်။ သို့ဖြစ်၍ စီးပွားရေးအဖွဲ့အစည်းများကို တစ်ဦးတည်းပိုင် လုပ်ငန်းများ (sole proprietorships)၊ အစုစပ် လုပ်ငန်းများ (partnerships)၊ ပုဂ္ဂလိကအစုစပ်ကုမ္ပဏီများ (private joint-stock companies) နှင့် သမဝါယမများလုပ်ငန်း (co-operatives) ဟူ၍ခွဲခြားနိုင်သည်။

ဆိုရှယ်လစ်နိုင်ငံများတွင် အရင်းအနှီးနှင့် သဘာဝသယံဇာတပစ္စည်းအများစုကို နိုင်ငံတော်က ပိုင်ဆိုင်သည်။ သို့ဖြစ်၍ ဆိုရှယ်လစ်နိုင်ငံများတွင် အဓိကစီးပွားရေး အဖွဲ့အစည်းများမှာ နိုင်ငံပိုင်

စီးပွားရေးလုပ်ငန်းများဖြစ်ကြသည်။ ဆိုရှယ်လစ်နိုင်ငံများရှိ ပုဂ္ဂလိကပိုင် လုပ်ငန်းများ၏ အရွယ်အစားမှာ သေးငယ်ပြီး၊ အများအားဖြင့် တစ်ဦးတည်းပိုင် လုပ်ငန်းများနှင့်အစုစပ်လုပ်ငန်း များဖြစ်ကြသည်။ တစ်ခါတစ်ရံ အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း၍ ဖက်စပ်လုပ်ငန်းများ (joint-ventures) တည်ထောင်ကြသည်။ မျက်မှောက်ခေတ်၌ ဆိုရှယ်လစ်နိုင်ငံ အပြောက်အများတွင် နိုင်ငံပိုင်လုပ်ငန်းအချို့အား ပုဂ္ဂလိကပိုင် အဖြစ်ပြောင်းလဲနေကြပေသည်။

အချို့လုပ်ငန်းများမှာ နိုင်ငံပိုင်လည်းမဟုတ် ပုဂ္ဂလိကပိုင်လည်းမဟုတ်ကြပေ။ ၎င်းတို့မှာ သမဝါယမ လုပ်ငန်းများ ဖြစ်ကြသည်။ ထိုလုပ်ငန်းများကို အသင်းသားများက စုပေါင်းပိုင်ဆိုင်ကြသည်။ သမဝါယမအသင်းများ တည်ထောင်ခြင်း၏ ရည်ရွယ်ချက်မှာ မြှုပ်နှံထားသော ငွေရင်းပေါ်တွင် အမြတ်အများဆုံး ပြန်လည်ရရှိရန်မဟုတ်ဘဲ၊ စီးပွားရေးလုပ်ဆောင်ချက်များကို တတ်နိုင်သမျှ စရိတ်သက်သာစွာနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် ကုန်ထုတ်အရင်းအနှီး ပိုင်ဆိုင်မှုရှုထောင့်မှ စီးပွားရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကပိုင်အဖွဲ့အစည်းများ၊ နိုင်ငံပိုင်အဖွဲ့အစည်းများနှင့် သမဝါယမပိုင်အဖွဲ့အစည်းများဟူ၍ ခွဲခြားနိုင်သည်။ နည်းပညာဆိုင်ရာ အခြေအနေများ ပြောင်းလဲလျှင်ဖြစ်စေ၊ ပိုင်ဆိုင်မှုပြောင်းလဲလျှင်ဖြစ်စေ စီးပွားရေး အဖွဲ့အစည်းများ၏ အမျိုးအစား၊ အရွယ်အစား၊ သဘာဝ နှင့်လုပ်ဆောင်ချက်များ ပြောင်းလဲသွားမည်ဖြစ်သည်။

## ၃-၆။ စီးပွားရေးအဖွဲ့အစည်း အမျိုးအစားများ

**Different Types of Economic Organizations**

စီးပွားရေးအဖွဲ့အစည်းများကို တစ်ဦးတည်းပိုင်လုပ်ငန်းများ၊ အစုစပ်လုပ်ငန်းများ၊ အစုစပ်ကုမ္ပဏီများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းဟူ၍ ခွဲခြားနိုင်သည်။

**တစ်ဦးတည်းပိုင်လုပ်ငန်းများ။** ။ **ပုဂ္ဂိုလ်တစ်ဦးတည်းကပိုင်ဆိုင်သော လုပ်ငန်းကို တစ်ဦးတည်းပိုင်လုပ်ငန်းဟုခေါ်သည်။** ဤအဖွဲ့အစည်းမျိုးကို လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင် စသည့် အသေးစားလုပ်ငန်းများတွင် တွေ့ရလေ့ရှိသည်။ ပိုင်ရှင်မှာ တစ်ဦးတည်းဖြစ်သောကြောင့် လုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များကို လျှင်မြန်စွာချမှတ်နိုင်သည်။ သို့ရာတွင် လုပ်ငန်းပိုင်ရှင်မှာ တစ်ဦးတည်း ဖြစ်၍ ငွေအရင်းအနှီးမှာ အကန့်အသတ်ရှိသောကြောင့် လုပ်ငန်းကို အလွယ်တကူ မချဲ့ထွင်နိုင်ပေ။ ဥပဒေရှုထောင့်မှကြည့်လျှင် တစ်ဦးတည်းပိုင်လုပ်ငန်းသည် ပိုင်ရှင်၏ ပုဂ္ဂလိကပိုင်ဥစ္စာပစ္စည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့ဖြစ်၍ ပိုင်ရှင်သည် လုပ်ငန်း၏ အကြွေးများအတွက် တာဝန်ရှိသည်။ ဤကဲ့သို့ **ပိုင်ရှင်ကလုပ်ငန်း၏ အကြွေးများကို ပေးဆပ်ရန်တာဝန်ရှိသော အခြေအနေမျိုးကို အကန့်အသတ်မရှိသောပေးရန်တာဝန်** (unlimited liability) ဟု **ခေါ်သည်။** အကယ်၍ လုပ်ငန်းအနေဖြင့် အကြွေးကို အကြေအလည်မဆပ်နိုင်ပါက လုပ်ငန်းပိုင်ရှင်၏ ကိုယ်ပိုင်ဥစ္စာပစ္စည်းများကို သိမ်းယူနိုင်သည်။

**လုပ်ငန်းပိုင်ရှင်များက လုပ်ငန်း၏ အကြွေးများကို တစ်ဦးချင်းအနေဖြင့် ဆပ်ရန်တာဝန်မရှိသော အခြေအနေမျိုးကို အကန့်အသတ်ရှိသော ပေးရန်တာဝန်** (limited liability) **ဟုခေါ်သည်။** လုပ်ငန်းအနေဖြင့် အကြွေးများကို အကြေအလည်မဆပ်နိုင်သော်လည်း အကြွေးဆပ်ရန်အတွက် ပိုင်ရှင်များ၏ ပုဂ္ဂလိကပိုင် ပစ္စည်းများကို မသိမ်းယူနိုင်သော လုပ်ငန်းမျိုးကို လီမိတက်ကုမ္ပဏီများ (limited companies) ဟုခေါ်သည်။ အဆိုပါ ကုမ္ပဏီများသည် မိမိတို့၏ ပေးရန်တာဝန်အကန့်အသတ်ရှိသော အခြေအနေကို အများသိရှိစေရန်အတွက် ဥပဒေအရ ကုမ္ပဏီအမည်နောက်တွင် "လီမိတက်" ဟူသောစကားလုံးကို ထည့်သွင်းဖော်ပြရသည်။

**အစုစပ်လုပ်ငန်းများ။** ။ **လုပ်ငန်းပိုင်ရှင်မှာ တစ်ဦးထက်ပိုမိုပြီး ပေးရန်တာဝန် အကန့်အသတ်မရှိသောလုပ်ငန်းမျိုးကို အစုစပ်လုပ်ငန်းဟုခေါ်သည်။** အစုဝင်တစ်ဦး စိုက်ထည့်ဝင်သော အရင်းအနှီးပမာဏနှင့် အမြတ်ခွဲဝေပုံကို အစုစပ်သဘော တူညီချက် (partnership agreement) တွင် ဖော်ပြထားလေ့ရှိသည်။ အရင်းအနှီးထည့်ဝင်သူဦးရေမှာ တစ်ဦးထက်ပို၍ များသောကြောင့် ယေဘုယျအားဖြင့် အစုစပ်လုပ်ငန်းများ၏ အရွယ်အစားမှာ တစ်ဦးတည်းပိုင်လုပ်ငန်းများထက် ပို၍ကြီးမားလေ့ရှိသည်။ သို့ရာတွင် အစုဝင်များအကြား၌ သဘောထားကွဲလွဲမှုများရှိပါက လုပ်ငန်းစီမံခန့်ခွဲရာတွင် ပြဿနာများ ပေါ်ပေါက်နိုင်သည်။ အများအားဖြင့် အသက်မွေးဝမ်းကျောင်းပညာရှင်များဖြစ်ကြသော ဆရာဝန်များ၊ ရှေ့နေများ၊ ဗိသုကာများ၊ အင်ဂျင်နီယာများ စသည်ပုဂ္ဂိုလ်များသည် အစုစပ်လုပ်ငန်းများ တည်ထောင်လေ့ရှိကြသည်။

**အစုစပ်ကုမ္ပဏီများ။** ။ စတော့များ သို့မဟုတ် ရှယ်ယာများရောင်းချပြီး အရင်းအနှီးစုဆောင်း၍ တည်ထောင်ထားသောကုမ္ပဏီများကို အစုစပ်ကုမ္ပဏီများဟုခေါ်သည်။ အစုစပ်ကုမ္ပဏီများ၏ အရင်းအနှီးများကို စတော့ (stock) သို့မဟုတ် ရှယ်ယာ (share) များဖြင့်ဖော်ပြကြသည်။ လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလိုသူများသည် လုပ်ငန်း၏ အစုရှယ်ယာများကို ဝယ်ယူကြသည်။ သို့ဖြစ်၍ လုပ်ငန်းကို အစုရှယ်ယာရှင်များက ပူးတွဲပိုင်ဆိုင်ကြသည်။ အစုရှယ်ယာရှင်များသည် လုပ်ငန်း၏ဒါရိုက်တာများ(directors)ကို ရွေးချယ်ရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။ ဒါရိုက်တာများသည် လုပ်ငန်းကိုစီမံခန့်ခွဲကြပြီး အမြတ်ရရှိပါက ထိုအမြတ်၏ တစ်စိတ်တစ်ဒေသကို အစုရှယ်ယာရှင်များအား ပြန်အမ်းငွေ (dividend) အဖြစ်ခွဲဝေပေးသည်။ အစုစပ်ကုမ္ပဏီများတွင် ပေးရန်တာဝန်မှာအကန့်အသတ်ဖြင့်ရှိသည်။ ကုမ္ပဏီအနေဖြင့် အရင်းအနှီး ပိုမိုလိုအပ်ပါက အစုရှယ်ယာများ ထပ်မံရောင်းချခြင်း သို့မဟုတ် ဘဏ်မှကာလရှည်ချေးငွေများ ချေးယူခြင်း သို့မဟုတ် "ဘွန်း" (bond) ဟုခေါ်သော ငွေချေးစာချုပ်များ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ဘွန်းစာချုပ်များပေါ်တွင် ပုံသေအတိုးနှုန်းပေးသည်။ နိုင်ငံအများစုတွင်အစုစပ် ကုမ္ပဏီများကို ကုမ္ပဏီများဥပဒေအရ အလွန်တင်းကြပ်စွာ ထိန်းချုပ်ထားသည်။ အစုစပ်ကုမ္ပဏီများတွင် တရားဝင်ရပ်တည်နိုင်သော အဆင့်အပြည့်အဝရှိသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် အခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် တရားဝင်စာချုပ်များ ချုပ်ဆိုနိုင်ပြီး ၎င်းတို့က အခြားပုဂ္ဂိုလ်များ၊ လုပ်ငန်းများအား တရားစွဲဆိုခြင်းပြုနိုင်သည်။ အခြားပုဂ္ဂိုလ်များ၊ လုပ်ငန်းများကလည်း အစုစပ်ကုမ္ပဏီများကို တရားစွဲဆိုနိုင်

သည်။ **တရားဝင်ရပ်တည် နိုင်သောအဆင့် အပြည့်အဝရှိသော စီးပွားရေးအဖွဲ့အစည်းများအား ကော်ပိုရေးရှင်းများ (corporations) ဟုခေါ်ဆိုကြသည်။** အစုစပ်ကုမ္ပဏီများသည် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ သို့မဟုတ် အများနှင့်သက်ဆိုင်သောကုမ္ပဏီဖြစ်နိုင်သည်။ အများနှင့်မသက်ဆိုင်သောကုမ္ပဏီများတွင် အစုဝင်ဦးရေကို ကန့်သတ်ထားသည်။ အစုရှယ်ယာဝင်တစ်ဦးသည် မိမိပိုင်အစုရှယ်ယာများကို အခြားအစုရှယ်ယာဝင်များ၏ သဘောတူညီမှုမရှိဘဲနှင့် လွှဲပြောင်းခြင်းမပြုနိုင်ပေ။ ထို့အတူ အစုရှယ်ယာများကို အများပြည်သူများသို့လည်း မရောင်းချနိုင်ပေ။ အများနှင့် သက်ဆိုင်သောအစုစပ်ကုမ္ပဏီတွင် အစုဝင်ဦးရေကို ကန့်သတ်ထားခြင်းမရှိပေ။ ထိုကုမ္ပဏီများ၏ အစုရှယ်ယာများကို အလွယ်တကူ လွှဲပြောင်းနိုင်ပြီး အများပြည်သူများသို့လည်း ရောင်းချနိုင်သည်။ **အများနှင့်သက်ဆိုင်သော အစုစပ်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်သောနေရာကို စတော့ဈေးကွက် (stock exchange) ဟုခေါ်သည်။**

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ။** ။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ တာဝန်မှာ စီးပွားရေးစီမံကိန်း (economic plan) တွင် ချမှတ်ထားသော ထုတ်လုပ်မှုနှင့် အခြားလျာထားချက်များ (targets) ကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ စီးပွားရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ကြသည်။ ဆိုလိုသည်မှာ ကုန်ထုတ်အင်အားစုများကို တတ်နိုင်သရွေ့ ခြွေတာစွာသုံးစွဲရမည်ဖြစ်သည်။ ဆိုရှယ်လစ်နိုင်ငံများတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် ကုန်ထုတ်အင်အားစုများကို ခြွေတာစွာသုံးစွဲပါက အမြတ်ရရှိနိုင်စေရန်၊ နိုင်ငံတော်က ဈေးနှုန်းများ၊ လုပ်ခများနှင့်အခြားအခ ကြေးငွေများကို သတ်မှတ်ပေးထားသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ရရှိသောအမြတ်များအနက် အချို့ကို နိုင်ငံတော်သို့ပေးအပ်၍ အချို့ကို လုပ်ငန်းအတွင်း၌ပင် ထုတ်လုပ်မှုတိုးချဲ့ရန်နှင့် အခြားလုပ်ငန်းများဆောင်ရွက်ရန် စုဆောင်းထားရှိသည်။ နိုင်ငံတော်သို့ ပေးသွင်းသော အမြတ်ငွေများကို စီမံကိန်းလျာထားချက်နှင့် အညီခွဲဝေသုံးစွဲသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အခြားအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ကန်ထရိုက်တာစာချုပ်များချုပ်ဆို၍ လုပ်ငန်းဆောင်ရွက်နိုင်သည်။ ဤလုပ်ငန်းများအတွက် ပုံသေအရင်းအနှီး (fixed capital) နှင့် လုပ်ငန်းသုံးအရင်းအနှီး (current capital) တို့ကို စီမံကိန်းနှင့်အညီ နိုင်ငံပိုင်ဘဏ်များမှ ရရှိသည်။

**သမဝါယမများ။** ။သမဝါယမဆိုသည်မှာ "သမ" နှင့် "ဝါယမ" ပေါင်းစပ်ထားသော ပါဠိစကားဖြစ်သည်။ "သမ" ၏ အဓိပ္ပာယ်မှာ ရောနှောခြင်း၊ ပေါင်းစပ်ခြင်း၊ ပူးပေါင်းခြင်းဖြစ်ပြီး "ဝါယမ" ၏ အဓိပ္ပာယ်မှာ အားထုတ်ခြင်း၊ လုံ့လပြုခြင်း၊ ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် သမဝါယမ ဟူသည် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ သို့ရာတွင် အတူတကွ ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းတိုင်းကို သမဝါယမလုပ်ငန်းဟု မခေါ်ဆိုနိုင်ပါ။ ကမ္ဘာ့နိုင်ငံအသီးသီးက လက်ခံအတည်ပြုထားသော သမဝါယမအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

**သမဝါယမအသင်းဆိုသည်မှာ လူတို့သည် မိမိတို့၏ စီးပွားရေးနှင့် လူမှုရေး အခြေအနေများ တိုးတက်အောင် မြှင့်တင်ရန်အလို့ငှာ လူသားအချင်းချင်း ဆက်ဆံပေါင်းသင်း၍ မိမိတို့ဆန္ဒ**

အလျောက် မျှတညီညွတ်စွာ အတူတကွပူးပေါင်းဆောင်ရွက်သောအဖွဲ့အစည်းကိုဆိုလိုသည်။

အထက်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လေ့လာလျှင် သမဝါယမ၏ အခြေခံမူများကို တွေ့ရှိမည်ဖြစ်ပါသည်။

အဆိုပါ အခြေခံမူများမှာ-

၁။ သမဝါယမသည် လူကိုအခြေခံ၍ ပူးပေါင်းဖွဲ့စည်းသည်။

၂။ သမဝါယမသည် မျှတညီညွတ်မှုကို အခြေခံ၍ ပူးပေါင်းဖွဲ့စည်းသည်။

၃။ သမဝါယမသည် မိမိသဘောဆန္ဒအလျောက် အသင်းသားအဖြစ် ပါဝင်နိုင်သည်ဟူ အချက်ပေါ်တွင် အခြေခံ၍ ပူးပေါင်းဖွဲ့စည်းသည်။

၄။ သမဝါယမသည် အသင်းသားများ၏ စီးပွားရေးနှင့် လူမှုရေး အခြေအနေတိုးတက်ကောင်းမွန်စေရန်ရည်သန်၍ ပူးပေါင်းဖွဲ့စည်းသည်။

၅။ သမဝါယမသည် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ရှေးရှု၍ပူးပေါင်း ဖွဲ့စည်းသည်တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံတွင် ၁၉၇၀ ခုနှစ်- သမဝါယမစီမံကိန်းအရ သမဝါယမများကို ကျေးရွာနှင့် ရပ်ကွက်အဆင့်၊ မြို့နယ်အဆင့်နှင့် ဗဟိုသမဝါယမအဆင့် (Central Co-operative Society) ဟူ၍ အဆင့် (၃) မျိုးခွဲခြား၍ ဖွဲ့စည်းခဲ့သည်။ ကျေးရွာနှင့် ရပ်ကွက်အဆင့်ရှိ အဖွဲ့အစည်းများကို အခြေခံသမဝါယမအသင်းများဟုခေါ်သည်။ အခြေခံသမဝါယမအသင်းများကို အောက်ပါ အတိုင်း (၅) မျိုး ခွဲခြားထားသည်-

(၁) ထုတ်လုပ်သူ သမဝါယမအသင်းများ
(Producers' Co-operative Societies)

(၂) ကျေးရွာသမဝါယမ အသင်းများ
(Village Co-operative Societies)

(၃) စားသုံးသူ သမဝါယမ အသင်းများ
(Consumers' Co-operative Societies)

(၄) ငွေစုငွေချေး သမဝါယမ အသင်းများ
(Saving and Credit Co-operative Societies)

(၅) အခြားသမဝါယမ အသင်းအမျိုးအစားများ
(Other Types of Co-operative Societies)

မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့၌ သမဝါယမအသင်း ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေအရ အသင်းသားများ၏ အကျိုးစီးပွားကို စုပေါင်းဆောင်ရွက်နိုင်ရန် အခြေခံ

သမဝါယမအသင်းကို အနည်းဆုံးပုဂ္ဂိုလ်ငါးဦးဖြင့် ဖွဲ့စည်းနိုင်သည်။ စီးပွားရေးလုပ်ငန်းအရ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် အခြေခံသမဝါယမအသင်း အနည်းဆုံး သုံးသင်းကို စုစည်း၍ သမဝါယမအသင်းစုကို ဖွဲ့စည်းနိုင်သည်။ ထို့ပြင် သမဝါယမအသင်းစုများ ပါဝင်သော သမဝါယမအသင်းစုချုပ်ကို ဖွဲ့စည်းနိုင်သည်။ တစ်ဖန် သမဝါယမအသင်းစုများနှင့် သမဝါယမအသင်းစုချုပ်များပါဝင်သော ဗဟိုသမဝါယမ အသင်းကိုဖွဲ့စည်းနိုင်သည်။ စီးပွားရေးအရ လိုအပ်ပါက ဖွဲ့စည်းပြီးသော သမဝါယမအသင်းဘစ်သင်းကို ခွဲစိတ်၍ဖြစ်စေ၊ ဖွဲ့စည်းပြီးသော သမဝါယမအသင်းများကို ပူးပေါင်း၍ဖြစ်စေ သမဝါယမအသင်းအဖြစ် သီးခြားဖွဲ့စည်း နိုင်ခွင့်ပြုပေသည်။

၃-၇။ နိဂုံး

ဤအခန်းတွင် စီးပွားရေးလုပ်ဆောင်ချက်များ စီးပွားရေးအဆောက်အအုံ ပုံသဏ္ဌာန်နှင့် စီးပွားရေးစနစ်များကို ဆွေးနွေးခဲ့သည် ယင်းတို့သည် ဘောဂဗေဒဘာသာရပ်ကို လေ့လာရာ၌ အခြေခံအကြောင်းတရားများဖြစ်၍ ယင်းတို့ကိုစေ့စေ့စပ်စပ်လေ့လာရန် အရေးကြီးသည်။ ကုန်လုပ်ဆက်ဆံရေးနှင့်စီးပွားရေးစနစ်တို့သည် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးစနစ်တို့၏ ဆက်နွယ်မှုကို ညွှန်ပြလျက်ရှိသည်။

တစ်ဖန် စီးပွားရေးအဖွဲ့အစည်းများ၏ သဘောသဘာဝနှင့် လုပ်ဆောင်ချက်များကို ဖော်ပြခဲ့ပါသည်။ စီးပွားရေးအဖွဲ့အစည်းဆိုသည်မှာ ကုန်ထုတ်လုပ်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် လုပ်သားများကိုစုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ ခေတ်သစ်စီးပွားရေးအဆောက်အအုံတွင် ကုန်ထုတ်လုပ်မှုဖြစ်စဉ်ကို စီမံခန့်ခွဲကြီးကြပ်နိုင်ရန်အတွက် စီးပွားရေးအဖွဲ့အစည်းများမှာ အလွန်လိုအပ်သည်။ စီးပွားရေးအဖွဲ့အစည်းများ၏ အရွယ်အစား၊ သဘောသဘာဝ၊ လုပ်ငန်းဆောင်တာများနှင့် အမျိုးအစားတို့မှာ-

(က) ကုန်ထုတ်လုပ်မှုနည်းပညာ အခြေအနေနှင့်

(ခ) ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှုတို့ပေါ်တွင် မူတည်ကြောင်းကိုလည်း ရှင်းပြခဲ့သည်။

နည်းပညာအခြေအနေပေါ်တွင် မူတည်၍ အသေးစားလုပ်ငန်းများ၊ အကြီးစားလုပ်ငန်းများ၊ နိုင်ငံအများတွင် စီးပွားရေးဆောင်ရွက်သော အဖွဲ့အစည်းများ၊ ပြည်သူ့သုံးလုပ်ငန်းများ စသည်တို့ကိုဖွဲ့စည်းဆောင်ရွက်ကြကြောင်းကိုလည်း ရှင်းပြခဲ့သည်။ ထို့ပြင် ကုန်ထုတ်အရင်းအနှီး ပိုင်ဆိုင်မှုပေါ်တွင် မူတည်၍ ဖွဲ့စည်းထားသော တစ်ဦးတည်းပိုင်လုပ်ငန်း၊ အစုစပ်လုပ်ငန်း၊ အစုစပ်ကုမ္ပဏီများ၏ အဓိပ္ပာယ်ကိုလည်းရှင်းပြခဲ့သည်။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများနှင့် သမဝါယမလုပ်ငန်းများအကြောင်းကိုလည်း ရှင်းလင်းဖော်ပြခဲ့သည်။

---

# အနှစ်ချုပ်

(၁) စီးပွားရေးလုပ်ဆောင်ချက်များဆိုသည်မှာ စီးပွားရေးကိစ္စရပ်များအတွက် လူသားများအချင်းချင်း ပူးပေါင်းဆောင်ရွက်ချင်းကို ဆိုလိုသည်။

(၂) ထုတ်လုပ်ခြင်းဆိုသည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုများ ပြုလုပ်ခြင်း ပင်ဖြစ်သည်။

(၃) ကုန်ထုတ်စွမ်းအားစုများ ကို ယေဘုယျအားဖြင့် မြေယာ၊ လုပ်အားနှင့် အရင်းအနှီးဟူ၍ ခွဲခြား ဖော်ပြနိုင်သည်။

(၄) မြေယာတွင် မြေပေါ်မြေအောက် သဘာဝသယံဇာတများ အားလုံးပါဝင်သည်။

(၅) လုပ်အားတွင် လူတို့၏ကာယလုပ်အားအပြင် ကျွမ်းကျင်မှုနှင့် အတတ်ပညာများလည်း ပါဝင် သည်။

(၆) အရင်းအနှီးတွင် အဆောက်အအုံများ၊ စက်များ၊ ကိရိယာတန်ဆာပလာများ၊ ရုပ်ဝတ္ထုများ စသည်တို့ပါဝင်သည်။

(၇) အလုပ်ခွဲခြားလုပ်ကိုင်ခြင်းဆိုသည်မှာ လုပ်သားတစ်ဦးက လုပ်ငန်းအားလုံးကိုမလုပ်ကိုင်တော့ဘဲ လုပ်ငန်းတစ်မျိုးတည်း (သို့မဟုတ်) လုပ်ငန်းအနည်း ငယ်ကိုသာ စူးစိုက်ဇောက်ချလုပ်ကိုင်ခြင်း ဖြစ်သည်။

(၈) ဖြန့်ဖြူးခြင်းဆိုသည်မှာ ထုတ်လုပ်မှုတွင် ပါဝင်သူများအကြား ထုတ်လုပ်မှု၏ ရလဒ်များကို ခွဲဝေဖြန့်ဖြူးခြင်းဖြစ်သည်။

(၉) အင်အားစု အခဝင်ငွေဆိုသည်မှာ ကုန်ထုတ်စွမ်းအားစုများဖြစ်သည့် မြေယာလုပ်အားအရင်း အနှီးတို့၏ အခငွေအဖြစ်ရရှိသည့် ငှားရမ်းခ၊ လုပ်ခ၊ လစာ၊ အတိုး၊ အမြတ်၊ အမြတ်ဝေစုများ ဖြစ်သည်။

(၁၀) လဲလှယ်ခြင်းဆိုသည်မှာ လုပ်သားတို့၏ စူးစိုက်ဇောက်ချလုပ်ကိုင်မှုကြောင့် ရရှိလာသော ကုန်စည်အပိုအလျှံများကို မိမိတို့အလိုရှိရာ အခြားကုန်စည် များဖြင့်ဖလှယ်ရယူခြင်း ဖြစ်သည်။

(၁၁) လဲလှယ်ခြင်းဟူသော လုပ်ဆောင်ချက်သည် ဘောဂဗေဒဘာသာရပ်တွင် အလွန်အရေးပါသော အချင်းအရာနှစ်ရပ်ဖြစ်သော ဈေးကွက်နှင့် ဈေးနှုန်းကို ဖြစ်ပေါ်စေသည်။

(၁၂) ရောင်းချရန်ရည်ရွယ်၍ ထုတ်လုပ်ထားသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို ရောင်းကုန်များ ဟုခေါ်သည်။

(၁၃) နှိုင်းယှဉ်ဈေးနှုန်းဆိုသည်မှာ ကုန်စည်တစ်မျိုး၏ တန်ဖိုးကို အခြားကုန်စည်တစ်မျိုး၏ တန်ဖိုးနှင့် နှိုင်းယှဉ်ဖော်ပြခြင်းဖြစ်သည်။

(၁၄) ငွေကြေးဈေးနှုန်းသည် ယင်းကုန်စည်နှင့် အသပြာတို့ လဲလှယ်သောနှုန်းပင်ဖြစ်သည်။

(၁၅) အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးသည် နိုင်ငံအလိုက်ကုန်စည်များကို စူးစိုက်ဇောက်ချ ထုတ် လုပ်ခြင်းမှပေါ်ပေါက်လာသော လဲလှယ်ခြင်း ပုံစံတစ်မျိုးပင်ဖြစ်သည်။

(၁၆) စားသုံးခြင်းဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတည်းအနေဖြင့် လည်းကောင်း၊ အိမ်ထောင်စုများ အနေဖြင့် လည်းကောင်း၊ အဖွဲ့အစည်းများအနေဖြင့် လည်းကောင်း၊ ထုတ်လုပ်မှုအတွက် မရည်ရွယ်ဘဲ လတ်တလော လိုအင်ဆန္ဒများကို ကျေနပ်နှစ်သိမ့်မှုရရှိစေရန် ကုန်စည်နှင့် ဝန်ဆောင်မှုများကို အသုံးပြုခြင်းပင်ဖြစ်သည်။

(၁၇) စုဆောင်းခြင်းဆိုသည်မှာ ထုတ်လုပ်မှုစုစုပေါင်းမှ စားသုံးပြီးနောက် ကျန်ရှိသောအစိတ်အပိုင်း ပင်ဖြစ်သည်။

(၁၈) လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) အိမ်ထောင်စုအလိုက် စားသုံးခြင်းဆိုသည်မှာ ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအတွက် တစ်ဦးတစ်ယောက်ချင်း (သို့မဟုတ်) အိမ်ထောင်စုအနေဖြင့် စားသုံး ခြင်းဖြစ်သည်။

(၁၉) စုပေါင်းစားသုံးမှုဆိုသည်မှာ အစိုးရမှပြည်သူလူထုအတွက် အသုံးပြုသော စားသုံးမှုအသုံး စရိတ်ဖြစ်သည်။

(၂၀) ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ ကုန်ထုတ်အရင်းအနှီးသစ်များ တိုးပွားလာခြင်း၊ ထုတ်လုပ်မှုကို အဆက် မပြတ်ဖြစ်ပေါ်စေရန် အသုံးပြုသည့် ကုန်ထုတ်အရင်းအနှီးများ၏ ချွတ်ယွင်းပြုန်းတီးမှုကို အစား ထိုးခြင်းနှင့် အရင်းအနှီး ကုန်လက်ကျန်များသို့ အရင်အနှီးသစ်များ ထပ်ပေါင်းဖြည့်စွက်သည့် လုပ်ဆောင်ချက်ဖြစ်သည်။

(၂၀) စက်ရုံအလုပ်ရုံများအသွင် ရင်းနှီးမြှုပ်နှံခြင်း၊ အဆောက်အဦများ၊ လမ်းများအသွင် ရင်းနှီးမြှုပ်နှံ ခြင်းတို့ကို ပုံသေအရင်းအနှီးတည်ဆောက်ခြင်းဟု ခေါ်သည်။

(၂၂) ကုန်လက်ကျန်များကို သိုလှောင်ကုန်စည်များအသွင် ရင်းနှီးမြှုပ်နှံခြင်းအား သိုလှောင် ကုန်စည် လက်ကျန် ပြောင်းလဲခြင်းဟုခေါ်သည်။

(၂၃) နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံသဏ္ဌာန်သည် ထိုနိုင်ငံ၏ စီးပွားရေး လုပ်ဆောင် ချက်များ၏ အမျိုးအစားပုံသဏ္ဌာန်ပင်ဖြစ်သည်။

(၂၄) စီးပွားရေးစနစ်ဆိုသည်မှာ လူတို့အနေဖြင့် စီးပွားရေးလုပ်ဆောင်ချက်များ လုပ်ကိုင်ဆောင်ရွက် သည့်စနစ်ကို ဆိုလိုသည်။

(၂၅) စီးပွားရေးအဖွဲ့အစည်းများဆိုသည်မှာ ကုန်ထုတ်လုပ်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားသော အလုပ် သမားအုပ်စုများကို ဆိုလိုသည်။ ခေတ်သစ်စီးပွားရေးအဆောက်အအုံတွင် စီးပွားရေးအဖွဲ့ အစည်းများ မရှိမဖြစ်လိုအပ်သည်။

(၂၆) စီးပွားရေးအဖွဲ့အစည်းများကို အရွယ်အစား၊ အမျိုးအစား၊ သဘောသဘာဝနှင့် လုပ်ဆောင်ချက် အမျိုးမျိုးကွဲပြားပါသည်။ ဤသို့ကွဲပြားရခြင်းမှာ ကုန်ထုတ်လုပ်မှု၏ နည်းပညာဆိုင်ရာ အခြေ အနေနှင့် ကုန်ထုတ်အရင်းအနှီးပိုင်ဆိုင်မှုတို့ကြောင့် ဖြစ်ပါသည်။

(၂၇) နိုင်ငံအများတွင် ကုန်ထုတ်လုပ်မှုယူနစ်များရှိသော အဖွဲ့အစည်းများကို နိုင်ငံအများတွင် လုပ်ငန်း ခွဲများရှိ စီးပွားရေးအဖွဲ့အစည်းများ (muti-national organizations) ဟုခေါ်ကြသည်။

(၂၈) ပြည်သူသုံးလုပ်ငန်းများ၏ လက္ခဏာရပ်များမှာ- မရှိမဖြစ်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ထုတ်လုပ်ဆောင်ရွက်ပေးခြင်း၊ စရိတ်စကကြီးမားပြီး အမြဲတစေတပ်ဆင်ထားရသည့် ကိရိယာ တန်ဆာပလာများ လိုအပ်သည့်လုပ်ငန်း၊ စကေးကြီးထုတ်လုပ်မှု (Large scale production) ၏ အကျိုးကျေးဇူးများ ရရှိစေသောလုပ်ငန်း၊ အဖွဲ့အစည်းများစွာ ထားရှိရန် မလိုအပ်သော လုပ်ငန်းတို့ ဖြစ်ပါသည်။

(၂၉) ပုဂ္ဂိုလ်တစ်ဦးတည်းက ပိုင်ဆိုင်သောလုပ်ငန်းကို တစ်ဦးတည်းပိုင်လုပ်ငန်းများဟုခေါ်သည်။

(၃၀) ပိုင်ရှင်က လုပ်ငန်း၏ အကြွေးများကို ပေးဆပ်ရန်တာဝန်ရှိသော အခြေအနေမျိုးကို အကန့်အသတ်မရှိသော ပေးရန်တာဝန် (unlimited liability) ဟုခေါ်သည်။

(၃၁) လုပ်ငန်းပိုင်ရှင်များက လုပ်ငန်း၏အကြွေးများကို တစ်ဦးချင်းအနေဖြင့် ဆပ်ရန်တာဝန် မရှိသော အခြေအနေမျိုးကို အကန့်အသတ်ရှိသောပေးရန်တာဝန် (limited liability) ဟုခေါ်သည်။

(၃၂) လုပ်ငန်းပိုင်ရှင်တစ်ဦးထက်ပိုမိုပြီး ပေးရန်တာဝန်အကန့်အသတ်မရှိသော လုပ်ငန်းမျိုးကို အစုစပ်လုပ်ငန်းဟုခေါ်သည်။

(၃၃) စတော့များ သို့မဟုတ် ရှယ်ယာများရောင်းချပြီး အရင်းအနှီးစုဆောင်း၍ တည်ထောင်ထားသော ကုမ္ပဏီများကို အစုစပ်ကုမ္ပဏီများဟုခေါ်သည်။ အစုစပ်ကုမ္ပဏီများကို အများနှင့်မသက်ဆိုင်သော ကုမ္ပဏီနှင့် အများနှင့် သက်ဆိုင်သောကုမ္ပဏီများဟု ခွဲခြားနိုင်ပါသည်။

(၃၄) တရားဝင်ရပ်တည်နိုင်သောအဆင့် အပြည့်အဝရှိသော စီးပွားရေး အဖွဲ့အစည်းများအား (corporations) ဟုခေါ်ဆိုကြသည်။

(၃၅) အများနှင့် သက်ဆိုင်သော အစုစပ်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်သော နေရာကို စတော့ဈေးကွက် (stock exchange) ဟုခေါ်သည်။

(၃၆) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် တိုင်းပြည်၏ စီးပွားရေးစီမံကိန်းများတွင် ချမှတ်ထားသော ထုတ်လုပ်မှုနှင့် အခြားလျာထားချက်များ အကောင်အထည်ဖော်ရသည့် အဖွဲ့အစည်းဖြစ်သည်။

(၃၇) သမဝါယမအသင်းဆိုသည်မှာ လူတို့သည်မိမိတို့၏ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်စေရန်အတွက် လူသားအချင်းချင်းဆက်ဆံပေါင်းသင်း၍ မိမိတို့၏ဆန္ဒအလျောက် မျှတညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်သော အဖွဲ့အစည်းကို ဆိုလိုသည်။

---

ဝေါဟာရ

| | |
|---|---|
| - စီးပွားရေးလုပ်ဆောင်ချက်များ | - ရင်းနှီးမြှုပ်နှံခြင်း |
| - ထုတ်လုပ်ခြင်း | - စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန် |
| - အလုပ်ခွဲခြားလုပ်ကိုင်ခြင်း | - စီးပွားရေးစနစ် |
| - ဖြန့်ဖြူးခြင်း | - စီးပွားရေးအဖွဲ့အစည်း |
| - အင်အားစုအခဝင်ငွေ | - နိုင်ငံအများတွင် လုပ်ငန်းခွဲများရှိ စီးပွားရေးအဖွဲ့အစည်းများ |
| - လဲလှယ်ခြင်း | - တစ်ဦးတည်းပိုင်လုပ်ငန်း |
| - တိုက်ရိုက်ဖလှယ်သည့်စနစ် | - အကန့်အသတ်မရှိသော ပေးရန်တာဝန် |
| - ဈေးနှုန်းများ | - အကန့်အသတ်ရှိသောပေးရန်တာဝန် |
| - နှိုင်းယှဉ်ဈေးနှုန်း | - လီမိတက်ကုမ္ပဏီ |
| - ငွေကြေးဈေးနှုန်း | - အစုစပ်လုပ်ငန်း |
| - စားသုံးခြင်း | - အစုစပ်ကုမ္ပဏီ |
| - တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စု အလိုက်စားသုံးခြင်း | - ကော်ပိုရေးရှင်းများ |
| - စုပေါင်းစားသုံးခြင်း | - စတော့ဈေးကွက် |
| - စုဆောင်းခြင်း | - သမဝါယမအသင်း |

---

လေ့ကျင့်ခန်းများ

(က) မှား/မှန်မေးခွန်း

၁။ မြေယာတွင် မြေပေါ်ရှိ သဘာဝသယံဇာတပစ္စည်းများ ပါဝင်သည်။

၂။ အလုပ်ခွဲခြားလုပ်ကိုင်ခြင်းဖြင့် လုပ်သားတစ်ဦးသည် အလိုရှိသမျှ အရာအားလုံးကိုကိုယ်တိုင် ထုတ်လုပ်ရန် မလိုတော့ပေ။

၃။ ဖြန့်ဖြူးခြင်းဆိုသည်မှာ ထုတ်လုပ်မှုမှ ရရှိသောကုန်စည်များကို ဒေသများသို့ ဖြန့်ဖြူးရောင်းချခြင်း ဖြစ်သည်။

၄။ စီးပွားရေးအဖွဲ့အစည်းများကို စီးပွားရေးလုပ်ငန်းဟုလည်းခေါ်သည်။

၅။ တစ်ဦးတည်းပိုင်လုပ်ငန်းသည် ဥပဒေအရ အကန့်အသတ်ရှိသော ပေးရန်တာဝန်ရှိသည်။

(ခ)ကွက်လပ်ဖြည့်မေးခွန်း

၁။ လုပ်သားတစ်ဦးက လုပ်ငန်းအားလုံးကို မလုပ်ကိုင်တော့ဘဲ လုပ်ငန်းတစ်မျိုး သို့မဟုတ် လုပ်ငန်းအနည်းငယ်ကိုသာ စူးစိုက်ဇောက်ချလုပ်ကိုင်ခြင်းကို ------------ ဟုခေါ်သည်။

၂။ ကုန်ထုတ်စွမ်းအားစု ဇာစ်မြစ်များမှ ရရှိသည့် ဝင်ငွေများကို ------------- ဟုခေါ်သည်။
၃။ နိုင်ငံတစ်နိုင်ငံ၏ --------------- ကို ယေဘုယျအားဖြင့် စီးပွားရေးကဏ္ဍအလိုက် လေ့လာလေ့ရှိသည်။
၄။ လုပ်ငန်းပိုင်ရှင်မှာ တစ်ဦးထက်ပိုပြီး ပေးရန်တာဝန်အကန့်အသတ်မရှိသော လုပ်ငန်းမျိုးကို ---------------ဟုခေါ်သည်။
၅။ -------------- သည် မူဟညီညွတ်မှုကို အခြေခံ၍ ပူးပေါင်းဖွဲ့စည်းသည်။

(ဂ) ရွေးချယ်မှုမေးခွန်း
၁။ ကုန်စည်နှင့် ဝန်ဆောင်မှုများပြုလုပ်ခြင်းဟူသည့် စီးပွားရေးလုပ်ဆောင်ချက်သည် (က) ထုတ်လုပ်ခြင်း (ခ)ဖြန့်ဖြူးခြင်း (ဂ)လဲလှယ်ခြင်း ဖြစ်သည်။
၂။ ဈေးကွက်များ၊ ဈေးနှုန်းများ၊ ကုန်သွယ်မှု တို့သည် (က) ထုတ်လုပ်ခြင်း (ခ)ဖြန့်ဖြူးခြင်း (ဂ)လဲလှယ်ခြင်း ဟူသော စီးပွားရေးလုပ်ဆောင်ချက်ကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။
၃။ စီးပွားရေးလုပ်ဆောင်ချက်များ၏ အဓိကဦးတည်ချက်မှာ (က) စားသုံးခြင်း (ခ)စုဆောင်းခြင်း (ဂ) ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။
၄။ လုပ်ငန်းပိုင်ရှင်မှာ တစ်ဦးထက်ပိုမိုပြီး ပေးရန်တာဝန်အကန့်အသတ်မရှိသော လုပ်ငန်းမျိုးသည် (က) တစ်ဦးတည်းပိုင်လုပ်ငန်း (ခ) အစုစပ်လုပ်ငန်း (ဂ) အစုစပ်ကုမ္ပဏီ ဖြစ်သည်။
၅။ သမဝါယမ၏ အခြေခံမူမှာ (က) ၃ (ခ) ၄ (ဂ) ၅ ချက်ရှိသည်။

(ဃ) မေးခွန်းများ
၁။ ထုတ်လုပ်ခြင်းဆိုသည်မှာ အဘယ်နည်း။
၂။ စားသုံးခြင်းနှင့် စုဆောင်းခြင်းကို ခွဲခြားဖော်ပြပါ။
၃။ စီးပွားရေးအဖွဲ့အစည်းဆိုသည်မှာ အဘယ်နည်း။ ယင်းတို့၏ သဘောသဘာဝနှင့် လုပ်ဆောင်ချက်တို့ကို ရေးသားပါ။
၄။ ပြည်သူ့သုံးလုပ်ငန်းများ၏ လက္ခဏာရပ်များကို ပြည့်စုံစွာရှင်းပြပါ။
၅။ အစုစပ်ကုမ္ပဏီဆိုသည်မှာ အဘယ်နည်း။ မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်သနည်း။

# အခန်း(၄)

# မြန်မာနိုင်ငံ၏လူဦးရေ

## Population of Myanmar

### ၄-၁။ နိဒါန်း

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်ကို လေ့လာရာတွင် ၎င်းနိုင်ငံ၏ လူဦးရေကို လေ့လာရန်လိုအပ်ပါသည်။ လူဦးရေသည် နိုင်ငံ၏လုပ်သားအင်အားကို ဖြည့်တင်းပေးသကဲ့သို့ နိုင်ငံ၏ထုတ်လုပ်မှုကို စားသုံးမှုနှင့်ရင်းနှီးမြှုပ်နှံမှုအတွက် အသုံးပြုရာတွင်လည်း အရေးကြီးပေသည်။

ဤအခန်းတွင် မြန်မာနိုင်ငံလူဦးရေကို ထုတ်လုပ်သူများနှင့်စားသုံးသူများအဖြစ် နှစ်မျိုးလုံး လေ့လာပါမည်။ အနေတော်လူဦးရေသဘောတရား (The Concept of Optimum Population) ကိုလည်း အကျဉ်းချုပ်ဆွေးနွေးပါမည်။

### ၄-၂။ မြန်မာနိုင်ငံလူဦးရေတည်ဆောက်ပုံ

**The Structure of the Population of Myanmar**

မြန်မာနိုင်ငံ၏ လူဦးရေကို အောက်ပါအတိုင်း ခွဲခြားလေ့လာနိုင်သည်။

(က) **စုစုပေါင်းလူဦးရေပမာဏနှင့် တိုးတက်မှုနှုန်း**

Size and rate of growth of the total population

(ခ) **အသက်နှင့်ကျား/မအလိုက် လူဦးရေပျံ့နှံ့မှု**

Age and sex distribution of the population

(ဂ) **ဒေသအလိုက် လူဦးရေပျံ့နှံ့မှု**

Geographical distribution of the population

(ဃ) **အလုပ်အကိုင်အလိုက်နှင့် ကဏ္ဍအလိုက် လူဦးရေပျံ့နှံ့မှု**

Occupational and sectoral distribution of the population

(မြန်မာနိုင်ငံ အလုပ်အကိုင်အလိုက်နှင့် ကဏ္ဍအလိုက် လူဦးရေပျံ့နှံ့မှုကို လုပ်သားအင်အား ခေါင်းစဉ်အောက်တွင် တင်ပြပါမည်။)

(င) လူဦးရေသိပ်သည်းမှု

Population Density

(မြန်မာနိုင်ငံလူဦးရေသိပ်သည်းမှုကိုအနေတော်လူဦးရေခေါင်းစဉ်အောက်တွင်တင်ပြပါမည်။)

(က) မြန်မာနိုင်ငံလူဦးရေပမာဏနှင့် တိုးတက်မှုနှုန်း။ ။ ၁၉၇၃ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ လူဦးရေသည် ၂၈. ၉သန်း၊ ၁၉၈၃ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေသည် (၃၅. ၃) သန်း ရှိပြီး၊ ၁၉၉၃ ခုနှစ်တွင် လူဦးရေ (၄၃. ၁) သန်း၊ ၂၀၀၃ ခုနှစ် တွင် လူဦးရေ (၅၂. ၂) သန်းနှင့် ၂၀၀၄ ခုနှစ်တွင် (၅၄. ၃) သန်းရှိသည်ဟု ခန့်မှန်းထားသည်။

ဇယား (၄. ၁)၊ မြန်မာနိုင်ငံလူဦးရေ နှင့် နှစ်စဉ်ပျမ်းမျှလူဦးရေတိုးတက်နှုန်း

| ခုနှစ် | လူဦးရေ (သန်းပေါင်း) | နှစ်စဉ်ပျမ်းမျှ လူဦးရေတိုးနှုန်း (ရာခိုင်နှုန်း) |
|---|---|---|
| ၁၉၀၁ | ၁၀. ၅ | |
| | | ၁. ၄ |
| ၁၉၁၁ | ၁၂. ၁ | |
| | | ၀. ၉ |
| ၁၉၂၁ | ၁၃. ၂ | |
| | | ၁. ၁ |
| ၁၉၃၁ | ၁၄. ၇ | |
| | | ၁. ၄ |
| ၁၉၄၁ | ၁၆. ၈ | |
| | | ၁. ၈ |
| ၁၉၇၃ | ၂၈. ၉ | |
| | | ၂. ၀ |
| ၁၉၈၃ | ၃၅. ၃ | |
| | | ၁. ၉၃ |
| ၁၉၉၃ | ၄၃. ၁ | |
| | | ၂. ၀ |
| ၂၀၀၃* | ၅၂. ၂၃ | |
| | | ၂. ၀၂ |
| ၂၀၀၄* | ၅၄. ၃ | |

ဇာစ်မြစ်။ ။ *Ministry of Labour, Handbook on Human Resources Development Indicators, 2005

၁၉၀၁ မှ ၂၀၁၄ခုနှစ်အထိ လူဦးရေနှင့် နှစ်စဉ်ပျမ်းမျှလူဦးရေ တိုးတက်နှုန်းများကို ဇယား (၄. ၁) တွင် ဖော်ပြထားသည်။

ဇယားအရ မြန်မာနိုင်ငံလူဦးရေသည် ၁၉၈၃ခုနှစ်တွင် ၁၉၀၁ခုနှစ်ထက် သုံးဆခွဲနီးပါး ရှိလာကြောင်းတွေ့ရှိရသည်။ ထို့ပြင် ၁၉၀၁ခုနှစ်နှင့် ၁၉၈၃ခုနှစ်အတွင်း လူဦးရေတိုးနှုန်းသည်လည်း ယေဘုယျ

အားဖြင့် တိုးတက်လာခဲ့ကြောင်းတွေ့ရသည်။ ၁၉၀၁ မှ ၁၉၄၁ခုနှစ်အတွင်း လူဦးရေတိုးတက်မှုနှုန်းသည် (၁. ၂%)၊ ၁၉၄၁ မှ ၁၉၇၃ခုနှစ်အတွင်း (၁. ၈%)၊ ၁၉၇၃ခုနှစ်မှ ၁၉၈၃ခုနှစ်အတွင်း (၂%)သို့ တိုးလာကြောင်းတွေ့ရသည်။ သို့သော် ၁၉၈၃ ခုနှစ်မှ ၁၉၉၃ခုနှစ် အတွင်းတွင်မူ လူဦးရေတိုးတက်မှုနှုန်းသည် (၁. ၉၃%)သို့ အနည်းငယ်ပြန်လည်ကျဆင်းသွားခဲ့ပြီး ၁၉၉၃ နှင့် ၂၀၀၃ အကြားတွင် အနည်းငယ်တက်လာသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၄ ခုနှစ်တွင် လူဦးရေ တိုးတက်မှုနှုန်းသည် (၂. ၀၂%) သို့ ဆက်လက်တိုးတက်သွားသည်။

နှစ်စဉ်ပျမ်းမျှလူဦးရေ တိုးတက်နှုန်းသည် မွေးဖွားသူ၊ သေဆုံးသူနှင့် ပြည်ပမှရွှေ့ပြောင်းဝင်လာသူ (immigration) ပြည်ပသို့ရွှေ့ပြောင်းထွက်ခွာသွားသူ (emigration) ဦးရေများအပေါ် အမှီပြုနေပေသည်။ **မွေးဖွားသူဦးရေနှင့် စုစုပေါင်းလူဦးရေတို့၏အချိုးကို မွေးဖွားနှုန်းကြမ်း (crude birth-rate) ဟုခေါ်သည်။ သေဆုံးသူဦးရေနှင့်စုစုပေါင်း လူဦးရေတို့၏အချိုးကို သေနှုန်းကြမ်း (crude death-rate) ဟုခေါ်သည်။ ပြည်ပမှရွှေ့ပြောင်း ဝင်လာသူနှင့် ပြည်ပသို့ရွှေ့ပြောင်း ထွက်သွားသူတို့၏ ခြားနားမှုကို အသားတင်ရွှေ့ပြောင်းမှု (net migration) ဟုခေါ်သည်။ အသားတင်ရွှေ့ပြောင်းမှုနှင့် စုစုပေါင်းလူဦးရေတို့၏ အချိုးကို အသားတင်ရွှေ့ပြောင်းမှုနှုန်း (net migr-ation rate) ဟုခေါ်သည်။**

မွေးဖွားနှုန်းသည် အခြေခံအားဖြင့် စုစုပေါင်းလူဦးရေမှ ကလေးမွေးဖွားနိုင်သည့် အသက် အပိုင်းအခြား (child-bearing age) ရှိ အမျိုးသမီးအချိုးအစားအပေါ်တွင် မူတည်သည်။ ထို့အပြင် အဆိုပါ အမျိုးသမီးငယ်တို့နေထိုင်ရသည့် အရပ်ဒေသ (မြို့ပြ၊ ကျေးလက်)၊ အိမ်ထောင်စု ဝင်ငွေ၊ ပညာရေးအခြေအနေစသည့် လူမှုစီးပွားရေးဆိုင်ရာ အချက်များအပေါ်တွင်လည်းမူ တည်နေပေသည်။ သေနှုန်းသည် အခြေခံအားဖြင့် လူဦးရေ၏ အသက်ကြီးသူအချိုးအစားနှင့် လူတို့၏ ကျန်းမာရေးအဆင့်အတန်းပေါ် မူတည်သည်။

မြန်မာနိုင်ငံရှိ မြို့ပြဒေသအချို့အတွက် မွေးဖွားနှုန်းများနှင့် သေနှုန်းများကို ဇယား (၄. ၂) တွင် ဖော်ပြထားပါသည်။ ၎င်းဇယားအရ ၁၉၆၅ မှ ၂၀၀၃ ခုနှစ်အတွင်း မွေးဖွားနှုန်းများနှင့် သေနှုန်းများ နှစ်မျိုးလုံးကျဆင်းခဲ့သည်။ ဤအချိန်အတွင်း သေနှုန်းသည် လျင်မြန်စွာကျဆင်းခဲ့ပြီး လူတို့၏ ကျန်းမာရေး ပိုမိုကောင်းမွန်လာခြင်းကို ထင်ဟပ်ပေါ်လွင်စေသည်။ ၎င်းကာလအတွင်း မွေးဖွားနှုန်းများ ကျဆင်းလာခဲ့သော်လည်း သေနှုန်းများကျဆင်းမှုကဲ့သို့ မမြန်ဆန်ပါ။ မွေးဖွားနှုန်း ကျဆင်းမှုသည် အကြောင်းရင်းများစွာပေါ် မူတည်နေသည်။ အကြောင်းရင်းတစ်ခုမှာ မြို့ပြနေ လူဦးရေပိုများလာသောကြောင့်ဖြစ်သည်။ မြို့ပြပေါ်ရှိ မွေးဖွားနှုန်းသည် ကျေးလက်ရှိ မွေးဖွားနှုန်းထက် ယေဘုယျအားဖြင့် နည်းသည့်အတွက် မြို့ပြနေလူဦးရေတိုးလာသည်နှင့်အမျှ တစ်ပြည်လုံးရှိမွေးဖွားနှုန်း ကျဆင်းလာသည်။ သေနှုန်းက မွေးဖွားနှုန်းထက် ကျဆင်းမှုပိုမြန်နေခြင်းသည် လူဦးရေတိုးနှုန်းမြင့်တက်လာခြင်း၏ အဓိကအကြောင်းရင်း ဖြစ်သည်။

ကမ္ဘာနှင့်အာရှနိုင်ငံအချို့၏လူဦးရေပမာဏနှင့် လူဦးရေတိုးတက်မှုနှုန်းများကို ဇယား (၄.၃)တွင် ဖော်ပြထားပါသည်။ ၁၉၉၀ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေ တိုးတက်နှုန်းသည် ကမ္ဘာ့လူဦးရေတိုးတက်နှုန်းထက် လျင်မြန်ခဲ့သော်လည်း အိမ်နီးချင်းအာရှနိုင်ငံအချို့ထက် ပိုမိုနှေးကွေး ခဲ့သည်။

ဇယား (၄.၂)။ မြန်မာနိုင်ငံမွေးဖွားနှုန်းများနှင့် သေနှုန်းများ (မြို့ပြ) (၁၉၆၁ မှ ၂၀၀၃ ခုနှစ်အထိ)

| ခုနှစ် | ကောက်ယူသည့် မြို့ဦးရေ | လူဦးရေ (၁၀၀၀) လျှင် | |
|---|---|---|---|
| | | မွေးနှုန်းကြမ်း | သေနှုန်းကြမ်း |
| ၁၉၆၁ | ၇၀ | ၃၈.၅ | ၁၈.၄ |
| ၁၉၆၂ | ၆၄ | ၃၆.၂ | ၁၆.၀ |
| ၁၉၆၃ | ၅၀ | ၄၂.၇ | ၁၈.၃ |
| ၁၉၆၄ | ၇၈ | ၄၁.၉ | ၁၇.၆ |
| ၁၉၆၅ | ၆၉ | ၄၄.၈ | ၁၇.၉ |
| ၁၉၆၆ | ၆၈ | ၄၁.၁ | ၁၄.၁ |
| ၁၉၆၇ | ၇၀ | ၄၁.၁ | ၁၂.၂ |
| ၁၉၆၈ | ၆၇ | ၄၀.၄ | ၁၂.၉ |
| ၁၉၆၉ | ၆၆ | ၃၉.၃ | ၁၂.၂ |
| ၁၉၇၀ | ၆၈ | ၃၆.၂ | ၁၀.၈ |
| ၁၉၇၁ | ၇၀ | ၄၀.၀ | ၁၁.၄ |
| ၁၉၇၂ | ၇၀ | ၃၈.၀ | ၁၁.၃ |
| ၁၉၇၃ | ၆၆ | ၃၅.၈ | ၁၁.၁ |
| ၁၉၇၄ | ၇၀ | ၃၃.၇ | ၁၁.၃ |
| ၁၉၇၅ | ၇၀ | ၃၀.၅ | ၁၀.၅ |
| ၁၉၇၆ | ၇၃ | ၂၉.၃ | ၁၀.၆ |
| ၁၉၇၇ | ၇၃ | ၂၉.၁ | ၁၀.၄ |
| ၁၉၇၈ | ၇၃ | ၂၈.၃ | ၁၀.၁ |
| ၁၉၇၉ | ၁၄၀ | ၂၆.၉ | ၈.၇ |
| ၁၉၈၀ | ၁၃၆ | ၂၇.၄ | ၈.၉ |

| | | | |
|---|---|---|---|
| ၁၉၈၁ | ၁၃၃ | ၂၈.၃ | ၉.၂ |
| ၁၉၈၂ | ၁၅၁ | ၂၈.၅ | ၉.၂ |
| ၁၉၈၃ | ၁၆၇ | ၂၈.၃ | ၉.၀ |
| ၁၉၈၅ | ၁၆၇ | ၂၈.၅ | ၈.၉ |
| ၁၉၉၀ | ၁၆၉ | ၂၈.၄ | ၈.၈ |
| ၁၉၉၅ | ၁၇၀ | ၂၈.၀ | ၈.၆ |
| ၂၀၀၀ | ၁၈၃ | ၂၄.၂ | ၆.၃ |
| ၂၀၀၃ | ၁၈၉ | ၁၉.၉ | ၅.၆ |

ဇာစ်မြစ်။ ။ CSO, Statistical Yearbook, 2004 (၁၉၈၅ခုနှစ်မှ ၂၀၀၃ခုနှစ်ထိ)

လူဦးရေ တိုးတက်နှုန်း၊ မွေးဖွားနှုန်းနှင့် သေနှုန်းတို့သည် စီးပွားရေးစီမံကိန်းနှင့် ပေါ်လစီများ ချမှတ်ရာတွင် အလွန်အရေးကြီးပေသည်။ လူဦးရေ၏ လူနေမှုအဆင့်အတန်း ကျဆင်းမသွားစေရန် အတွက် ထုတ်လုပ်မှုတိုးတက်ရမည့် အနိမ့်ဆုံးနှုန်းထားကို လူဦးရေတိုးတက်မှုနှုန်းက ညွှန်ပြသည်။ မြန်မာ နိုင်ငံလူဦးရေ တိုးတက်နှုန်း (၂.၀ %) က လူဦးရေ၏လူနေမှုအဆင့်အတန်းကို ဆက်လက်ထိန်းသိမ်း ထားရန် ထုတ်လုပ်မှုသည် နှစ်စဉ် (၂.၀ %) ဖြင့် အနည်းဆုံး တိုးတက်ရမည်ကို ရည်ညွှန်းသည်။ လူနေမှုအဆင့်အတန်းကို မြှင့်တင်လိုပါက ထုတ်လုပ်မှုသည် လူဦးရေတိုးတက်မှုထက် ပိုမိုလျင်မြန်သော နှုန်းထားဖြင့် တိုးတက်ရန် လိုအပ်ပေသည်။

ဇယား (၄.၃)။ အာရှနိုင်ငံများ၏ လူဦးရေပမာဏနှင့် လူဦးရေတိုးတက်မှုနှုန်း

| နိုင်ငံ | လူဦးရေ (သန်းပေါင်း) (၂၀၀၄ ခုနှစ်) | လူဦးရေတိုးတက်မှုနှုန်း (ရာခိုင်နှုန်း) (၁၉၉၀-၂၀၀၄) |
|---|---|---|
| ပါကစ္စတန် | ၁၅၂.၁ | ၂.၄ |
| ဘင်္ဂလားဒေ့ရှ် | ၁၃၉.၂ | ၂.၁ |
| မလေးရှား | ၂၄.၉ | ၂.၄ |
| ဖိလစ်ပိုင် | ၈၁.၆ | ၂.၁ |
| ဗီယက်နမ် | ၈၂.၂ | ၁.၅ |
| မြန်မာ | ၅၄.၃ | ၂.၀ |
| အိန္ဒိယ | ၁၀၇၉.၇ | ၁.၇ |

| | | |
|---|---|---|
| ထိုင်း<br>သီရိလင်္ကာ | ၆၃.၇<br>၁၉.၄ | ၁.၁<br>၀.၉ |
| ကမ္ဘာ | ၆၃၆၅.၀ | ၁.၄ |


ဇာစ်မြစ် ။ ။ CSO, Statistical Yearbook, 2004 (မြန်မာနိုင်ငံအတွက်)

World Bank, World Development Report, 2005, 2006 (အခြားနိုင်ငံများအတွက်)

တစ်ဖန်လူဦးရေတိုးတက်မှုနှုန်းသည် လုပ်သားအင်အားသို့ အနာဂတ်တွင် လုပ်သားသစ်များ ဝင်ရောက်လာမည့်နှုန်းထားကို ဖော်ပြသည်။ သို့ဖြစ်၍ တိုးတက်လာသော အလုပ်သမားဦးရေအတွက် အလုပ်အကိုင်သစ်များ ဖန်တီးပေးရမည့်အတိုင်းအတာကိုလည်း ဖော်ညွှန်းလျက်ရှိသည်။ မွေးဖွားနှုန်းသည် ပညာရေး၊ ကျန်းမာရေးနှင့် အိမ်ရာလိုအပ်ချက်များကို ညွှန်ပြသည့်အတွက် စီပွားရေးစီမံကိန်းနှင့် ပေါ်လစီများရေးဆွဲရာတွင်အရေးပါသည်။ သေနှုန်းသည်လည်းအရေးကြီးပေသည်။ အဘယ်ကြောင့် ဆိုသော် သေနှုန်းသည် တိုင်းသူပြည်သားများအတွက် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှု (health-care) လိုအပ်ချက်၊ ပင်စင်များနှင့် အငြိမ်းစားယူလျှင် အကျိုးခံစားခွင့်များအတွက် လိုအပ်ချက်များကို ညွှန်ပြသောကြောင့် ဖြစ်သည်။

(ခ) အသက်နှင့်ကျား/မအလိုက်လူဦးရေပျံ့နှံ့မှု။ ။ အသက်နှင့် ကျား/မအလိုက်ပျံ့နှံ့မှုသည် လူဦးရေကို အသက်နှင့် ကျား/မအုပ်စုများအဖြစ် ခွဲခြားဖော်ပြထားခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ်၏ အသက်အရွယ်ပျံ့နှံ့မှုကို ဇယား(၄.၄)တွင် ဖော်ပြထားပြီး ၎င်းဇယားပါအချက်အလက်များကို ပုံ (၄.၁) တွင် ဖော်ပြထားသည်။ ၎င်းပုံသည် ပိရမစ် (pyramid)နှင့် တူသောကြောင့် လူဦးရေပိရမစ် (population pyramid) ဟူ၍လည်းခေါ်သည်။၂၀၀၄ ခုနှစ်တွင် လူဦးရေ (၅၄.၃)သန်းရှိသည့် အနက် ယောကျ်ား (၂၇) သန်းရှိ၍ အမျိုးသမီး (၂၇.၃၀) သန်းခန့် ရှိပေသည်။

ပုံ(၄-၁)၊ မြန်မာနိုင်ငံ၏ အသက်နှင့် ကျား/မအလိုက် လူဦးရေပျံ့နှံ့မှု (၂၀၀၄ ခုနှစ်)



ဖိုင်းကိန်းဂဏန်းများကိုအခြေခံ၍ မြန်မာနိုင်ငံအတွက် ကျား/မအချိုး (sex-ratio) ကို တွက်ချက်နိုင်ပါသည်။ **ကျား/မအချိုးသည် လူဦးရေတွင်ပါဝင်သော အမျိုးသားများနှင့် အမျိုးသမီးများအချိုးအစားဖြစ်ပြီး အမျိုးသမီး(၁၀၀)လျှင်ရှိသော အမျိုးသားဦးရေကို ဖော်ပြပါသည်။** ၂၀၀၄ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ ကျား/မအချိုးမှာ အမျိုးသမီး (၁၀၀)လျှင် အမျိုးသား (၉၈. ၉) ယောက်ရှိသည်။

ဇယား (၄. ၄)ရှိ အသက်အုပ်စုများကို အသက်(၁၅)နှစ်အောက်အုပ်စု၊ အသက် (၁၅) နှစ်မှ (၅၉)နှစ် အတွင်းအုပ်စု၊ အသက် (၆၀) နှင့်အထက်အုပ်စုဟူ၍ တစ်ဖန်ပြန်လည် ခွဲခြားနိုင်သည်။ အသက် (၁၅) နှစ်အောက်အုပ်စုတွင် စုစုပေါင်းလူဦးရေ၏ (၃၂. ၇%)၊ အသက် (၁၅) နှစ်မှ (၅၉) နှစ်အုပ်စုတွင် (၅၉. ၁%)နှင့် အသက် (၆၀) နှစ်နှင့် အထက်အုပ်စုတွင် (၈. ၂%) အသီးသီးပါဝင်သည်။ အသက် (၁၅)နှစ်မှ (၅၉) နှစ်အုပ်စုရှိသူများသည် အလုပ်လုပ်ရန် အသင့်လျော်ဆုံး အသက်အရွယ်ဖြစ်သောကြောင့် အလုပ်လုပ်နိုင်သည့် အသက်အုပ်စု (working age-group) ဟုခေါ်ပါသည်။ ၂၀၀၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေ၏ (၅၉. ၁%) သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်သည်။ (ယခုခေတ်အခါ၌ နိုင်ငံအများစုတွင် အလုပ်လုပ်နိုင်သော လူဦးရေကို အသက်အပိုင်းအခြားအလိုက် သတ်မှတ်ရာ၌ အသက်(၁၅) နှစ်နှင့် (၆၄)နှစ်အတွင်း သတ်မှတ်ကြောင်း တွေ့ရသည်။)

အသက်နှင့် ကျား/မအလိုက်ပျံ့နှံ့မှုသည် အလွန်အရေးကြီးသော စီးပွားရေးအကြောင်းအရာများနှင့် ဆက်နွယ်နေပေသည်။

ပထမအကြောင်းအရာမှာ အလုပ်လုပ်နိုင်သည့် အသက်အုပ်စုသည် နိုင်ငံ၏ အလုပ်သမားများဖြစ်လာနိုင်သည့် အလုပ်လုပ်နိုင်သူ (potential workers) ဦးရေနှင့် ဆက်နွယ်နေသောကြောင့် ဖြစ်သည်။ ၎င်းအသက်အုပ်စုတွင်းရှိသူတိုင်း အလုပ်လုပ်ကိုင်သူများ မဟုတ်ပါ။ အချိန်ပြည့် ကျောင်းသားကျောင်းသူများ၊ သာသနာ့ဝန်ထမ်းများ၊ မသန်စွမ်းသူများ၊ မကျန်းမာသူများသည် အလုပ်လုပ်ကိုင်သူဦးရေတွင် မပါဝင်ပါ။ ၎င်းအသက်အုပ်စုရှိ အိမ်ရှင်မအားလုံးတို့သည် လုပ်သားအင်အားတွင် မပါဝင်သော်လည်း အိမ်ထောင်ထိန်းသိမ်းမှုကို လုပ်ကိုင်နေသူများဖြစ်ကြောင်းကို သတိပြုရပေမည်။ ကျေးလက်ဒေသများတွင်မူ အလုပ်လုပ်နိုင်သည့် အသက်အုပ်စုရှိ မိန်းမတိုင်းလိုလိုပင် ထုတ်လုပ်မှုလုပ်ငန်းများ၌ တစ်နည်းတဖုံဖြင့်ပါဝင်နေကြသည်။ မြို့များတွင် လုပ်သားအင်အား၌ မိန်းမပါဝင်မှု အချိုးအစားသည် ပညာ အရည်အချင်း၊ မိသားစုအရွယ်အစား၊ အလုပ်အကိုင်အခွင့်အလမ်းများစသည့် လူမှုစီးပွားရေး အချက်ပေါင်းများစွာအပေါ် အမှီပြုနေသည်။

ဒုတိယအကြောင်းအရာမှာ အသက်နှင့် ကျား/မပျံ့နှံ့မှုသည် ကျောင်းနေနိုင်သည့် အသက်အပိုင်းအခြား (school-going age) ရှိသူဦးရေနှင့် ဆက်စပ်နေပြီး ၎င်းမှတစ်ဆင့်ဝိုင်းပြည်တွင် ပညာရေးဆိုင်ရာ အထောက်အကူများနှင့်လည်း ဆက်နွယ်နေကြောင်း ဖြစ်ပါသည်။ အချိန်တစ်ချိန်တွင် ကျောင်းသွားသော ကလေးများသည် နောင်ကာလတွင်လုပ်သားများ ဖြစ်လာနိုင်သည့်အတွက် လက်ရှိကလေးဦးရေကို သိရှိလျှင်အနာဂတ်လုပ်သား ဦးရေကိုခန့်မှန်းနိုင်သည်။

ဇယား(၄. ၄)။ မြန်မာနိုင်ငံ၏ အသက်အလိုက်နှင့် ကျား/မအလိုက် လူဦးရေပျံ့နှံ့မှု ရာခိုင်နှုန်း (၂၀၀၄- ခုနှစ်)

| အသက် (နှစ်) | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| ၀-၄ | ၁၁. ၈ | ၆. ၀ | ၅. ၈ |
| ၅-၉ | ၁၁. ၀ | ၅. ၅ | ၅. ၅ |
| ၁၀-၁၄ | ၉. ၉ | ၅. ၀ | ၄. ၉ |
| ၁၅-၁၉ | ၈. ၉ | ၄. ၆ | ၄. ၃ |
| ၂၀-၂၄ | ၈. ၈ | ၄. ၅ | ၄. ၃ |
| ၂၅-၂၉ | ၈. ၃ | ၄. ၂ | ၄. ၁ |
| ၃၀-၃၄ | ၇. ၆ | ၃. ၈ | ၃. ၈ |
| ၃၅-၃၉ | ၆. ၉ | ၃. ၄ | ၃. ၅ |
| ၄၀-၄၄ | ၆. ၁ | ၃. ၀ | ၃. ၁ |
| ၄၅-၄၉ | ၅. ၀ | ၂. ၄ | ၂. ၆ |
| ၅၀-၅၄ | ၄. ၂ | ၂. ၀ | ၂. ၂ |
| ၅၅-၅၉ | ၃. ၃ | ၁. ၆ | ၁. ၇ |
| ၆၀ -၆၄ | ၂. ၇ | ၁. ၃ | ၁. ၄ |
| ၆၅-၆၉ | ၂. ၂ | ၁. ၀ | ၁. ၂ |
| ၇၀-၇၄ | ၁. ၆ | ၀. ၇ | ၀. ၉ |
| ၇၅ နှင့် အထက် | ၁. ၇ | ၀. ၈ | ၀. ၉ |
| စုစုပေါင်း | ၁၀၀ | ၄၉. ၈ | ၅၀. ၂ |

ရင်းမြစ် ။ ။ Ministry of Labour, Handbook on Human Resources Development Indicators, 2005

တတိယအကြောင်းအရာသည် လူဦးရေရှိ သက်ကြီးရွယ်အိုဦးရေနှင့်လည်း သက်ဆိုင်နေပေသည်။ မြန်မာနိုင်ငံအပါအဝင် မွေးဖွားနှုန်းများနှင့် သေနှုန်းများမြင့်သော ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် အသက်ကြီးသူ လူဦးရေအချိုးအစားနည်းပြီး၊ ကလေးအချိုးအစား မြင့်မားပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးပြီးနိုင်ငံများတွင် မွေးနှုန်းများနှင့် သေနှုန်းများ ပိုမိုနိမ့်ကျကာ၊ ကလေးများဦးရေအချိုးအစားနည်းပြီး၊ အသက်ကြီးသူအချိုးအစား မြင့်ပေသည်။ လူဦးရေမှ အသက်ကြီးသူဦးရေကို သိရှိလျှင် ပင်စင်များ၊ အငြိမ်းစားယူလျှင် အကျိုးခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများ စသည်တို့အတွက် အစီအစဉ်များ ပြုလုပ်နိုင်ပေသည်။

စတုတ္ထအကြောင်းအရာမှာ အသက်နှင့် ကျား/မအလိုက်ပျံ့နှံ့မှုမှ နိုင်ငံ၏မှီခိုသူ လူဦးရေကို သိစေနိုင်ကြောင်းပင်ဖြစ်သည်။ အသက် (၁၄)နှစ်အထိနှင့် (၆၀)နှစ်နှင့်အထက် အသက်အုပ်စုများကို မှီခိုသူလူဦးရေဟု သတ်မှတ်လေ့ရှိသည်။ **မှီခိုသူလူဦးရေနှင့် အလုပ်လုပ်သူလူဦးရေ တို့၏ အချိုး အစားကို မှီခိုမှုအချိုး (dependency ratio)** ဟုခေါ်သည်။ ၎င်းကို အလုပ်လုပ်နိုင်သူ လူတစ်ရာလျှင် ရှိမည့်မှီခိုသူဦးရေဖြင့်ဖော်ပြသည်။ ၂၀၀၄ခုနှစ်တွင်မြန်မာနိုင်ငံ၏ မှီခိုမှုအချိုးမှာ (၆၉. ၁) ဖြစ်သည်။

(ဂ)ဒေသအလိုက် လူဦးရေပျံ့နှံ့မှု။ ။ဒေသအလိုက် လူဦးရေပျံ့နှံ့မှုသည် နိုင်ငံ၏ ဒေသအသီးသီးတွင် လူဦးရေမည်မျှနေထိုင်သည်ကို ဆိုလိုသည်။ ၂၀၀၄ခုနှစ်အတွက် မြန်မာနိုင်ငံ၌ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လူဦးရေပျံ့နှံ့မှုကို ဇယား (၄. ၅)တွင် ဖော်ပြထားသည်။

ဇယား (၄. ၅)၊ မြန်မာနိုင်ငံဒေသအလိုက် လူဦးရေပျံ့နှံ့မှု(၂၀၀၄- ခုနှစ်)

| ပြည်နယ်/တိုင်းဒေသကြီး | စုစုပေါင်းလူဦးရေ (ထောင်ပေါင်း) | ရာခိုင်နှုန်း |
|---|---|---|
| ကချင်ပြည်နယ် | ၁၄၂၇ | ၂. ၆ |
| ကယားပြည်နယ် | ၃၀၀ | ၀. ၆ |
| ကရင်ပြည်နယ် | ၁၆၄၁ | ၃. ၀ |
| ချင်းပြည်နယ် | ၅၁၁ | ၀. ၉ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၅၉၀၁ | ၁၀. ၉ |
| တနင်္သာရီတိုင်းဒေသကြီး | ၁၅၂၅ | ၂. ၈ |
| ပဲခူးတိုင်းဒေသကြီး | ၅၅၀၄ | ၁၀. ၂ |
| မကွေးတိုင်းဒေသကြီး | ၅၀၈၀ | ၉. ၄ |
| မန္တလေးတိုင်းဒေသကြီး | ၇၅၇၀ | ၁၃. ၉ |
| မွန်ပြည်နယ် | ၂၈၀၁ | ၅ ၂ |
| ရခိုင်ပြည်နယ် | ၃၀၂၂ | ၅. ၆ |
| ရန်ကုန်တိုင်းဒေသကြီး | ၆၃၂၂ | ၁၁. ၆ |
| ရှမ်းပြည်နယ် | ၅၂၂၇ | ၉. ၆ |
| ဧရာဝတီတိုင်းဒေသကြီး | ၇၄၅၅ | ၁၃. ၇ |
| စုစုပေါင်း | ၅၄၃၀၀ | ၁၀၀ |

ဇာစ်မြစ်။ ။ Ministry of Labour, Handbook on Human Resources Development Indicators, 2005

၎င်းဇယားအရ လူဦးရေ(၇. ၅)သန်းခန့် နေထိုင်သည့် မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် လူဦးရေအများဆုံး နေထိုင်ရာဒေသဖြစ်သည်။ လူဦးရေ (၇. ၄)သန်းခန့် နေထိုင်သည့် ဧရာဝတီတိုင်းဒေသကြီးသည် ဒုတိယအများဆုံးဖြစ်ပြီး၊ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ (၆. ၃)သန်းခန့် နေထိုင်လျက်ရှိပြီး တတိယအများဆုံးဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် လူဦးရေ (၅)သန်းခန့်စီရှိကြသည်။ လူဦးရေ၏ ဒေသဆိုင်ရာပျံ့နှံ့မှုသည် ထုတ်လုပ်မှုလုပ်ငန်းများ၏ တည်နေရာပေါ်တွင် အဓိကမူတည်နေသည်။ မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍသည် အဓိက ထုတ်လုပ်မှုကဏ္ဍဖြစ်သည့်အလျောက် စိုက်ပျိုးရေးအတွက် အခွင့်အလမ်းကောင်းများရှိသည့် ဒေသများတွင် လူဦးရေစုစည်း နေထိုင်မှုရှိသည်။ အဆိုပါဒေသများမှာ မြစ်ဝကျွန်းပေါ်ဒေသ၊ ဧရာဝတီ၊ စစ်တောင်းနှင့် ချင်းတွင်း မြစ်ဝှမ်းဒေသများနှင့် ကမ်းရိုးတန်းဒေသများဖြစ်သည်။

ဒေသအလိုက်ပျံ့နှံ့မှုတွင် အရေးကြီးသောအချက်မှာ ကျေးလက်-မြို့ပြလူဦးရေပျံ့နှံ့မှုပင် ဖြစ်သည်။ ကျေးလက်-မြို့ပြပျံ့နှံ့မှုသည် စီးပွားရေးအကြောင်းအချက်များပေါ်တွင် အဓိကမူတည်နေသည်။ စက်မှုလုပ်ငန်းများနည်းပါးလျှင် မြို့ပြဒေသတွင် လူဦးရေအနည်းငယ်သာ နေထိုင်ရန် အလားအလာရှိသည်။ စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ မြို့ပြဒေသများတွင် ပိုမို၍ နေထိုင်လာကြမည်ဖြစ်သည်။ ၎င်းအခြေအနေမျိုးကို မြန်မာနိုင်ငံတွင်လည်း တွေ့ရှိရသည်။

၁၉၂၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ ကျေးလက်-မြို့ပြ လူဦးရေပျံ့နှံ့မှုကို ဇယား (၄. ၆)တွင် ဖော်ပြထားသည်။ အဆိုပါ (၆၂) နှစ်တာကာလအတွင်းတွင် မြို့ပြ လူဦးရေသည် (၁. ၃)သန်းမှ (၈. ၅)သန်းနီးပါးသို့ တိုးလာခဲ့ပြီး မြို့ပြဒေသနေသော လူဦးရေအချိုးအစားသည် (၉%) မှ (၂၅%) သို့ တိုးလာခဲ့သည်။ ရန်ကုန်မြို့ တစ်မြို့တည်း၏ လူဦးရေသည် ၁၉၂၁ ခုနှစ်တွင် (၃. ၄၂) သိန်းရှိခဲ့ရာမှ ၁၉၈၃ခုနှစ် သန်းခေါင်စာရင်းအရ (၂. ၅) သန်းခန့်သို့ တိုးတက်လာခဲ့ပေသည်။

**မြို့နေလူဦးရေ တိုးတက်လာသောနှုန်းထားကို မြို့ပြတိုးတက်မှုနှုန်း (rate of urbanization) ဟုခေါ်သည်။** မြို့ပြတိုးတက်နှုန်းလျင်မြန်ပါက မြို့ပြအတွက် အရေးကြီးသော နေအိမ်အဆောက်အဦး၊ သယ်ယူပို့ဆောင်ရေး၊ စားနပ်ရိက္ခာစသည့် စီးပွားရေးဆိုင်ရာ လိုအပ်ချက်များလည်း များပြားလာပေမည်။ မြို့ပြတွင်နေထိုင်သူများ၏ ဓလေ့ထုံးစံနှင့် အလေ့အထများသည် ကျေးလက်တွင် နေထိုင်သူများနှင့် သိသာစွာကွာခြားလေသည်။ မြို့ပြတွင် အိမ်ထောင်စုဝင်ဦးရေသည် ကျေးလက်အိမ်ထောင်စုဝင်ဦးရေထက်နည်းသည်။ သို့ဖြစ်၍ မြို့ပြဒေသများတွင်နေထိုင်ရန် လူများပိုမိုလာရောက်သည်နှင့်အမျှ လူဦးရေ၏စားသုံးမှု ပုံသဏ္ဍာန်သည် ကွာခြားလာနိုင်ပေသည်။

ဇယား (၄. ၆)။ မြန်မာနိုင်ငံမြို့ပြနှင့် ကျေးလက်လူဦးရေပျံ့နှံ့မှု (၁၉၂၁ နှင့် ၁၉၈၃ ခုနှစ်)

| ဒေသ | ၁၉၂၁ | | ၁၉၈၃ | |
|---|---|---|---|---|
| | လူဦးရေ (ထောင်ပေါင်း) | ရာခိုင်နှုန်း | လူဦးရေ (ထောင်ပေါင်း) | ရာခိုင်နှုန်း |
| ကျေးလက် | ၁၁၉၂၀ | ၉၀ | ၂၅၆၅၉ | ၇၅ |
| မြို့ပြ | ၁၂၉၂ | ၉ | ၈၄၆၆ | ၂၅ |
| စုစုပေါင်း | ၁၃၂၁၂ | ၁၀၀ | ၃၄၁၂၅ | ၁၀၀ |

ဇာစ်မြစ်။ ။ ဗဟိုစာရင်းအင်းအဖွဲ့

## ၄-၃။ လုပ်သားအင်အား

**The Labour Force**

လူဦးရေသည် စီးပွားရေးအဆောက်အအုံတွင် ထုတ်လုပ်သူများအဖြစ်ဖြင့်လည်းကောင်း၊ စားသုံးသူများအဖြစ်လည်းကောင်း အရေးကြီးပါသည်။ ဤအပိုင်းတွင် လူဦးရေကို ကုန်စည်နှင့် ဝန်ဆောင်မှုများအား ထုတ်လုပ်သူများအဖြစ် လေ့လာပါမည်။ အသက်နှင့် ကျား/မအလိုက် ပျံ့နှံ့မှုကို လေ့လာခဲ့စဉ်က လူဦးရေတွင် အလုပ်လုပ်ရန် ငယ်ရွယ်လွန်းသူများ၊ အသက်အရွယ် ကြီးလွန်းသူများ ရှိနေသဖြင့် လူတိုင်း အလုပ်မလုပ်နိုင်ကြောင်း သိရှိခဲ့ပြီးဖြစ်သည်။ အသက် (၁၅)နှစ်အောက် လူဦးရေကို အသက်ငယ်လွန်းသူများ၊ အသက်(၆၀) နှစ်နှင့် အထက်ကို အသက်ကြီးလွန်းသူများဟု ယူဆသဖြင့် (၁၅) နှစ်မှ (၅၉) နှစ်ရှိသော အသက်အုပ်စုကို အလုပ်လုပ်နိုင်သောအသက်အုပ်စုဟု သတ်မှတ်ထားသည်။ ၎င်းအသက်အုပ်စုပြင်ပမှ လူဦးရေသည် အလုပ်လုပ်နိုင်သူများဖြစ်နိုင်သော်လည်း အမှန်တကယ် အလုပ်လုပ်သည့် ဦးရေနည်းနိုင်ပါသည်။ အလားတူပင် အလုပ်လုပ်နိုင်သူတိုင်း အလုပ်သမားများ မဟုတ်ကြပေ၊ အချိန်ပြည့် ကျောင်းသား၊ ကျောင်းသူများ၊ သာသနာ့ဝန်ထမ်းများ၊ မသန်မစွမ်းသူများ၊ ဝင်ငွေရရှိနေ၍ အလုပ်ကိုမလုပ်သည့် အိမ်ရှင်မများ၊ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရှာဖွေခြင်းမပြုသည့်သူများသည် လုပ်သားအင်အားတွင် ပါဝင်လိမ့်မည်မဟုတ်ပါ။ ထို့ကြောင့် **အမှန်တကယ် အလုပ်လုပ်နေသူများ သို့မဟုတ် အလုပ်အကိုင်ရရှိ ရန် အားတက်သရောရှာဖွေနေသူများ အားလုံးကို လုပ်သားအင်အားဟု သတ်မှတ်နိုင်သည်။**

၁၉၉၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လုပ်သားအင်အားမှာ (၁၆. ၅) သန်းခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ (၆၀. ၆%) ရှိသည်။ ၎င်းအချိုးက လူဦးရေတွင် လုပ်သားအင်အား ပါဝင်သော အချိုးအစားကို ဖော်ညွှန်းသည့်အတွက် ၎င်းအချိုးကို **လုပ်သားအင်အားပါဝင်မှုအချိုးကြမ်း (crude labour participation rate)** ဟုခေါ်ပြီး တစ်ခါတစ်ရံ **လုပ်ဆောင်မှုအချိုးကြမ်း (crude**

**activity rate)** ဟု ခေါ်လေ့ရှိသည်။ ၎င်းအချိုးသည် အသက်အလိုက်ပျံ့နှံ့မှု အလုပ်လုပ်နိုင်သော အသက်အုပ်စုတွင်ပါဝင်သော ကျား/မအချိုးအစားပျံ့နှံ့မှု၊ အလုပ်လုပ်နိုင်သည့် အသက်အုပ်စုတွင် ပါဝင်သော ယောကျ်ားဦးရေနှင့် လူမှုစီးပွားရေးအချက်များပေါ်တွင်မူတည်နေသည်။

လုပ်သားအင်အားကို အလုပ်အကိုင်အမျိုးမျိုးအရ ခွဲခြားထားခြင်းကို အလုပ်အကိုင်အလိုက် လူဦးရေပျံ့နှံ့မှု **(occupational distribution)** ဟုခေါ်သည်။ ၁၉၉၀ ခုနှစ်၊ လုပ်သားအင်အားလေ့လာမှု စစ်တမ်းအရ မြန်မာနိုင်ငံတွင် အလုပ်အကိုင်အလိုက် လုပ်သားအင်အားပျံ့နှံ့မှုကို ဇယား(၄. ၇)တွင် ဖော်ပြထားသည်။ ၎င်းဇယားအရ စုစုပေါင်းအလုပ်လုပ်သူဦးရေ၏ (၃၂%) ကျော်သည် လယ်ယာ၊ သစ်တောနှင့် သားငါးဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ (၁၅%)ခန့်သည် ထုတ်လုပ်မှုနှင့် ပို့ဆောင်မှု ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။

လုပ်သားအင်အားကို စီးပွားရေးကဏ္ဍအသီးသီးအလိုက် ခွဲခြားထားခြင်းကို ကဏ္ဍအလိုက် လုပ်သားအင်အား ပျံ့နှံ့မှုဟုခေါ်သည်။ ကဏ္ဍအလိုက်ပျံ့နှံ့မှုကို တစ်ခါတစ်ရံ လုပ်ငန်းစုအလိုက် ပျံ့နှံ့မှု **(industrial distribution)** ဟုခေါ်လေ့ရှိသည်။ ၁၉၉၀ခုနှစ်၊ မြန်မာနိုင်ငံ လုပ်သားအင်အား လေ့လာမှုစစ်တမ်းအရ ကဏ္ဍအလိုက် လုပ်သားအင်အား ပျံ့နှံ့မှုကို ဇယား(၄. ၈) တွင် ဖော်ပြထားသည်။

ဇယား(၄. ၇)၊ မြန်မာနိုင်ငံအလုပ်အကိုင်အလိုက်လုပ်သားအင်အားပျံ့နှံ့မှုရာခိုင်နှုန်း(၁၉၉၀ ခုနှစ်)

| စဉ် | အလုပ်အကိုင် | ရာခိုင်နှုန်း |
|---|---|---|
| ၁ | အသက်မွေးဝမ်းကျောင်းနှင့်နည်းပညာဆိုင်ရာလုပ်သားများ | ၄. ၈ |
| ၂ | စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးလုပ်သားများ | ၀. ၄ |
| ၃ | စာရေးများ | ၂. ၁ |
| ၄ | အရောင်းလုပ်သားများ၊ ဝန်ဆောင်မှုဆိုင်ရာလုပ်သားများ | ၁၀. ၁ |
| ၅ | လယ်ယာ၊ သစ်တောနှင့်သားငါးဆိုင်ရာလုပ်သားများ | ၃၂. ၈ |
| ၆ | ထုတ်လုပ်မှု၊ ပို့ဆောင်မှုဆိုင်ရာလုပ်သားများ | ၁၅. ၀ |
| ၇ | ကျပန်းအလုပ်သမားများ | ၃၄. ၈ |
| | စုစုပေါင်း | ၁၀၀. ၀ |

ဇာစ်မြစ်။ ။ Ministry of Labour, Handbook on Human Resource Development Indicators, 2005

ဇယား (၄. ၈) တွင် မြန်မာနိုင်ငံ လုပ်သားအင်အား၏ (၅၆. ၅%) သည် လယ်ယာ၊ သားငါးနှင့် သစ်တောကဏ္ဍများတွင် လုပ်ကိုင်ကြပြီး (၁၅. ၈%) သည် ကုန်သွယ်ရေးကဏ္ဍတွင်လည်းကောင်း၊ (၁၀. ၄%) သည် စက်မှုလက်မှုကဏ္ဍတွင်လည်းကောင်း အသီးသီးလုပ်ကိုင် နေကြောင်းတွေ့ရှိရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်မှုလက်မှုကဏ္ဍ၌ လုပ်သားအင်အားပါဝင်မှု အချိုးအစားနည်းပါးကြသည်။ အကြောင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စက်ရုံများနည်းပါးပြီး လုပ်သားအင်အားအများစုကို စက်မှုလက်မှု ကဏ္ဍတွင် ခန့်ထားနိုင်သည့်နည်းပညာလည်း မရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဇာဆိုပါနိုင်ငံများ သည် အဓိကအားဖြင့် ကုန်ကြမ်းများထုတ်လုပ်ပြီး တင်ပို့ကြကာ၊ ထိုကုန်ကြမ်းများကို တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံများက ကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်ကြသည်။

**ထုတ်လုပ်မှုဖြစ်စဉ်တွင် ကုန်ကြမ်းများကို ရှေးဦးစွာစတင်ထုတ်လုပ်ရသဖြင့် ကုန်ကြမ်းများ ထုတ်လုပ်မှုကို ပထမဆင့်ထုတ်လုပ်မှု (primary production)** ဟုခေါ်ပြီး ပထမဆင့် ထုတ်လုပ်မှု တွင် ပါဝင်သောကဏ္ဍများကို ပထမဆင့်ကဏ္ဍများ **(primary sectors)** ဟုခေါ်သည်။ မြန်မာနိုင်ငံ၌ လယ်ယာ၊ သားငါး၊ သစ်တောနှင့် သတ္တုကဏ္ဍများသည် ပထမဆင့်ထုတ်လုပ်မှု ကဏ္ဍများတွင် ပါဝင်သည်။

ဇယား (၄. ၈)၊ မြန်မာနိုင်ငံကဏ္ဍအလိုက် လုပ်သားအင်အားပျံ့နှံ့မှုရာခိုင်နှုန်း(၁၉၉၀ ခုနှစ်)

| စဉ် | ကဏ္ဍ | ရာခိုင်နှုန်း |
|---|---|---|
| ၁ | လယ်ယာ၊ သားငါးနှင့်သစ်တော | ၅၆. ၅ |
| ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၁. ၀ |
| ၃ | စက်မှုလက်မှု | ၁၀. ၄ |
| ၄ | ဆောက်လုပ်ရေး | ၂. ၆ |
| ၅ | လျှပ်စစ်ဓာတ်အား | ၀. ၂ |
| ၆ | ကုန်သွယ်ရေး | ၁၅. ၈ |
| ၇ | ပို့ဆောင်ဆက်သွယ်ရေး | ၃. ၈ |
| ၈ | စီမံခန့်ခွဲရေးနှင့် အခြားဝန်ဆောင်မှု | ၇. ၉ |
| ၉ | အခြား | ၀. ၈ |
| | စုစုပေါင်း | ၁၀၀. ၀ |

ဇာစ်မြစ်။ ။ Ministry of Labour, Handbook on Human Resource Developme Indicators, 2005

ကုန်ကြမ်းများထုတ်လုပ်ပြီး နောက်တစ်ဆင့်တွင် ကုန်ချောများဖြစ်အောင် ပြုပြင်မွမ်းမံရသည်။ **ကုန်ကြမ်းများအား ကုန်ချောဖြစ်အောင် ပြုပြင်မွမ်းမံခြင်းကို ဒုတိယဆင့် ထုတ်လုပ်မှု (secondary production)** ဟုခေါ်ပြီး၊ ဒုတိယဆင့် ထုတ်လုပ်မှုတွင် ပါဝင်သော ကဏ္ဍများကို ဒုတိယဆင့်ကဏ္ဍများ **(secondary sectors)** ဟုခေါ်သည်။ မြန်မာနိုင်ငံတွင် စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အားနှင့် ဆောက်လုပ်ရေးကဏ္ဍများသည် ဒုတိယဆင့်ကဏ္ဍများတွင် ပါဝင်သည်။

ကုန်စည်များထုတ်လုပ်ရာတွင် သယ်ယူပို့ဆောင်ရေး၊ ဘဏ်လုပ်ငန်းစသည့်ဝန်ဆောင်မှုများ လိုအပ်သကဲ့သို့ ထုတ်လုပ်ပြီးကုန်စည်များအား စားသုံးသူများလက်ဝယ်သို့ရောက်ရှိရန် ကုန်သွယ်ရေး ဝန်ဆောင်မှုများလည်း လိုအပ်သည်။ ထို့ပြင် စားသုံးသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေမှု စသည့် ဝန်ဆောင်မှုတို့လည်းလိုအပ်သည်။ ဝန်ဆောင်မှုများ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို တတိယဆင့် ထုတ်လုပ်မှု (tertiary production) ဟုခေါ်ပြီး တတိယဆင့် ထုတ်လုပ်မှုတွင် ပါဝင်သောကဏ္ဍများကို တတိယဆင့်ကဏ္ဍများ **(tertiary sectors)** ဟုခေါ်သည်။ မြန်မာနိုင်ငံတွင် တတိယဆင့်ကဏ္ဍများမှာ ပို့ဆောင်ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေးနှင့် အခြားဝန်ဆောင်မှုများနှင့် ကုန်သွယ်မှုကဏ္ဍတို့ပါဝင်သည်။

စီးပွားရေးကဏ္ဍများအလိုက် လုပ်သားအင်အားကို အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စုပေါင်းလိုက်လျှင် ဇယား (၄. ၉) တွင် ဖော်ပြထားသော လုပ်သားအဆင့်အလိုက် ပျံ့နှံ့မှုကိုရရှိမည်ဖြစ်သည်။ ၎င်းဇယားတွင် ၁၉၉၀ခုနှစ် လုပ်သားအင်အားလေ့လာချက်စစ်တမ်းအရ မြန်မာနိုင်ငံလုပ်သားအင်အား၏ (၅၇. ၅%)သည် ပထမဆင့်ကဏ္ဍများတွင် လုပ်ကိုင်ကြကြောင်း တွေ့ရှိရသည်။ ၎င်းကဏ္ဍများ၏ ထုတ်လုပ်မှုတွင် အဓိကအားဖြင့် ကုန်ကြမ်းများ (ဥပမာ- စပါး၊ ကျွန်းသစ်လုံးများ၊ အသားငါးနှင့် သတ္တုရိုင်းများ) ပါဝင်သည်။

လုပ်သားအင်အားကို လေ့လာရာတွင် အဓိကထားရမည့် အကြောင်းအရာတစ်ခုမှာ လုပ်သားပြောင်းရွှေ့မှု (mobility of labour) ဖြစ်သည်။ **လုပ်သားများ ပထဝီဒေသတစ်ခုမှ တစ်ခုသို့လည်းကောင်း၊ လုပ်ငန်းတစ်ခုမှ တစ်ခုသို့လည်းကောင်း ပြောင်းရွှေ့လုပ်ကိုင်မှုကို လုပ်သားပြောင်း ရွှေ့မှုဟုခေါ်သည်။** ငယ်ရွယ်ပြီး အိမ်ထောင်မရှိသေးသည့် အမျိုးသားလုပ်သားများသည် အသက်ကြီးပြီး အိမ်ထောင်ရှိသည့် အမျိုးသားလုပ်သားများထက် အလုပ်များနှင့် နေရာများကို လွယ်လင့်တကူ ပြောင်းရွှေ့လုပ်ကိုင်တတ်ကြသည်။ အဆိုပါ အမျိုးသားလုပ်သား ဦးရေအချိုးအစား များပြားသည် နှင့်အမျှ လုပ်သားပြောင်းရွှေ့မှု ပိုများမည်ဖြစ်သည်။

ဇယား (၄. ၉)။ မြန်မာနိုင်ငံစီးပွားရေးကဏ္ဍအဆင့်အလိုက် လုပ်သားအင်အားပျံ့နှံ့မှုရာခိုင်နှုန်း (၁၉၉၀ ခုနှစ်)

| ကဏ္ဍ | ရာခိုင်နှုန်း |
|---|---|
| ပထမဆင့် | ၅၇. ၅ |
| ဒုတိယဆင့် | ၁၄. ၂ |
| တတိယဆင့် | ၂၈. ၃ |
| စုစုပေါင်း | ၁၀၀. ၀ |

ဇာစ်မြစ်။ ။ Ministry of Labour, Handbook Human Resource Development Indicators, 2005

စီးပွားရေးအဆောက်အအုံသည် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စက်မှုလက်မှုလုပ်ငန်းသစ်များနှင့် နေရာဒေသသစ်များ ရှိလာမည့်အလျောက် စက်မှုလုပ်ငန်း ဟောင်းများနှင့်နေရာဒေသဟောင်းများ၏ အရေးပါမှု လျော့ပါးလာလိမ့်မည်ဖြစ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် လုပ်သားအင်အားသည် လွယ်ကူစွာပြောင်းရွှေ့နိုင်ပါက အခြေအနေသစ်များနှင့် အံဝင်ခွင်ကျမှု ရှိအောင် ညှိနှိုင်းရာတွင် လွယ်ကူပြီး စရိတ်အကုန်အကျလည်း သက်သာလိမ့်မည် ဖြစ်သည်။

လုပ်သားအင်အားတွင် အရေးပါသော အခြားအချက်တစ်ခုမှာ ၎င်း၏ကျွမ်းကျင်မှုများ (skills) နှင့် အရည်အသွေးများ (qualifications) ပင်ဖြစ်သည်။ အကယ်၍ လုပ်သားတစ်ယောက်သည် ကျွမ်းကျင်ပြီး အရည်အသွေးမြင့်မားပါက သူ၏ကုန်ထွက် (output)သည် မြင့်မားလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် အလုပ်သမား၏ ကျွမ်းကျင်မှုနှင့် ပညာအရည်အချင်း တိုးမြှင့်လာစေရန် အတွက်လိုအပ်သော ပညာရပ်နှင့် သင်တန်းများ ပို့ချပေးရန်အရေးကြီးပါသည်။

သို့ရာတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု (human resource development) ဟူသော ယခုခေတ်အမြင်အရ လုပ်သားများ၏ ကျွမ်းကျင်မှုနှင့် ပညာအရည်အချင်းတိုးမြှင့်လာစေရန် ဆောင်ရွက်ပေးခြင်းသည် ထုတ်လုပ်မှုမြင့်တက်လာစေရေးအတွက်သာ မဟုတ်ဘဲ လူသားတိုးတက် ဖွံ့ဖြိုးမှုအတွက်လည်း ဖြစ်ကြောင်းကိုပါ သတိပြုရန်လိုအပ်ပေသည်။ တစ်နည်းဆိုသော် လုပ်သားအင်အားတွင် မပါဝင်သောသူများနှင့်အတူ လုပ်သားများအား သင့်တင့်သောနေထိုင်မှုအဆင့်နှင့် ကျန်းကျန်းမာမာ သက်တမ်းရှည်ရှည် နေထိုင်နိုင်သော စားသုံးသူများအနေဖြင့် ရှုမြင်ရန်အရေး ကြီးပေသည်။

## ၄-၄။ စားသုံးသူများ

**The Consumers**

မြန်မာနိုင်ငံလူဦးရေကို ကုန်စည်များနှင့် ဝန်ဆောင်မှုများအား စားသုံးသူများအဖြစ် လေ့လာရာတွင် ပုဂ္ဂလိက သို့မဟုတ် အိမ်ထောင်စု စားသုံးမှုနှင့် စုပေါင်းစားသုံးမှုဟူ၍ ခွဲခြားလေ့လာပါမည်။ လူဦးရေ၏ ပုဂ္ဂလိကစားသုံးမှုသည် အသက်၊ ကျား/မနှင့် ဒေသအလိုက် ပျံ့နှံ့မှုတို့နှင့်ဆက်နွယ်နေသည်။ အသက်အရွယ်မတူလျှင် စားသုံးမှုပုံသဏ္ဍာန်များ (consumption patterns) ခြားနားမည်ဖြစ်သည်။ ထို့အတူ နေထိုင်ရာဒေသနှင့် ရာသီဥတုမတူလျှင်လည်းလူတို့၏ စားသုံးမှုပုံသဏ္ဍာန်များကွာခြားနိုင်သည်။ ကျေးလက်တွင် နေထိုင်သူများနှင့် မြို့ပြတွင်နေထိုင်သူများ၏ စားသုံးမှုပုံသဏ္ဍာန်များ သိသာစွာခြားနားသည့်အတွက် ကျေးလက်ဒေသနှင့် မြို့ပြ ဒေသများအကြား လူဦးရေပျံ့နှံ့မှုသည် အထူးအရေးပါသည်။

အိမ်ထောင်စုစားသုံးမှုနှင့် ပတ်သက်၍မူ အိမ်ထောင်စုများ၏ အရွယ်အစားနှင့် တည်နေရာတို့သည် အရေးပါသောအကြောင်းအချက်များဖြစ်သည်။ အရွယ်အစားကြီးသော အိမ်ထောင်စုများနှင့် အရွယ်အစားသေးငယ်သော အိမ်ထောင်စုများသည် စားသုံးမှုပုံသဏ္ဍာန်များတွင် ကွာခြားကြသည်။ တည်နေရာမတူလျှင်လည်း အိမ်ထောင်စု စားသုံးမှုပုံစံချင်း မတူနိုင်ပေ။ တစ်ဦးချင်းသည် အိမ်ထောင်စုများတွင် ပါဝင်သောကြောင့်လည်းကောင်း၊ အိမ်ထောင်စုတွင်းရှိ လူတစ်ဦး သို့မဟုတ် နှစ်ဦး သို့မဟုတ် တစ်ခါတစ်ရံ ထို့ထက်ပိုသူများ၏ ဝင်ငွေမှစားသုံးမှုအသုံး စရိတ်များကို သုံးစွဲသောကြောင့်လည်းကောင်း၊ ပုဂ္ဂလိကစားသုံးမှုသည် အမှန်အားဖြင့် အိမ်ထောင်စုစားသုံးမှု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထို့ကြောင့် အိမ်ထောင်စုစားသုံးမှု အသုံးစရိတ်များတွင်နေအိမ်၊ စားနပ်ရိက္ခာ၊ အဝတ်အစား၊ ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေမှု စသည့်အသုံးစရိတ်များ အားလုံးပါဝင်သည်။ သို့ဖြစ်ရာစီးပွားရေး အဆောက်အအုံတွင် တစ်ဦးချင်းထက် အိမ်ထောင်စုများကသာ အမှန်တကယ်စားသုံးမှု ယူနစ်များဖြစ်ကြသည်။

စုပေါင်းစားသုံးမှုနှင့်ပတ်သက်၍လည်း အသက်၊ ကျား/မနှင့် ဒေသအလိုက် လူဦးရေ ပျံ့နှံ့မှုတို့သည် အရေးကြီးသည်။ လူဦးရေအတွက် လိုအပ်သော ကျန်းမာရေးနှင့်ပညာရေး အသုံးစရိတ်များ၏ သဘာဝသည် အသက်နှင့် ကျား/မအလိုက် လူဦးရေပျံ့နှံ့မှုအပေါ် မူတည်နေသည်။ လူဦးရေအတွက် လိုအပ်သော စီမံအုပ်ချုပ်မှုနှင့် လုံခြုံရေးလိုအပ်ချက်များ (Administrative and security requirements) သည် ဒေသအလိုက် လူဦးရေပျံ့နှံ့မှုနှင့် သက်ဆိုင်သည်။

လူဦးရေ၏ အမှန်အရွယ်အစား (actual size) သည်လည်း အရေးကြီးပေသည်။ လူဦးရေ ပမာဏကြီးမားသည်နှင့်အမျှ စားသုံးမှုပမာဏ (volume of consumpution) လည်းကြီးမားလာသည်။ စားသုံးမှုပမာဏကို ဈေးကွက်အရွယ်အစား (size of the market) ဟုခေါ်ဝေါ်လေ့ရှိသည်။ ဈေးကွက် အရွယ်အစား ကြီးမားလျှင် စကေးကြီးထုတ်လုပ်မှု နည်းလမ်းများ (large-scale production methods) ကို အသုံးပြုနိုင်ပြီး ကုန်စည်နှင့်ဝန်ဆောင်မှုများအား စရိတ်သက်သာစွာ ထုတ်လုပ်နိုင်ပါမည်။

လူဦးရေကို ကုန်စည်နှင့် ဝန်ဆောင်မှုများအား စားသုံးသူများအဖြစ် လေ့လာရာတွင် လက်ငင်း စားသုံးမှုသာမက အနာဂတ်စားသုံးမှုကိုပါ စဉ်းစားရပါမည်။ အကြောင်းမှာ လူဦးရေ တိုးတက်မှုက အနာဂတ်မျိုးဆက်၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ စားသုံးမှုကို ပြဋ္ဌာန်းပေးနေသောကြောင့်ဖြစ်သည်။

လူဦးရေ တိုးတက်လာသည်နှင့်အမျှ စားသုံးမှုတိုးတက်နေမည်ဖြစ်သောကြောင့် တိုးချဲ့လုပ်ရမည်။ ထိုအခါ အရင်းအနှီး ပိုမိုလိုအပ်လာမည်။ သို့ဖြစ်ရာ လူဦးရေတိုးတက်မှုနှုန်းသည် စီးပွားရေးအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုနှုန်းကို ပြဌာန်းပေးသည့်အရေးကြီးသောအချက်ဖြစ်လာသည်။

## ၄-၅။ အနေတော်လူဦးရေ

**Optimum Population**

နိုင်ငံတစ်နိုင်ငံတွင် လူဦးရေ၏ထူးခြားချက်တစ်ရပ်မှာ လူဦးရေသိပ်သည်းမှု (density of population) ဖြစ်သည်။ **လူဦးရေသိပ်သည်းမှုကို မြေဧရိယာတစ်ယူနစ်တွင် နေထိုင်သော လူဦးရေဖြင့် တိုင်းတာသည်။** မြန်မာနိုင်ငံတွင် လူဦးရေသိပ်သည်းမှုကို မြေတစ်စတုရန်းမိုင်တွင် နေထိုင်သော လူဦးရေဖြင့် တိုင်းတာသည်။ မြန်မာနိုင်ငံ မြေဧရိယာသည် (၂၆၁၂၂၈) စတုရန်းမိုင် သို့မဟုတ် (၆၇၆၅၇၈) စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းပြီး မြန်မာနိုင်ငံ၏ (၂၀၀၄) ခုနှစ် လူဦးရေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် (၁၃၅)ယောက်ခန့် သို့မဟုတ်တစ်စတုရန်း ကီလိုမီတာလျှင် (၈၀) ယောက်ခန့် ရှိပါသည်။ ၎င်းသည် မြန်မာနိုင်ငံတစ်ခုလုံးအတွက်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုစီ အလိုက် လူဦးရေ သိပ်သည်းမှုများကို တွက်ချက်နိုင်သည်။ ၂၀၀၄ ခုနှစ် ခန့်မှန်းခြေစာရင်းအရ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လူဦးရေသိပ်သည်းမှုကို ဇယား (၄. ၁၀)တွင် ဖော်ပြထားသည်။

ဇယား(၄. ၁၀)တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ လူဦးရေသိပ်သည်းမှုများ ကွဲပြားကြောင်း တွေ့မြင်နိုင်သည်။ တစ်စတုရန်းကီလိုမီတာလျှင် (၆၂၂) ယောက်ရှိသော ရန်ကုန်တိုင်းဒေသကြီးသည် သိပ်သည်းမှုအများဆုံးဖြစ်ပြီး (၁၄) ယောက်သာရှိသော ချင်းပြည်နယ်သည် သိပ်သည်းမှုအနည်းဆုံးဖြစ်သည်။

ဇယား (၄. ၁၀)တွင်ဖော်ပြထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် လူဦးရေ သိပ်သည်းမှု ပုံစံသည် ဇယား(၄. ၅)တွင် ဖော်ပြထားသည့်ဒေသအလိုက် လူဦးရေပျံ့နှံ့မှုပုံစံနှင့် လုံးဝကွဲပြားခြားနား ကြောင်း တွေ့ရှိရသည်။

ဇယား (၄. ၁၀)။တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အကျယ်အဝန်း၊ လူဦးရေသိပ်သည်းမှု (၂၀၀၄ ခုနှစ်)

| ပြည်နယ်/တိုင်းဒေသကြီး | ဧရိယာ (စတုရန်းကီလိုမီတာ) | စတုရန်းတစ်ကီလိုမီတာအတွင်းရှိ ပျမ်းမျှလူဦးရေ |
|---|---|---|
| ကချင်ပြည်နယ် | ၈၉၀၄၂ | ၁၆ |
| ကယားပြည်နယ် | ၁၁၇၃၂ | ၂၆ |
| ကရင်ပြည်နယ် | ၃၀၃၈၃ | ၅၄ |
| ချင်းပြည်နယ် | ၃၆၀၁၉ | ၁၄ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၉၃၇၀၃ | ၆၃ |
| တနင်္သာရီတိုင်းဒေသကြီး | ၄၃၃၄၅ | ၃၅ |
| ပဲခူးတိုင်းဒေသကြီး | ၃၉၄၀၄ | ၁၄၀ |
| မကွေးတိုင်းဒေသကြီး | ၄၄၈၂၀ | ၁၁၃ |
| မန္တလေးတိုင်းဒေသကြီး | ၃၇၉၄၅ | ၂၀၀ |
| မွန်ပြည်နယ် | ၁၂၂၉၇ | ၂၂၈ |
| ရခိုင်ပြည်နယ် | ၃၆၇၇၈ | ၈၂ |
| ရန်ကုန်တိုင်းဒေသကြီး | ၁၀၁၇၀ | ၆၂၂ |
| ရှမ်းပြည်နယ် | ၁၅၅၈၀၁ | ၃၄ |
| ဧရာဝတီတိုင်းဒေသကြီး | ၃၅၁၃၇ | ၂၁၂ |
| မြန်မာနိုင်ငံ | ၆၇၆၅၇၈ | ၈၀ |

ဇာစ်မြစ်။ ။ Ministry of Labour, Handbook on Human Resources Development Indicators, 2005

အချို့ဒေသများ (ဥပမာ- ရှမ်းပြည်နယ်) သည် လူဦးရေပမာဏ ကြီးမားသော်လည်း လူဦးရေ သိပ်သည်းမှုနည်းပြီး၊ အချို့ဒေသများ (ဥပမာ- မွန်ပြည်နယ်)တွင် လူဦးရေနည်းသော်လည်း သိပ်သည်းမှု များကြောင်း တွေ့ရှိရသည်။

**ဘောဂဗေဒဘာသာရပ်တွင် ဒေသတစ်ခုအတွင်း မှန်ကန်သော လူဦးရေပမာဏ (correct size of population) ကို ၎င်းဒေသ၏ အနေတော်လူဦးရေ (optimum population)** ဟုသတ် မှတ်သည်။ သို့ပင်ဖြစ်လင့်ကစား ဒေသတစ်ခုအတွက် အနေတော်လူဦးရေကို ခန့်မှန်းရန်လွန်စွာခဲယဉ်းသည်။

လူအများသည် **မိမိတို့အသက်မွေးဝမ်းကျောင်းမှုအတွက်** လုပ်ကိုင်နိုင်မည့် ဒေသများတွင် **နေထိုင်လိုကြကြောင်းကို** အများသိရှိပြီးဖြစ်သည်။ ရှေးကာလက လူများသည် **မိမိတို့၏အခြေခံလိုအပ်ချက်များဖြစ်သည့်** စားဝတ်နေရေးအတွက် ကုန်စည်များအားလုံးကို တိုက်ရိုက်ထုတ်လုပ်နိုင်သည့် **နေရာများတွင် နေထိုင်လာခဲ့သည်။** နောက်ပိုင်းတွင် ကုန်သွယ်မှုလုပ်ငန်းများ ပေါ်ပေါက်လာသည့်အခါ အခြေခံလိုအပ်ချက်များအတွက် ကုန်စည်များအားလုံးကို ဒေသအတွင်းရရှိရေးသည် အရေးပါမှု လျော့လာပြီး လူများသည် ထုတ်လုပ်မှုကို ဖောက်ချလုပ်နိုင်မည့် သို့မဟုတ် ကုန်သွယ်မှု အခွင့်အလမ်းများရှိမည့် **ဒေသများတွင် စတင်နေထိုင်လာကြသည်။**

ဒေသတစ်ခု၏ ထုတ်လုပ်မှုအရင်းအမြစ်များ သို့မဟုတ် သယံဇာတများက ထောက်ပံ့ပေးနိုင်မည့် လူဦးရေပမာဏတွင် ကန့်သတ်ချက်များရှိသည်။ အကယ်၍ လူဦးရေများလွန်းပါက လူတစ်ဦးစီအတွက် သယံဇာတများ ဝေစုနည်းပါးပြီး ထုတ်လုပ်မှုသည်ထိရောက် လိမ့်မည်မဟုတ်ပါ။ အကယ်၍ လူဦးရေနည်းပါက လုပ်သားဦးရေနည်းလွန်းခြင်း၊ ကုန်ထုတ်လုပ်ငန်းများမှ ကုန်ထွက်များအတွက် ဝယ်လိုအား နည်းပါးခြင်းတို့ကြောင့် ရှိနေသော သယံဇာတများအား ထိရောက်စွာ အသုံးပြုနိုင်လိမ့်မည်မဟုတ်ပါ။ မှန်ကန်သော သို့မဟုတ် အနေတော်လူဦးရေဖြစ်စေရေး ပြဿနာသည် ဒေသတစ်ခုအတွင်းရှိ လူဦးရေပမာဏနှင့် ၎င်းဒေသရှိ ထုတ်လုပ်နိုင်မှု အခွင့်အလမ်းများ ချိန်ကိုက်မှု ပြဿနာပင်ဖြစ်သည်။

ဒေသတစ်ခုရှိ ထုတ်လုပ်နိုင်မှု အခွင့်အလမ်းများသည် ၎င်းဒေသရှိ ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေးအရင်းအမြစ်များ (material economic resources) ရရှိနိုင်မှုပေါ်မူတည်သည်။ ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေးအရင်းအမြစ်များတွင် သဘာဝအရင်းအမြစ်များ (natural resources) နှင့် လူသားတို့ ဖန်တီးထားသည့် အရင်းအမြစ်များ (man-made resources) ပါဝင်သည်။

သဘာဝ အရင်းအမြစ်များတွင် မြေပေါ် (ဥပမာ- သစ်တောများနှင့်တိရစ္ဆာန်များ) နှင့် မြေအောက် (ဥပမာ-သတ္တုများ)၊ မြစ်များ၊ ကန်များ၊ ပင်လယ်ရေပိုင်နက်များ (territorial seas) နှင့် ၎င်းရေအောက်ရှိ အရာအားလုံးပါဝင်သည်။ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေပြင်ပိုင်နက် ဥပဒေ (International Sea Law Convention) အရ မြန်မာနိုင်ငံ၏ ပိုင်နက် (Territory) သည် (၁၂) မိုင်တိုးချဲ့ပြီး၊ ပင်လယ်ရေပြင်ပိုင်နက် သီးသန့်စီးပွားရေးဇုံ (Exclusive Economic Zone) သည် ပင်လယ်ကမ်းရိုးတန်းမှ မိုင် (၂၀၀) ထိရှိသည်။

တည်နေရာအနေအထား (Location) သည်လည်း သဘာဝအရင်းအမြစ်ပင် ဖြစ်သည်။ ဥပမာ - ဆူးအက်ဒေသ (Suez region)၊ ပနားမားဒေသ (Panama region)၊ စင်ကာပူ (Singapore) တို့သည် သယ်ယူပို့ဆောင်ရေးနှင့် ကုန်သွယ်ရေးကို့အတွက် အချက်အချာကျသည့် နေရာဖြစ်သည့်အားလျော်စွာ တည်နေရာနှင့် သက်ဆိုင်သည့် အကျိုးကျေးဇူးများ ရရှိနေပေသည်။

လူသားတို့ ဖန်တီးထားသော အရင်းအမြစ်များတွင် စက်ရုံအလုပ်ရုံများ၊ သယ်ယူပို့ဆောင်ရေး၊ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် ဆည်မြောင်းလုပ်ငန်းများ၊ အိမ်ရာအဆောက်အအုံများ စသည်တို့ ပါဝင်

သည်။ တစ်ခါတစ်ရံ အရင်းအမြစ်များသည် သဘာဝအရင်းအမြစ်သော သို့တည်းမဟုတ် လူသားတို့ ဖန်တီးထားသည့် အရင်းအမြစ်များလောဟူ၍ ကောင်းစွာခွဲခြား မရနိုင်သည့် အခြေအနေမျိုးလည်းရှိသည်။ ဥပမာ - ပြန်လည်စိုက်ပျိုးထားသော သစ်တောများ၊ ပင်လယ်ပြင်မှ ပြန်လည်ဖော်ထုတ်ထားသော မြေယာများ စသည်တို့ဖြစ်သည်။ ထိုအခြေအနေများသည် ချို့တဲ့သော သဘာဝအရင်းအမြစ်တို့ကိုပင် ပိုမိုကောင်းမွန်လာအောင် လူသားတို့က (တတ်ကျွမ်းလိမ္မာပါက) ပြုပြင်နိုင်စွမ်းရှိကြောင်းဖော်ပြသည်။ ထို့ကြောင့် သဘာဝအရင်း အမြစ်များရရှိနိုင်မှုသည် ပုံသေယူဆ၍မရပေ။ လူသားတို့၏ အသိဉာဏ်စွမ်းအားက ၎င်းအရာများအား အသုံးပြုနိုင်သည့် နည်းလမ်းသစ်များကို ရှာဖွေတွေ့ရှိနိုင်ပေသည်။ နည်းပညာဆိုင်ရာဖွံ့ဖြိုးမှု (technological development) က မြေဩဇာမကောင်းသောမြေများကို မြေဩဇာကောင်းသောမြေအဖြစ် အသွင်ပြောင်းစေခြင်း၊ လူသားတို့ ရောက်ရှိရန်ခက်ခဲသော ဒေသများအား ရောက်ရှိစေနိုင်ခြင်း၊ ဓာတ်မြစ်အားလုံးမှ စွမ်းအင် (motive power) ကိုရယူနိုင်ခြင်း၊ သီးနှံများနှင့် တိရစ္ဆာန်အထွက်နှုန်းကို မြင့်မားစေခြင်း စသည့်အကျိုးထူးများ ရရှိစေသည်။ နည်းပညာသစ် တစ်ခုဖွံ့ဖြိုးတိုင်းကမ္ဘာပေါ်တွင် ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေးအရင်းအမြစ်များ တိုးလာလေသည်။

ဒေသတစ်ခုတွင် လူဦးရေပမာဏသည် ထိုဒေသအတွင်းရှိ ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေး အရင်းအမြစ်များက မည်မျှထောက်ပံ့နိုင်သည်ဟူသော အချက်ပေါ်မူတည်သည်ကို လက်ခံထားသော်လည်း အချိန်တစ်ချိန်တွင် ၎င်းပမာဏ မည်မျှဆိုသည်ကို အတိအကျ ဖော်ပြနိုင်ရန် ခဲယဉ်းပေသည်။ အကြောင်းမှာ နည်းပညာဖွံ့ဖြိုးမှုသည် အမြဲတစေဖြစ်ပေါ်နေပြီး ၎င်းကရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေးအရင်းအမြစ်များအား ပိုမိုမြင့်တင်ပေးနေသည့်အတွက် ၎င်းဒေသ၏ အနေတော်လူဦးရေသည်လည်း အမြဲပြောင်းလဲနေလိမ့်မည်ဖြစ်သည်။

မည်သို့ပင်ရှိစေ ကမ္ဘာ့စီးပွားရေးသမိုင်းတွင် လူဦးရေနှင့် ရုပ်ဝတ္ထုဆိုင်ရာ စီးပွားရေး အရင်းအမြစ်များ ဘက်မညီသည့်သာဓကများရှိခဲ့သည်။ ဒေသတစ်ခုတွင် လူဦးရေများပြားလာလွန်းသဖြင့် ၎င်းဒေသရှိ စီးပွားရေးအရင်းအမြစ်များဖြင့် ကောင်းစွာမဖြည့်ဆည်းနိုင်သည့် သာဓကများ ရှိခဲ့သည်။ ၎င်းအခြေအနေမျိုးကို လူဦးရေများလွန်းခြင်း (over-population) ဟုခေါ်သည်။ အလားတူပင် ရရှိနိုင်သည့် စီးပွားရေးအရင်းအမြစ်များထက် လူဦးရေ နည်းလွန်းခြင်းလည်း ရှိခဲ့သည်။ ၎င်းအခြေအနေမျိုးကို လူဦးရေနည်းလွန်းခြင်း (under-population)ဟုခေါ်သည်။ လူဦးရေများလွန်းခြင်းနှင့် လူဦးရေနည်းလွန်းခြင်း အခြေအနေနှစ်မျိုးလုံးသည် မလိုလားအပ်ပေ။ လူဦးရေများလွန်းလျှင် လုပ်သားတစ်ဦးစီးအတွက် ရရှိနိုင်သော သယံဇာတများ နည်းပါးလွန်းသဖြင့်ထိရောက်စွာထုတ်လုပ်နိုင်လိမ့်မည် မဟုတ်ပါ။ ထို့ပြင် လူဦးရေစုပြုံကျပ်တည်းမှု (congestion) ကြောင့်နေထိုင်မှုအခြေအနေများ ဆိုးရွားနိုင်သည်။ ထို့အတူ လူဦးရေနည်းလွန်းလျှင်လည်း ဇောက်ချလုပ်ကိုင်ခြင်းနှင့် စကေးကြီးထုတ်လုပ်မှုတို့အတွက် ဖြစ်နိုင်ချေများနည်းပါးသဖြင့် ထုတ်လုပ်မှုမထိရောက်နိုင်ပေ။ လူဦးရေများလွန်းခြင်း သို့မဟုတ် လူဦးရေနည်းလွန်းခြင်းမရှိသော အခြေအနေကို အနေတော်လူဦးရေ အခြေအနေ ဟုခေါ်သည်။ ၎င်းသဘောတရားသည် ဘောဂဗေဒဘာသာရပ်တွင် အလွန်အသုံးဝင်သည်။

လူဦးရေသည် သဘာဝအလျောက်တိုးလာမည့် အလားအလာရှိသောကြောင့် အနေတော်လူဦးရေ သဘောတရားသည် တိုးလာမည့်လူဦးရေအတွက် နည်းပညာဖွံ့ဖြိုးမှုနှင့် လူတို့ဖန်တီးသော အရင်းအမြစ်များဖြင့် ထောက်ပံ့ရန်လိုအပ်ကြောင်းကို ထင်ရှားစေသည်။

## ၄-၆။ နိဂုံး

ဤအခန်းတွင် နိုင်ငံ၏စီးပွားရေးလုပ်ဆောင်ချက်များနှင့် ဆက်စပ်နေသော လူဦးရေနှင့် ပတ်သက်သည့်အချက်များကို ဆွေးနွေးခဲ့သည်။ အထူးသဖြင့် လူဦးရေ၏ အရေးပါမှုကို ထုတ်လုပ်သူများနှင့် စားသုံးသူများအဖြစ် လေ့လာခဲ့သည်။ မြန်မာနိုင်ငံလူဦးရေနှင့် ပတ်သက်သည့် ကိန်းဂဏန်းအချက်အလက်များကို ဖော်ပြခဲ့သည်။ ထို့ပြင် လူဦးရေကို လေ့လာရာတွင် အသုံးပြုသော အတိုင်းအတာအချို့ကိုလည်း ဖော်ပြခဲ့သည်။ ၎င်းတို့မှာ မွေးဖွားနှုန်း၊ သေနှုန်း၊ အသားတင် ရွှေ့ပြောင်းမှု၊ ကျား/မ အချိုး၊ မှီခိုမှုအချိုး၊ လုပ်သားအင်အား ပါဝင်မှုအချိုးကြမ်းနှင့် မြို့ပေါ်ရွှေ့ပြောင်းနှုန်းတို့ဖြစ်သည်။ လုပ်သားအင်အား၏ ကဏ္ဍအလိုက် ပျံ့နှံ့မှုကို ဆွေးနွေးရာတွင် စီးပွားရေးအဆောက်အအုံ၏ ထုတ်လုပ်မှုကဏ္ဍ၊ ပထမဆင့်၊ ဒုတိယဆင့်နှင့် တတိယဆင့်ကဏ္ဍများအဖြစ် ခွဲခြားရှင်းလင်းခဲ့သည်။ နောက်ဆုံးတွင် အနေတော်လူဦးရေ သဘောတရားကို ဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာ၌ လူဦးရေများလွန်းခြင်း၊ လူဦးရေနည်းလွန်းခြင်းနှင့် နည်းပညာ ဖွံ့ဖြိုးမှုစသည့် အရေးကြီးသောအကြောင်းအရာများကိုပါ ဖော်ပြဆွေးနွေးခဲ့သည်။

---

## အနှစ်ချုပ်

(၁) တိုင်းပြည်တွင်းရှိ လုပ်သားအင်အားသည် တိုင်းပြည်၏ လူဦးရေအပေါ် မူတည်သည်။

(၂) နိုင်ငံရှိလူဦးရေသည် နိုင်ငံ၏ စားသုံးသူများလည်း ဖြစ်သည်။

(၃) လူဦးရေကို ယေဘုယျအားဖြင့် အောက်ပါအတိုင်း လေ့လာထားသည်။

- (က) စုစုပေါင်းလူဦးရေပမာဏနှင့် တိုးတက်မှုနှုန်း
- (ခ) အသက်နှင့် ကျား/မ အလိုက် လူဦးရေပျံ့နှံ့မှု
- (ဂ) ဒေသအလိုက် လူဦးရေပျံ့နှံ့မှု
- (ဃ) အလုပ်အကိုင်အလိုက် နှင့် ကဏ္ဍအလိုက် လူဦးရေပျံ့နှံ့မှု
- (င) လူဦးရေသိပ်သည်းမှု

(၄) နှစ်စဉ်လူဦးရေ တိုးတက်မှုနှုန်းသည် ထိုနှစ်အတွင်း မွေးဖွားသူဦးရေ၊ သေဆုံးသူဦးရေ၊ ပြည်ပမှ ဝင်ရောက်လာသူဦးရေနှင့် ပြည်ပသို့ထွက်ခွာသွား သူဦးရေပေါ် မူတည်သည်။

(၅) မွေးဖွားသူဦးရေနှင့်စုစုပေါင်းလူဦးရေတို့၏အချိုးကိုမွေးဖွားနှုန်းကြမ်း (crude birth-rate) ဟု ခေါ်သည်။

(၆) သေဆုံးသူဦးရေနှင့်စုစုပေါင်းလူဦးရေတို့၏အချိုးကိုသေနှုန်းကြမ်း (crude death-rate) ဟုခေါ်သည်။

(၇) ပြည်ပမှဝင်လာသူနှင့် ပြည်ပသို့ထွက်ခွာသူတို့၏ ခြားနားချက်ကို အသားတင်ပြောင်းရွှေ့မှု (net migration) ဟုခေါ်သည်။

(၈) အသက်နှင့် ကျား/မအလိုက်ပျံ့နှံ့မှုသည် လူဦးရေကို အသက်နှင့် ကျား/မအုပ်စုများအဖြစ် ခွဲခြားဖော်ပြထားခြင်းဖြစ်သည်။

(၉) **ကျား/မအချိုးသည် လူဦးရေတွင်ပါဝင်သော အမျိုးသားများနှင့် အမျိုးသမီးများ အချိုးအစား ဖြစ်ပြီး အမျိုးသမီး(၁၀၀)လျှင်ရှိသော အမျိုးသားဦးရေကို ဖော်ပြပါသည်။**

(၁၀) **မှီခိုသူလူဦးရေနှင့် အလုပ်လုပ်သူလူဦးရေတို့၏ အချိုးအစားကို မှီခိုမှုအချိုး (dependency ratio) ဟုခေါ်သည်။**

(၁၁) **ဒေသအလိုက် လူဦးရေပျံ့နှံ့မှုသည် နိုင်ငံ၏ ဒေသအသီးသီးတွင် လူဦးရေမည်မျှ နေထိုင်သည်ကို ဆိုလိုသည်။**

(၁၂) မြို့နေလူဦးရေ တိုးတက်လာသောနှုန်းထားကို မြို့ပြတိုးတက်မှုနှုန်း **(rate of urbanization)** ဟုခေါ်သည်။

(၁၃) လုပ်သားအင်အားကို အလုပ်အကိုင်အမျိုးမျိုးအရ ခွဲခြားထားခြင်းကို အလုပ်အကိုင်အလိုက် လူဦးရေပျံ့နှံ့မှု **(occupational distribution)** ဟုခေါ်သည်။

(၁၄) လုပ်သားအင်အားကို စီးပွားရေးကဏ္ဍအသီးသီးအလိုက် ခွဲခြားထားခြင်းကို ကဏ္ဍအလိုက် လုပ်သားအင်အား ပျံ့နှံ့မှုဟုခေါ်သည်။ ကဏ္ဍအလိုက်ပျံ့နှံ့မှုကို တစ်ခါတစ်ရံ လုပ်ငန်းစုအလိုက် ပျံ့နှံ့မှု **(industrial distribution)** ဟုခေါ်လေ့ရှိသည်။

(၁၅) လူဦးရေသိပ်သည်းမှု (density of population) ကို မြေဧရိယာတစ် စတုရန်း မိုင်/ စတုရန်း ကီလိုမီတာတွင် နေထိုင်သော လူဦးရေဖြင့် တိုင်းတာသည်။

(၁၆) စုစုပေါင်းလူဦးရေတွင် လုပ်သားအင်အားပါဝင်သော အချိုးအစားကို လုပ်သားအင်အား ပါဝင်မှုအချိုးကြမ်း (crude labour participation rate) (သို့မဟုတ်) လုပ်ဆောင်မှုအချိုး (crude activity rate) ဟုခေါ်သည်။

(၁၇) အနေတော်လူဦးရေ (optimum population) ဆိုသည်မှာ ဒေသတစ်ခုအတွင်း မှန်ကန်သော လူဦးရေပမာဏ (correct size of population) ဖြစ်သည်။

(၁၈) လူဦးရေများလွန်းခြင်း (over-population) ဆိုသည်မှာ ဒေသတစ်ခုတွင် လူဦးရေများပြားလာလွန်းသဖြင့် ထိုလူဦးရေအတွက် စီးပွားရေးအရင်းအမြစ်များဖြင့် ကောင်းစွာမဖြည့်ဆည်းနိုင်သည့် အခြေအနေမျိုးဖြစ်သည်။

(၁၉) လူဦးရေနည်းလွန်းခြင်း (under population) ဆိုသည်မှာ ရနိုင်သည့် စီးပွားရေးအရင်းအမြစ်

များထက် လူဦးရေက ပိုမြန်နည်းနေသည့်အတွက် စွမ်းဆောင်ရည် ပြည့်ဝစွာမထမ်းဆောင်နိုင်သည့် အခြေအနေမျိုး ဖြစ်သည်။

(၂၀) ကုန်ကြမ်းများထုတ်လုပ်မှုကို ပထမအဆင့်ကဏ္ဍ (primary -production)၊ ကုန်ကြမ်းများအား ကုန်ချောဖြစ်အောင် ပြုပြင်မွမ်းမံခြင်းကို ဒုတိယအဆင့်ကဏ္ဍ (secondary-production)၊ ဝန်ဆောင်မှုများ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းကို တတိယအဆင့်ကဏ္ဍ (tertiary-production) ဟုခေါ်သည်။

---

## ဝေါဟာရများ

| | |
|---|---|
| - လူဦးရေတိုးတက်မှုနှုန်း | - အသားတင်ရွှေ့ပြောင်းမှု |
| - အသက်နှင့်ကျား/မအလိုက် လူဦးရေပျံ့နှံ့မှု | - အသားတင်ရွှေ့ပြောင်းမှုနှုန်း |
| - ကျား/မ အချိုး | - လုပ်သားအင်အားပါဝင်မှုအချိုးကြမ်း |
| - မှီခိုမှုအချိုး | - ပထမအဆင့်ထုတ်လုပ်မှု |
| - ဒေသအလိုက် လူဦးရေပျံ့နှံ့မှု | - ဒုတိယ အဆင့်ထုတ်လုပ်မှု |
| - မြို့ပြတိုးတက်မှုနှုန်း | - တတိယအဆင့်ထုတ်လုပ်မှု |
| - အလုပ်အကိုင်အလိုက် လုပ်သားအင်အားပျံ့နှံ့မှု | - လုပ်သားပြောင်းရွှေ့မှု |
| - ကဏ္ဍအလိုက် လုပ်သားအင်အားပျံ့နှံ့မှု | - လူဦးရေသိပ်သည်းမှု |
| - မွေးဖွားနှုန်းကြမ်း | - အနေတော်လူဦးရေ |
| - သေနှုန်းကြမ်း | - လူဦးရေများလွန်းခြင်း |
| | - လူဦးရေနည်းလွန်းခြင်း |

---

**လေ့ကျင့်ခန်းများ**

**(က) မှား/မှန်မေးခွန်းများ**

၁။ သေနှုန်းလျှော့ချမြန်စွာကျဆင်းခြင်းသည် ပြည်သူတို့၏ ကျန်းမာရေး ပိုမိုကောင်းမွန်လာခြင်းကို ထင်ဟပ်ပေါ်လွင်လာစေသည်။

၂။ ယခုနိုင်ငံအများစုတွင် အလုပ်လုပ်နိုင်သောလူဦးရေကို အသက်အပိုင်းအခြားအလိုက် သတ်မှတ်ရာ၌ အသက်(၁၅)နှစ် နှင့် (၆၄)အတွင်း သတ်မှတ်သည်။

၃။ ပို့ဆောင်ဆက်သွယ်ရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်မှုကဏ္ဍတို့သည် နိုင်ငံ၏ ဒုတိယအဆင့်ကဏ္ဍများ ဖြစ်သည်။

၄။ သဘာဝအရင်းအမြစ်နှင့် လူသားတို့ဖန်တီးထားသည့် အရင်းအမြစ်ကို ကောင်းစွာခွဲခြား သိရှိနိုင်သည်။

၅။ ဒေသတစ်ခုအတွက် အနေတော်လူဦးရေကို ခန့်မှန်းရန်လွယ်ကူပါသည်။

## (ခ) ကွက်လပ်ဖြည့်မေးခွန်း

၁။ မွေးဖွားသူဦးရေနှင့် စုစုပေါင်းလူဦးရေတို့၏ အချိုးကို ---------------- ဟုခေါ်သည်။

၂။ မှီခိုမှုအချိုးမှာ မှီခိုသူလူဦးရေနှင့် --------------- လူဦးရေတို့၏ အချိုးအစားဖြစ်သည်။

၃။ လုပ်သားအင်အားကို အလုပ်အကိုင်အမျိုးမျိုးအရ ခွဲခြားထားခြင်းကို ---------------အလိုက် လူဦးရေပျံ့နှံ့မှုဟုခေါ်သည်။

၄။ မြို့ပြဒေသများတွင် လူနေထိုင်မှု ပိုမိုများပြားလာပါက လူတို့၏ ------------ ပုံသဏ္ဌာန် ကွာခြားလာနိုင်သည်။

၅။ မြန်မာနိုင်ငံတွင် လူဦးရေသိပ်သည်းမှုကို မြေ ----------------- တွင် နေထိုင်သော လူဦးရေ ဖြင့်တိုင်းတာသည်။

## (ဂ) ရွေးချယ်မှုမေးခွန်း

၁။ လူနေမှုအဆင့်အတန်းကို မြှင့်တင်လိုပါက ထုတ်လုပ်မှုသည် လူဦးရေတိုးတက်မှုထက် (က) ပိုမို လျင်မြန်သော (ခ) တူညီသော (ဂ) လျော့နည်းသော နှုန်းထားဖြင့် တိုးတက်ရန်လိုအပ်ပေသည်။

၂။ မြန်မာနိုင်ငံ၏ မြို့ပြတွင် အိမ်ထောင်စုဝင်ဦးရေသည် ကျေးလက်အိမ်ထောင်စုဝင်ဦးရေနှင့် နှိုင်းယှဉ်လျှင် (က) များသည် (ခ)နည်းသည် (ဂ)တူသည်။

၃။ လူဦးရေတိုးတက်မှုနှုန်းသည် စီးပွားရေးအဆောက်အအုံအတွက် ရင်းနှီးမြှုပ်နှံမှုနှုန်းကိုပြဋ္ဌာန်း ရန် (က) အရေးမကြီးပါ (ခ)အရေးကြီးသည် (ဂ) မည်သို့မျှမသက်ဆိုင်ပါ။

၄။ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေပြင် ပိုင်နက်ဥပဒေအရ မြန်မာနိုင်ငံ၏ ပင်လယ်ရေ ပြင်ပိုင်နက် သီးသန့်စီးပွားရေးဇုံသည် ပင်လယ်ကမ်းရိုးတန်းမှ (က) (၁၂) မိုင်ထိရှိသည် (ခ) မိုင် (၂၀၀) ထိ ရှိသည် (ဂ) မိုင်(၂၅၀)ထိရှိသည်။

၅။ မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးကဏ္ဍသည် (က) ပထမဆင့်ကဏ္ဍ (ခ) ဒုတိယဆင့်ကဏ္ဍ (ဂ) တတိယဆင့်ကဏ္ဍ တွင်ပါဝင်သည်။

## (ဃ) မေးခွန်းများ

၁။ လူဦးရေတည်ဆောက်ပုံတွင် ပါဝင်သည့် အချက်များကို ဖော်ပြပါ။

၂။ လူဦးရေ နှစ်စဉ်တိုးတက်မှုသည် မည်သည့်အချက်များပေါ် မူတည်နေသနည်း။

၃။ နိုင်ငံတစ်နိုင်ငံ၏ မွေးနှုန်းကြမ်း၊ သေနှုန်းကြမ်း၊ အသားတင်ပြောင်းရွှေ့မှု၊ ကျား/မအချိုး၊ မှီခိုမှုအချိုး၊ လုပ်သားပါဝင်မှုအချိုးကြမ်းနှင့် လူဦးရေသိပ်သည်းမှုတို့ကို မည်သို့တွက်ချက်နိုင်သနည်း။

၄။ မြန်မာနိုင်ငံလူဦးရေ၏ ဒေသအလိုက်ပျံ့နှံ့မှုကို ရှင်းပြပါ။

၅။ အနေတော်လူဦးရေဆိုသည်ကို သင်မည်သို့ နားလည်သနည်း။ လူဦးရေများလွန်းခြင်းနှင့် လူဦးရေနည်းလွန်းခြင်းတို့ကို ဖော်ပြပါ။

# အခန်း (၅)
# မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံ

**Economic Structure of Myanmar**

## ၅. ၁။ နိဒါန်း

ဤအခန်းတွင် မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံကို လေ့လာမည်။ **နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံဆိုသည်မှာ ထိုနိုင်ငံ၏ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးမှုစသည့် စီးပွားရေးလုပ်ဆောင်ချက်များ (economic activities) ၏ ဆောင်ရွက်သည့် ပုံသဏ္ဍာန်ဖြစ်သည်။** ထုတ်လုပ်မှုနှင့်ပတ်သက်၍ တိုင်းပြည်၏ ထုတ်လုပ်မှုပုံသဏ္ဍာန် (productive structure) ကို လေ့လာရန်လိုသည်။ ထုတ်လုပ်မှုပုံသဏ္ဍာန်ကို စီးပွားရေးကဏ္ဍများ (economic sectors) ခွဲ၍ လေ့လာနိုင်သည်။ **စီးပွားရေးကဏ္ဍဆိုသည်မှာ ကုန်စည်ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုနှင့်ပတ်သက်သည့် လက္ခဏာရပ်များ (characteristics) တူညီသည့် စီးပွားရေးလုပ်ငန်းများကို စုပေါင်းထားခြင်းဖြစ်သည်။** ဥပမာ- စီးပွားရေး လုပ်ငန်းများ၏ သဘောသဘာဝသည် သီးနှံပင်များကို စိုက်ပျိုးခြင်းဖြင့် ကုန်စည်ထုတ်လုပ်မှုကို ဆောင်ရွက်ပါက ထိုသဘောသဘာဝလက္ခဏာရှိသည့် စီးပွားရေးလုပ်ငန်းများကို စုပေါင်းပြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဟုသတ်မှတ်သည်။ ထိုနည်းတူစက်ရုံများတွင် ကုန်ကြမ်းနှင့်ကုန်ထုတ်အရင်းအနှီးများကို ပေါင်းစပ်ပြီး ကုန်စည်ထုတ်လုပ်မှုကို ဆောင်ရွက်ပါက ထိုစီးပွားရေးလုပ်ငန်းများကို စုပေါင်းပြီး စက်မှုလက်မှုကဏ္ဍဟုခေါ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကို အောက်ပါအတိုင်း (၁၄) ခုခွဲထားသည်။

၁။ လယ်ယာ

၂။ သားငါး

၃။ သစ်တော

၄။ စွမ်းအင်

၅။ သတ္တုနှင့် တွင်းထွက်ပစ္စည်း

၆။ စက်မှုလက်မှု

၇။ လျှပ်စစ်ဓာတ်အား

၈။ ဆောက်လုပ်ရေး

၉။ ပို့ဆောင်ရေး

၁၀။ ဆက်သွယ်ရေး

၁၁။ ငွေရေးကြေးရေး

၁၂။ လျှပ်စစ်နှင့် စိမ်ခန့်ခွဲရေး

၁၃။ အိမ်ငှားခနှင့် အခြားဝန်ဆောင်မှု

၁၄။ ကုန်သွယ်ရေး

ထုတ်လုပ်မှုနှင့် ဝင်ငွေအတူတူပင်ဖြစ်သဖြင့် စီးပွားရေးကဏ္ဍများမှ ထုတ်လုပ်သည့် ထုတ်ကုန်တန်ဖိုးများကို လေ့လာသုံးသပ်နိုင်ရန် တိုင်းပြည်ဝင်ငွေသဘောကို တင်ပြသွားမည်။

## ၅. ၂။ တိုင်းပြည်ဝင်ငွေ (National Income)

တိုင်းပြည်ဝင်ငွေ တွက်ချက်ရာတွင် ကုန်စည်ထုတ်လုပ်မှုမှ ရရှိသည့်ဝင်ငွေကိုသာ အသုံးပြုသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ တိုင်းပြည်ဝင်ငွေဆိုသည်မှာ ထိုနိုင်ငံ၏ နိုင်ငံသားများ (nationals) မှ တစ်နှစ်အတွင်း ထုတ်လုပ်မှုမှရရှိသော ဝင်ငွေများကိုစုပေါင်းထားသည့် စုစုပေါင်းဝင်ငွေဖြစ်သည်။

ဘောဂဗေဒဘာသာရပ်တွင် ထုတ်လုပ်မှု (production) နှင့်ဝင်ငွေ (income) အတူတူပင် ဖြစ်သည်ဟု သတ်မှတ်ထားသည်။ သို့ဖြစ်၍တိုင်းပြည်ဝင်ငွေ (national income) ကို တိုင်းပြည် ထုတ်ကုန် (national product) ဟုလည်းခေါ်သည်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများမှ နိုင်ငံခြားသားပိုင်လုပ်ငန်း၊ တိုင်းရင်းသားပိုင်လုပ်ငန်းဟူ၍ မခွဲခြားဘဲ ထုတ်လုပ်သည့် ထုတ်ကုန်များကို ပြည်တွင်းထုတ်ကုန် (domestic product) သို့မဟုတ် ပြည်တွင်းဝင်ငွေ (domestic income) ဟုခေါ်သည်။ နိုင်ငံခြားသားပိုင်လုပ်ငန်းများ၏ ထုတ်လုပ်မှုမှရရှိသည့် ထုတ်ကုန်များ မပါဝင်သည့် တိုင်းရင်းသားများ၏ ထုတ်ကုန်များကို တိုင်းပြည်ထုတ်ကုန် (national product) သို့မဟုတ် တိုင်းပြည်ဝင်ငွေ (national income) ဟုခေါ်သည်။

နိုင်ငံတစ်နိုင်ငံမှ နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းအသီးသီးမှ ထုတ်လုပ်လိုက်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်းကို စုစုပေါင်းကုန်ထွက်တန်ဖိုး (value of total output) ဟုခေါ်သည်။ ထိုတန်ဖိုးကို ထုတ်လုပ်မှုမှရရှိသော စုစုပေါင်းထုတ်ကုန်တန်ဖိုး (value of tot l product) ဟု မသတ်မှတ်နိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် ကုန်ထွက်တန်ဖိုးများတွင် ကုန်ကြမ်းတန်ဖိုးများ သို့မဟုတ် ကြားသုံးကုန်စည်များ၏တန်ဖိုးများ ပါဝင်နေသောကြောင့်ဖြစ်သည်။ ကုန်ထွက်တန်ဖိုးမှ ကုန်ကြမ်းတန်ဖိုး နုတ်၍ ရရှိသည့်ထုတ်ကုန်တန်ဖိုးသည်သာ ထုတ်လုပ်မှုမှရရှိသောတန်ဖိုးဖြစ်သည်။ ထို့ကြောင့် စုစုပေါင်းထုတ်ကုန်တန်ဖိုးကို သိလိုပါက စုစုပေါင်းကုန်ထွက်တန်ဖိုးမှ ကုန်ကြမ်းတန်ဖိုးများကိုနုတ်ရမည်။ ထို့ကြောင့် **နှစ်တစ်နှစ်အတွင်း ပြည်တွင်း ရှိစီးပွားရေးလုပ်ငန်းအသီးသီးမှ ထုတ်လုပ်လိုက်သော ထုတ်ကုန်တန်ဖိုးများ စုပေါင်းထားခြင်းကို စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး (Gross Domestic Product – GDP) ဟုခေါ်သည်။**

ဈေးနှုန်းပြောင်းလဲခြင်းသည် တိုင်းပြည်ဝင်ငွေကို ပြောင်းလဲစေနိုင်သော်လည်း ထုတ်လုပ်သည့်

ပမာဏကိုမူ ပြောင်းလဲစေမည်ဟု သေချာစွာမပြောနိုင်ပေ။ သို့ဖြစ်၍ နှစ်အသီးသီး၏ တိုင်းပြည်ဝင်ငွေများကို နှိုင်းယှဉ်လိုပါက ပုံသေဈေးနှုန်းများ (constant prices) သဘောတရားကို အသုံးပြုရမည်။ ပုံသေဈေးနှုန်းများဖြင့် တိုင်းပြည်ဝင်ငွေတွက်မည်ဆိုပါက နှစ်တစ်နှစ်ကိုအခြေခံ နှစ်အဖြစ်သတ်မှတ်ရန် လိုသည်။ ထိုအခြေခံနှစ်၏ဈေးနှုန်းများကို ပုံသေထားပြီးအခြားနှစ်များ၏ တိုင်းပြည်ဝင်ငွေကို တွက်ချက်ရသည်။ **ပုံသေဈေးနှုန်းများအရ တိုင်းပြည်ဝင်ငွေ ဆိုသည်မှာ အခြေခံနှစ်၏ ပေါက်ဈေးများကို အသုံးပြုပြီး အခြားနှစ်များ၏တိုင်းပြည်ဝင်ငွေကို တွက်ချက်ထားခြင်းဖြစ်သည်။ ပုံသေဈေးနှုန်းများအရ တွက်ထားသည့် တိုင်းပြည်ဝင်ငွေသည် အမှန်တိုင်းပြည်ဝင်ငွေ (real national income) ဖြစ်သည်။**

တိုင်းပြည်ဝင်ငွေ၊ ပြည်တွင်းထုတ်ကုန်၊ စုစုပေါင်းပြည်တွင်းထုတ်ကုန် သဘောတရားများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေကို ဆန်းစစ်ရာတွင် အလွန်အရေးပါသည်။ ၎င်းတို့သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံ၏ အရွယ်ပမာဏကိုခြုံငုံဖော်ပြသည်။ ၎င်းတို့၏ နှစ်အလိုက် အမှန်တန်ဖိုးများသည်လည်း စီးပွားရေးတိုးတက်မှုကို ဖော်ပြသည်။ နိုင်ငံတစ်နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (GDP) ကို ထိုနိုင်ငံ၏ စုစုပေါင်းလူဦးရေဖြင့်စားပါက တစ်ဦးကျထုတ်ကုန် (per capita GDP) ကို ရရှိသည်။ တစ်ဦးကျ (GDP) ကို လူနေမှုအဆင့်အတန်း သတ်မှတ်ရာတွင် အသုံးပြုသည်။ မည်သည့် စီးပွားရေးကဏ္ဍမှ မည်မျှထုတ်လုပ်သည်ကို လေ့လာခြင်းဖြင့် ထုတ်လုပ်မှုပုံသဏ္ဌာန်ကို သိရှိနိုင်သည်။ တိုင်းပြည်ဝင်ငွေကို မည်ကဲ့သို့ခွဲဝေအသုံးပြုသည်ကို လေ့လာခြင်းဖြင့် ထိုနိုင်ငံသည် မည်မျှစားသုံးသည်၊ မည်မျှရင်းနှီးမြှုပ်နှံသည်၊ နိုင်ငံခြားသို့မည်မျှတင်ပို့သည်၊ နိုင်ငံခြားမှမည်မျှတင်သွင်းသည် တို့ကို လေ့လာသိရှိနိုင်သည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် (GDP) အချိုးကို အရင်းတည်ဆောက်မှုနှုန်း (rate of capital formation) ဟုခေါ်သည်။** ထိုအချိုးသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှု ရရှိရန် ကြိုးပမ်းရာတွင် အားစိုက်ကြိုးပမ်းမှု အတိုင်းအတာကိုဖော်ပြသည်။ ပို့ကုန်၊ သွင်းကုန်များကို လေ့လာခြင်းအားဖြင့် ပြည်ပကုန်သွယ်မှု အခြေအနေကိုလည်း သိရှိနိုင်သည်။ **ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုးများ ခြားနားမှုကို ကုန်သွယ်မှုလက်ကျန် (trade balance) ဟုခေါ်သည်။** ၎င်းသည် သွင်းကုန်များတင်သွင်းနိုင်ရန် လိုအပ်သည့်နိုင်ငံခြားငွေရရှိနိုင်မှု အခြေအနေကိုလည်းဖော်ပြသည်။ သွင်းကုန်နှင့် GDP အချိုး၊ ပို့ကုန်နှင့် GDP အချိုးတို့သည် နိုင်ငံခြားနှင့် ကုန်သွယ်မှုအပေါ်တွင် မည်မျှမှီခိုအားထားနေရသည်ကို ဖော်ပြသည်။

## ၅-၃။ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု အဆောက်အအုံ

မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးမှ စုစုပေါင်းပြည်တွင်းထုတ်ကုန် GDP တွင်ပါဝင်မှု အတိုင်းအတာကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု အဆောက်အအုံပုံသဏ္ဌာန်ကို သိရှိနိုင်

သည်။ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှု အဆောက်အအုံ ပုံသဏ္ဍာန်ကို ဇယား (၅.၁)တွင် ဖော်ပြထားသည်။ ဇယား (၅.၁) တွင်ဖော်ပြထားသည့် တန်ဖိုးများမှာ ၂၀၀၀-၀၁ ခုနှစ် ပုံသေဈေးနှုန်းများဖြင့် တွက်ထားသည့် တန်ဖိုးများဖြစ်သောကြောင့် အမှန်တန်ဖိုးများဖြစ်သည်။ ဇယား (၅.၁)ကို လေ့လာခြင်းအားဖြင့် ၂၀၀၂-၀၃ ခုနှစ်တွင် လယ်ယာကဏ္ဍသည် စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုးတွင် အများဆုံးပါဝင်နေသည်ကို လေ့လာတွေ့ရှိရသည်။ ဒုတိယအရေးပါသည့်ကဏ္ဍမှာ ကုန်သွယ်မှုကဏ္ဍဖြစ်ပြီး စက်မှုလက်မှုကဏ္ဍသည် တတိယအရေးပါဆုံးဖြစ်သည်။ လယ်ယာကဏ္ဍ၏ ပါဝင်မှုအချိုးသည် ၄၄ ရာခိုင်နှုန်း ဝန်းကျင်တွင်လည်းကောင်း၊ ကုန်သွယ်မှုကဏ္ဍ၏ ပါဝင်မှုအချိုးသည် ၂၃ ရာခိုင်နှုန်းဝန်းကျင်တွင်လည်းကောင်း၊ စက်မှုလက်မှုကဏ္ဍ၏ ပါဝင်မှုအချိုးသည် ၉ရာခိုင်နှုန်း ဝန်းကျင်တွင်လည်းကောင်းရှိသည်။

ဇယား(၅-၁)၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ၂၀၀၁-၀၂ နှင့် ၂၀၀၂-၂၀၀၃

(ထုတ်လုပ်သူများ၏ ၂၀၀၀-၀၁ခုနှစ် ပုံသေဈေးနှုန်းများအရ ဖြစ်သည်။)

| အကြောင်းအရာ | ၂၀၀၁-၀၂ | | ၂၀၀၂-၀၃ | | တိုးတက်မှု ရာခိုင်နှုန်း |
|---|---|---|---|---|---|
| | ကျပ် သန်းပေါင်း | ပါဝင်မှု အချိုးအစား | ကျပ် သန်းပေါင်း | ပါဝင်မှု အချိုးအစား | |
| ၁။ ကုန်ပစ္စည်းထုတ်လုပ်မှုတန်ဖိုး | ၁၈၈၉၆၅၃.၀ | ၆၆.၅ | ၂၀၉၀၈၇၆.၈ | ၆၅.၇ | ၁၀.၆ |
| ၁။ လယ်ယာ | ၁၃၄၆၀၃၀.၃ | ၄၇.၄ | ၁၄၀၉၀၄၁.၃ | ၄၄.၃ | ၄.၇ |
| ၂။ သားငါး | ၂၂၆၈၀၁.၉ | ၈.၀ | ၂၅၈၆၁၉.၉ | ၈.၁ | ၁၄.၀ |
| ၃။ သစ်တော | ၁၅၄၃၆ | ၀.၅ | ၁၆၃၉၅.၂ | ၀.၅ | ၆.၂ |
| ၄။ စွမ်းအင် | ၅၁၇၁.၄ | ၀.၂ | ၆၄၆၅.၉ | ၀.၂ | ၂၅.၀ |
| ၅။ သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၆၀၀ | ၀.၄ | ၁၄၀၃၃.၄ | ၀.၄ | ၃၂.၄ |
| ၆။ စက်မှုပစ္စည်း | ၂၂၂၈၃၃.၇ | ၇.၈ | ၂၈၆၈၀၁.၅ | ၉.၀ | ၂၈.၇ |
| ၇။ လျှပ်စစ်စွမ်းအား | ၃၁၇၆.၇ | ၀.၁ | ၃၈၇၈.၃ | ၀.၁ | ၂၂.၁ |
| ၈။ ဆောက်လုပ်မှု | ၅၉၆၀၂.၈ | ၂.၁ | ၉၅၆၄၁.၃ | ၃.၀ | ၆၀.၅ |

| | | | | | |
|---|---|---|---|---|---|
| ၂။ ဝန်ဆောင်မှုတန်ဖိုး | ၂၇၃၃၂၉ | ၉.၆ | ၃၄၂၉၄၆.၄ | ၁၀.၈ | ၂၅.၃ |
| ၁။ ပို့ဆောင်ရေး | ၁၇၄၈၉၁.၉ | ၆.၂ | ၂၁၉၉၆၇.၈ | ၆.၉ | ၂၅.၈ |
| ၂။ ဆက်သွယ်ရေး | ၉၂၀၇.၄ | ၀.၃ | ၁၇၄၇၆.၆ | ၀.၅ | ၈၉.၈ |
| ၃။ ငွေရေးကြေးရေး | ၃၂၉၉.၂ | ၀.၁ | ၄၇၉၉.၀ | ၀.၂ | ၄၅.၅ |
| ၄။ လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၄၄၆၈၅.၄ | ၁.၆ | ၅၀၇၂၃.၆ | ၁.၆ | ၁၃.၅ |
| ၅။ အိမ်ငှားခနှင့်အခြားဝန်ဆောင်မှု | ၄၁၆၄၄.၉ | ၁.၅ | ၄၉၉၇၉.၄ | ၁.၆ | ၂၀.၀ |
| ၃။ ကုန်သွယ်မှုတန်ဖိုး | ၆၇၈၉၃၃ | ၂၃.၉ | ၇၅၀၂၉၄.၁ | ၂၃.၆ | ၁၀.၅ |
| ၄။ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး | ၂၈၄၂၃၁၄.၄ | ၁၀၀.၀ | ၃၁၈၄၁၁၇.၃ | ၁၀၀.၀ | ၁၂.၀ |


ဇာစ်မြစ်။ ။ CSO, Statistical Yearbook, 2004


ဇယား (၅. ၁) တွင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကို ကုန်ပစ္စည်းထုတ်လုပ်သည့် ကဏ္ဍများ၊ ဝန်ဆောင်မှုထုတ်လုပ်သည့်ကဏ္ဍများနှင့် ကုန်သွယ်မှုကဏ္ဍဟု (၃)ခု ခွဲခြား၍ပြ ထားသည်။ ၂၀၀၁-၀၂ ခုနှစ်မှ ၂၀၀၂-၀၃ ခုနှစ်အတွင်း ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ၏ ပါဝင်မှုအချိုးနှင့် ကုန်သွယ်မှုကဏ္ဍ၏ အချိုးမှာ ကျဆင်းသွားသည်ကို တွေ့ရပါသည်။ ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးမှာ မြင့်မားလာသည်။ ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍ၏ ပါဝင်မှုအချိုးသည် ၂၀၀၁-၀၂ ခုနှစ်တွင် (၆၆. ၅) ရာခိုင်နှုန်းမှ ၂၀၀၂-၀၃ ခုနှစ်တွင် (၆၅. ၇) ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးမှာ (၉. ၆) ရာခိုင်နှုန်းမှ (၁၀. ၈)ရာခိုင်နှုန်း သို့တိုးတက်ခဲ့သည်။ ကုန်သွယ်မှုကဏ္ဍ၏ ပါဝင်မှုအချိုးမှာ (၂၃. ၉) ရာခိုင်နှုန်းမှ (၂၃. ၆) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍများအနက် တိုးတက်မှု အလျင်မြန်ဆုံးကဏ္ဍသည် စက်မှုပစ္စည်းကဏ္ဍဖြစ်သည်။ ၂၀၀၁-၀၂ ခုနှစ်တွင် ပါဝင်မှုအချိုး (၇. ၈) ရာခိုင်နှုန်းရှိရာမှ ၂၀၀၂-၀၃ ခုနှစ်တွင် (၉. ၀) ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ အခြားသော တိုးတက်မှုရှိသည့်ကဏ္ဍများမှာ ဆောက်လုပ်ရေးကဏ္ဍနှင့် သားငါးကဏ္ဍတို့ ဖြစ်ကြပါသည်။ လယ်ယာကဏ္ဍမှအပ ကျန်ကဏ္ဍများ၏ ပါဝင်မှုအချိုးသည် ကျဆင်းခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ လယ်ယာကဏ္ဍ၏ ပါဝင်မှုအချိုးမှာ ၂၀၀၁-၀၂ ခုနှစ်တွင် (၄၇. ၄)ရာခိုင်နှုန်းမှ ၂၀၀၂-၀၃ခုနှစ်တွင် (၄၄. ၃) ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သည်။ ၂၀၀၁-၀၂ ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ၂၀၀၂-၀၃ ခုနှစ်တွင် ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးတိုးလာခဲ့သည်။ ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုတိုးလာရခြင်းမှာ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍမှလွဲ၍ အခြားကဏ္ဍများ၏ တိုးတက်မှုကြောင့်ဖြစ်သည်။ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ ပါဝင်မှုအချိုးမှာမူ ပြောင်းလဲမှုမရှိကြောင်းတွေ့ ရပါသည်။ ၂၀၀၁-၀၂ ခုနှစ်နှင့် ၂၀၀၂-၀၃ ခုနှစ်များ အတွက် GDP တွင်ကဏ္ဍ အလိုက်ပါဝင်မှု အချိုးအစား ပြောင်းလဲပုံကို ဇယား(၅. ၁) တွင် နှိုင်းယှဉ် ဖော်ပြထားသည်။

စီးပွားရေးကဏ္ဍတစ်ခု၏ GDP တွင် ပါဝင်မှုအချိုးကျဆင်းသွားခြင်းသည် ထုတ်လုပ်မှု ပမာဏ ကျဆင်းသွားခြင်း မဟုတ်ပါ။ GDP တိုးတက်မှုနှုန်းနှင့် နှိုင်းယှဉ်လျှင် ထိုစီးပွားရေးကဏ္ဍ၏ တိုးတက်မှု နှုန်း နှေးကွေးသွားခြင်းသာဖြစ်သည်။ ဇယား (၅. ၁) အရ စီးပွားရေးကဏ္ဍ အားလုံး၏ ထုတ်လုပ်မှုပမာဏ များသည် မြင့်မားလာသည်ကို တွေ့ရသော်လည်း တိုးတက်မှုနှုန်းသည် ကဏ္ဍတစ်ခုနှင့်တစ်ခု တူညီမှု မရှိကြောင်း တွေ့ရသည်။ စီးပွားရေးကဏ္ဍအချို့၏ တိုးတက်မှုနှုန်းသည် GDP တိုးတက်မှုနှုန်းထက် လျင်မြန်ပြီး အချို့ကဏ္ဍများ၏ တိုးတက်မှုနှုန်းသည် GDP တိုးတက်မှုနှုန်းထက်နှေးသည်။ တိုးတက်မှုနှုန်း လျင်မြန်သည့် ကဏ္ဍများ၏ GDP တွင်ပါဝင်မှုအချိုးသည် မြင့်မားလာပြီး တိုးတက်မှုနှုန်းနှေးသည့် ကဏ္ဍများ၏ GDP တွင် ပါဝင်မှုအချိုးသည် ကျဆင်းသွားသည်။ ဇယား (၅. ၁)တွင် ဖော်ပြထားချက်အရ ၂၀၀၂-၀၃ ခုနှစ်တွင် GDP တိုးတက်မှုနှုန်းသည် (၁၂)ရာခိုင်နှုန်းဖြစ်သည်။ ထိုသို့ GDP တိုးတက် လာရခြင်းမှာ ကဏ္ဍအသီးသီး၏ ထုတ်လုပ်မှုတန်ဖိုးများ တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။ GDP တွင် ပါဝင်မှုအချိုးအစား နည်းသော်လည်း တိုးတက်မှုရာခိုင်နှုန်း အမြင့်မားဆုံးသောကဏ္ဍမှာ ဆက်သွယ် ရေး ကဏ္ဍဖြစ်ပါသည်။ တိုးတက်မှုရာခိုင်နှုန်း (၈၉. ၈)ရာခိုင်နှုန်း ဖြစ်ပါသည်။ ဆောက်လုပ်ရေးကဏ္ဍ၏

တိုးတက်မှုရာခိုင်နှုန်းမှာ (၆၀. ၅)ရာခိုင်နှုန်း ဖြစ်ပြီး တိုးတက်မှုနှုန်း ဒုတိယအမြင့်မားဆုံးကဏ္ဍာ ဖြစ်ပါသည်။ GDP တိုးတက်မှုနှုန်း တတိယအမြင့်မားဆုံးကဏ္ဍာမှာ ငွေရေးကြေးရေးကဏ္ဍာဖြစ်ပြီး (၄၅. ၅) ရာခိုင်နှုန်းဖြစ်ပါသည်။ တိုးတက်မှုနှုန်းအနိမ့်ဆုံးကဏ္ဍာများမှာ လယ်ယာကဏ္ဍာနှင့် သစ်တောကဏ္ဍာ တို့ဖြစ်ကြပြီး (၄. ၇)ရာခိုင်နှုန်း နှင့် (၆. ၂)ရာခိုင်နှုန်း အသီးသီးရှိကြသည်။

**ပုံ (၅. ၁) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး**



ယေဘုယျအားဖြင့် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို GDP တိုးတက်မှုဖြင့် တိုင်းတာနိုင်ပါသည်။ ၂၀၀၀-၀၂ ခုနှစ်မှ ၂၀၀၂-၀၃ ခုနှစ်အတွင်း အမှန် GDP သည် ကျပ်သန်းပေါင်း (၂၈၄၂၃၀၄. ၄) မှ (၃၁၈၄၁၀၇. ၃) အထိ တိုးတက်လာခဲ့သည်။ ထို့ကြောင့် တိုးတက်မှုနှုန်းမှာ (၁၂. ၀) ရာခိုင်နှုန်းဖြစ်သည်။ ထိုနှစ်အတွင်း လူဦးရေတိုးနှုန်းမှာ (၂. ၂) ရာခိုင်နှုန်းဝန်းကျင်သာရှိပါသည်။ GDP တိုးတက်မှုနှုန်းသည် လူဦးရေတိုးတက်မှုနှုန်းထက် ပို၍မြင့်မားသောကြောင့် တစ်ဦးကျ GDP တိုးတက်လာသည်ဟု ကောက်ချက်ချနိုင်သည်။ တစ်ဦးကျ GDP သည် ထိုနှစ်များအတွင်း (၅၅၈၁) ကျပ်မှ (၆၁၀၃၂) ကျပ်သို့ မြင့်တက်လာသည်။

မြန်မာနိုင်ငံ၏ ကုန်ပစ္စည်းထုတ်လုပ်မှုပုံသဏ္ဌာန်ကို စီးပွားရေးကဏ္ဍ (၃) မျိုးခွဲခြားပြီးလည်း လေ့လာနိုင်သည်။ မူလကုန်စည်များ (primary products) ထုတ်လုပ်သည့် ပထမအဆင့်ကဏ္ဍများ (primary sectors)၊ ဆင့်တက်ပြုပြင်သည့် စက်မှုကုန်စည်များ (secondary products) ထုတ်လုပ်သည့် ဒုတိယအဆင့်ကဏ္ဍများ (secondary sectors) နှင့် ဝန်ဆောင်မှုများ (services) ထုတ်လုပ်သည့် တတိယအဆင့်ကဏ္ဍ (tertiary sectors) ဟူ၍ခွဲခြား လေ့လာနိုင်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများအနက် ပထမအဆင့်ကဏ္ဍတွင် ပါဝင်သော စီးပွားရေးကဏ္ဍများမှာ လယ်ယာ၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း ထုတ်လုပ်သည့် ကဏ္ဍများဖြစ်သည်။ ဒုတိယအဆင့် ကဏ္ဍများမှာ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အားနှင့် ဆောက်လုပ်ရေးကဏ္ဍများ ဖြစ်သည်။ တတိယအဆင့် ကဏ္ဍတွင် ဝန်ဆောင်မှုကဏ္ဍအားလုံးနှင့် ကုန်သွယ်မှုကဏ္ဍများပါဝင်သည်။ မြန်မာနိုင်ငံ၏ GDP တွင် ကဏ္ဍ (၃) မျိုးမှ ပါဝင်သည့် အချိုးအစားကို ဇယား (၅. ၂) တွင် ဖော်ပြထားသည်။

ဇယား (၅. ၂)၊ ၁၉၉၇-၉၈ ခုနှစ် မြန်မာနိုင်ငံ၏ GDP တွင် ပထမဆင့်ကဏ္ဍ၊ ဒုတိယဆင့်ကဏ္ဍနှင့် တတိယဆင့် ကဏ္ဍများ၏ ပါဝင်မှုအချိုးအစား


(၁၉၈၅-၈၆ ခုနှစ် ပုံမှန်ဈေးနှုန်းများအရဖြစ်သည်။)

| စီးပွားရေးကဏ္ဍများ | GDP | | အလုပ်လုပ်ကိုင်လျက်ရှိသော လူဦးရေ | |
|---|---|---|---|---|
| | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း | ထောင်ပေါင်း | ရာခိုင်နှုန်း |
| ပထမဆင့်ကဏ္ဍ | ၃၃၆၇၅. ၃ | ၄၅. ၃၀ | ၁၂၂၄၀ | ၆၆. ၆၇ |
| ဒုတိယဆင့်ကဏ္ဍ | ၁၁၂၄၈. ၆ | ၁၅. ၁၃ | ၂၀၈၈ | ၁၀. ၇၇ |
| တတိယဆင့်ကဏ္ဍ | ၂၉၄၀၄. ၈ | ၃၉. ၅၆ | ၄၀၃၁ | ၂၁. ၉၆ |
| | ၇၄၃၂၈. ၇ | ၁၀၀ | ၁၈၃၅၉ | ၁၀၀ |

ဇာစ်မြစ်။ ။ ဗဟိုစာရင်းအင်းအဖွဲ့

ဇယား(၅၊ ၂) ကို လေ့လာခြင်းအားဖြင့် ပထမဆင့်ကဏ္ဍတွင် အလုပ်လုပ်ကိုင်သူဦးရေနှင့် GDP တွင် ပါဝင်မှု အချိုးအစားမြင့်မားနေပြီး ဒုတိယဆင့်ကဏ္ဍတွင် အလုပ်လုပ်သူဦးရေနှင့် GDP တွင် ပါဝင်မှု အချိုးအစား နိမ့်ကျနေကြောင်းတွေ့ရသည်။ ဤကဲ့သို့သော ထုတ်လုပ်မှု ပုံသဏ္ဌာန်သည် မြန်မာနိုင်ငံတွင်သာမက အခြားဖွံ့ဖြိုးဆဲ နိုင်ငံများ၌ပါ ဖြစ်ပေါ်လေ့ရှိသည့် ပုံသဏ္ဌာန်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဒုတိယဆင့်ကဏ္ဍ၌ အလုပ်လုပ်သောဦးရေနှင့် GDP တွင် ပါဝင်မှုအချိုးအစား မြင့်မားကြောင်းတွေ့ရသည်။ စီးပွားရေးတဖြည်းဖြည်း တိုးတက်လာသည်နှင့်အမျှ ပထမဆင့်ကဏ္ဍတွင် အလုပ်လုပ်ကိုင်သူဦးရေ တဖြည်းဖြည်း ကျဆင်းသွားပြီး ဒုတိယဆင့်ကဏ္ဍတွင် အလုပ်လုပ်ကိုင်သူဦးရေ တိုးတက်လာသည်။ ထို့ပြင် GDP တွင် ပါဝင်မှုအချိုးအစားသည်လည်း ပထမအဆင့်ကဏ္ဍတွင် တဖြည်းဖြည်း ကျဆင်းသွားပြီး ဒုတိယအဆင့်ကဏ္ဍ၏ အချိုးအစားမှာ တိုးတက်လာသည်။ ပထမအဆင့်ကဏ္ဍ၊ ဒုတိယအဆင့်ကဏ္ဍနှင့် တတိယအဆင့်ကဏ္ဍတို့၏ GDP တွင် ပါဝင်မှုအချိုးအစားနှင့် ထိုကဏ္ဍများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော လူဦးရေ နှိုင်းယှဉ်ထားမှုကို ပုံ (၅. ၂) တွင် ဖော်ပြထားပါသည်။

ပုံ (၅. ၂)၊ ၁၉၉၇-၉၈ ခုနှစ်၊ အလုပ်လုပ်ကိုင်လျက်ရှိသော လူဦးရေနှင့်မူလကဏ္ဍ၊ ဒုတိယဆင့်ကဏ္ဍနှင့် တတိယဆင့်ကဏ္ဍတို့၏ GDP တွင် ပါဝင်မှု အချိုးအစား




## ၅-၄။ မြန်မာနိုင်ငံ၏ GDP ကို ခွဲဝေအသုံးပြုပုံ

နိုင်ငံတစ်နိုင်ငံ၏ GDP ကို ခွဲဝေအသုံးပြုသည့် ပုံစံသည် ထိုနိုင်ငံ၏ စီးပွားရေး အဆောက်အအုံပုံသဏ္ဍာန်ကို ဖော်ပြရာတွင် အလွန်အရေးပါသည်။ မြန်မာနိုင်ငံ၏ GDP ကို မည်ကဲ့သို့ခွဲဝေအသုံးပြုထားသည်ကို ဇယား (၅. ၃) တွင် ဖော်ပြထားပါသည်။

ဇယား (၅. ၃) ကို လေ့လာခြင်းအားဖြင့် ၂၀၀၁-၀၂ ခုနှစ်၏ GDP တန်ဖိုးသည် ကျပ်သန်းပေါင်း (၂၈၄၂၃၀၄. ၄) ဖြစ်သည်။ ထိုတန်ဖိုးအနက်မှ ကျပ်သန်းပေါင်း (၁၆၇၂၃. ၇) တန်ဖိုးရှိသည့်

ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပြည်ပမှတင်သွင်းခဲ့ပြီး၊ ကျပ်သန်းပေါင်း (၁၄၇၂၀.၈) တန်ဖိုးရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ပြည်ပသို့တင်ပို့ခဲ့သည်။ ထို့ကြောင့် ပြည်တွင်းသို့ ကျပ်သန်းပေါင်း (၂၀၀၂.၉) တန်ဖိုးရှိသည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ အသားတင်စီးဝင်လာပါသည်။ GDP တန်ဖိုး ကျပ်သန်းပေါင်း (၂၈၄၂၃၁၄.၄) တွင် အသားတင်စီးဝင်လာသည့် ကျပ်သန်းပေါင်း (၂၀၀၂.၉) ကို ပေါင်းလိုက်သောအခါ ပြည်တွင်းသုံးရန် လက်ကျန်စုစုပေါင်း ကျပ်သန်းပေါင်း (၂၈၄၄၃၁၇.၃) ဖြစ်လာသည်။ ထိုပြည်တွင်းသုံးရန် လက်ကျန်အနက်မှ စားသုံးရန်လျာထားသည့်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၂၅၁၇၆၆၄.၄) ဖြစ်၍ GDP ၏ (၈၈.၅၂) ရာခိုင်နှုန်းရှိသည်။ ငွေရင်းနှီးမြှုပ်နှံရန် လျာထားသည့် တန်ဖိုးမှာ ကျပ်သန်း ပေါင်း (၃၂၈၇၀၂.၇) ဖြစ်သောကြောင့် GDP ၏ (၁၁.၅၆) ရာခိုင်နှုန်း ဖြစ်သည်။ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းမှာ ကျပ်သန်းပေါင်း (၂၈၄၆၃၆၇.၁) ဖြစ်သောကြောင့် ပြည်တွင်း သုံးရန် လက်ကျန်ထက် ကျပ်သန်းပေါင်း (၂၀၄၉.၈) ပိုသည်။

ထို့ကြောင့် ၎င်းကိုကုန်ပစ္စည်း လက်ကျန်လျော့သွားသောကြောင့် ကုန်ပစ္စည်း လက်ကျန်တွင် (-၂၀၄၉.၈) ကျပ်သန်းကို ဖော်ပြထားသည်။

၂၀၀၂-၀၃ ခုနှစ်တွင် GDP အသုံးပြုပုံသည် ၂၀၀၁-၀၂ ခုနှစ်တွင် အသုံးပြုပုံနှင့် ကွာခြားသည်။ GDP တိုးတက်လာသည့်နည်းတူ ပြည်ပသို့ ပို့ကုန်တန်ဖိုး တိုးတက်လာသော်လည်း ပြည်ပမှ သွင်းကုန်တန်ဖိုးများမှာ ကျဆင်းသွားခဲ့ကြောင်းတွေ့ရပါသည်။

ပြည်ပပို့ကုန်တန်ဖိုးသည် ၂၀.၅၉ရာခိုင်နှုန်း တိုးလာပြီး GDP ၏ (၀.၅၆) ရာခိုင်နှုန်း ရှိပါသည်။ ပြည်ပမှ သွင်းကုန်တန်ဖိုးလျော့နည်းသွားပြီး GDP ၏ (၀.၄၃) ရာခိုင်နှုန်းသာရှိသဖြင့် ပြည်တွင်းသုံးရန် လက်ကျန်လျော့နည်းပြီး GDP ၏ (၉၉.၀၈) ရာခိုင်နှုန်းသာရှိသည်။ ထိုတန်ဖိုး အနက်မှ စားသုံးရန် လျာထားသည့်တန်ဖိုးမှာ GDP ၏ (၈၈.၆၉) ရာခိုင်နှုန်းရှိပြီး ငွေရင်းနှီးမြှုပ်နှံရန် လျာထားသည့်တန်ဖိုးသည် GDP ၏ (၁၀.၉၇) ရာခိုင်နှုန်းဖြစ်သည်။ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှု နှစ်ခု ပေါင်းသည် ပြည်တွင်းသုံးရန်လက်ကျန်ထက် ပိုနည်းသောကြောင့် ကုန်ပစ္စည်း လက်ကျန်တိုးလာသည်။ ကုန်ပစ္စည်းလက်ကျန်တွင် (၀.၃၄) ရာခိုင်နှုန်း တိုးလာသည်။ ၂၀၀၂-၀၃ ခုနှစ်တွင် စားသုံးရန် လျာထားသည့် ပမာဏ မြင့်မားလာသော်လည်း စားသုံးမှုရာခိုင်နှုန်းမှာ ၂၀၀၁-၀၂ ခုနှစ်၏ ပါဝင်မှုအချိုးအတိုင်း ၈၈.၅၂ ရာခိုင်နှုန်းသာ ရှိပါသည်။ ငွေရင်းနှီးမြှုပ်နှံရန် လျာထားသည့် တန်ဖိုးတက်လာသော်လည်း ထိုကာလအတွင်း (၁၁.၅၆) ရာခိုင်နှုန်းမှ (၁၀.၉၇) ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ကြောင်း တွေ့ရှိရသည်။

ဇယား (၅.၃)။ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို အသုံးပြုပုံ (၂၀၀၁-၀၂ နှင့် ၂၀၀၂-၀၃ခုနှစ်)

(ထုတ်လုပ်သူများ၏ ၂၀၀၀-၀၁ ခုနှစ် ပုံသေဈေးနှုန်းများအရဖြစ်သည်။)

| အကြောင်းအရာ | | ၂၀၀၁-၂၀၀၂ | | ၂၀၀၂-၂၀၀၃ | |
|---|---|---|---|---|---|
| | | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း |
| ၁။ | တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၂၈၄၂၃၁၄.၄ | ၁၀၀.၀၀ | ၃၁၈၄၁၁၇.၃ | ၁၀၀.၀၀ |
| ၂။ | ပြည်ပသွင်းကုန်တန်ဖိုး (ဆိပ်ကမ်းရောက်တန်ဖိုး) | ၁၆၇၂၃.၇ | ၀.၅၉ | ၁၃၇၉၃.၉ | ၀.၄၃ |
| ၃။ | ပြည်ပပို့ကုန်တန်ဖိုး (သင်္ဘောတင်ဈေးနှုန်း) | ၁၄၇၂၀.၈ | ၀.၅၂ | ၁၇၇၅၁.၅ | ၀.၅၆ |
| ၄။ | ပြည်တွင်းသုံးရန်လက်ကျန် (၁+၂-၃=၄=၅+၆+၇) | ၂၈၄၄၃၁၇.၃ | ၁၀၀.၀၇ | ၃၁၈၀၁၆၃.၇ | ၁၀၀.၁၃ |
| ၅။ | စားသုံးရန်လျာထားသည့်တန်ဖိုး | ၂၅၁၇၆၆၄.၄ | ၈၈.၅၂ | ၂၈၂၀၅၉၉.၇ | ၈၈.၆၉ |
| ၆။ | ငွေရင်းမြှုပ်နှံရန် လျာထားသည့်တန်ဖိုး | ၃၂၈၇၀၂.၇ | ၁၁.၅၆ | ၃၄၈၈၇၁.၂ | ၁၀.၉၇ |
| ၇ | ကုန်ပစ္စည်းလက်ကျန် +/- | (-)၂၀၄၉.၈ | (-)၀.၀၇ | (+)၁၀၆၉၂.၈ | (+)၀.၃၄ |

ဇာစ်မြစ်။ ။ CSO, Statistical Yearbook, 2004

## ၅.၅။ နိဂုံး

ဤအခန်းတွင် စီးပွားရေးအဆောက်အအုံ၏ အဓိပ္ပာယ်ကို ရှင်းပြထားပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးအဆောက်အအုံအကြောင်းကို စီးပွားရေးကဏ္ဍများခွဲ၍ တင်ပြထားပါသည်။ စီးပွားရေးကဏ္ဍများကို မည်ကဲ့သို့ ခွဲခြားလေ့လာနိုင်သည်ကိုလည်း ရှင်းပြထားပါသည်။ မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုအဆောက်အအုံတွင် လယ်ယာကဏ္ဍ၏ အရေးပါပုံကိုလည်းကောင်း၊ ၂၀၀၁-၀၂ ခုနှစ် နှင့် ၂၀၀၂-၀၃ ခုနှစ် (၂) နှစ်တာကာလအတွင်း စီးပွားရေးကဏ္ဍ အသီးသီး၏ ထုတ်လုပ်မှုတိုးတက်ခြင်းကြောင့် စီးပွားရေးတိုးတက်လာကြောင်းကိုလည်းကောင်း တွေ့ရှိနိုင်ပါသည်။ စီးပွားရေးကဏ္ဍများ တိုးတက်ရာတွင် တိုးတက်နှုန်းများ မတူကြသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ စီးပွားရေးတိုးတက်ရသည့် အကြောင်းရင်းမှာ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာသောကြောင့်ဖြစ်သည်။ ပို့ကုန်၊ သွင်းကုန်များကို လေ့လာခြင်းဖြင့် ပြည်ပကုန်သွယ်မှုအပေါ်တွင် မှီခိုမှုနည်းကြောင်း လေ့လာတွေ့ရှိရပါသည်။

## အနှစ်ချုပ်

(၁) **နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအဆောက်အအုံဆိုသည်မှာထိုနိုင်ငံ၏ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် စုဆောင်းမှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဖြန့်ဖြူးမှု စသည့်စီးပွားရေး လုပ်ဆောင်ချက်များ (economic activities) ၏ ဆောင်ရွက်သည့် ပုံသဏ္ဍာန်ဖြစ်သည်။**

(၂) **စီးပွားရေးတဏ္ဍာဆိုသည်မှာ ကုန်စည်ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုနှင့် ပတ်သက်သည့် လက္ခဏာရပ်များ (characteristics) တူညီသည့်စီးပွားရေး လုပ်ငန်းများကို စုပေါင်းထားခြင်း ဖြစ်သည်။**

(၃) နိုင်ငံတစ်နိုင်ငံ၏ တိုင်းပြည်ဝင်ငွေ(national income)ဆိုသည်မှာ ထိုနိုင်ငံ၏ နိုင်ငံသားများမှ တစ်နှစ်အတွင်း ထုတ်လုပ်မှုမှရရှိသော ဝင်ငွေများကို စုပေါင်းထားသည့် စုစုပေါင်းဝင်ငွေ ဖြစ်သည်။

(၄) စီးပွားရေးဘာသာရပ်တွင် ထုတ်လုပ်မှုနှင့် ဝင်ငွေသည် အတူတူပင်ဖြစ်သည်ဟု သတ်မှတ်ထားသည်။

(၅) တိုင်းပြည်ဝင်ငွေကို တိုင်းပြည်ထုတ်ကုန်ဟုခေါ်သည်။

(၆) ပြည်တွင်းထုတ်ကုန် (domestic product) (သို့မဟုတ်) ပြည်တွင်းဝင်ငွေ (domestic income) ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများမှ နိုင်ငံခြားသားပိုင် လုပ်ငန်း၊ တိုင်းရင်းသားပိုင် လုပ်ငန်းဟူ၍ မခွဲခြားဘဲထုတ်လုပ်သည့် ထုတ်ကုန်များကိုခေါ်သည်။

(၇) စုစုပေါင်းကုန်ထွက်တန်ဖိုး ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံမှ တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းအသီးသီးမှ ထုတ်လုပ်လိုက်သည့် ကုန်စည်နှင့်ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းကို ခေါ်သည်။

(၈) စုစုပေါင်းပြည်တွင် ထုတ်ကုန်တန်ဖိုးသည် တစ်နှစ်အတွင်း ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းအသီးသီးမှ ထုတ်လုပ်လိုက်သော ထုတ်ကုန်တန်ဖိုးများ စုပေါင်းထားခြင်းဖြစ်သည်။

(၉) ပုံသေဈေးနှုန်းအရ တိုင်းပြည်ဝင်ငွေဆိုသည်မှာ အခြေခံနှစ်၏ ပေါက်ဈေးများကိုအသုံးပြုပြီး အခြားနှစ်များ၏ တိုင်းပြည်ဝင်ငွေကို တွက်ချက်ထားခြင်းဖြစ်သည်။

(၁၀) ပုံသေဈေးနှုန်းအရ တွက်ချက်ထားသည့် တိုင်းပြည်ဝင်ငွေသည် အမှန်တိုင်းပြည်ဝင်ငွေဖြစ်သည်။

(၁၁) တိုင်းပြည်ဝင်ငွေ၊ ပြည်တွင်းထုတ်ကုန်၊ စုစုပေါင်းပြည်တွင်းထုတ်ကုန် သဘောတရားများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအခြေအနေကို ဆန်းစစ်ရာတွင် အလွန်အရေးပါသည်။

(၁၂) ရင်းနှီးမြှုပ်နှံမှုနှင့် GDP အချိုးကို အရင်းတည်ဆောက်မှုနှုန်းဟုခေါ်သည်။

(၁၃) ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုးများအကြား ခြားနားချက်ကို ကုန်သွယ်မှု လက်ကျန်ရှင်းတမ်း (trade balance)ဟုခေါ်သည်။

---

ဝေါဟာရများ

- စီးပွားရေးအဆောက်အအုံ
- စီးပွားရေးကဏ္ဍ
- တိုင်းပြည်စင်ငွေ
- စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး
- ပုံသေဈေးနှုန်းအရတိုင်းပြည်ဝင်ငွေ
- အမှန်တိုင်းပြည်ဝင်ငွေ
- အရင်းတည်ဆောက်မှုနှုန်း
- ကုန်သွယ်မှုလက်ကျန်

---

**လေ့ကျင့်ခန်းများ**

**(က) မှား/မှန်မေးခွန်း**

၁။ စီးပွားရေးကဏ္ဍတစ်ခု၏ GDP တွင် ပါဝင်မှုအချိုးကျဆင်းသွားခြင်းသည် ထုတ်လုပ်မှု ပမာဏ ကျဆင်းသွားခြင်းကို ဖော်ပြပါသည်။

၂။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို GDP တိုးတက်မှုဖြင့်တိုင်းတာနိုင်သည်။

၃။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကို ပထမအဆင့်ကဏ္ဍနှင့် ဒုတိယအဆင့်ကဏ္ဍ ဟူ၍ ကဏ္ဍကြီး နှစ်ခု ဖြင့် ခွဲခြားလေ့လာနိုင်ပါသည်။

၄။ စားသုံးမှုနှင့် ရင်းနှီးမြှုပ်နှံမှု နှစ်ခုပေါင်းသည် ပြည်တွင်းသုံးရန် လက်ကျန်ထက်နည်းလျှင် ကုန် ပစ္စည်းလက်ကျန်တိုးမည်ဖြစ်သည်။

၅။ တိုင်းပြည်ဝင်ငွေကို တိုင်းပြည်ထုတ်ကုန်ဟုလည်းခေါ်သည်။

**(ခ) ကွက်လပ်ဖြည့်မေးခွန်း**

၁။ ကုန်စည်ထုတ်လုပ်ရာတွင် ထုတ်လုပ်မှုနှင့်ပတ်သက်သည့် သဘောသဘာဝချင်း တူညီသည့် စီးပွား ရေးလုပ်ငန်းများကို စုပေါင်း၍ -------------- ဟုခေါ်သည်။

၂။ သီးနှံပင်များကိုစိုက်ပျိုးခြင်းဖြင့် ကုန်စည်ထုတ်လုပ်မှုကို ဆောင်ရွက်သော စီးပွားရေး လုပ်ငန်းများကို စုပေါင်းပြီး ------------ ဟု သတ်မှတ်သည်။

၃။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကို -------------- ဝန်ဆောင်မှုထုတ်လုပ်သည့်ကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍဟု ကဏ္ဍကြီး(၃)ခုခွဲခြားပါသည်။

၄။ GDP တိုးတက်မှုနှုန်းသည် --------------- ထက် ပို၍မြင့်မားလျှင် တစ်ဦးကျ GDP တိုးတက် လာသည်ဟုဆိုနိုင်ပါသည်။

၅။ ပုံသေဈေးနှုန်းအရ တွက်ချက်ထားသော တိုင်းပြည်ဝင်ငွေကို --------------- ဟုခေါ်သည်။

**(ဂ) ရွေးချယ်မှုမေးခွန်း**

၁။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကို (က) ၁၄- ခု (ခ) ၁၃- ခု (ဂ) ၁၂- ခု ခွဲခြားထားသည်။

၂။ နိုင်ငံတစ်နိုင်ငံမှ နှစ်တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းအသီးသီးမှ ထုတ်လုပ်လိုက်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်းကို (က) စုစုပေါင်းထုတ်ကုန်တန်ဖိုး (ခ) စုစုပေါင်း ကုန်ထွက်တန်ဖိုး (ဂ) စုစုပေါင်း ကုန်ကြမ်းတန်ဖိုး ဟုခေါ်သည်။

၃။ တိုင်းပြည်တစ်ပြည်၏ လူနေမှုအဆင့်အတန်း သတ်မှတ်ရန်အတွက် (က) တစ်ဦးကျထုတ်ကုန် (ခ)စုစုပေါင်းတိုင်းပြည်ထုတ်ကုန် (ဂ) စုစုပေါင်းပြည်တွင်းထုတ်ကုန်ကို အသုံးပြုသည်။

၄။ နိုင်ငံတစ်နိုင်ငံ၏ GDP ကို ခွဲဝေအသုံးပြုသည့် ပုံစံသည် ထိုနိုင်ငံ၏ (က) စီးပွားရေး အဆောက်အအုံပုံသဏ္ဌာန် (ခ) စီးပွားရေးကဏ္ဍ (ဂ) ထုတ်လုပ်မှုအဆောက်အအုံကို ဖော်ပြရာတွင် အလွန်အရေးပါသည်။

၅။ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများအနက် တတိယအဆင့်ကဏ္ဍတွင် ဝန်ဆောင်မှုကဏ္ဍ အားလုံးနှင့် (က) သစ်တောကဏ္ဍ (ခ) စက်မှုလက်မှုကဏ္ဍ (ဂ) ကုန်သွယ်မှုကဏ္ဍများ ပါဝင်သည်။

**(ဃ) မေးခွန်းများ**

၁။ စီးပွားရေးအဆောက်အအုံဆိုသည်မှာ အဘယ်နည်း။ စီးပွားရေးအဆောက်အအုံကို မည်ကဲ့သို့ လေ့လာနိုင်သည်ကိုရှင်းပါ။

၂။ နိုင်ငံတစ်နိုင်ငံ၏ထုတ်လုပ်မှု အဆောက်အအုံပုံသဏ္ဌာန်ကို မည်ကဲ့သို့လေ့လာမည်နည်း။

၃။ ထုတ်လုပ်မှုအဆောက်အအုံ ပုံသဏ္ဌာန်သည် စီးပွားရေးဖွံ့ဖြိုးမှုအဆင့်ကို ဖော်ပြနိုင်သည်ကို ရှင်းပြပါ။

၄။ မြန်မာနိုင်ငံ၏ GDP ခွဲဝေအသုံးပြုပုံကို ပြည့်စုံစွာရှင်းပြပါ။

၅။ တိုင်းပြည်ဝင်ငွေသဘောတရားကို ပြည့်စုံစွာ ရှင်းပြပါ။

# အခန်း(၆)
# မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍ
## Agriculture, Livestock and Fishery Sectors of Myanmar

### ၆-၁။ နိဒါန်း

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာစိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေးတွင်ကျောရိုးသဖွယ်ရပ်တည်လျက်ရှိသည်။ မြန်မာ့လယ်သမားအများစုသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တွဲဖက်လုပ်ကိုင်လေ့ရှိသည်။ ထို့ကြောင့် ဤအခန်းတွင် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍကို အတူတကွ ပူးတွဲဖော်ပြထားသည်။ ဤကဏ္ဍများသည် မြန်မာနိုင်ငံအတွက် အစားအစာ၊ စက်မှုကုန်ကြမ်းနှင့် အဓိက ပို့ကုန်အဖြစ်တင်ပို့နိုင်သော ကုန်စည်များကို ထုတ်ပေးလျက်ရှိသည်။

ထိုကဏ္ဍများသည် မြန်မာ့စီးပွားရေးတွင် အရေးပါရခြင်းမှာ မြန်မာနိုင်ငံလုပ်သားအင်အား (Labour force) ၏ထက်ဝက်ခန့်သည် ထိုကဏ္ဍများတွင်အလုပ်လုပ်ကိုင်နေကြပြီး တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင်လည်း ထက်ဝက်ခန့်ပါဝင်နေသောကြောင့် ဖြစ်သည်။ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် ၂၀၀၃-၀၄ ခုနှစ်၏ ဈေးကွက်ပေါက်ဈေးအရ လယ်ယာကဏ္ဍ၏ ထုတ်ကုန်တန်ဖိုးမှာ ကျပ် ၃၄၆၂၀၉၃.၅ သန်း ဖြစ်၍၊ သားငါးကဏ္ဍ၏ ထုတ်ကုန်တန်ဖိုးမှာ ကျပ် ၄၁၆၉၄၆.၇ သန်းဖြစ်ပါသည်။ ထို့ကြောင့် လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍထုတ်ကုန်တန်ဖိုးသည် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၅၀.၂၇ ရာခိုင်နှုန်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ ထိုကဏ္ဍ၏ထုတ်ကုန်များ၊ အဓိကသွင်းအားစုများကိုဖော်ပြမည်။ ထို့နောက် မြန်မာ့စီးပွားရေးအဆောက်အအုံရှိ အခြားစီးပွားရေးကဏ္ဍများနှင့် ဆက်စပ်မှုကို ဖော်ပြသွားမည်။ သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ အဓိက ထုတ်ကုန်များကို တင်ပြသွားမည်။

### ၆.၂။ လယ်ယာကဏ္ဍ၏ အဓိက ထုတ်ကုန်များ

လယ်ယာကဏ္ဍ၏ထုတ်ကုန်များကို နှံစားသီးနှံများ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ စက်မှုကုန်ကြမ်း သီးနှံများနှင့် ဥယျာဉ်ခြံသီးနှံများဟူ၍ အုပ်စုခွဲထားသည်။ ဇယား ၆.၁ တွင် လယ်ယာကဏ္ဍ၏ အဓိက ထုတ်ကုန်အချို့၏ထုတ်လုပ်မှုပမာဏကို ၂၀၀၀-၀၁ ခုနှစ်မှ ၂၀၀၂-၀၃ ခုနှစ်အထိ ဖော်ပြထားသည်။

## ဇယား ၆.၁ ၊ လယ်ယာကဏ္ဍ၏အဓိက ထုတ်ကုန်များ၏ စိုက်ပျိုးမြေဧရိယာ

| သီးနှံအမည် / ခုနှစ် | စိုက်ဧက(ထောင်ပေါင်း) | | | | |
|---|---|---|---|---|---|
| | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ |
| စပါး | ၁၅၇၁၃ | ၁၅၉၄၀ | ၁၆၀၃၂ | ၁၆၀၆၈ | ၁၆၉၄၆ |
| နွေစပါး | ၂၇၂၀ | ၂၈၇၅ | ၂၆၅၀ | ၂၇၃၇ | ၂၅၅၄ |
| ဂျုံ | ၁၉၈ | ၁၉၆ | ၂၀၆ | ၂၃၅ | ၂၆၆ |
| အစေ့ထုတ်ပြောင်း | ၅၃၇ | ၆၂၁ | ၆၆၄ | ၇၀၃ | ၇၂၄ |
| နှံစားပြောင်း | ၄၃၇ | ၄၇၀ | ၄၉၈ | ၅၈၄ | ၆၂၄ |
| မတ်ပဲ | ၁၅၃၂ | ၁၇၈၅ | ၁၈၇၀ | ၁၈၁၀ | ၁၉၃၃ |
| ပဲတီစိမ်း | ၁၈၃၄ | ၁၈၄၅ | ၁၉၁၈ | ၁၉၀၂ | ၂၀၃၄ |
| ပဲပုပ် | ၂၈၂ | ၂၉၀ | ၂၈၇ | ၃၃၅ | ၃၅၉ |
| ပဲလွှမ်း | ၃၃၃ | ၃၂၀ | ၃၂၀ | ၃၄၆ | ၃၄၉ |
| ပဲစင်းငုံ | ၈၉၅ | ၁၀၉၇ | ၁၂၆၉ | ၁၂၉၆ | ၁၃၆၆ |
| မြေပဲ | ၁၄၅၈ | ၁၄၀၅ | ၁၄၃၆ | ၁၆၈၇ | ၁၆၉၂ |
| မိုးမြေပဲ | ၆၂၄ | ၆၀၅ | ၆၁၃ | ၇၁၅ | ၇၃၇ |
| ဆောင်းမြေပဲ | ၈၃၄ | ၈၀၀ | ၈၂၃ | ၉၀၂ | ၉၅[illegible] |
| နှမ်း | ၃၅၀၇ | ၃၄၀၇ | ၃၅၀၁ | ၃၆၁၉ | ၃၆၉၆ |
| မိုးနှမ်း | ၂၇၆၃ | ၂၇၅၇ | ၂၈၅၈ | ၂၈၆၆ | ၂၉၃၃ |
| ဆောင်းနှမ်း | ၅၄၅ | ၄၅၃ | ၄၆၇ | ၅၄၈ | ၅၆၃ |
| နေကြာ | ၁၂၈၁ | ၁၂၃၁ | ၁၁၃၇ | ၁၂၆၂ | ၁၂၇၅ |
| ဝါ | ၈၀၁ | ၇၃၀ | ၇၄၇ | ၇၂၀ | ၇၅၆ |
| ဂုန်လျှော် | ၁၁၁ | ၁၂၄ | ၁၁၂ | ၈၁ | ၆၇ |
| ကြက်ပေါင်စေး | ၄၄၆ | ၄၆၀ | ၄၅၇ | ၄၆၈ | ၅၀၃ |
| ကြံ | ၃၄၃ | ၄၀၂ | ၃၆၇ | ၃၇၃ | ၃၆၀ |
| အာလူး | ၇၀ | ၇၂ | ၇၇ | ၈၁ | ၈၆ |
| ကော်ဖီ | ၁၉ | ၂၀ | ၂၃ | ၂၇ | ၃၆ |

ရင်းမြစ်။ CSO, Myanmar Agricultural Statistics (1992-93 to 2004-05)

ဇယား (၆. ၂) ၊ လယ်ယာကဏ္ဍ အဓိကထုတ်ကုန်များ၏ အထွက်နှုန်း

| သီးနှံအမည် / ခုနှစ် | တစ်ဧကအထွက်နှုန်း (ပေါင်-ပေါင်း) | | | | |
|---|---|---|---|---|---|
| | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ |
| စပါး | ၃၀၁၈ | ၃၀၄၉ | ၃၀၅၁ | ၃၁၆၂ | ၃၂၃၈ |
| နွေစပါး | ၃၅၁၄ | ၃၄၉၁ | ၃၆၄၂ | ၃၇၃၄ | ၃၈၀၇ |
| ဂျုံ | ၁၀၄၁ | ၁၀၇၉ | ၁၁၄၈ | ၁၁၆၆ | ၁၂၆၃ |
| အစေ့ထုတ်ပြောင်း | ၁၅၄၄ | ၁၈၉၅ | ၂၀၀၅ | ၂၂၀၉ | ၂၃၉၀ |
| နှံစားပြောင်း | ၉၁၇၈ | ၁၁၄၂၀ | ၁၂၄၄၄ | ၁၃၃၁၈ | ၁၃၆၁၃ |
| မတ်ပဲ | ၇၇၆ | ၇[illegible]၉ | ၇၈၅ | ၉၀၂ | ၁၀၄၂ |
| ပဲတီစိမ်း | ၆၅၇ | ၆၉၅ | ၇၀၄ | ၇၈၀ | ၈၅၇ |
| ပဲပုပ် | ၈၆၃ | ၉၀၃ | ၉၅၃ | ၉၈၁ | ၁၀၂၉ |
| ပဲလွန်း | ၆၉၈ | ၇၁၈ | ၇၃၈ | ၇၈၈ | ၈၃၇ |
| ပဲစင်းငုံ | ၇၉၉ | ၈၆၀ | ၇၆၈ | ၈၂၆ | ၈၉၈ |
| မြေပဲ | ၁၁၁၃ | ၁၁၃၇ | ၁၁၆၂ | ၁၁၉၆ | ၁၂၃၅ |
| မိုးမြေပဲ | ၈၈၀ | ၉၀၂ | ၉၄၇ | ၉၈၉ | ၁၀၂၀ |
| ဆောင်းမြေပဲ | ၁၂၈၅ | ၁၃၁၄ | ၁၃၂၃ | ၁၃၆၁ | ၁၄၀၁ |
| နှမ်း | ၂၉၀ | ၂၈၇ | ၃၀၇ | ၃၁၇ | ၃၄၀ |
| မိုးနှမ်း | ၂၅၄ | ၂၃၉ | ၂၆၈ | ၂၆၈ | ၂၈၇ |
| ဆောင်းနှမ်း | ၃၇၄ | ၄၀၇ | ၄၁၉ | ၄၄၈ | ၄၈၈ |
| နေကြာ | ၄၈၄ | ၅၀၂ | ၅၃၅ | ၅၉၄ | ၆၆၈ |
| ဝါ | ၄၅၃ | ၄၇၆ | ၄၈၂ | ၅၀၈ | ၅၇၈ |
| ဂုန်လျှော် | ၈၅၀ | ၈၄၇ | ၈၁၉ | ၇၅၇ | ၇၅၀ |
| ကြက်ပေါင်စေး | ၅၀၃ | ၅၂၃ | ၅၂၆ | ၄၉၂ | ၅၀၃ |
| ကြံ (တန်) | ၁၈ | ၁၈ | ၁၈ | ၁၉ | ၂၀ |
| အာလူး | ၉၆၉၅ | ၉၈၇၄ | ၉၉၇၂ | ၁၀၉၉၆ | ၁၁၆၉၇ |
| ကော်ဖီ | ၄၂၈ | ၄၄၆ | ၄၅၆ | ၄၇၆ | ၄၉၈ |

ရင်းမြစ်။ CSO, Myanmar Agricultural Statistics (1992-93 to 2004-05)

ဇယား (၆. ၃) ၊ လယ်ယာကဏ္ဍ အဓိကထုတ်ကုန်များ၏ အထွက်နှုန်း

| သီးနှံအမည် / ခုနှစ် | ထုတ်လုပ်မှု တန် (ထောင်ပေါင်း) | | | | |
|---|---|---|---|---|---|
| | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ |
| စပါး | ၂၀၉၈၆.၉ | ၂၁၅၆၉.၂ | ၂၁၄၆၀.၇ | ၂၂၇၇၀.၀ | ၂၄၃၃၀.၀ |
| နွေစပါး | ၄၂၅၇.၀ | ၄၄၇၀.၀ | ၄၃၀၄.၀ | ၄၅၄၉.၀ | ၄၃၄၁.၀ |
| ဂျုံ | ၉၃ | ၉၄ | ၁၀၆ | ၁၂၂ | ၁၅၀ |
| အစေ့ထုတ်ပြောင်း | ၃၅၉ | ၅၂၄ | ၅၉၃ | ၆၉၃ | ၇၇၀ |
| နှံစားပြောင်း | ၃၉၉၇၆၉၆ | ၅၃၇၉၅၁၈ | ၆၁၈၉၃၈၇ | ၇၇၆၇၁၁၇ | ၈၄၇၂၅၇၉ |
| မတ်ပဲ | ၅၂၃ | ၆၂၆ | ၆၅၄ | ၇၂၈ | ၈၉၉ |
| ပဲတီစိမ်း | ၅၁၁ | ၅၆၉ | ၆၀၇ | ၆၆၂ | ၇၇၈ |
| ပဲပုပ် | ၁၀၉ | ၁၁၉ | ၁၂၂ | ၁၄၇ | ၁၆၅ |
| ပဲလွမ်း | ၁၀၃ | ၁၀၂ | ၁၀၅ | ၁၂၀ | ၁၃၀ |
| ပဲစင်းငုံ | ၃၀၅ | ၄၅၉ | ၄၃၅ | ၄၇၇ | ၅၄၇ |
| မြေပဲ | ၇၁၇ | ၇၀၈ | ၇၄၄ | ၈၆၃ | ၉၃၀ |
| မိုးမြေပဲ | ၂၄၂ | ၂၄၃ | ၂၅၉ | ၃၁၅ | ၃၃၅ |
| ဆောင်းမြေပဲ | ၄၇၈ | ၄၆၉ | ၄၈၆ | ၅၄၈ | ၅၉၆ |
| နှမ်း | ၄၂၀ | ၃၉၃ | ၄၅၀ | ၄၉၄ | ၅၃၃ |
| မိုးနှမ်း | ၂၈၇ | ၂၅၇ | ၃၁၉ | ၃၂၇ | ၃၅၀ |
| ဆောင်းနှမ်း | ၈၉ | ၈၂ | ၈၇ | ၁၁၀ | ၁၂၃ |
| နေကြာ | ၂၆၄ | ၂၇၅ | ၂၆၈ | ၃၃၄ | ၃၇၉ |
| ဝါ | ၁၅၀ | ၁၃၉ | ၁၄၀ | ၁၅၄ | ၁၉၂ |
| ဂုန်လျှော် | ၄၀ | ၄၈ | ၃၉ | ၂၆ | ၁၇ |
| ကြက်ပေါင်းစေး | ၃၅ | ၃၆ | ၃၉ | ၃၉ | ၅၂ |
| ကြံ (တန်) | ၅၈၀၁ | ၇၀၀၄ | ၆၃၂၇ | ၆၈၀၄ | ၇၁၉၅ |
| အားလူး | ၃၀၂ | ၃၂၃ | ၃၄၆ | ၃၉၆ | ၄၅၀ |
| ကော်ဖီ | ၂.၁၀ | ၂.၃၈ | ၂.၆၇ | ၂၉၆ | ၃၅၃ |

ဇာစ်မြစ်။ CSO, Myanmar Agricultural Statistics (1992-93 to 2004-05)

**နှံစားသီးနှံ။** ။ နှံစားသီးနှံအုပ်စုတွင် စပါး၊ ဂျုံ၊ ရွှေထုတ်ပြောင်းနှင့် နှံစားပြောင်းတို့ပါဝင်ပါသည်။

ဇယား(၆.၃)အရ မြန်မာ့လယ်ယာကဏ္ဍ၏ ထုတ်ကုန်များအနက် စပါးစိုက်ပျိုးထုတ်လုပ်မှုသည် အရေးပါဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။ ၂၀၀၀-၀၁ ခုနှစ်တွင် စပါးထုတ်လုပ်မှုမှာ တန်ချိန် သန်း ၂၀ ပတ်ဝန်းကျင်တွင်ရှိကြောင်း၊ စိုက်ဧကမှာ ဧက ၁၆ သန်းခန့်ရှိကြောင်း၊ အထွက်နှုန်းမှာလည်း တစ်ဧကလျှင် ပေါင် ၃၀၀၀-၄၀၀၀ ထွက်ရှိကြောင်းတွေ့ရသည်။ ၂၀၀၃-၀၄ ခုနှစ် နှင့် ၂၀၀၄-၀၅ ခုနှစ်များတွင် စိုက်ဧက၊ ထုတ်လုပ်မှုနှင့်အထွက်နှုန်းသည် အနည်းငယ်စီတိုးလာကြောင်းတွေ့ရသည်။

ဤကဲ့သို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်လာရခြင်းမှာ နိုင်ငံတော်၏ အလေးပေး ဆောင်ရွက်မှုများကြောင့် စိုက်ပျိုးနိုင်သောမြေလွတ်မြေရိုင်းများနှင့် ပလပ်မြေများပေါ်တွင်ပါစိုက်ပျိုးလာကြခြင်း၊ မြေယာအသစ်များဖော်ထုတ်၍ စိုက်ပျိုးလာနိုင်ခြင်း၊ စိုက်ပျိုးရေးကိုများစွာ အထောက်အကူပြုမည့် ဆည်မြောင်းတာတမံများ တည်ဆောက်နိုင်ခဲ့ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အသုံးပြုလာနိုင်ခြင်း တို့ကြောင့်ဖြစ်သည်။ ထို့ပြင်နိုင်ငံတော်မှ စပါးအထူးအထွက်တိုးအစီအစဉ်များကိုလည်း ဆောင်ရွက်ပေးသည်။ ထိုအစီအစဉ်အရကောင်းစွာ စမ်းသပ်ခဲ့ပြီး ရလဒ်ကောင်းများဖြစ်ပေါ်စေသည့် ထုတ်လုပ်မှုနည်းပညာအသစ်များကို သုံးစွဲစေသည်။ ထို့ပြင် နိုင်ငံတော်မှ ဦးဆောင်ပြီး တောင်သူလယ်သမားအား စိုက်ပျိုးနည်းအသစ်များကို လက်တွေ့စမ်းသပ်စိုက်ပျိုးပြသပေးခြင်း၊ သတင်းအချက်အလက်များပေးခြင်း၊ အကြံဉာဏ်နှင့် ကြီးကြပ်မှုပေးခြင်း၊ သင်တန်းပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ မျိုးကြဲ၊ ကောက်စိုက်၊ ကောက်ရိတ်စသည့် လယ်ယာလုပ်ငန်းနှင့်ပတ်သက်သည့် လုပ်ဆောင်မှုများတွင် တောင်သူလယ်သမားများအားစည်းရုံး၍ အချင်းချင်းရိုင်းပင်းကာ အဖွဲ့အစည်းအလိုက်စုပေါင်းဆောင်ရွက်စေသည်။ ကောင်းသော စံနမူနာများကို လယ်သမားများအတုယူလုပ်ဆောင်စေရန် အားပေးသည့်သရုပ်ပြခြင်းနှင့် ယှဉ်ပြိုင်ခြင်းများကိုဆောင်ရွက်စေသည်။ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုကိုလည်း ၁၉၉၂ ခုနှစ်တွင် စတင်စိုက်ပျိုးရန် အားပေးခဲ့သည်။ အထက်ဖော်ပြပါ လုပ်ဆောင်မှုများကြောင့်စပါးထုတ်လုပ်မှုတိုးတက်လာသည်။

မြန်မာနိုင်ငံတွင် အရေးပါသော အခြားနှံစားသီးနှံများဖြစ်သည့် ဂျုံနှင့် ပြောင်းတို့၏ စိုက်ဧက၊ အထွက်နှုန်းနှင့် ထုတ်လုပ်မှုသည်လည်း ဘိုးလာကြောင်းတွေ့ရသည်။ ဂျုံထုတ်လုပ်မှုမှာ ၂၀၀၀-၀၁ ခုနှစ်မှ ၂၀၀၄-၀၅ ခုနှစ်အတွင်း ၆၀.၃ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ထို့အတူ ပြောင်းထုတ်လုပ်မှုမှာလည်း အဆိုပါ ကာလအတွင်း ၁၁၁.၉၄ရာခိုင်နှုန်း သို့သိသိသာသာ တိုးလာပေသည်။

**ပဲမျိုးစုံ။** ။ အခြားအရေးပါသောသီးနှံအုပ်စုမှာ ပဲမျိုးစုံဖြစ်သည်။ အဓိကစိုက်ပျိုးသော အမျိုးအစားမှာ မတ်ပဲ၊ ပဲတီစိမ်း၊ စားတော်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲပုတ်နှင့် ပဲလွန်းတို့ဖြစ်သည်။ ထိုပဲအမျိုးအစားများအနက် မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့သည်အရေးပါဆုံးဖြစ်သည်။ မတ်ပဲ ထုတ်လုပ်မှုမှာ ၂၀၀၀-၀၁ မှ ၂၀၀၄-၀၅ ခုနှစ်အတွင်း ၇၀.၈၉ ရာခိုင်နှုန်း စိုက်ဧကမှာ ၂၆.၁၇ ရာခိုင်နှုန်းနှင့် အထွက်နှုန်းမှာ ၃၄.၂၈ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ပဲတီစိမ်းထုတ်လုပ်မှုမှာလည်း ထိုကာလအတွင်း ၅၂.၂၅ ရာခိုင်နှုန်း၊ စိုက်ဧက ၁၁ ရာခိုင်နှုန်းနှင့် အထွက်နှုန်း ၃၀.၄၄ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ပဲစင်းငုံထုတ်လုပ်မှုမှာ ၇၃.၆၅ ရာခိုင်နှုန်း၊ စိုက်ဧကမှာ ၅၂.၆၂ ရာခိုင်နှုန်းနှင့် အထွက်နှုန်း ၁၂.၇၉ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ထိုသို့တိုးတက်ရခြင်းမှာ စိုက်ဧကတိုးတက်မှုနှင့် အထွက်နှုန်းတိုးတက်မှု နှစ်မျိုး

လုံးကြောင့်ဖြစ်သည်။ စိုက်ဧကနှင့်အထွက်နှုန်းတိုးရခြင်းမှာ ပဲမျိုးစုံသည်ဈေးကွက်တွင်ဈေးကောင်းရရှိပြီး မြန်မာ့စိုက်ပျိုးရေးပို့ကုန်တွင် အဓိကပို့ကုန်အမယ် ဖြစ်လာသောကြောင့်ဖြစ်သည်။

**ဆီထွက်သီးနှံ။** ။ မြန်မာ့ဟင်းလျာချက်ပြုတ်ရာတွင် ဆီသည်မပါမဖြစ် အဓိကလိုအပ်သည့်အရာဖြစ်သည်။ ဆီရရှိရာသမရိုးကျဇာစ်မြစ်များသည် နှမ်း၊ မြေပဲနှင့် နေကြာတို့ဖြစ်သည်။ ထို့ကြောင့် ဆီထွက်သီးနှံများသည် မြန်မာနိုင်ငံအတွက်အရေးပါသော သီးနှံဖြစ်သည်။ သွင်းကုန်အစားထိုးရန် ဆီအုန်းကို စမ်းသပ်စိုက်ပျိုးပြီး စားအုန်းဆီကို ၂၀၀၅-၀၆ ခုနှစ်မှ စတင်ဖြန့်ဖြူးရောင်းချသည်။

နှမ်းစိုက်ဧကမှာ ၂၀၀၀-၀၁ မှ ၂၀၀၄-၀၅ ခုနှစ်အတွင်း ၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ထုတ်လုပ်မှုနှင့် တစ်ဧကအထွက်နှုန်းမှာ ၂၇ ရာခိုင်နှုန်းနှင့် ၁၇. ၅၈ ရာခိုင်နှုန်းအသီးသီး တိုးတက်ခဲ့သည်။ မြေပဲစိုက်ဧကမှာ (ထိုနှစ်များအတွင်း) ၁၆ ရာခိုင်နှုန်း၊ ထုတ်လုပ်မှုမှာ ၂၉. ၈၄ ရာခိုင်နှုန်းနှင့် အထွက်နှုန်းမှာ ၁၀. ၉၆ ရာခိုင်နှုန်းအသီးသီးတိုးတက်ခဲ့သည်။ ထိုနှစ်များအတွင်း နေကြာစိုက်ဧကမှာ ၀. ၄၆ ရာခိုင်နှုန်းကျဆင်းသွားသည်။ သို့ရာတွင် အထွက်နှုန်း ၃၈ ရာခိုင်နှုန်း တိုးတက်လာသည့်အတွက် ထုတ်လုပ်မှုမှာ ၄၃. ၅၆ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

**စက်မှုကုန်ကြမ်းသီးနှံ။** ။ စိုက်ပျိုးရေးကဏ္ဍမှ အခြားစီးပွားရေးကဏ္ဍများအတွက် ကုန်ကြမ်းအဖြစ် ဝါ၊ ဂုန်လျှော်၊ ကြက်ပေါင်စေး၊ ကြံနှင့်ဆေးရွက်ကြီးတို့ကို ထုတ်လုပ်ပေးသည်။ ဝါကို အထည်အလိပ် ထုတ်လုပ်ရာတွင် အသုံးပြုပြီး ဂုန်လျှော်ကို ဂုန်နီအိတ်များ၊ ကော်ဇောများ ထုတ်လုပ်ရာတွင် အသုံးပြုသည်။ ကြက်ပေါင်စေးကို ရော်ဘာထုတ်ကုန်များ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ကြံကို သကြား ထုတ်လုပ်ရာတွင်လည်းကောင်း၊ ဆေးရွက်ကြီးကို ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ စီးကရက် ထုတ်လုပ်မှုများတွင်လည်းကောင်းအသုံးပြုသည်။

၂၀၀၀-၀၁ မှ ၂၀၀၄-၀၅ ခုနှစ်အတွင်း ကြံစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၄. ၀၃ ရာခိုင်နှုန်း၊ စိုက်ဧကမှာ ၅. ၂၅ ရာခိုင်နှုန်း၊ အထွက်နှုန်းမှာ ၁၆. ၇ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ ဝါထုတ်လုပ်မှုမှာ ထိုကာလအတွင်း ၂၇. ၁၅ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ သို့ရာတွင်စိုက်ဧကမှာ ၅. ၆ ရာခိုင်နှုန်းကျဆင်းသွားသည်။ စိုက်ဧက ကျဆင်းသော်လည်း ထုတ်လုပ်သည့် ဝါအမျိုးအစားများမှာ ဝါကြီး၊ မလှိုင် ၅/၆ နှင့် ချည်မျှင်ရှည်ဝါများဖြစ်သည်။ ထိုနှစ်များအတွင်းဂုန်လျှော် ထုတ်လုပ်မှုမှာ ၅၈. ၅၃ ရာခိုင်နှုန်းကျဆင်းသွားသည်။ ထုတ်လုပ်မှုကျဆင်းသွားရခြင်းမှာ စိုက်ဧကနှင့် အထွက်နှုန်းနှစ်မျိုးလုံး ကျဆင်းသွားသောကြောင့်ဖြစ်သည်။ ဂုန်လျှော်စိုက်ဧကမှာ ၃၉. ၆၄ ရာခိုင်နှုန်းနှင့် အထွက်နှုန်းမှာ ၁၀. ၇၆ ရာခိုင်နှုန်း အသီးသီး ကျဆင်းသွားသည်။ ကြက်ပေါင်စေးထုတ်လုပ်မှုမှာ ၄၈. ၅၇ ရာခိုင်နှုန်းတိုးတက်သည်။ စိုက်ဧကလည်း ၁၂. ၇၈ တိုးတက်ခဲ့သည်။ သို့ရာတွင် အထွက်နှုန်းမှာပြောင်းလဲမှုမရှိပေ။ ထုတ်လုပ်မှုတိုးတက်ရခြင်းမှာစိုက်ဧကတိုးတက်လာသောကြောင့်ဖြစ်သည်။ နိုင်ငံခြားဈေးကွက်များသို့ ပိုမိုတင်ပို့နိုင်ရန် အလားအလာကောင်းသော သီးနှံဖြစ်သည်။ ပို့ကုန်တင်ပို့နိုင်ရန် ကြက်ပေါင်စေးစိုက်ဧက တိုးချဲ့ရုံမက မျိုးကောင်းမျိုးသန့် အပင်သစ်များတိုးချဲ့စိုက်ပျိုးရန် အပင်ဟောင်းများကို အထွက်နှုန်းတိုးတက်ရန် ပြုပြင်သည့်နည်းလမ်းကို အစိုးရကဆောင်ရွက်ပေးနေသည်။

## ၆.၃။ လယ်ယာကဏ္ဍ၏သွင်းအားစုများ

လယ်ယာကဏ္ဍ၏ အဓိကသွင်းအားစုများမှာ မြေ၊ ရေ၊ လုပ်အား၊ မျိုးစေ့၊ ခိုင်းကျွဲနွားများ၊ လယ်ယာသုံးစက်ကိရိယာ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် စိုက်ပျိုးစရိတ်ချေးငွေတို့ဖြစ်သည်။

**စိုက်ပျိုးမြေ။** ။ မြန်မာနိုင်ငံ၏အသားတင်စိုက်ပျိုးမြေသည် ၂၀၀၀-၀၁ ခုနှစ်တွင် ဧက ၂၄.၅ သန်းရှိရာမှ ၂၀၀၄-၀၅ ခုနှစ်တွင် ဧက၂၆ သန်းအထိ တိုးတက်လာခဲ့သည်။ ပလပ်မြေများအပြင် စိုက်ပျိုးလုပ်ကိုင်နိုင်သော မြေရိုင်းဧကသည် ၂၀၀၀-၀၁ ခုနှစ်တွင် ၁၇ သန်းရှိရာမှ ၂၀၀၄-၀၅ ခုနှစ်တွင် ဧက ၁၅.၈ သန်းသို့ ကျဆင်းသွားသည်။ ထို့ကြောင့်ထုတ်လုပ်မှုတိုးတက်စေရန် မြေရိုင်းများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်စိုက်ပျိုးကြောင်းတွေ့ရသည်။ ထို့ပြင်သီးထပ်သီးညှပ်များ စိုက်ပျိုးခြင်းကြောင့် စုစုပေါင်းအသားတင်စိုက်ပျိုးမြေသည် ၂၀၀၀-၀၁ ခုနှစ်တွင် ဧကသန်း ၂၅.၈ ရှိခဲ့ပြီး ၂၀၀၄-၀၅ တွင် ဧက ၂၈.၂ သန်းအထိ တိုးတက်လာသည်။ ထိုစိုက်ပျိုးမြေများကို လယ်မြေ၊ ယာမြေ၊ ကိုင်းမြေ၊ ဥယျာဉ်ခြံမြေ၊ ဓနိစိုက်ပျိုးမြေ၊ တောင်ယာစိုက်ပျိုးမြေဟူ၍ ခွဲခြားအသုံးပြုသည်။

**ဇယား ၆.၄၊ လယ်ယာစိုက်ပျိုးမြေအမျိုးအစား**

| မြေအမျိုးအစား / ခုနှစ် | စိုက်ဧက (ထောင်ပေါင်း) | | | | |
|---|---|---|---|---|---|
| | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ |
| လယ်မြေ | ၁၄၃၅၈ | ၁၄၄၆၂ | ၁၄၄၇၀ | ၁၄၆၄၉ | ၁၄၉၅၂ |
| ယာမြေ | ၇၆၁၅ | ၇၇၈၀ | ၇၉၉၃ | ၈၁၇၄ | ၈၅၃၆ |
| ကိုင်းမြေ | ၁၂၆၅ | ၁၂၈၅ | ၁၃၀၄ | ၁၃၂၂ | ၁၃၂၈ |
| ဥယျာဉ်ခြံမြေ | ၂၀၄၁ | ၂၁၇၈ | ၂၃၁၇ | ၂၄၅၃ | ၂၆၁၄ |
| ဓနိ | ၁၀၈ | ၁၁၀ | ၁၁၄ | ၁၁၅ | ၁၁၈ |
| တောင်ယာ | ၅၀၀ | ၅၁၁ | ၅၃၃ | ၅၃၃ | ၆၅၈ |

ဇာစ်မြစ်။ CSO, Myanmar Agricultural Statistics (1992-93 to 2004-05)

လယ်ယာမြေအဖြစ်အသုံးချမှုမှာ အရေးပါဆုံးဖြစ်သည်။ ၂၀၀၄-၀၅ခုနှစ်တွင် အသားတင်စိုက်ပျိုးမြေစုစုပေါင်း၏ ၅၃ ရာခိုင်နှုန်းသည် လယ်မြေဖြစ်သည်။ ယာမြေအဖြစ်အသားတင် စိုက်ပျိုးမြေ၏ ၃၀ ရာခိုင်နှုန်းကို အသုံးပြုထားသည်။ ဥယျာဉ်ခြံမြေအဖြစ် ၁၀ ရာခိုင်နှုန်း အသုံးပြုထားသည်။

**ရေရရှိမှု။** ။ လယ်ယာကဏ္ဍအတွက် ရေသည်အရေးပါသည်။ မြန်မာနိုင်ငံတွင် မုတ်သုန်ရာသီဥတုရှိသဖြင့် မုတ်သုန်မိုးရွာသွန်းမှုမှ စိုက်ပျိုးရေးအတွက်ရေရရှိသည်။ မိုးရေကို အလုံအလောက်ရရှိသည့်ဒေသများတွင် မိုးရေသောက်လယ်မြေဧက (rain-fed area) ရှိသည်။ မိုးမရွာသည့် ကာလနှင့် မိုးရေလုံလောက်စွာမရသောဒေသများတွင်မူ ဆည်၊ မြောင်း၊ တာတမံ၊ မြစ်ရေတင်စီမံကိန်းများဖြင့် ရေရရှိစေရန်ဆောင်ရွက်ပေးသည်။ ရေသွင်းစိုက်ပျိုးသော မြေဧရိယာ ကို ဇယား ၆.၅ တွင်ဖော်ပြထားသည်။

ဇယား ၆. ၅၊ ရေသွင်းစိုက်ပျိုးသောမြေဧရိယာဧက (ထောင်ပေါင်း)

| ခုနှစ် | ရေသွင်းစိုက်ဧက | အစိုးရ | | ပုဂ္ဂလိက | | ရေတွင်း | အခြား |
|---|---|---|---|---|---|---|---|
| | | ဧက | % | ဧက | % | | |
| ၂၀၀၀-၀၁ | ၄၇၂၀ | ၁၄၁၆ | ၃၀ | ၆၄၃ | ၁၃. ၆ | ၂၂၀ | ၂၄၄၁ |
| ၂၀၀၁-၀၂ | ၄၉၀၆ | ၁၄၁၅ | ၂၈. ၉ | ၆၄၉ | ၁၃. ၂ | ၂၄၃ | ၂၅၉၉ |
| ၂၀၀၂-၀၃ | ၄၆၁၉ | ၁၄၈၃ | ၃၂. ၁ | ၆၈၁ | ၁၄. ၈ | ၂၅၆ | ၂၁၉၉ |
| ၂၀၀၃-၀၄ | ၄၈၄၃ | ၁၅၇၀ | ၃၂. ၄ | ၆၈၂ | ၁၄. ၁ | ၂၄၁ | ၂၃၅၀ |
| ၂၀၀၄-၀၅ | ၄၇၆၂ | ၁၆၄၀ | ၃၄. ၃ | ၇၁၀ | ၁၄. ၈ | ၂၆၀ | ၂၁၅၀ |

ဇာစ်မြစ်။ ။ CSO, Myanmar Agricultural Statistics (1992-93 to 2004-05)

၂၀၀၀-၀၁ ခုနှစ်တွင် စိုက်ပျိုးမြေဧကစုစုပေါင်း၏ ၁၂. ၄ ရာခိုင်နှုန်းသည် ရေသွင်းစိုက်ပျိုးသည့် **ဧရိယာဖြစ်သည်။ အစိုးရဆည်များ၊ ရေပေးတူးမြောင်းများ၊ ကန်များမှ တစ်ဆင့်ရေပေးဝေမှုသည် ၃၀ ရာခိုင်နှုန်းနှင့် ပုဂ္ဂလိကရေပေးတူးမြောင်း၊ ရေကန်များမှရေပေးဝေမှုသည် ၁၃. ၆ ရာခိုင်နှုန်းခန့်ရှိသည်။ ကျန်လိုအပ်ချက်ကို ရေစုပ်စက်ဖြင့် ရေသွင်းစိုက်ပျိုးခြင်းဖြင့် ဖြည့်စွမ်းပေးသည်။ ရေစုပ်စက်ဖြင့် ရေသွင်းစိုက်ပျိုးမှုသည် လျင်မြန်စွာတိုးတက်နေသော နည်းတစ်ခုဖြစ်သည်။ ရေသွင်းစိုက်ပျိုးသော မြေဧရိယာ စုစုပေါင်းမှာ ဧကသန်း ၆၀ ကျော်ရှိသည်။**

ရေသွင်းစိုက်ပျိုးသည့် အဓိကသီးနှံများမှာ စပါး၊ ဂျုံ၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ကြံ၊ ဝါများဖြစ်သည်။ ရေသွင်းစိုက်ပျိုးရေးကို စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အများဆုံးအသုံးပြုသည်။ စုစုပေါင်း ရေသွင်းစိုက်ပျိုးဧရိယာ၏ ၄၅. ၄၆ ရာခိုင်နှုန်းဖြစ်သည်။ ဂုန်လျှော်စိုက်ပျိုးမှုတွင် ရေသွင်းစိုက်ပျိုးသည့် ဧရိယာတိုးတက်မှု အများဆုံးဖြစ်သည်။ ရေသွင်းစိုက်ပျိုးသည့်ဧရိယာတိုးတက်လာရခြင်းမှာ ဆည်မြောင်း တာတမံများ တည်ဆောက်ပေးမှုကြောင့်ဖြစ်သည်။

လယ်ယာကဏ္ဍအတွက်ရေရရှိရေးသည် အလွန်အရေးပါသောကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးအတွက် အထူးဖွံ့ဖြိုးရေးစီမံကိန်းများဖြင့် လိုအပ်သော ဆည်မြောင်း၊ကန်၊ချောင်းများကို တည်ဆောက်ပေးလျက်ရှိသည်။ ရေရရှိရေးလုပ်ငန်းငယ်များစွာကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ဆည်မြောင်းကာတမံများ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ခြောက်သွေ့သောဒေသများသို့ ရေရရှိရန်အတွက်လည်းကောင်း၊ ရေကြီးသောဒေသများကို ကာကွယ်ရန်နှင့် ရေအလဟဿမဖြစ်စေရန်အတွက် လည်းကောင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက်လည်းကောင်းဖြစ်သည်။

လုပ်သားရရှိမှု။ ။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအတွက် လုပ်အားသွင်းအားစုသည် အခြေခံအားဖြင့် မိသားစုလုပ်အားပုံသဏ္ဌာန်ရှိသည်။ ကြက်ပေါင်စေး၊ ကော်ဖီနှင့် လက်ဖက်စိုက်ပျိုးခြင်းများမှလွဲ၍ အခြားသီးနှံအားလုံး၏ စိုက်ပျိုးထုတ်လုပ်မှုသည် မိသားစုတစ်နိုင် စိုက်ပျိုးနိုင်သည့် မြေအကျယ်အဝန်း

ပေါ်တွင် စိုက်ပျိုးနေကြခြင်းဖြစ်သည်။ တစ်နှစ်ပတ်လုံး ငှားရမ်းလုပ်ကိုင်သော လုပ်သားဦးရေ အနည်းငယ်သာရှိသည်။ ရာသီလိုက် လုပ်သားငှားရမ်းလုပ်ကိုင်သော လုပ်ငန်းများမှာ ကောက်စိုက်ခြင်း၊ ကောက်ရိတ်ခြင်း စသည့်လုပ်ငန်းများဖြစ်သည်။

**မြေဩဇာနှင့်ပိုးသတ်ဆေးအသုံးချမှု။** ။ လယ်ယာကဏ္ဍ၏ ထုတ်လုပ်မှုတိုးတက်ရေးတွင် မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲခြင်းသည်လည်း အရေးပါသည်။ မြေဩဇာကို ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ဟူ၍ (၂) မျိုးခွဲခြားနိုင်သည်။ ဓာတ်မြေဩဇာများမှာ ယူရီးယား၊ တီဆူပါ၊ ပိုတက် စသည်တို့ဖြစ်သည်။ ဓာတ်မြေဩဇာအသုံးချမှုကို ဇယား ၆. ၆ တွင်ဖော်ပြထားသည်။

ဇယား ၆. ၆၊ ဓာတ်မြေဩဇာအသုံးချမှု

(မက်ထရစ်တန်)

| ခုနှစ် | ယူရီးယား | တီဆူပါ | ပိုတက် | စုစုပေါင်း |
|---|---|---|---|---|
| ၂၀၀၀-၀၁ | ၂၁၉၁၀၁ | ၁၁၇၉၆ | ၆၂၆၉ | ၂၃၇၁၆၆ |
| ၂၀၀၁-၀၂ | ၅၆၀၀၀ | ၃၄၂၇၂ | ၆၀၈၆ | ၉၆၃၅၈ |
| ၂၀၀၂-၀၃ | ၁၀၆၅၁ | ၄၈၁၁၂ | ၁၀၂၈၀ | ၆၉၀၄၃ |
| ၂၀၀၃-၀၄ | ၄၆၄ | ၁၃၀၆ | ၂၈၆၇ | ၄၆၃၇ |
| ၂၀၀၄-၀၅ | ၁၇ | ၁၆၂ | ၂၄၇ | ၄၂၆ |

ဇာစ်မြစ်။ CSO, Myanmar Agricultural Statistics (1992-93 to 2004-2005)

ဓာတ်မြေဩဇာများကို နိုင်ငံခြားမှတင်သွင်းရသဖြင့် တင်သွင်းနိုင်မှုပေါ်မူတည်၍ အသုံးချသည်။ နိုင်ငံသုံးငွေအခက်အခဲကြောင့် တင်သွင်းသည့် ပမာဏကျဆင်းသွားသဖြင့် ဓာတ်မြေဩဇာအသုံးချမှု အလွန်ကျဆင်းသွားကြောင်းတွေ့ရသည်။ ထိုကြောင့် သဘာဝမြေဩဇာကို အစားထိုးသုံးစွဲလျက်ရှိသည်။ သဘာဝမြေဩဇာများမှာ သစ်ရွက်စိမ်း၊ တိရစ္ဆာန်တို့၏ စွန့်ပစ်ပစ္စည်းများမှ ရရှိနိုင်သည်။ ၎င်းတို့သည် မွေးမြူရေးနှင့် စိုက်ပျိုးရေးတို့မှရရှိသည့် ဘေးထွက်ပစ္စည်းများဖြစ်သည်။ သို့ရာတွင် သဘာဝမြေဩဇာမှာ လိုအပ်သည့် ပမာဏကို မရရှိသေးပါ။ ယခုအခါ သဘာဝမြေဩဇာများကို စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး ထုတ်လုပ်နည်းများကို ဖြန့်ဝေပေးခြင်း၊ ပညာပေးခြင်း၊ အသုံးချစေခြင်းတို့ကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသည်။ သဘာဝမြေဩဇာများကို သွင်းကုန်အစားထိုးမြေဩဇာအဖြစ် အသုံးပြုလျက်ရှိသည်။

သီးနှံများ ဆုံးရှုံးပျက်စီးမှုမရှိစေရန် ပိုးသတ်ဆေးကိုလည်း သုံးစွဲရသည်။ ပိုးသတ်ဆေးသုံးစွဲမှုကို ဇယား ၆-၇ တွင် ဖော်ပြထားသည်။ ၂၀၀၂-၀၃ ခုနှစ်တွင်ပိုးသတ်ဆေး အများဆုံးအသုံးပြုခဲ့ကြောင်း တွေ့ရသည်။ ပိုးသတ်ဆေးမှုန့်ကိုလက်ဖြင့်ကျဲဖြန့်ပြီး ပိုးသတ်ဆေးရည်ကို စက်ဖြင့်ပက်ဖြန်းသည်။

ဇယား ၆. ၇၊ ပိုးသတ်ဆေးသုံးစွဲမှု

| ခုနှစ် | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ |
|---|---|---|---|---|---|
| ပေါင် | ၃၉၄၆၅ | ၆၀၃၉၀ | ၁၁၁၀၈၂ | ၄၂၈၀၇ | ၂၆၄၆၀ |
| ဂါလံ | ၁၇၅၂၃ | ၆၄၂၂၇ | ၈၇၀၅၂ | ၂၇၈၇၃ | ၃၃၇၁၆ |

ရင်းမြစ်။ CSO, Myanmar Agricultural Statistics (1992-93 to 2004-2005)

**မျိုးစေ့များ။** ။ စိုက်ပျိုးရေးလုပ်ငန်းအတွက် သီးနှံမျိုးကောင်းမျိုးသန့် အရည်အသွေး မြင့်မားစေရန် မျိုးစေ့များသည်လည်း အရေးပါလှသည်။ သမရိုးကျအားဖြင့် လယ်သမားများသည် မိမိတို့ စိုက်ပျိုးထွက်ရှိသည့် သီးနှံများမှ မျိုးပြန်ယူလေ့ရှိသည်။ ယခုအခါ အဆင့်မြင့်မျိုးကောင်းမျိုးစေ့ဖွံ့ဖြိုးမှုအစီအစဉ်များကို စတင်ဆောင်ရွက်ခဲ့ပြီး မြန်မာ့လယ်ယာကော်ပိုရေးရှင်းမှ လယ်သမားများအား မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးသည်။ လယ်သမားများအချင်းချင်း မျိုးကောင်းမျိုးစေ့များ လဲလှယ်စိုက်ပျိုးသည့်စနစ်ကိုလည်း အားပေးကျင့်သုံးလျက်ရှိသည်။ အရည်အသွေးကောင်းမွန်သော သီးနှံမျိုးကောင်းများဖြန့်ဖြူးနိုင်ရန်အတွက် အဆင့်မြင့်စပါး၊ ပြောင်း၊ ပဲမျိုးစုံ၊ နေကြာ၊ နှမ်း၊ ဂုန်လျှော်၊ ဝါ၊ ကြံ အထွက်ကောင်းမျိုးများကို သုတေသနလုပ်၍လည်းကောင်း၊ ပြည်ပမှတင်သွင်း၍လည်းကောင်း၊ စံပြစိုက်ခင်းများတွင် စမ်းသပ်စိုက်ပျိုး၍လည်းကောင်း၊ တောင်သူလယ်သမားများသို့ ဖြန့်ဖြူးပေးခဲ့သည်။

**လယ်ယာသုံးကိရိယာများ။** ။ထုတ်လုပ်မှုတိုးတက်လာစေရန်အတွက် စက်ယန္တရားများ၊ ကိရိယာများ အသုံးပြုရန်လိုအပ်သည်။ ၂၀၀၀-၀၁ ခုနှစ်တွင် ထွန်စက်စခန်းပေါင်း ၂၉၃၂ ရှိရာမှ ၂၀၀၄-၀၅ ခုနှစ်တွင် ထွန်စက်စခန်းပေါင်း ၃၁၆၅ အထိ တိုးတက်လာသဖြင့် ထွန်စက်စခန်း ၂၃၃ ခု တိုးလာသည်။ မြန်မာ့စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

လယ်သမားများ၏ ထုတ်လုပ်မှုစွမ်းရည်တိုးတက်စေရန် စက်မှုလယ်ယာတည်ဆောက်ရေးကို နိုင်ငံတော်မှ တက်ကြွစွာ အကောင်အထည်ဖော်လျက်ရှိသည်။ လယ်ယာသုံးစက်ကိရိယာစက်ရုံကိုလည်း တည်ဆောက်ပေးသည်။ လယ်သမားများစက်ကရိယာများကို လွယ်ကူစွာဝယ်ယူနိုင်ရန်နှင့် ငွေကို လည်း ထုတ်ချေးပေးသည်။ လယ်ထွန်စက်၊ ကောက်စိုက်စက်၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်တို့ကို အသုံးပြုနိုင်ရန်လည်းစီစဉ်ပေးသည်။

တစ်ချိန်တည်းမှာပင် သမရိုးကျလယ်ယာသုံးကိရိယာထုတ်လုပ်မှုကိုလည်း နိုင်ငံတော်မှ စဉ်ဆက်မပြတ် ပံ့ပိုးပေးလျက်ရှိသည်။

**စိုက်ပျိုးစရိတ်ချေးငွေ။** ။ လယ်သမားများသည်ကာလတို(၁ နှစ်အောက်ချေးငွေ)နှင့် ကာလလတ် (တစ်နှစ်အထက်)ချေးငွေများလိုအပ်သည်။ ကာလတိုချေးငွေကို မျိုးစေ့၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ ဒီဇယ်ဆီဝယ်ယူရန်နှင့် လုပ်အားခပေးရန်ဖြစ်သည်။ တစ်ခါတစ်ရံလယ်သမားမိသားစုများ စိုက်ပျိုးရေးရာသီအတွင်း စားသုံးရန်ရိက္ခာဝယ်ယူရန်အတွက်လည်း ကာလတိုချေးငွေချေးယူသည်။ ကာလတိုချေးငွေ

မရှိပါက လယ်ယာလုပ်ငန်းကိုစတင်ရန် မလွယ်ကူပေ။ ဤအချက်သည် ငွေချေးစားသူများအတွက် အတိုးကြီးယူပြီး ခေါင်းပုံဖြတ်ရန် အခွင့်အရေးဖြစ်စေသည်။ ထို့ကြောင့် နိုင်ငံတော်မှ သင့်လျော်သော အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို လယ်သမားတို့အား ထုတ်ချေးသည်။ သီးနှံအမျိုးအစားကို လိုက်၍ ထုတ်ချေးသည့်ပမာဏ ကွာခြားသည်။ အထူးအထွက်တိုးစပါးများ စိုက်ပျိုးထုတ်လုပ်မှုအတွက် အထူးချေးငွေများထုတ်ချေးပေးသည်။ အခြားသီးနှံများအတွက် စိုက်ဧကပေါ် အခြေခံ၍ ချေးငွေများထုတ်ချေးသည်။ ထုတ်ချေးသည့် ချေးငွေပမာဏမှာ ၂၀၀၀-၀၁ ခုနှစ်တွင် ကျပ်၁၂၁၂၄.၁၉ သန်းဖြစ်ပြီး ၂၀၀၄-၀၅ ခုနှစ်တွင် ကျပ်သန်းပေါင်း ၂၇၃၈၂.၁၈ ဖြစ်သောကြောင့် ချေးငွေပမာဏ ၁၂၅ ရာခိုင်နှုန်း တိုးတက်လာသည်။ စပါးစိုက်ပျိုးမှုအတွက် စိုက်ပျိုးစရိတ် ချေးငွေအများဆုံးထုတ်ချေးခဲ့သည်။

ကာလလတ်ချေးငွေမှာ နှစ်အနည်းငယ်ကြာမှ ပြန်ဆပ်ရသည့်ချေးငွေဖြစ်သည်။ ခိုင်းကျွဲ၊ နွား၊ ရေစုပ်စက်ဝယ်ယူရန်နှင့် လယ်ထွန်စက်များဝယ်ယူရန် အဓိကထုတ်ချေးသည်။ ရေစုပ်စက်အတွက် ၂၀၀၀-၀၁ ခုနှစ်တွင် ကျပ် ၂.၁၄ သန်းထုတ်ချေးရာမှ ၂၀၀၄-၀၅ ခုနှစ်တွင် ကျပ် ၉.၇၈ သန်း ထုတ်ချေးသည်။ ချေးငွေပမာဏများလာခြင်းမှာ ရေစုပ်စက်သုံးစွဲသူဦးရေ တိုးလာသောကြောင့်ဖြစ်သည်။ လယ်ထွန်စက်အတွက်ထုတ်ချေးသည့် ချေးငွေမှာလည်း ၂၀၀၀-၀၁ ခုနှစ်တွင် ကျပ် ၃၆.၁၃ သန်း ထုတ်ချေးရာမှ ၂၀၀၄-၀၅ ခုနှစ်တွင် ကျပ် ၁၆၆၂.၇၆ သန်းသို့ သိသိသာသာ တိုးတက်လာသည်။

**အခြားသွင်းအားစုများ။** ။ မြန်မာ့လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ လိုအပ်သော အဓိကသွင်းအားစုများ ကိုဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် မဖော်ပြရသေးသော သွင်းအားစုများစွာရှိသေးသည်။ ယင်းတို့အနက် အရေးပါသော သွင်းအားစုတစ်ခုမှာ ရေစုပ်စက်များနှင့် ထွန်စက်များတွင်သုံးသည့် ဒီဇယ်ဆီဖြစ်သည်။ သွင်းအားစုများနှင့် ကုန်ထွက်များကို သယ်ပို့ပေးသည့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများလည်း ပါဝင်သည်။ ရုပ်ဝတ္ထုမဟုတ်သော သွင်းအားစုများလည်းရှိသည်။ အဖွဲ့အစည်းဆိုင်ရာများနှင့် နည်းပညာ တို့ဖြစ်သည်။ ဤသွင်းအားစုများကို နိုင်ငံတော်အဖွဲ့အစည်းများက ကျေးရွာများတွင် ပံ့ပိုးပေးခဲ့သည်။

## ၆-၄။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု

မြန်မာ့လယ်ယာကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများ၏ ဆက်စပ်မှုကို အောက်ပါအတိုင်း ခေါင်းစဉ်များအတိုင်း ဆွေးနွေးသွားမည်။

(က) စားနပ်ရိက္ခာထုတ်လုပ်ပေးခြင်း

(ခ) စက်မှုကုန်ကြမ်းများ ထုတ်လုပ်ပေးခြင်း

(ဂ) ပို့ကုန်ပစ္စည်းများ ထုတ်လုပ်ပေးခြင်း

(ဃ) အလုပ်အကိုင်များ ရရှိစေခြင်း

(င) အခြားကဏ္ဍများ၏ ထုတ်ကုန်များအတွက် ဈေးကွက်ဖြစ်ပေါ်စေခြင်း

(စ) စုဆောင်းရန်အတွက် အရင်းမြစ်ရရှိစေခြင်း တို့ပင်ဖြစ်သည်။

၎င်းအချက်များကပင် မြန်မာ့စီးပွားရေး အဆောက်အအုံတွင် လယ်ယာကဏ္ဍ၏ အရေးပါမှုကို ဖော်ပြလျက်ရှိသည်။

**(က) စားနပ်ရိက္ခာထုတ်လုပ်ပေးခြင်း**

သားငါးကဏ္ဍနှင့် လယ်ယာကဏ္ဍတို့သည် မြန်မာနိုင်ငံ၏ အစားအစာလိုအပ်ချက်အားလုံးနီးပါး ဖြည့်ဆည်းပေးနိုင်သဖြင့် ယေဘုယျအားဖြင့် အစားအစာဖူလုံမှုရှိသော နိုင်ငံတစ်ခုဖြစ်သည်။ အစားအစာသည် လူသားအားလုံးအတွက် အခြေခံလိုအပ်ချက်ဖြစ်သဖြင့် မြန်မာနိုင်ငံသည် ကံကောင်းသော နိုင်ငံတစ်ခုဖြစ်ပေသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတို့သည် မိမိတို့နိုင်ငံလူဦးရေအတွက် မိမိတို့ကိုယ်တိုင်လုံလောက်သောအစားအစာများကို ထုတ်လုပ်မပေးနိုင်သဖြင့် ပြည်ပမှ စရိတ်စကကြီးစွာဖြင့် တင်သွင်းနေကြရသည်။ လယ်ယာကဏ္ဍမှ အစားအစာများဖူလုံစေရန် ထုတ်လုပ်ပေးနိုင်သဖြင့် အစားအစာအတွက် ကုန်ကျစရိတ်သည် မြန်မာနိုင်ငံတွင် နည်းပါးသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံ၏ နေထိုင်မှုစရိတ်သည် နည်းပါးလျက်ရှိသည်။

**(ခ) စက်မှုကုန်ကြမ်းများ ထုတ်လုပ်ပေးခြင်း**

မြန်မာ့လယ်ယာကဏ္ဍမှ ဂုန်လျှော်၊ ဝါ၊ ကြံ၊ ကြက်ပေါင်စေး၊ ကော်ဖီနှင့်ဆေးရွက်ကြီးကဲ့သို့သော စက်မှုကုန်ကြမ်းများကိုလည်းထုတ်လုပ်ပေးသည်။

**(ဂ) ပို့ကုန်ပစ္စည်းများ ထုတ်လုပ်ပေးခြင်း**

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများ ပေါကြွယ်ဝသော်လည်း အခြားအရေးပါသော ကုန်စည်များဖြစ်သည့် ဆေးဝါးများ၊ စက်ကိရိယာများ၊ ယာဉ်များ စသည့်တို့ကို လုံလောက်အောင် မထုတ်လုပ်နိုင်သေးပေ။ အဆိုပါကုန်စည်များကို ပြည်ပမှဝယ်ယူရန် နိုင်ငံခြားငွေလိုအပ်ပေသည်။ လိုအပ်သော နိုင်ငံခြားငွေရရှိစေရန် အချို့ကုန်စည်များကို ပြည်တွင်းတွင်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရောင်းချရပေမည်။ ပြည်ပတွင် ရောင်းချနိုင်သည့် ထုတ်ကုန်များကို မြန်မာ့လယ်ယာကဏ္ဍမှ ထုတ်လုပ်ပေးလျက်ရှိသည်။ လယ်ယာကဏ္ဍမှ အဓိကပို့ကုန်များမှာ ဆန်စပါး၊ ပြောင်း၊ ပဲမျိုးစုံ၊ ကြက်ပေါင်စေးနှင့် ဂုန်လျှော်တို့ဖြစ်သည်။ မြန်မာ့စီးပွားရေးအဆောက်အအုံ တိုးတက်မှုတွင်အရေးပါသော မတည်ရင်းနှီးကိရိယာများ၊ ကုန်ကြမ်းများနှင့် စားသုံးကုန်စည်များကို လယ်ယာကဏ္ဍ၏ပို့ကုန်များ တင်ပို့ရောင်းချရငွေများဖြင့် ဝယ်ယူနိုင်ခြင်းဖြစ်သည်။

**(ဃ) အလုပ်အကိုင်ရရှိစေခြင်း**

၁၉၉၇-၉၈ ခုနှစ်တွင် လယ်ယာကဏ္ဍ၌လုပ်ကိုင်လျက်ရှိသော လုပ်သားဦးရေမှာ (၁၀.၅) သန်း၊ စုစုပေါင်းလုပ်သားဦးရေ၏ ၆၂.၆၈ ရာခိုင်နှုန်းရှိသဖြင့် လုပ်သားဦးရေ၏ ထက်ဝက်ကျော်ကို အလုပ်ပေးထားနိုင်သောကဏ္ဍဟု ဆိုနိုင်သည်။ အခြားစီးပွားရေးကဏ္ဍများမှ လိုအပ်သည့်အခါ လုပ်သားများကို လယ်ယာကဏ္ဍမှ ရယူသုံးစွဲနိုင်သည်။ အနာဂတ်ကာလတွင် စက်မှုကဏ္ဍမှ လုပ်သားများစွာ လိုအပ်လာနိုင်သည်။ ထိုသို့လိုအပ်သောလုပ်သားများကို လယ်ယာလုပ်သားများအား ပြောင်းရွှေ့အသုံးပြုနိုင်ပေမည်။

ထိုသို့အသုံးပြုနိုင်ရန် တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုစွမ်းအား လျှင်မြန်စွာတိုးတက်ရန်လိုသည်။

**(င) အခြားကဏ္ဍများ၏ ထုတ်ကုန်များအတွက် ဈေးကွက်ဖြစ်ခြင်း**

အခြားကဏ္ဍများ၏ ထုတ်ကုန်များအတွက် မြန်မာ့လယ်ယာကဏ္ဍသည် ကြီးမားသော ဈေးကွက်ကြီးတစ်ခုဖြစ်သည်။ အခြားကဏ္ဍများမှ လယ်ယာကဏ္ဍ၏ဝယ်ယူမှုကို အမယ်အုပ်စုနှစ်ခုအဖြစ် ခွဲခြားနိုင်သည်။ ပထမအုပ်စုမှာ မတည်အရင်းအနှီးနှင့် ကုန်ကြမ်းသွင်းအားစုများ ဝယ်ယူမှုဖြစ်ပြီး အခြားတစ်ခုတွင် လယ်ယာမိသားစုများ၏ စားသုံးကုန်စည်များဝယ်ယူမှုဖြစ်သည်။ ၁၉၉၇-၉၈ ခုနှစ်တွင် လယ်ယာမိသားစုများ၏လူဦးရေမှာ (၄. ၅) သန်းရှိသည်။ လယ်ယာမိသားစုများသည် အခြေခံလိုအပ်ချက်များအဖြစ် အစားအစာ၊ အဝတ်အထည်နှင့်နေစရာများအပြင် အခြားကုန်စည်များလည်းလိုအပ်သည်။ မြန်မာ့ကျေးလက်ဒေသလူဦးရေများ၏ စားသုံးကုန်စည်များ ပံ့ပိုးပေးရန် နိုင်ငံတော်မှအထူးအားထုတ် ဆောင်ရွက်ပေးသည်။ ကျေးလက်ဒေသများတွင် စားသုံးကုန်စည်များ ရောင်းချရာတွင်သမဝါယမအသင်းများသည် အရေးပါသောအခန်းမှပါဝင်ခဲ့သည်။

**(စ) စုဆောင်းရန်အတွက် အရင်းအမြစ်ရရှိစေခြင်း**

လယ်ယာကဏ္ဍသည် ကြီးမားလှသော ဝင်ငွေများကို ထုတ်လုပ်ပေးနိုင်သည့် အလျောက်စုဆောင်းမှု၏ ဇာစ်မြစ်လည်းဖြစ်သည်။ လယ်ယာမိသားစုများ၊ သမဝါယမအသင်းများနှင့် နိုင်ငံတော်အဖွဲ့အစည်းများမှ လယ်ယာထုတ်ကုန်များ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုတို့ကို ပါဝင်ဆောင်ရွက်ရာမှ စုဆောင်းမှုကိုပြုလုပ်ကြသည်။

## ၆-၅။ သားငါးကဏ္ဍ

မြန်မာနိုင်ငံ၏ စီးပွားရေးတွင်အဓိကကျသော ကဏ္ဍတစ်ရပ်ဖြစ်သည်။ သားငါးကဏ္ဍတွင် တိရစ္ဆာန်မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းတို့ပါဝင်သည်။ ငါးမွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်းကို ရေလုပ်ငန်းဟုခေါ်သည်။

**တိရစ္ဆာန်မွေးမြူရေး။** ။ ဤကဏ္ဍမှ စားသုံးသူများအတွက် အသားများ၊ ဥများ၊ နို့ထွက်ပစ္စည်းများထုတ်လုပ်ပေးသည်။ လယ်ယာနှင့်သစ်တောကဏ္ဍများအတွက် ခိုင်းကျွဲ၊ ခိုင်းနွားကဲ့သို့သော ခိုင်းစရာတိရစ္ဆာန်များ၊ စက်မှုလုပ်ငန်းများတွင် အသုံးပြုရန်နှင့် ပို့ကုန်အဖြစ်တင်ပို့ရန် သားရေနှင့် ငှက်မွေးတောင်များကို ထုတ်လုပ်ပေးသည်။ ဤထုတ်ကုန်များထုတ်လုပ်ရန် မွေးမြူရေးလည်းလိုအပ်သည်။ တိရစ္ဆာန်အမျိုးမျိုးမွေးမြူမှုကို ဇယား(၆. ၈) တွင်ဖော်ပြထားသည်။

ဇယား (၆. ၈)၊ တိရစ္ဆာန်မွေးမြူရေး အခြေအနေ

ကောင်ရေ (ထောင်ပေါင်း)

| ခုနှစ် | နွား | ကျွဲ | သိုး/ဆိတ် | ဝက် | ကြက် | ဘဲ | အခြား |
|---|---|---|---|---|---|---|---|
| ၂၀၀၀-၀၁ | ၁၀၉၈၂ | ၂၄၄၁ | ၁၈၀၇ | ၃၉၃၄ | ၄၇၇၅၅ | ၆၅၅၆ | ၉၀၂ |
| ၂၀၀၁-၀၂ | ၁၁၂၄၃ | ၂၅၀၂ | ၁၈၈၂ | ၄၂၆၁ | ၅၅၀၈၀ | ၇၀၂၆ | ၉၂၈ |
| ၂၀၀၂-၀၃ | ၁၁၅၇၈ | ၂၅၅၅ | ၂၀၂၃ | ၄၆၂၆ | ၆၂၀၄၃ | ၇၄၈၃ | ၉၄၄ |
| ၂၀၀၃-၀၄ | ၁၁၇၅၆ | ၂၆၀၃ | ၂၀၂၉ | ၄၉၈၆ | ၇၂၇၅၉ | ၇၈၇၄ | ၉၆၃ |

**ရင်းမြစ်။** **CSO, Statistical Year Book 2004,**

မြန်မာနိုင်ငံတွင် တိရစ္ဆာန်မျိုးစုံမွေးမြူမှု တိုးတက်လျက်ရှိကြောင်း ယင်းဇယားမှ ဖော်ပြလျက်ရှိသည်။ ဤသို့တိုးတက်လာခြင်းမှာ အစိုးရက ကျေးရွာရှိအိမ်ထောင်စုတိုင်းအား တစ်နိုင်မွေးမြူရေး လုပ်ဆောင်နိုင်ရန် တွန်းအားပေးသောကြောင့်ဖြစ်သည်။ လုပ်သားများနှင့် တောင်သူလယ်သမားများအား နိုင်ငံတော်မှ ပံ့ပိုးပေးမှုကြောင့်လည်းဖြစ်သည်။ တိရစ္ဆာန်အစားအစာများ ရရှိစေရန် ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းဖြင့်လည်းကောင်း၊ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ရောဂါများ ကာကွယ်ကုသမှုများ ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း၊ စားကျက်မြေများ တိုးတက်ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း ပံ့ပိုးမှုများပေးခဲ့သည်။ တစ်နိုင်မွေးမြူရေး လုပ်ငန်းကို အကောင်အထည်ဖော် လုပ်ဆောင်စေခြင်းဖြင့် တောင်သူလယ်သမားနှင့် လုပ်သားများအား မတည်အသုံးစရိတ်များစွာ မကုန်ကျစေဘဲ ဝင်ငွေတိုးစေခြင်းနှင့် အစားအစာပိုမိုရရှိစေခြင်း၊ အကျိုးများဖြစ်ထွန်းစေသည်။ တိရစ္ဆာန်အစာများ လိုသလောက်မှန်မှန်ရရှိရန် အထူးလိုအပ်သည်။ ဤသို့မရရှိနိုင်ပါက တိရစ္ဆာန်များ သေကျေပျက်စီးပြီး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ များစွာဆုံးရှုံးစေနိုင်သည်။ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်းဖြင့် အသား၊ ဥနှင့်နို့ထွက်ရှိမှုကို ပိုမိုကောင်းမွန်စေခဲ့သည်။ ရောဂါကာကွယ်ရေးနှင့် ကုသရေးတို့ လုပ်ဆောင်ပေးခြင်းဖြင့်လည်း ရောဂါဘယကြောင့် ပျက်စီးဆုံးရှုံးမှုများ ကျဆင်းလာပြီး ကျန်းမာသန်စွမ်းသည့်တိရစ္ဆာန်များ တိုးပွားစေခဲ့သည်။ တိရစ္ဆာန်အစာ လုံလောက်စွာ ရနိုင်ရန်စားကျက်မြေများ တိုးတက်လာရန်လည်းလိုအပ်သည်။ တိရစ္ဆာန်အစားအစာ ဖူလုံရေး အထောက်အကူပြုနိုင်စေရန် စားကျက်မြေတိုးချဲ့ ပြုစုပျိုးထောင်ခဲ့သည်။

တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို ကျေးလက်ဒေသများသာမက နယ်စပ်ဒေသများတွင်ပါ တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ သားငါးကဏ္ဍသည် ပြည်တွင်းစီးပွားရေးအတွက်သာမက ပြည်ပပို့ကုန်အတွက်ပါ အခွင့်အလမ်းကောင်းရှိသောကဏ္ဍဖြစ်သည်။

အသား၊ ဥ၊ နို့၊ သားရေ စသည့်တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်မှုကို ဇယား (၆. ၉) တွင်ဖော်ပြထားသည်။ နို့ထုတ်လုပ်မှုတိုးတက်လာခြင်းသည်လည်း နို့ဆီတင်သွင်းရမှုကိုလျော့ကျ

စေသည်။ အသားထုတ်လုပ်မှုတိုးတက်လာခြင်းသည် တစ်ဦးကျအသားစားသုံးမှု တိုးတက်လာသည်ဟု ဆိုရမည်ဖြစ်သည်။

ဇယား(၆. ၉)၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု

| အမျိုးအမည် | ရေတွက်ပုံ | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ |
|---|---|---|---|---|---|
| အသားထုတ်လုပ်မှု | ပိဿာ၊ ထောင်ပေါင်း | ၂၇၆၈၂၀ | ၃၁၆၅၃၈ | ၃၆၆၆၃၀ | ၄၇၂၁၈၂ |
| ဥထုတ်လုပ်မှု | လုံးရေ၊ ထောင်ပေါင်း | ၂၈၄၂၃၉၅ | ၂၄၇၀၀၃၂ | ၂၈၁၇၅၉၃ | ၃၂၇၀၇၅၆ |
| နို့နှင့်နို့ထွက်ပစ္စည်း | ပိဿာ၊ ထောင်ပေါင်း | ၄၅၂၅၉၇ | ၄၆၆၆၃၀ | ၄၉၂၀၁၃ | ၅၀၈၂၁၃ |

**ဇာစ်မြစ်။ CSO, Statistical Year Book 2004,**

## ၆-၆။ ရေလုပ်ငန်း

မြန်မာနိုင်ငံအတွက်ရေလုပ်ငန်းသည်လည်း အလွန်အရေးပါလှသည်။ မြန်မာ့လူဦးရေ အများစုသည် မြစ်ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်ကမ်းနား စသည့် ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်သည့် ဒေသများတွင် နေထိုင်ကြသည်။ ငါးနှင့်ငါးမှထုတ်လုပ်သော ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည်တို့သည် မြန်မာတို့၏အစားအစာများတွင် အဓိကအားဖြင့်ပါဝင်သည်။ ပုစွန်ထုပ်ကြီးများ၊ ပုစွန်နှင့်ငါးတို့ကိုလည်း ပြည်ပသို့ တင်ပို့ရောင်းချရာ အလွန်ဝယ်အားကောင်းသော ကုန်စည်များဖြစ်သည်။

မြန်မာနိုင်ငံတွင်ထုတ်လုပ်သော ငါး၊ ပုစွန်များကို ရေချို၊ ရေငန် ငါးပုစွန်ထုတ်လုပ်မှုဟူ၍ ခွဲခြားနိုင်သည်။ ရေချိုငါး၊ ပုစွန်များတွင်မွေးမြူရေးလုပ်ငန်းများမှ ငါးပုစွန်များ၊ အင်းအိုင်များ ငှားရမ်းလုပ်ကိုင်ရာမှ ရရှိသောငါးပုစွန်များစသည့်တို့ပါဝင်သည်။ မြစ်ချောင်းများမှဖမ်းဆီးရရှိသော ရေချိုငါးပုစွန် ထုတ်လုပ်မှုတွင် မွေးမြူရေးကန်မှ ထုတ်လုပ်မှုသည် အများဆုံးဖြစ်သည်။ မြစ်ချောင်းများမှ ထုတ်လုပ်မှုသည် ဒုတိယအများဆုံးဖြစ်၍ အင်းအိုင်များမှ ထုတ်လုပ်မှုသည် တတိယအများဆုံးဖြစ်သည်။ ဇယား (၆. ၁၀) တွင် ရေချိုငါးပုစွန်ထုတ်လုပ်မှုကို ဖော်ပြထားသည်။ ရေငန်ငါးများမှာ ပင်လယ်ကမ်းနီးကမ်းဝေးဒေသများမှ ဖမ်းဆီးရရှိသောငါးများဖြစ်သည်။ ရေငန်ငါးထုတ်လုပ်မှုအခြေအနေကို ဇယား (၆-၁၁) တွင် ဖော်ပြထား သည်။

### ဇယား(၆. ၁၀)၊ ရေချိုငါးပုစွန် ထုတ်လုပ်မှု

ပိဿာချိန်(ထောင်ပေါင်း)

| အမျိုးအစား | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ |
|---|---|---|---|---|
| ရေချိုထုတ်လုပ်မှု | ၂၁၅၀၅၄ | ၂၇၂၃၄၂ | ၃၃၁၇၉၅ | ၅၂၃၀၆၅ |
| မွေးမြူရေးကန် | ၇၀၉၁၁ | ၁၁၆၃၅၅ | ၁၅၄၂၃၀ | ၂၄၅၀၂၀ |
| အင်းအိုင် | ၅၅၆၆၀ | ၅၈၇၂၃ | ၆၇၀၃၀ | ၇၄၈၄၃ |
| မြစ်ချောင်း | ၈၈၄၈၃ | ၉၇၂၆၄ | ၁၁၀၅၃၄ | ၂၀၃၂၀၁ |

ဇာစ်မြစ်။ CSO, Statistical Year Book, 2004

### ဇယား(၆. ၁၁) ရေငန်ငါးထုတ်လုပ်မှု

ပိဿာချိန်(ထောင်ပေါင်း)

| အမျိုးအမည် | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ | ၂၀၀၃-၀၄ |
|---|---|---|---|---|
| ရေငန်ငါးထုတ်လုပ်မှု | ၅၇၀၄၄၁ | ၆၃၀၀၂၇ | ၆၄၄၈၇၆ | ၆၉၂၉၉၁ |
| ကမ်းနီး | ၂၁၁၀၆၃ | ၂၃၃၁၁၀ | ၂၃၈၆၀၄ | ၂၅၆၄၀၇ |
| ကမ်းဝေး | ၃၅၉၃၇၈ | ၃၉၆၉၁၇ | ၄၀၆၂၇၂ | ၄၃၆၅၈၄ |

ဇာစ်မြစ်။ CSO, Statistical Year Book 2004,

ငါးမွေးမြူရေးလုပ်ငန်းအတွက် ငါးသားပေါက်များ လိုအပ်သည်။ ငါးမွေးကန်များလည်း လိုအပ်သည်။ ၂၀၀၃-၀၄ ခုနှစ်တွင် ငါးလုပ်ငန်းဌာနမှ အကောင်ရေ (၅၆၅၇၅၆) ထောင်ပေါင်း ငါးသားပေါက်မျိုးစုံကိုဖြန့်ဖြူးပေးခဲ့သည်။ ယင်းငါးသားပေါက်များကို ၇၀၁ ဧကကျယ်သော ငါးပုစွန် မွေးကန်များတွင် မွေးခဲ့သည်။ ၂၀၀၃-၀၄ ခုနှစ်တွင် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့် အင်းအိုင်ပေါင်း ၃၄၄ ရှိသည်။ ရေငန်ငါးဖမ်းလုပ်ငန်းအတွက် ငါးဖမ်းရေယာဉ်များနှင့် ကိရိယာများလိုအပ်သည်။ ပင်လယ်ငါးဖမ်းခြင်းလုပ်ငန်းတွင် သုံးသောကိရိယာများမှာ ခေတ်မီသိပ္ပံနည်းကျသော ကိရိယာများဖြစ်သည်။

ငါးလုပ်ငန်းဌာနသည် ငါးဖမ်းရေယာဉ်များအတွက် ဒီဇယ်ဆီများ၊ ဖမ်းပြီးငါးများကို သိုလှောင်ထားရန် ရေခဲနှင့်ဆားများ၊ ငါးဖမ်းပိုက်များ ၊ငါးဖမ်းရေယာဉ်များပြင်ဆင်ထိန်းသိမ်းမှုများ လိုအပ်သည်။ ငါးများသိုလှောင်ထားနိုင်မည့်အအေးခန်းများလည်းအလွန်လိုအပ်ပေသည်။

အပြည်ပြည်ဆိုင်ရာပင်လယ်ရေပြင်ပိုင်နက်ဥပဒေအရ မြန်မာ့ရေပိုင်နက်သည် ၁၂ မိုင်တိုးချဲ့ပြီး၊ ပင်လယ်ရေပြင်ပိုင်နက် သီးသန့်စီးပွားရေးဇုံသည် ပင်လယ်ကမ်းရိုးတန်းမှ မိုင် ၂၀၀ အထိ သတ်မှတ်ထား

သဖြင့်ရေပေါ်ရေအောက် သယ်ဇာတပေါကြွယ်လှပေသည်။ ရေငန်ငါးဖမ်းလုပ်ငန်းကိုလည်း တိုးချဲ့ဆောင်ရွက်ရန် အလားအလာကောင်းများစွာရှိပေသည်။

**၆-၇။ နိဂုံး**

ဤအခန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် သားငါးကဏ္ဍများအား ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ဤကဏ္ဍများကို အတူတကွလေ့လာရခြင်းမှာ ယင်းတို့သည်တစ်ခုနှင့်တစ်ခုနီးကပ်စွာ ဆက်စပ်နေသောကြောင့်ဖြစ်သည်။ ယင်းကဏ္ဍများသည် ကျေးလက်ဒေသများပေါ်တွင် အဓိကအားဖြင့် အခြေခံလျက်ရှိသည်။ ဤကဏ္ဍများ၏ ကုန်ထုတ်လုပ်မှုကိန်းဂဏန်းများကိုလည်း ဖော်ပြခဲ့သည်။ ဤကဏ္ဍများ၏ သွင်းအားစုအမျိုးမျိုးကိုလည်း ကိန်းဂဏန်းများဖြင့်ဖော်ပြထားခဲ့သည်။ ဤကဏ္ဍများ၏ ထုတ်လုပ်မှု လျင်မြန်စွာတိုးတက်ရခြင်းမှာ သွင်းအားစုများလျင်မြန်စွာတိုးတက်ခြင်းနှင့် နိုင်ငံတော် အလုပ်သမားများ၊ တောင်သူလယ်သမားများတို့၏ အဖွဲ့အစည်းဆိုင်ရာ စူးစိုက်အားထုတ်မှုများကြောင့်ဖြစ်သည်။ နောက်ဆုံးတွင် ဤကဏ္ဍများနှင့် အခြားထုတ်လုပ်မှုကဏ္ဍများ၏ ဆက်စပ်မှုကို လေ့လာခဲ့သည်။ ဤဆက်စပ်မှုများက မြန်မာ့စီးပွားရေးအဆောက်အအုံတွင် ဤကဏ္ဍများ၏ အရေးပါမှုကိုညွှန်ပြလျက်ရှိသည်။ မြန်မာ့လယ်ယာနှင့်သားငါးကဏ္ဍများသည် GDP တွင်ပါဝင်သည့် အချိုးအစားအများဆုံးဖြစ်သည်။ ၎င်းအပြင်အရေးပါသောနိုင်ငံခြားပို့ကုန်ထုတ်ပေးနိုင်သည့် ကဏ္ဍများလည်းဖြစ်သည်။ အလုပ်အကိုင်များ၊ အခွင့်အလမ်းများ ရရှိစေသည့်ကဏ္ဍများဖြစ်သဖြင့် မြန်မာ့စီးပွားရေးအဆောက်အအုံတွင် အရေးပါသောကဏ္ဍများဖြစ်သည်။

---

## အနှစ်ချုပ်

(၁) မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍများတွင် လယ်ယာကဏ္ဍသည် အရေးပါဆုံးသောကဏ္ဍဖြစ်သည်။

(၂) မြန်မာနိုင်ငံတွင် အစားအစာထုတ်လုပ်မှုကြောင့် နိုင်ငံ၏အစားအစာ သုံးစွဲမှုစရိတ်ကျဆင်းခဲ့သည်။

(၃) ပဲမျိုးစုံသည် စိုက်ပျိုးရေးပို့ကုန်တွင် အရေးပါသောအမယ်ဖြစ်လာသည်။

(၄) ဆီရရှိရာ သမရိုးကျဇာစ်မြစ်ဖြစ်သည့် နှမ်း၊ မြေပဲနှင့် နေကြာတို့အပြင် သွင်းကုန်အစားထိုး ဆီအုန်းကို စမ်းသပ်စိုက်ပျိုးပြီး စားအုန်းဆီကို ၂၀၀၅-၀၆မှ စတင် ဖြန့်ဖြူးရောင်းချသည်။

(၅) မြန်မာ့လယ်ယာကဏ္ဍသည် အခြားစီးပွားရေးကဏ္ဍများအတွက် စားနပ်ရိက္ခာထုတ်လုပ်ပေးခြင်း စက်မှုကုန်ကြမ်းများ ထုတ်လုပ်ပေးခြင်း၊ ပို့ကုန်ပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ အလုပ်အကိုင် ရရှိစေခြင်း၊ အခြားကဏ္ဍများ၏ ထုတ်ကုန်များအတွက် ဈေးကွက်ဖြစ်ပေါ်စေခြင်းနှင့် စုဆောင်းရန်အတွက် အရင်းအမြစ်ရရှိစေခြင်းတို့ကို ဖြစ်ပေါ်စေသည်။

(၆) သားငါးကဏ္ဍသည် စားသုံးသူများအတွက် အသား၊ ဥနှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်ပေးသည်။ လယ်ယာနှင့် သစ်တောကဏ္ဍအတွက် ခိုင်းကျွဲ၊ ခိုင်းနွားကဲ့သို့သော တိရစ္ဆာန်များ၊ စက်မှုလုပ်ငန်းအတွက်သားရေနှင့် ပို့ကုန်အဖြစ်တင်ပို့ရန်ငါးပုစွန်နှင့်ရေထွက်ပစ္စည်းများကို ထုတ်လုပ်ပေးသည်။

---

**လေ့ကျင့်ခန်းများ**

**(က) မှား/မှန် မေးခွန်း**

၁။ လယ်ယာစိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေးတွင် ကျောရိုးသဖွယ် ရပ်တည်လျက်ရှိသည်။

၂။ စပါးမှာ ရေသွင်းစိုက်ပျိုးသည့် အဓိကသီးနှံတစ်ခုဖြစ်သည်။

၃။ လယ်ယာကဏ္ဍသည် အခြားကဏ္ဍများ၏ထုတ်ကုန်အတွက် ကြီးမားသောဈေးကွက်ကြီး တစ်ခု ဖြစ်သည်။

၄။ မြန်မာနိုင်ငံတွင် ရေချိုငါးထုတ်လုပ်မှုသည် ရေငန်ငါးထုတ်လုပ်မှုထက်ပိုသည်။

၅။ တိရစ္ဆာန်မွေးမြူးရေးကိုကျေးလက်ဒေသများတွင်သာ လုပ်ကိုင်လျက်ရှိသည်။

**(ခ) ကွက်လပ်ဖြည့်မေးခွန်း**

၁။ မြန်မာ့လယ်သမားအများစုသည် စိုက်ပျိုးရေးနှင့် ----------- ကို တွဲဖက်လုပ်ကိုင်လျက်ရှိ သည်။

၂။ မြန်မာနိုင်ငံလုပ်သားအင်အား၏ --------------- သည် လယ်ယာကဏ္ဍတွင် အလုပ်လုပ်ကိုင် လျက်ရှိသည်။

၃။ ဝါ၊ ဂုန်လျှော်၊ ကြက်ပေါင်းစေး၊ ကြံနှင့် ဆေးရွက်ကြီးတို့သည် ------------ သီးနှံများဖြစ် သည်။

၄။ မွေးမြူရေးလုပ်ငန်းများမှ ငါးများနှင့် အင်းအိုင်ဌားရမ်းလုပ်ကိုင်ရာမှ ငါးများကို----------- ဟု ခေါ်သည်။

၅။ မြန်မာ့စိုက်ပျိုးရေးပို့ကုန်များတွင် ဈေးကောင်းရပြီး ယနေ့ အရေးပါဆုံးသော ပို့ကုန်အမယ်မှာ --- ------------ဖြစ်သည်။

**(ဂ) ရွေးချယ်မှုမေးခွန်း**

၁။ ရေလုပ်ငန်း၏ ထုတ်လုပ်မှုပိုသာချိန် အများဆုံးကို (က) ရေချိုငါး၊ ပုစွန်ထုတ်လုပ်မှု (ခ)ရေငန် ငါးထုတ်လုပ်မှု (ဂ) ရေချိုပုစွန်ထုတ်လုပ်မှုမှ ရရှိသည်။

၂။ မြန်မာ့နွေစပါးကို (က) ၁၉၉၂ (ခ) ၁၉၉၄ (ဂ) ၁၉၉၇ ခုနှစ်တွင် စတင်စိုက်ပျိုးရန်အားပေး ခဲ့သည်။

၃။ မြန်မာ့လယ်ယာကဏ္ဍ တိုးတက်လာခြင်းမှာ (က) စိုက်ဧကတိုးတက်ခြင်း (ခ) အထွက်နှုန်း တိုးတက်ခြင်း (ဂ) စိုက်ဧကနှင့် အထွက်နှုန်း တိုးတက်ခြင်းကြောင့်ဖြစ်သည်။

၄။ လယ်ယာကဏ္ဍ၏ ထုတ်ကုန်များကို အုပ်စု (က) ၃ မျိုး (ခ) ၅မျိုး (ဂ) ၇မျိုး ခွဲခြားထားသည်။

၅။ ၂၀၀၀-၀၂ခုနှစ်မှ ၂၀၀၃-၀၄ခုနှစ်အတွင်း ရေချိုငါးထုတ်လုပ်မှုတွင် အများဆုံးထုတ်လုပ်နိုင် သည့်နေရာမှာ (က) မြစ်ချောင်း (ခ) အင်းအိုင် (ဂ) ငါးမွေးမြူရေးကန် ဖြစ်သည်။

**(ဃ) မေးခွန်းများ**

၁။ မြန်မာ့လယ်ယာကဏ္ဍ၏ အဓိကသွင်းအားစုများကိုဖော်ပြပါ။

၂။ မြန်မာ့လယ်ယာကဏ္ဍ သီးနှံထုတ်လုပ်မှု အုပ်စုများကို ဖော်ပြ၍ နှစ်သက်ရာ (၂)ခုကို ရှင်းပြပါ။

၃။ မြန်မာ့လယ်ယာကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများ၏ ဆက်စပ်မှုကို ရှင်းပြပါ။

၄။ တိရစ္ဆာန်မွေးမြူရေး လုပ်ငန်း၏ အဓိကထုတ်ကုန်များကို ရှင်းလင်းဖော်ပြပါ။

၅။ မြန်မာ့ရေလုပ်ငန်းမှ ရေချိုနှင့် ရေငန်ငါးဖမ်းလုပ်ငန်းအကြောင်းကို ရှင်းလင်းဖြေဆိုပါ။

# အခန်း( ၇ )

# မြန်မာနိုင်ငံ၏ သစ်တောကဏ္ဍ

## Forestry Sector of Myanmar

### ၇-၁ နိဒါန်း

သစ်တောသည် မြန်မာနိုင်ငံ၏ အရေးပါသော သဘာဝသယံဇာတတစ်ခုဖြစ်သည်။ ဗြိတိသျှကိုလိုနီခေတ်တွင် နိုင်ငံခြားသားများသည် မြန်မာနိုင်ငံ၏အဖိုးတန်သစ်များကို အလွန်အမင်း တပ်မက်ကြသည်။ အင်္ဂလိပ်-မြန်မာတတိယစစ်ဖြစ်ရခြင်း၏ အကြောင်းရင်းများအနက် ကျွန်းသစ်ထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ မြန်မာဘုရင်နှင့် ဗြိတိသျှပိုင်သစ်ကုမ္ပဏီတို့ မပြေမလည်၊ မကျေမနပ်ဖြစ်ခြင်းသည်လည်း တစ်ကြောင်း ပါဝင်သည်။

၂၀၀၂-၀၃ ခုနှစ် မြန်မာနိုင်ငံ၏ စုစုပေါင်းမြေဧရိယာစတုရန်းမိုင် ၂၆၁၂၂၈ တွင် သစ်တောဧရိယာ ၁၃၆၅၈၂ စတုရန်းမိုင်ဖြစ်၍ မြေဧရိယာ၏ ၅၂. ၂၈ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ကြိုးဝိုင်းသစ်တောဧရိယာမှာ ၅၄၇၅၉ စတုရန်းမိုင်ရှိ၍ စုစုပေါင်းသစ်တော ဧရိယာ၏ ၄၀. ၀၉ ရာခိုင်နှုန်းဖြစ်သည်။ ထိုနှစ်တွင် သစ်တောကဏ္ဍ၏ ထုတ်ကုန်တန်ဖိုးမှာ ပေါက်ဈေးနှုန်းအရ ကျပ်သန်းပေါင်း ၂၀၈၄၆. ၃ ဖြစ်၍ စုစုပေါင်းပြည်တွင်း ထုတ်ကုန် GDP ၏ ၀. ၅၁ ရာခိုင်နှုန်းဖြစ်သည်။

၂၀၀၂-၀၃ ခုနှစ် သစ်တောကဏ္ဍတွင် အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်လုပ်သူဦးရေမှာ စုစုပေါင်း အလုပ်လုပ်ကိုင်သူလူဦးရေ၏ ၁ ရာခိုင်နှုန်းပတ်ဝန်းကျင်ဖြစ်သည်။ သစ်တောထွက်ပစ္စည်းများ (Forest products) သည် မြန်မာနိုင်ငံ၏ အရေးပါသော ပို့ကုန်အမယ်တစ်ခုဖြစ်သည်။ သစ်တောထွက်ပစ္စည်းများ၏ ပို့ကုန်တန်ဖိုးမှာ ၂၀၀၂-၀၃ ခုနှစ်တွင် ကျပ်သန်းပေါင်း (၁၈၇၁) ဖြစ်သဖြင့် စုစုပေါင်း ပို့ကုန်တန်ဖိုး၏ (၉. ၃၇) ရာခိုင်နှုန်းဖြစ်သည်။

သစ်တောလုပ်ငန်းသည် လယ်ယာ၊ သားငါးလုပ်ငန်းများနည်းတူ မြန်မာနိုင်ငံ ကျေးလက်ဒေသများ၏ အရေးပါသော ကျောထောက်နောက်ခံစီးပွားရေးလုပ်ငန်းဖြစ်သည်။ သစ်တောထွက် ပစ္စည်းများသည် အဖိုးတန်ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်သည်သာမက အိမ်ယာအဆောက်အအုံများ ဆောက်လုပ်ရာတွင်လည်းကောင်း၊ လယ်ယာသုံးကရိယာများ ပြုလုပ်ရာတွင်လည်းကောင်း၊ ကုန်ကြမ်းများအဖြစ် အသုံးပြုနိုင်သည်။ ထင်း၊ မီးသွေး၊ ရှားစေး၊ အင်တွဲ၊ ပွဲ့လျက်၊ သနပ်ခါး၊ ထင်းရှူးဆီ၊ ပျားရည်၊ ပျားဖယောင်း၊ ကညင်ဆီ၊ လင်းနို့ချေး၊ ငှက်သိုက်၊ ချိတ်၊ သစ်ခွပန်း၊ စသည်တို့သည်လည်း မြန်မာတိုင်းရင်းသားများ အသုံးပြုလေ့ရှိသည့် အရေးပါသော သစ်တောထွက်ပစ္စည်းများဖြစ်သည်။

သစ်တောကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်တောထွက်ကုန်ပစ္စည်းများ၏ ဈေးကွက် အခွင့်အလမ်းများပွင့်လာစေရန်၊ ဈေးကွက်ကျယ်ပြန့်လာစေရန်၊ သစ်တောများထိန်းသိမ်းခြင်းစသည့်၊ အစိုးရ၏

ဆောင်ရွက်ချက်များကြောင့် မြန်မာနိုင်ငံတွင် သစ်တောဧရိယာ တဖြည်းဖြည်း တိုးတက်လာပြီး စိမ်းလန်းစိုပြေလျက်ရှိသည်။ မြန်မာ့သစ်တောများသည် ပြည်သူများ၏ လူနေမှုကို မြင့်မားစေရုံသာမက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုသည်။

ဇယား(၇. ၁)၊ သစ်တောအခြေအနေ

စတုရန်းမိုင်

| အမျိုးအစား | ၂၀၀၀-၀၁ | ၂၀၀၂-၀၃ |
|---|---|---|
| သစ်တောဧရိယာ | ၁၃၂၆၅၀ | ၁၃၆၅၈၂ |
| ကြိုးဝိုင်းသစ်တော | ၄၉၉၇၉ | ၅၄၇၅၉ |
| ကြိုးပြင်သစ်တော | ၈၂၆၇၁ | ၈၄၉၇၉ |

ဇာစ်မြစ်။ **CSO, Statistical Yearbook, 2004**

ထို့ကြောင့်အစိုးရသည်သစ်တောပြုန်းတီးမှုကို ကာကွယ်ရန်အဓိကထား ဆောင်ရွက်လျက်ရှိသည်။ သဘာဝပေါက်ပင်များကို ထိန်းသိမ်းပြုစုပျိုးထောင်ရန် သစ်တောကဏ္ဍအတွက် ရည်မှန်းချက်များ၊ ပေါ်လစီများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ သစ်တောကဏ္ဍနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကိုလည်းသတ်မှတ်ပြဋ္ဌာန်းထားသည်။

## ၇-၂ သစ်တောကဏ္ဍ၏ အဓိကထုတ်ကုန်များ

Principal Products of the Forestry Sector

မြန်မာနိုင်ငံ သစ်တောကဏ္ဍ၏အဓိကထုတ်ကုန်တွင် ကျွန်းသစ်နှင့်သစ်မာသည် အထင်ရှားဆုံးဖြစ်သည်။ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်၊ ဓနိ-သက်ကယ်များသည်လည်း အရေးပါသည့် သစ်တောထွက်ပစ္စည်းများဖြစ်သည်။ အခြားသစ်တောထွက်ပစ္စည်းများဖြစ်သည့် ရှားစေး၊ အင်တွဲ၊ ပွဲလျက်၊ သနပ်ခါး၊ ထင်းရှူး၊ ကညင်ဆီ၊ တာပင်တိုင်ဆီ၊ ပျားရည်၊ ပျားဖယောင်း၊ လင်းနို့ချေး၊ ငှက်သိုက်၊ ပန်းစသည်တို့ကိုလည်းထုတ်လုပ်သည်။ သစ်ထုတ်လုပ်ရေးတွင် အဆင့်များစွာရှိသည်။ ရှေးဦးစွာသစ်တောဌာနမှ သင့်လျော်သောအပင်များကို ရွေးချယ်ပြီး သင်းသတ်ရပါသည်။ သင်းသတ်ခြင်းဆိုသည်မှာ မြေပြင်မှ ပေအနည်းငယ် အမြင့်တွင်ပင်စည်ပတ်လည်ကို အနှစ်ပေါ်အောင် အခေါက်ခွာပေးခြင်းဖြစ်သည်။ သင်းသတ်ရခြင်းမှာ အပင်ကိုအခြောက်ခံခြင်းဖြစ်သည်။ ကျွန်းပင်များကိုသင်းသတ်ပြီး ၃ နှစ်ခန့် ထားရသည်။ သင်းသတ်ပြီး ၃ နှစ်ကြာသော အခါကျွန်းပင်ကိုခုတ်လှဲပြီးနောက် သစ်လုံးအဖြစ်ပိုင်းဖြတ်ရသည်။ ခုတ်ပြီးသောသစ်လုံးများကို ဆင်များဖြင့်လည်းကောင်း၊ ကျွဲများဖြင့်လည်းကောင်း မြစ်ချောင်းနံဘေးသို့ သယ်ယူ၍ မြစ်ချောင်း တစ်လျှောက် သစ်စက်များရှိရာသို့မျှောချရသည်။

သစ်စက်များက သစ်ခွဲသားအဖြစ် ခွဲစိတ်ပေးသည်။ ကျွန်းသစ်များကိုခုတ်လှဲပြီးသည်မှ သစ်စက်များရှိရာသို့ရောက်သည်အထိ အနည်းဆုံး (၅) နှစ်ခန့်ကြာသည်ဟုခန့်မှန်းထားသည်။ ကျွန်းသစ်များကို သင်းသတ်ခြင်းမပြုသေးသည့် ကျွန်းစိုပင်များအနေဖြင့်လည်း ထုတ်ယူပါသည်။ ကျွန်းစိုများထုတ်ယူခြင်းသည် ထုတ်လုပ်သည့်အချိန်ကို လျှော့နည်းစေသော်လည်း ထုတ်လုပ်မှုစရိတ်ကို ပိုမိုမြင့်မားစေပါသည်။ ကျွန်းသစ်မှအပ အခြားသစ်မာများကို ခုတ်ယူရာတွင်သာမန်အားဖြင့် အစိမ်းလိုက်ခုတ်ယူလေ့ရှိပါသည်။ သစ်မာများကိုခုတ်လှဲပြီးသောအခါ ကျွန်းသစ်ကဲ့သို့ပင် ဆင်၊ ကျွဲများဖြင့် တောင်ကျရေရှိမည့် ချောင်းများသို့ ဆွဲ၍ပို့ရပါသည်။ သစ်မာများမှာရေပေါ်၌ မပေါ်နိုင်သဖြင့် ဝါးများဖြင့်ဖောင်ဖွဲ့ရေမျှောရသည်။ မြစ်နှင့် မနီးသောသစ်တောများမှသစ်များထုတ်လုပ်မှုကို ဇယား (၇. ၂)တွင် ဖော်ပြထားပါသည်။

ဇယား (၇. ၂)၊ မြန်မာနိုင်ငံ၏ ကျွန်းသစ်နှင့် သစ်မာထုတ်လုပ်မှု

(ကုဗတန်)

| အကြောင်းအရာ | ၂၀၀၀-၀၁ | ၂၀၀၂-၀၃ |
|---|---|---|
| ကျွန်းသစ် | ၂၅၀၅၀၀ | ၂၉၇၉၇၉ |
| သစ်မာ | ၉၅၀၆၀၀ | ၁၀၇၂၇၃၄ |
| စုစုပေါင်း | ၁၂၀၁၁၀၀ | ၁၃၇၀၇၁၃ |

ဇာစ်မြစ်။ CSO, Statistical Yearbook, 2004

ဇယား(၇. ၂)ကို လေ့လာခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ကျွန်းသစ်နှင့်သစ်မာထုတ်လုပ်မှုမှာ သိသိသာသာတိုးတက်လာကြောင်း တွေ့ရသည်။

ကျွန်းသစ်နှင့် သစ်မာခုတ်လှဲမှုနှင့် သစ်စက်သို့ရောက်ရှိမှုအခြေအနေကို ဇယား (၇. ၃) တွင် ဖော်ပြထားပါသည်။

ဇယား(၇. ၃)၊ ကျွန်းနှင့် သစ်မာခုတ်လှဲမှုနှင့် သစ်စက်သို့ရောက်ရှိမှု

(ကုဗတန်)

| ခုနှစ် | ကျွန်းသစ် | | သစ်မာ | |
|---|---|---|---|---|
| | ခုတ်လှဲမှု | သစ်စက်ရောက်ရှိမှု | ခုတ်လှဲမှု | သစ်စက်ရောက်ရှိမှု |
| ၂၀၀၀-၀၁ | ၅၈၈၇၅ | ၂၄၆၀၁ | ၃၁၉၁၂၀ | ၁၈၀၀၉၀ |
| ၂၀၀၂-၀၃ | ၆၃၈၀၆ | ၂၉၂၀၁ | ၃၄၀၈၁၁ | ၂၀၀၄၂၆ |

**ဇာစ်မြစ်။ CSO, Statistical Yearbook, 2004**

ဇယား(၇. ၃)ကို လေ့လာခြင်းအားဖြင့် ကျွန်းသစ်နှင့်သစ်မာခုတ်လှဲမှု၊ သစ်စက်သို့ ရောက်ရှိမှုမှာ တိုးတက်လာခဲ့သည်။ သစ်ထုတ်လုပ်ခြင်း၏ သဘောသဘာဝမှာ တစ်နှစ်အတွင်း အပြီးမထုတ်လုပ်နိုင်ခြင်း၊ ထုတ်လုပ်ပြီးသစ်များကို သယ်ယူပို့ဆောင်ရာတွင် ဆင်၊ ကျွဲစသော တိရစ္ဆာန်အင်အားကိုအသုံးပြုရခြင်း၊ တောင်ကျချောင်းရေမှ မျှောချရသဖြင့် ချောင်းရေရချိန်ကိုစောင့်၍ မျှောချရခြင်းတို့ကြောင့် သစ်ထုတ်လုပ်မှု ပမာဏအတက်အကျများသည်။

အခြားသစ်တောထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုကို ဇယား (၇. ၄)တွင် ဖော်ပြထားသည်။

ဇယား (၇. ၄)၊ အခြားသစ်တောထွက်ပစ္စည်းများ

| အကြောင်းအရာ | ရေတွက်ပုံ | ၂၀၀၀-၀၁ | ၂၀၀၂-၀၃ |
|---|---|---|---|
| ထင်း | ကုဗတန်-ထောင်ပေါင်း | ၁၈၅၇၉ | ၁၉၃၈၄ |
| မီးသွေး | ကုဗတန်-ထောင်ပေါင်း | ၁၈၂ | ၂၆၀ |
| ဝါး | လုံးရေ-ထောင်ပေါင်း | ၁၀၂၂၂၄၇ | ၁၀၉၉၂၄၇ |
| ကြိမ် | လုံးရေ-ထောင်ပေါင်း | ၄၆၀၄၁ | ၄၈၂၆၈ |
| ရှားစေး | ပိဿာ-ထောင်ပေါင်း | ၂၅၉ | ၂၉၈ |
| အင်တွဲ-ပွဲ့လျက် | ပိဿာ-ထောင်ပေါင်း | ၂၆၁ | ၂၄၇ |
| ပျားရည် | ပိဿာ-ထောင်ပေါင်း | ၁၇ | ၂၇ |
| ဓနိ-သက်ကယ် | ပျစ်ရေ-ထောင်ပေါင်း | ၈၆၃၅၄၉ | ၉၀၉၆၇၃ |
| သစ်ခွ | ပင်ရေ-ထောင်ပေါင်း | ၁၅ | ၁၅ |

**ဇာစ်မြစ်။ CSO, Statistical Yearbook, 2004**

ဇယားကိုလေ့လာခြင်းအားဖြင့် အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်မှု တိုးတက်လာသည်။ ထင်း၊ မီးသွေး၊ ဝါး၊ ကြိမ်ထုတ်လုပ်မှု တိုးတက်လာသည်။ ကြိမ်ဖြင့်ပြုလုပ်သော ပရိဘောဂများနှင့် အသုံးအဆောင်ပစ္စည်းများကို ပြည်တွင်း၌သာမက ပြည်ပသို့တင်ပို့ရောင်းချလာနိုင်ခြင်းကြောင့် ကြိမ်ထုတ်လုပ်မှု တိုးတက်လာရခြင်းဖြစ်သည်။ ကျေးလက်လူဦးရေ တိုးတက်လာခြင်းကြောင့် ထင်း၊ မီးသွေး၊ ဝါး၊ ဓနိ၊ သက်ကယ်တို့၏ ထုတ်လုပ်မှုများလည်းတိုးတက်လာသည်။

## ၇-၃ သစ်တောကဏ္ဍအတွက် သွင်းအားစုများ

Inputs for the Forestry Sector

ခုတ်လှဲလိုက်သည့်အပင်များနေရာတွင် အပင်အသစ်များကို တစ်ဖန်ပြန်လည်စိုက်ပျိုးနိုင်သောကြောင့် သစ်တောများသည် ပြန်လည်ဖြည့်ဆည်းနိုင်သော သဘာဝသယံဇာတပစ္စည်းများ (renewable

natural resource) ဖြစ်သည်။ သစ်တောများကို စည်းကမ်းမဲ့ပရမ်းပတာ ခုတ်လှဲပါက သစ်တောများ ပြုန်းတီးသွားနိုင်သည်။ အဖိုးတန်သစ်ပင်များကို သင့်လျော်သောအရွယ်ရောက်မှ ခုတ်လှဲရန်သင့်သည်။ လိုအပ်ပါက ခုတ်ပြီးသောသစ်ပင်များ အစားပြန်လည်ရရှိရေးအတွက် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန် လိုသည်။ သို့မှသာလျှင် သစ်တောများမှ အစဉ်မပြတ် သစ်များအများဆုံးရရှိနိုင်မည်။ သစ်တောများ ပြုန်းတီးမသွားစေရန်နှင့် စနစ်တကျခုတ်လှဲရေးကိစ္စများကို သစ်တောဌာနက တာဝန်ယူဆောင်ရွက်ရသည်။ ထို့ပြင် သစ်တောဌာနသည် သစ်ပင်များစနစ်တကျရှင်သန်စေရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပိုးမွှား၊ ရောဂါ၊ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကိုလည်း ထမ်းဆောင်ရသည်။ ထိုလုပ်ငန်းများကို စုပေါင်းပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ (Conservation of forests) ဟုခေါ်သည်။

သစ်တောထိန်းသိမ်းရေးလုပ်ငန်းသည် မြန်မာနိုင်ငံသစ်တောကဏ္ဍအတွက် အရေးပါသည့် သွင်းအားစုတစ်ခုဖြစ်သည်။ သစ်တောများသည် တိုင်းပြည်၏စီးပွားရေးအတွက်သာမက အခြားအရေးကြီးသော အချက်များလည်းရှိသည်။ ထိုအချက်များမှာမြေဆီလွှာကို လေ၊ရေ တိုက်စားမှုဒဏ်မှ ကာကွယ်ပေးခြင်း၊ စိမ့်ရေစမ်းရေပေါ်များစေရန်ဖန်တီးပေးခြင်း၊ ရာသီဥတုကိုမျှတစေခြင်း စသည်တို့ဖြစ်သည်။

### သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ

သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးဝိုင်းသစ်တောများ (reserve forests) အတွက်သာ ဆောင်ရွက်သည်။ ကြိုးဝိုင်းသစ်တောဆိုသည်မှာ သစ်တောအဖြစ် အစဉ်အမြဲထားရှိရန် ရည်ရွယ်ထားသော သစ်တောများဖြစ်သည်။ ကြိုးဝိုင်းသစ်တောများကို ထုတ်လုပ်ရန် ကြိုးဝိုင်းသစ်တောနှင့် ကာကွယ်ရေးကြိုးဝိုင်းသစ်တောဟူ၍ (၂) မျိုးခွဲထားသည်။ ထုတ်လုပ်ရန် သတ်မှတ်ထားသည့် ကြိုးဝိုင်းသစ်တောများမှ အဖိုးတန်သစ်များကို စနစ်တကျခုတ်ယူသည်။ ကာကွယ်ရေးကြိုးဝိုင်း သစ်တောများသည် မြေဆီလွှာများကို ရေတိုက်စားခြင်းမှကာကွယ်ရန်၊ ရေဝေရေလဲ ထိန်းသိမ်းရန်၊ ရေလွှမ်းမိုးခြင်း ကာကွယ်ရန်၊ သဲနုန်းကျဆင်းမှုကာကွယ်ရန်တို့အတွက် သတ်မှတ်သည့် ကြိုးဝိုင်းသစ်တောများဖြစ်သည်။ ကြိုးဝိုင်းသစ်တောဧရိယာစုစုပေါင်းမှာ ၁၉၉၇-၉၈ ခုနှစ်တွင် (၄၁၀၃၈) စတုရန်းမိုင်ရှိရာမှ ၂၀၀၂-၀၃ ခုနှစ်တွင် (၅၄၇၅၆) စတုရန်းမိုင်သို့ တိုးတက်လာသဖြင့် (၅)နှစ်အတွင်း (၃၃. ၄၃) ရာခိုင်နှုန်းတိုးတက်လာကြောင်း တွေ့ရသည်။

သစ်တောထွက်ပစ္စည်းများ ရေရှည်ထုတ်လုပ်နိုင်ရေးအတွက် ဓမ္မတာမျိုးဆက်နည်း (natural regeneration) ဖြင့် သစ်တောများကိုထိန်းသိမ်းကာကွယ်ခြင်းနှင့် ပဝတ္တိမျိုးဆက်နည်း (artificial regeneration) ဖြင့် သစ်တောစိုက်ခင်းများကိုပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဇယား(၇. ၅)၊ သစ်တောဌာနမှ သစ်တောစိုက်ခင်းများ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများ

(ဧက)

| စဉ် | အကြောင်းအရာ | ၂၀၀၀-၀၁ | ၂၀၀၂-၀၃ |
|---|---|---|---|
| ၁ | စီးပွားရေးစိုက်ခင်း | ၄၁၆၃၀ | ၃၇၉၅၀ |
| | ကျွန်းစိုက်ခင်း | ၃၂၀၃၀ | ၃၂၁၅၀ |
| | သစ်မာ | ၆၆၈၀ | ၃၀၅၀ |
| | အခြား | ၂၉၂၀ | ၂၇၅၀ |
| ၂ | ကျေးရွာသုံးစိုက်ခင်း | ၁၀၆၅၁ | ၁၁၆၀၀ |
| | ထင်း | ၁၀၆၅၁ | N.A |
| ၃ | စက်မှုကုန်ကြမ်းစိုက်ခင်း | ၅၁၅၅ | ၈၆၈၀ |
| ၄ | ရေဝေရေလဲစိုက်ခင်း | ၁၈၄၁၀ | ၁၉၃၅၀ |

**ဇာစ်မြစ်။ CSO, Statistical Yearbook, 2004**

ဇယားကိုလေ့လာခြင်းအားဖြင့် မြန်မာနိုင်ငံသစ်တောကဏ္ဍတွင် သစ်ထုတ်လုပ်ရေးလုပ်ငန်းများကိုသာမက သစ်တောများရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးအတွက် သစ်တောစိုက်ခင်းများကို ပြုစုပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။ သစ်မာစိုက်ခင်းများတွင် ပျဉ်းကတိုး၊ ပိတောက်၊ ထင်းရှူးပင် စသည့် စီးပွားရေးစိုက်ခင်းနှင့် စက်မှုကုန်ကြမ်းစိုက်ခင်းအဖြစ်လည်းကောင်း၊ ထင်းမီးသွေးလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ကျေးရွာသုံးစိုက်ခင်းအဖြစ်လည်းကောင်း၊ ရေဝေရေလဲစိုက်ခင်းအဖြစ် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဒီရေတောစိုက်ခင်းများကိုလည်းကောင်း စိုက်ပျိုးထားပါသည်။

စိုက်ပျိုးထိန်းသိမ်းထားသောသစ်တောများ ရှင်သန်ကြီးထွားရန်အတွက် အုပ်မိုးကာဆိုင်းလှဲခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ ပင်ကြဲပ်နှုတ်ခြင်းလုပ်ငန်းတို့ကိုလည်းဆောင်ရွက်သည်။ ထို့ပြင် သစ်တောလမ်းများ ပြင်ဆင်ခြင်းလုပ်ငန်း၊ သစ်တောမီးဘေးမှကာကွယ်ခြင်းလုပ်ငန်း အသီးသီးတို့ကိုလည်း ဆောင်ရွက်သည်။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ခြင်းနှင့် သဘာဝနယ်မြေထိန်းသိမ်းခြင်းလုပ်ငန်းများကို ဘေးမဲ့သစ်တော(၇)ခုသတ်မှတ်၍လည်းကောင်း၊ အမျိုးသားဥယျာဉ်(၆)ခု တည်ထောင်၍လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။

## အပူပိုင်းဒေသ (၉)ခရိုင်စိမ်းလန်းစိုပြည်ရေး

မြန်မာပြည်အလယ် အပူပိုင်းဒေသ(၉)ခရိုင်စိမ်းလန်းစိုပြည်ရေးအတွက် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ခဲ့သည်။ ၂၀၀၁ ခုနှစ်တွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရန်အတွက် နှစ်(၃၀)

နှစ်ရှည်(ဘက်စုံ)စီမံကိန်းကို ချမှတ်ခဲ့သည်။ ထိုစီမံကိန်းပြီးဆုံးသွားပါက နိုင်ငံရေယာ၏ ၉.၂ ရာခိုင်နှုန်းရှိသော အပူပိုင်းမိုးနည်းဒေသတစ်ခုလုံး စိမ်းလန်းသွားမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဆည်မြောင်းတာတမံများ၊ ရေစုပ်စက်များဖြင့် မြစ်ရေတင်ခြင်းလုပ်ငန်းများသည် လယ်ယာစိုက်ပျိုးရေးအတွက် ရေရရှိရုံသာမက စိမ်းလန်းစိုပြည်ရေးအတွက်ပါ များစွာအထောက်အကူပြုသည်။ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတာဝန်များဖြစ်သည့် သစ်တောပြုစု ပျိုးထောင်ရေး၊ သဘာဝသစ်တောများ ထိန်းသိမ်းခြင်းနှင့် ထင်းအစားထိုးလောင်စာစိုက်ခင်း ရေရရှိအောင်ဆောင်ရွက်ပေးခြင်းတို့ကို ခရိုင်(၁၃)ခု၊ မြို့နယ်(၅၇) မြို့နယ်၊ (စစ်ကိုင်း-၁၇၊ မန္တလေး-၁၆၊ မကွေး-၂၄ မြို့နယ်) တွင်ဆောင်ရွက်ပေးခဲ့သည်။

## အခြားသွင်းအားစုများ

သစ်တောထိန်းသိမ်းရေးလုပ်ငန်းများအပြင် အခြားလိုအပ်သည့် သွင်းအားစုများမှာ သစ်ပင်များ ခုတ်လှဲရာတွင်လည်းကောင်း၊ သစ်လုံးများကိုသယ်ယူရာတွင်လည်းကောင်း၊ အသုံးပြုရသည့် အရင်းအနှီး ကိရိယာများ (capital goods) များဖြစ်သည်။ ၎င်းတို့မှာ စက်လွှများ (chain saws)၊ ငါးမန်းလွှများ (cross-cut saws)၊ ထရက်တာများ (tractors)၊ စကစ်ဒါများ (skidders)၊ ဆင်နှင့် ကျွဲများ၊ ထရပ်ကားများ (trucks) စသည်တို့ဖြစ်သည်။ ထိုအရင်းအနှီးကိရိယာများမှာ တန်ဖိုးကြီးသဖြင့် အရင်းအနှီး မြောက်မြားစွာလိုအပ်သည်။ ထို့ကြောင့် သစ်လုပ်ငန်းသည် အရင်းအနှီးမြောက်မြားစွာလိုသောလုပ်ငန်း (capital intensive industry) ဖြစ်သည်။

သစ်ခုတ်ခြင်းနှင့်သစ်ထုတ်လုပ်ခြင်းတို့သည် အချိန်နှင့်အရင်းအနှီး မြောက်များစွာလိုသောကြောင့် သစ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အရင်းအနှီးမြုပ်နှံရန်များစွာ လိုအပ်ကြောင်း တွေ့ရှိရသည်။ ရင်းနှီးမြှုပ်နှံမှုကိုလုံလောက်စွာ မပြုလုပ်နိုင်ပါက သစ်လုပ်ငန်းသည်စွမ်းဆောင်ရည် ပြည့်ဝစွာ ထုတ်လုပ်နိုင်မည်မဟုတ်ပေ။

သစ်ခုတ်၊ သစ်ထုတ်၊ သစ်တိုက်လုပ်ငန်းများတွင် အရင်းအနှီးကိရိယာပစ္စည်းများသာမက သာမန်သွင်းအားစုများဖြစ်သည့် လောင်စာ (fuel)၊ စက်ကိရိယာအပိုပစ္စည်းများ (spare parts)၊ တိရစ္ဆာန်များအတွက် ဆေးဝါးနှင့်အစားအစာများ လိုအပ်ပါသည်။ ထို့ပြင်သစ်တုံးများဆွဲရန် ကြိုးနှင့် ကြိမ်များသည်း လိုအပ်ပါသည်။

## လုပ်အားသွင်းအားစု

ကုန်ထုတ်စွမ်းအားစုများတွင် လူသည် ပဓာနကျသဖြင့် သစ်တောကဏ္ဍတွင် လုပ်အားသွင်းအားစုသည် အရေးကြီးသည်။ သစ်ပင်များကို ခုတ်လှဲပြီးနောက် သစ်တုံးအဖြစ် ပိုင်းဖြတ်ရသည်။ ထိုသို့ ပိုင်းဖြတ်ရာတွင် ကျွမ်းကျင်မှု အလွန်လိုအပ်သည်။ ကျွမ်းကျင်လုပ်သားများ၏ လုပ်အားဖြင့်သာ သစ်လုံးများကို အကောင်းဆုံး အလေအလွင့်မရှိ ပိုင်းဖြတ်နိုင်သည်။ ထိုနည်းတူ သစ်လုံးများကို ရေတွင်

မျှော၍ သစ်စက်ရှိရာသို့ သယ်ယူရသည့် လုပ်ငန်းမှာလည်း အန္တရာယ်များသည့် လုပ်ငန်းဖြစ်သည်။ သစ်တုံးများကို စုမနေအောင် ခွဲပေးရသည့်လုပ်ငန်းမှာ လွယ်ကူသော လုပ်ငန်းမဟုတ်ပါ။ ထို့ကြောင့် အဆင့်မြင့်မြင့် လေ့ကျင့်ပေးထားသည့် လုပ်သားများ (trained labour) နှင့် ကျွမ်းကျင်မှုရှိသည့် လုပ်သားများ (skilledlabour) လိုအပ်ပါသည်။ အထူးသဖြင့် သစ်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်မှုတို့တွင် ကျွမ်းကျင်လုပ်သားများ၊ အလေ့အကျင့်ရှိသည့်လုပ်သားများ လိုအပ်ပါသည်။ စက်ယန္တရားများကိုလည်း ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်မည့် လုပ်သားများ၊ စက်ယန္တရားများနှင့် စက်ကိရိယာပစ္စည်းများ ပျက်စီးပါကလည်း ပြုပြင်ထိန်းသိမ်းနိုင်သူများ လိုအပ်ပါသည်။ ကျွဲ၊ ဆင်များနှင့်ပတ်သက်၍လည်း ၎င်းတို့ကိုပြုစု၊ ထိန်းသိမ်း၊ စောင့်ရှောက်မည့် ကျွမ်းကျင်သည့်ဆင်ဦးစီးများလိုအပ်ပါသည်။

## ၇-၄ အခြားစီးပွားရေးကဏ္ဍများနှင့် ဆက်စပ်ပုံ

သစ်တောကဏ္ဍနှင့် အခြားစီးပွားရေးကဏ္ဍများ ဆက်စပ်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးတွင် သစ်တောကဏ္ဍ မည်မျှအရေးပါသည်ကို ဖော်ပြသည်။ ယေဘုယျအားဖြင့် သစ်တောကဏ္ဍသည် ကုန်ကြမ်းပစ္စည်းများကို ထုတ်လုပ်ပေးသည်။ သစ်တောကဏ္ဍ၏ အဓိကထုတ်ကုန်များမှာ အိမ်ရာဆောက်လုပ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများဖြစ်သည်။ ထို့ပြင် ပရိဘောဂလုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ၊ လယ်ယာသုံးကိရိယာများထုတ်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးသည်။ သစ်တောထွက်ပစ္စည်းများကို အကျိုးအများဆုံးရရှိအောင် အသုံးချနိုင်ရန်သစ်စက်၊ သစ်ပေါင်းဖို၊ ဆေးသွင်းစက်ရုံ၊ သစ်ပါးလွှာစက်ရုံ၊ သစ်ဖတ်ပြားစက်ရုံ၊ သစ်သားစပ်စက်ရုံတို့အတွက်လည်း လိုအပ်သည့် သစ်ကုန်ကြမ်းများကို ပံ့ပိုးပေးသည်။ စက်မှုကုန်ကြမ်းများသာမက စားသုံးသူများ၏နေ့စဉ် လိုအပ်ချက်များဖြစ်သည့် ထင်း၊ မီးသွေးတို့ကိုလည်း ထုတ်လုပ်ပေးသည်။ ဝါးနှင့်ကြိမ်တို့သည် စားသုံးသူများ နေ့စဉ်အသုံးပြုနေသည့် အိမ်သုံးပစ္စည်းများ ထုတ်လုပ်ရန်အတွက် ကုန်ကြမ်းပစ္စည်းဖြစ်သည်။

ကျွန်းသစ်ကို ပြည်ပသို့အဓိကထားရောင်းချပြီး အခြားသစ်မာများကို ပြည်တွင်း၌ အဓိကထားရောင်းချသည်။ ကျွန်းသစ်များနှင့် အခြားသစ်မာများကို နိုင်ငံခြားသို့ သစ်ခွဲသားအဖြစ်လည်းကောင်း၊ သစ်လုံးအတိုင်းလည်းကောင်းတင်ပို့သည်။

မြန်မာ့သစ်လုပ်ငန်းနှင့် နိုင်ငံခြားကုမ္ပဏီတို့ ပူးပေါင်း၍ ထပ်ဆင့်တိုးတန်ဖိုးမြင့် ကုန်ချောပစ္စည်းများဖြစ်သော လက်ယှက်သစ်ချောင်းပစ္စည်းများ၊ ကြမ်းခင်းတုံးများ၊ အထပ်သားများ၊ သစ်ပါးလွှာများနှင့် တံခါးဘောင်များထုတ်လုပ်၍ ပြည်တွင်းပြည်ပ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ထို့ပြင် နိုင်ငံတကာဈေးကွက်သို့ အဆင့်မီတန်ဖိုးမြင့် သစ်ကုန်ချောပစ္စည်းများကို တိုးချဲ့တင်ပို့နိုင်ရန်အတွက် သစ်အခြေခံစက်မှုလုပ်ငန်းများ၏ သစ်ကုန်ကြမ်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အသုံးနည်းသစ်မျိုးများကို ကမ္ဘာ့ဈေးကွက်၌ တွင်ကျယ်လာစေရေး စီမံကိန်းနှင့် ခေတ်မီစက်ကိရိယာများဖြင့် ပရိဘောဂများထုတ်လုပ်သည့် နည်းပညာများကို သုတေသနပြု ဆောင်ရွက်

လျက်ရှိသည်။ ထို့ပြင် နိုင်ငံခြားဝင်ငွေရရှိစေရန်အတွက် ပဲခူးရိုးမရှိစိမ်းရေသစ်တောစခန်းနှင့် ပုပ္ပါးတောင်အဆင့်မြင့်အနားယူစခန်းတို့ကို သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများအဖြစ် ဆောင်ရွက်ထားပါသည်။

## ၇-၅ နိဂုံး

ဤအခန်းတွင် သစ်တောကဏ္ဍ၏အရေးပါပုံကို စီးပွားရေးရှုထောင့်မှ သုံးသပ်တင်ပြထားသည်။ မြန်မာနိုင်ငံ၏ သစ်တောများသည် အဖိုးတန်သဘာဝသယံဇာတပစ္စည်းများဖြစ်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများဖြင့် အသစ်တစ်ဖန် ပြန်လည်ဖြည့်ဆည်းပေးနိုင်သော သဘာဝသယံဇာတဖြစ်ကြောင်း ရှင်းပြထားပါသည်။ သစ်ခုတ်၊ သစ်ထုတ်၊ သစ်သယ် လုပ်ငန်းများတွင် စက်ယန္တရားကို အသုံးပြုရသောကြောင့် အရင်းအနှီးများစွာလိုအပ်သည့် လုပ်ငန်းဖြစ်ကြောင်းကိုလည်း တင်ပြထားပါသည်။ အရေးပါသည့် သစ်တောထွက်ပစ္စည်းများနှင့် ထိုကဏ္ဍတွင်လိုအပ်သည့် သွင်းအားစုများကိုလည်း ဖော်ပြထားပါသည်။ ထို့ပြင်သစ်တောကဏ္ဍ၏ အရေးပါမှုကို အခြားစီးပွားရေးကဏ္ဍများနှင့်ဆက်စပ်မှုဖြင့် ဖော်ပြထားပါသည်။

---

## အနှစ်ချုပ်

(၁) မြန်မာ့သစ်တောများသည် အဖိုးတန်သဘာဝသယံဇာတ အရင်းအမြစ်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

(၂) သစ်တောထွက်ပစ္စည်းများသည် မြန်မာနိုင်ငံ၏ အရေးပါသောပို့ကုန်အမယ်တစ်ခုဖြစ်သည်။

(၃) သစ်တောလုပ်ငန်းသည် လယ်ယာ၊ သားငါးလုပ်ငန်းများနည်းတူ မြန်မာနိုင်ငံကျေးလက်ဒေသများ၏ အရေးပါသော ကျောထောက်နောက်ခံ စီးပွားရေးလုပ်ငန်းဖြစ်သည်။

(၄) သစ်တောကဏ္ဍ၏ ထင်ရှားသောထုတ်ကုန်များမှာ ကျွန်းသစ်နှင့် သစ်မာများဖြစ်သည်။

(၅) သစ်တောကဏ္ဍသည် အသစ်ပြန်လည်ဖြည့်ဆည်းနိုင်သည့် သဘာဝသယံ ဇာတဟုခေါ် ဆိုရခြင်းမှာ ခုတ်လှဲပြီးသော အပင်များနေရာတွင် အပင်သစ်များကို ပြန်လည်စိုက်ပျိုးနိုင်သောကြောင့်ဖြစ်သည်။

(၆) သစ်တောထိန်းသိမ်းရေး လုပ်ငန်းများသည် သစ်တောကဏ္ဍအတွက် အလွန်အရေးပါသော သွင်းအားစုများဖြစ်သည်။

(၇) မြန်မာနိုင်ငံသည် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ထိရောက်စွာ စီမံလုပ်ကိုင်နိုင်ခြင်းကြောင့် ကမ္ဘာပေါ်ရှိ အရည်အသွေးကောင်းသော ကျွန်းသစ်များထွက်ရှိရာ နိုင်ငံတစ်နိုင်ငံအဖြစ် ထင်ရှားသည်။

(၈) ကျွန်းသစ်နှင့်သစ်မာထုတ်လုပ်မှုသည် အရင်းအနှီးများစွာ လိုအပ်သော လုပ်ငန်းဖြစ်သည်။

(၉) ကျွန်းသစ်နှင့် သစ်မာရောင်းချခြင်းမှ နိုင်ငံခြားငွေရရှိနိုင်သည့်အပြင် ပဲခူးရိုးမရှိစိမ်းရေသစ်တော စခန်းနှင့်ပုပ္ပါးတောင်အဆင့်မြင့်အနားယူ စခန်းတို့ကို သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများအဖြစ် ဆောင်ရွက်ထားပါသည်။

---

**လေ့ကျင့်ခန်းများ**

(က) မှား/မှန် မေးခွန်းများ

၁။ သစ်တောထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့နိုင်သည်။

၂။ မြန်မာ့သစ်တော ကဏ္ဍ၏ အရေးပါဆုံးထုတ်ကုန်မှာ ကြိမ်ဖြစ်သည်။

၃။ သင်းသတ်ခြင်းဆိုသည်မှာ အပင်များကို အခြောက်ခံခြင်းဖြစ်သည်။

၄။ သစ်တောများသည်အသစ်ပြန်လည် မဖြည့်ဆည်းနိုင်သောသဘာဝသယံဇာတများဖြစ်သည်။

၅။ မြန်မာ့သစ်တောကဏ္ဍမှ သစ်ထုတ်လုပ်ရေးသာမက သစ်တောထိန်းသိမ်းရေးလုပ်ငန်းသည်လည်း အရေးပါသောလုပ်ငန်းဖြစ်သည်။

(ခ) ကွက်လပ်ဖြည့်မေးခွန်းများ

၁။ မြန်မာနိုင်ငံသစ်တောကဏ္ဍ၏ အဓိကထုတ်ကုန်တွင် -------------- နှင့် သစ်မာသည် အထင်ရှားဆုံး ဖြစ်သည်။

၂။ သင်းသတ်ပြီး(၃)နှစ်ကြာမှ ခုတ်ယူသော သစ်အမျိုးအစားမှာ ------------ ဖြစ်သည်။

၃။ သစ်တောများကို စည်းကမ်းမဲ့ခုတ်လှဲခြင်းသည် ------------- ကိုဖြစ်စေနိုင်သည်။

၄။ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို -------------- သစ်တောများအတွက်သာဆောင်ရွက်သည်။

၅။ သစ်တောအဖြစ် အစဉ်အမြဲထားရှိရန် ရည်ရွယ်ထားသော သစ်တောများကို --------------- ဟု ခေါ်သည်။

(ဂ) ရွေးချယ်မှုမေးခွန်း

၁။ သင်းသတ်ခြင်းမှာ သစ်ပင်ကို (က) အခြောက်ခံခြင်း (ခ) ခုတ်လှဲခြင်း (ဂ) သစ်လုံးအဖြစ်ပိုင်းဖြတ်ခြင်း ဖြစ်သည်။

၂။ ကျွန်းသစ်များကို ခုတ်လှဲပြီး သစ်စက်များရှိရာသို့ ရောက်သည့်အထိ အနည်းဆုံး (က) ၁ နှစ် (ခ) ၃ နှစ် (ဂ) ၅ နှစ် ကြာသည်ဟု ခန့်မှန်းထားသည်။

၃။ သစ်တောစိုက်ခင်းများကို ပြုစုပျိုးထောင်ခြင်းများ ဆောင်ရွက်ရာတွင် (က) ဓမ္မတာမျိုးဆက်နည်း (ခ) ပဝတ္တိမျိုးဆက်နည်း (ဂ) ဓမ္မတာနှင့် ပဝတ္တိမျိုးဆက်နည်းဖြင့် ဆောင်ရွက်လျက်ရှိသည်။

၄။ သဘာဝအခြေခံခရီးသွားလုပ်ငန်းရှိသောစခန်းမှာ (က) မဲဇာသစ်တောစခန်း (ခ) ပုပ္ပားတောင် အဆင့်မြင့်အနားယူစခန်း (ဂ) ရခိုင်ရိုးမသစ်တောစခန်းဖြစ်သည်။

၅။ အပူပိုင်းဒေသ(၉) ခရိုင်စိမ်းလန်းစိုပြည်ရန်အတွက် နှစ်(၃၀) နှစ်ရှည် (ဘဏ်စုံ)စီမံကိန်း (က) ၂၀၀၁ (ခ) ၂၀၀၅ (ဂ) ၁၉၉၇ ခုနှစ်တွင် ချမှတ်ခဲ့သည်။

(ဃ) မေးခွန်းများ

၁။ မြန်မာနိုင်ငံ၏စီးပွားရေးတွင် သစ်တောကဏ္ဍ၏ အရေးပါပုံကို ပေါ်လွင်အောင် ရှင်းပြပါ။

၂။ မြန်မာနိုင်ငံ သစ်တောကဏ္ဍ၏ အဓိကထုတ်ကုန်များအကြောင်း ရှင်းပြပါ။

၃။ မြန်မာနိုင်ငံသစ်တောကဏ္ဍ၏ အဓိကသွင်းအားစုများကိုဖော်ပြ၍ ထိုသွင်းအားစုများသည် သစ်တောကဏ္ဍတွင် အဘယ်ကြောင့် အရေးပါသည်ကို ရှင်းပြပါ။

၄။ သစ်တောထိန်းသိမ်းရေးလုပ်ငန်းဆိုသည်မှာ အဘယ်နည်း။ မြန်မာနိုင်ငံတွင် လုပ်ဆောင်လျက်ရှိသော သစ်တောထိန်းသိမ်းရေးလုပ်ငန်းများသည် အဘယ်ကြောင့်အရေးပါသည်ကို ရှင်းပြပါ။

၅။ အဘယ်ကြောင့် မြန်မာနိုင်ငံ၏ ကျွန်းသစ်နှင့် သစ်မာထုတ်လုပ်မှုလုပ်ငန်းသည် အရင်းအနှီးများစွာအသုံးပြုရသည့်လုပ်ငန်းဖြစ်ရသနည်း။

၆။ မြန်မာနိုင်ငံ၏သစ်တောများကို အဘယ်ကြောင့် အသစ်တစ်ဖန်ပြည်လည် ဖြည့်ဆည်းပေးနိုင်သော သဘာဝသယံဇာတ ဖြစ်သည်ဟု သတ်မှတ်သနည်း။

# အခန်း(၈)

# မြန်မာနိုင်ငံသတ္တု တွင်းထွက်ပစ္စည်းကဏ္ဍနှင့်စွမ်းအင်ကဏ္ဍ

## (Mining and Energy Sectors of Myanmar)

## ၈-၁။ နိဒါန်း

သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍနှင့် စွမ်းအင်ကဏ္ဍတို့သည် စီးပွားရေးဖူလုံမှုအတွက် အရေးပါသော စွမ်းအင်ကိုလည်းကောင်း၊ သတ္တုအမျိုးမျိုးနှင့် အဖိုးတန်ကျောက်မျက်ရတနာတို့ကိုလည်းကောင်း ထုတ်လုပ်ပေးသည်။ သတ္တုနှင့်တွင်းထွက်ပစ္စည်းများသည် ထုတ်ယူသုံးစွဲပြီးပါက ပြန်လည်မဖြည့်စွမ်းနိုင်သော သဘာဝအရင်းအမြစ်များ (non-renewable resources) ဖြစ်သည်။ ၂၀၀၂-၀၃ ခုနှစ်တွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ဈေးကွက်ပေါက်ဈေးအရ ကျပ် (၁၇၆၂၃. ၇) သန်းနှင့် စွမ်းအင်ကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ဈေးကွက်ပေါက်ဈေးအရ ကျပ် (၇၅၃၉. ၉) သန်းတို့အသီးသီးရှိခဲ့ပြီး၊ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးတွင် (၀. ၃) ရာခိုင်နှုန်းနှင့် (၀. ၁) ရာခိုင်နှုန်း အသီးသီးပါဝင်ခဲ့သည်။

## ၈-၂။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ အဓိကထုတ်ကုန်များ

သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍသည် ကုန်ကြမ်းများထုတ်လုပ်ပေးသည့် ပထမအဆင့် ကဏ္ဍများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်ကုန်ပစ္စည်းများကို -

(က) သတ္တုတွင်းထွက်များ

(ခ) သတ္တုမဟုတ်သောတွင်းထွက်ပစ္စည်းများ

(ဂ) ပုလဲ၊ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းများ ဟူ၍ခွဲခြားနိုင်သည်။

### (က) သတ္တုတွင်းထွက်များ

သတ္တုတွင်းထွက်များကို သံသတ္တုရိုင်းနှင့်သတ္တုစပ်များ၊ သတ္တုအနည်းငယ်သာ ပါဝင်သော တွင်းထွက်များ၊ သံမဲ့သတ္တုများ၊ အဖိုးတန်သတ္တုများဟု ခွဲခြားနိုင်သည်။ သတ္တုရိုင်းမှ သံစိမ်းရရှိပြီး ၎င်းကို သတ္တုစပ်များနှင့်ရောစပ်၍ ကျိုချက်သောအခါ သံမဏိအမျိုးမျိုးရရှိသည်။ သတ္တုစပ်များတွင် မင်းဂနိစ်၊ နီကယ်၊ အဖြိုက်နက်စသည် တို့ပါဝင်သည်။ ကြေးနီ၊ခဲ၊သွပ်၊ခဲမဖြူတို့သည် သံမဲ့သတ္တုများ ဖြစ်ပြီး၊ ရွှေ ငွေ၊ ပလက်တီနမ် တို့သည်အဖိုးတန်သတ္တုများဖြစ်သည်။

## (ခ) သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများ

သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများကို အဖိုးတန်တွင်းထွက်ရတနာများ၊ စက်မှုတွင်းထွက်ကုန်ကြမ်းများ၊ ဆောက်လုပ်ရေးပစ္စည်းများဟု ခွဲခြားနိုင်သည်။ ကျောက်မျက်ရတနာများ၊ ကျောက်စိမ်းနှင့် ပယင်းတို့သည် အဖိုးတန်ကျောက်မျက်ရတနာများဖြစ်ကြသည်။ ဘရိုက်တီးကျောက်၊ ဂေါဒန်ကျောက်၊ ထုံးကျောက်၊ မီးခံရွှံ့ဆေး၊ ရွှံ့စေးဖြူ၊ ဒိုလိုမိုက်၊ မင်းဂနီးစ်ဒိုင်အောက်ဆိုက်၊ ကြွေကျောက် (ဖယ်စပါး)၊ မြေဖယောင်း (ဘင်တိုနိုက်) စသည်တို့သည် စက်မှုတွင်းထွက်ကုန်ကြမ်းများဖြစ်သည်။ လမ်းခင်းကျောက်၊ ဂဝံကျောက်၊ ကျောက်စရစ်၊ စကျင်ကျောက် စသည်တို့သည် ဆောက်လုပ်ရေးပစ္စည်းများဖြစ်သည်။ ကျောက်မီးသွေးသည် အားဖြည့်လောင်စာဖြစ်ပြီး၊ သတ္တုမဟုတ်သောတွင်းထွက် တစ်မျိုးလည်းဖြစ်သည်။

## (ဂ) ပုလဲ၊ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းများ

မြန်မာနိုင်ငံတွင် မြိတ်ကျွန်းစုဒ္ဒ မုတ်ကောင်များငုပ်ယူ၍ မုတ်ခွံထုတ်လုပ်ရောင်းချသည့်လုပ်ငန်းကို ၁၈၉၂ ခုနှစ်မှစတင်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ တာကာရှိမာကုမ္ပဏီသည် မြန်မာတိုင်းရင်းသားများနှင့်ပူးပေါင်းပြီး မုတ်ကောင်ကိုယ်တွင်းသို့ဝတ်ဆံလုံးသွင်းကာ ပုလဲမွေးမြူသည့်လုပ်ငန်းကို ဘုတ်ပြင်းမြို့နယ်၊ ပုလဲကျွန်းတွင်စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၃ ခုနှစ်မှစ၍ ၎င်းပုလဲမွေးမြူသည့်လုပ်ငန်းကို မြန်မာပညာရှင်များဖြင့် နိုင်ငံတော်မှတာဝန်ယူ၍ ဆက်လက်ဆောင်ရွက်ခဲ့သည်။ ဆားလုပ်ငန်း၏ ထုတ်ကုန်များမှာ ဆားကြမ်း၊ဆားချော၊နှင့် အပိုဓာတ်ဆားများဖြစ်သည်။

မြန်မာနိုင်ငံတွင် အဓိကသတ္တုတွင်းထွက်ပစ္စည်းများ၊ ပုလဲနှင့် ဆား ထုတ်လုပ်မှုကို ဇယား (၈. ၁) တွင် ဖော်ပြထားပါသည်။

ဇယား (၈. ၁) ၊ အရေးကြီးသော သတ္တုတွင်းထွက်များ၊ ပုလဲနှင့် ဆားထုတ်လုပ်မှု

| ထုတ်ကုန်များ | ရေတွက်ပုံ | ၂၀၀၀-၀၁ | ၂၀၀၁-၀၂ | ၂၀၀၂-၀၃ |
|---|---|---|---|---|
| ရေနံနှင့် သဘာဝဓာတ်ငွေ့ | အမေရိကန်စည် | | | |
| ရေနံစိမ်း | ထောင်ပေါင်း | ၄၁၃၇ | ၄၈၃၆ | ၆၃၈၇ |
| သဘာဝဓာတ်ငွေ့ | ကုဗပေသန်းပေါင်း | ၂၉၉၃၈၈ | ၃၁၀၃၂၃ | ၃၃၀၃၁၅ |

| | | | | |
|---|---|---|---|---|
| သတ္တု | | | | |
| ကြေးနီ | မက်ထရစ်တန် | ၁၂၅ | ၅၀ | ၂၆ |
| နီကယ်စပိုက်(စ်) | မက်ထရစ်တန် | ၆၀ | ၂၉ | ၇ |
| ခဲပါခနောက်စိမ်း | မက်ထရစ်တန် | ၁၁၇ | ၄၀ | ၂ |
| သန့်စင်ပြီးခဲ | မက်ထရစ်တန် | ၁၂၀၀ | ၈၁၀ | ၄၂၅ |
| သန့်စင်ပြီးသွပ် | မက်ထရစ်တန် | ၁၉၆၀ | ၆၂၀ | ၄၆၀ |
| သန့်စင်ပြီးအဖြိုက်နက် | မက်ထရစ်တန် | ၁ | ၂ | ၂ |
| သံဖြူ ဒြပ်စင် | မက်ထရစ်တန် | ၃၃၀ | ၃၃၄ | ၄၆၅ |
| သံဖြူ အဖြိုက်နက် | မက်ထရစ်တန် | ၈၈၆ | ၅၀၈ | ၄၉၇ |
| ရှိးလိုက်ရောရာ | | | | |
| တွင်းထွက်လောင်စာ | | | | |
| ကျောက်မီးသွေး | တန်ပေါင်း | ၁၄၆၅၈၃ | ၉၃၂၃၉ | ၁၁၅၁၇၅ |
| တွင်းထွက်စက်မှုကုန်ကြမ်း | | | | |
| ဘရိုက်တီး | တန်ပေါင်း | ၃၂၃၃၃ | ၂၆၇၈၀ | ၁၅၀၅၀ |
| ထုံးကျောက် | တန်ပေါင်း | ၃၉၉၂၅ | ၃၆၈၉၆ | ၄၃၃၂၃ |
| မီးလောင်ရွံ့စေး | တန်ပေါင်း | ၂၄၀ | ၆၄၀ | ၂၀၀ |
| ဘင်တိုနိုက် | တန်ပေါင်း | ၉၃၈ | ၆၃၄ | ၁၁၀၄ |
| ဂေါတန်ကျောက် | တန်ပေါင်း | ၅၀၁၀၈ | ၇၈၀၀၅ | ၉၀၀၀၂ |
| ဒိုလိုမိုက် | တန်ပေါင်း | ၃၀၀ | ၅၃၃၆ | ၃၈၀၆ |
| မီးလောင်ရွှံ့ဆေးမှုန့် | တန်ပေါင်း | ၉၀ | ၁၃၀ | ၁၃၂ |
| အဖိုးတန်တွင်းထွက်ပစ္စည်းများ | | | | |
| ကျောက်စိမ်း | ကီလိုဂရမ်ထောင်ပေါင်း | ၁၁၀၉၆ | ၈၁၇၄ | ၁၀၈၇၉ |
| ကျောက်မျက်ရတနာ | ကရက်ထောင်ပေါင်း | ၄၈၆၇၆ | ၄၅၄၄၂ | ၅၉၁၆၉ |
| ငွေသတ္တုစင် | ထရိုင်အောင်စထောင်ပေါင်း | ၆၅ | ၄၃ | ၂၅ |
| ရွှေသတ္တုစင် | ဖိုင်း (Fine) အောင်စ | ၃၆၁၉ | ၃၃၈၄ | ၂၉၅၀ |
| ပုလဲနှင့် ဆား | | | | |
| ပုလဲ | မိုမိ | ၅၉၉၀ | ၂၂၀၃၀ | ၃၉၃၄၅ |
| မုတ်ကောင် | မက်ထရစ်တန် | ၃၄. ၂၉ | ၃၇. ၄၃ | ၄၉. ၇၂ |
| ဆား | တန်ထောင်ပေါင်း | ၆၀ | ၇၀ | ၆၀ |

ဇာစ်မြစ်။ ။ CSO , Statistical Yearbook 2004

## ၈-၃။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍအတွက် သွင်းအားစုများ

သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍသည် အရင်းအနှီးပမာဏ မြောက်များစွာသုံးစွဲရန် လိုအပ်သည့် စီးပွားရေးကဏ္ဍတစ်ခုဖြစ်သည်။ သတ္တုများတည်ရှိရာနေရာကို စမ်းသပ်ရှာဖွေတိုင်းတာရန် အရင်းအနှီး လိုအပ်သည်။ ထို့နောက်စီးပွားရေးအရ ဖြစ်မြောက်နိုင်စွမ်းကိုလေ့လာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် ငွေကြေးပမာဏများစွာလိုအပ်သည်။ သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် နည်းပညာအဆင့်မြင့်မားသော စက်ကိရိယာတန်ဆာပလာများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများ၊ အဆင့်ဆင့် ပြုပြင်ထုတ်လုပ်သည့်စက်ရုံများအတွက် ကြီးမားသောစရိတ်များ ကျခံသုံးစွဲရပေသည်။

သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍသည် အရင်းအနှီးစူးစိုက်အသုံးပြုရသော ကဏ္ဍတစ်ခုဖြစ်သည်။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍတွင် သာမန်အားဖြင့် လုပ်သားဦးရေများစွာမလိုအပ်ပါ။ သို့သော် (အများအားဖြင့် မြေအောက်တွင် အလုပ်လုပ်ကိုင်ရသဖြင့်) အလွန်ပင်ပန်းသည့်သဘာဝရှိပြီး၊ အဆင့်မြင့်နည်းပညာ တတ်ကျွမ်းသည့် ကျွမ်းကျင်သော လုပ်သားများဖြစ်ရန်လိုအပ်သည်။ ၁၉၉၀ ခုနှစ်တွင် လုပ်သားအင်အားလေ့လာမှုအရ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍတွင် လုပ်သားအင်အား ထောင်ပေါင်း (၁၀၀. ၇၀) ယောက်ရှိပြီး၊ မြန်မာနိုင်ငံစုစုပေါင်းလုပ်သားဦးရေ၏ ၁ ရာခိုင်နှုန်း ဖြစ်သည်။

သတ္တုတွင်းထွက်ပစ္စည်းများဖြစ်သည့် ခဲ၊ သွပ်၊ ငွေ သတ္တုများကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နမ္မတူဘော်တွင်းမှ အဓိကတူးဖော်ရရှိသည်။ ၎င်းဘော်တွင်းကို ၁၅ ရာစုနှစ်အတွင်းမှ စတင်လုပ်ကိုင်ခဲ့သည်။ ခဲ၊ သွပ်၊ ငွေသတ္တုများတူးဖော်ရာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကဲ့သို့ပင် အရင်းအနှီး သွင်းအားစုများနှင့် ကျွမ်းကျင်လုပ်သားများလိုအပ်သည်။ ထို့အပြင်သတ္တုတွင်းများသို့ လတ်ဆတ်သောလေ မှုတ်သွင်းရန်နှင့် စက်ယန္တရားများလည်ပတ်ရန် လျှပ်စစ်ဓာတ်အား များစွာလိုအပ်သည်။

ခဲမဖြူနှင့်အဖြိုက်နက်တို့ကို တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့၌အဓိက တူးဖော်ရရှိပြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှလည်းထွက်ရှိသည်။ ခဲမဖြူနှင့်အဖြိုက်နက် တူးဖော်ရေး လုပ်ငန်းသည် မြေအောက်၌တွင်းတူး၍ လုပ်ကိုင်ရသောလုပ်ငန်းများရှိသကဲ့သို့၊ တောင်များမှမြေသားများအား ပေါက်ကွဲစေတတ်သော ပစ္စည်းများ၊ စက်ယန္တရားများဖြင့်ဖြိုခွဲပြီး ရေနှင့်ထိုးချကာ သတ္တုများအား စစ်ယူပြီး ခွဲခြားရသည့်လုပ်ငန်းများလည်းရှိသည်။ ထို့ကြောင့် ၎င်းသတ္တုများ ထုတ်လုပ်ရာတွင် မတည်ရင်းနှီး မြှုပ်နှံမှုများ လိုအပ်သကဲ့သို့ ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ လောင်စာများ၊ စက်အရန်ပစ္စည်းများ စသည့် လက်ငင်းသွင်းအားစုများလည်း လိုအပ်သည်။ ကြေးနီကို စစ်ကိုင်းတိုင်းဒေသကြီး၊ ပုံရွာခရိုင် ဆားလင်းကြီးမြို့နယ်တွင် တူးဖော်ရရှိသည်။

သတ္တုမဟုတ်သော တွင်းထွက်များဖြစ်သော ပတ္တမြား၊ နီလာနှင့် ကျောက်နီများကို မန္တလေးတိုင်း ဒေသကြီး မိုးကုတ်မြို့နယ်တွင် တူးဖော်ရရှိပြီး ကျောက်စိမ်းကို ကချင်ပြည်နယ်တွင် တူးဖော်ရရှိသည်။ ကျောက်မျက်များရှာဖွေရာတွင် တစ်ခါတစ်ရံ တောင်နံရံများကိုဖြိုချပြီး မြေသားများကို အထပ်ထပ် စစ်ဆေးပြီး စစ်ယူရသောကြောင့် လောင်စာဆီ၊ ရေနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများလိုအပ်သည်။

ဘရိုက်တီးကျောက်ကို ပြင်ဦးလွင်မြို့နယ်တွင် တူးဖော်နိုင်သည်။ ထုံးကျောက်ကို မြန်မာနိုင်ငံဒေသများစွာ၌တွေ့ရှိနိုင်ပြီး အကောင်းဆုံးထုံးကျောက်ကို ပျဉ်းမနားမြို့နယ်မှရရှိနိုင်သည်။ ထုံးကျောက်သည် ဘိလပ်မြေ၊ မှန်၊ စက္ကူ၊ သကြားနှင့် သံမဏိထုတ်လုပ်ရာတွင် အရေးပါသော ကုန်ကြမ်းဖြစ်သည်။ ထုံးကျောက်ထုတ်လုပ်ရာတွင် အခြားတွင်းထွက်များကဲ့သို့ အရင်းအနှီးများစွာ မလိုအပ်သော်လည်း ပို့ဆောင်ရေးကိရိယာများနှင့် လုပ်အားများစွာလိုအပ်သည်။

ရွှံ့စေးများ၊ လမ်းခင်းကျောက်များ၊ ကျောက်စရစ်စသည့် ဆောက်လုပ်ရေးပစ္စည်းများ ထုတ်လုပ်ရာတွင် အရင်းအနှီးစူးစိုက်အသုံးပြုမှုနည်းသည့် ထုတ်လုပ်နည်းများကို အသုံးပြုပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့်နီးသောဒေသများတွင် အဓိကထုတ်လုပ်လေ့ရှိသည်။

မြန်မာနိုင်ငံတွင် အရည်အသွေးကောင်းသော ကျောက်မီးသွေးကို မတွေ့ရှိရသေးပါ။ လက်ရှိ တူးဖော်နေသော ကျောက်မီးသွေးအမျိုးအစားများမှာ ကလေးဝမှရရှိသော ဘိကြူးမီးနပ်လျော့ကျောက်မီးသွေးများနှင့် နမ္မတူမှ လစ်ဂနိုက်ကျောက်မီးသွေးများဖြစ်သည်။

ယခုအခါတွင် ပုလဲကျွန်းစခန်း (ဘုတ်ပြင်းမြို့နယ်)၊ မလိကျွန်းစခန်း (ပုလောမြို့နယ်)နှင့် အပေါ်ရည်ကျွန်းစခန်း (သံတွဲမြို့နယ်) တို့တွင် နိုင်ငံပိုင်လုပ်ငန်းများအနေဖြင့် ပုလဲထုတ်လုပ်လျက်ရှိပါသည်။ ပြည်တွင်းဖက်စပ်ကုမ္ပဏီများသည် မကျည်းပင်တောင်ကျွန်းစခန်း (ဘုတ်ပြင်းမြို့နယ်) နှင့် ဇင်ယော်ကျွန်းစခန်း (ဘုတ်ပြင်းမြို့နယ်) တွင်လည်းကောင်း၊ ရွှေကျွန်းစခန်း (ကော့သောင်းမြို့နယ်) တွင်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ပြည်ပဖက်စပ်ကုမ္ပဏီများသည်လည်း ဒိုမယ်ကျွန်းစခန်း (ဘုတ်ပြင်းမြို့နယ်)၊ ဒုံးပုလဲအော်ကျွန်းစခန်း (ကျွန်းစုမြို့နယ်)နှင့် စိန့်လုကျွန်းစခန်း (ကောသောင်းမြို့နယ်) တို့တွင် ပုလဲမွေးမြူထုတ်လုပ်လျှက်ရှိပါသည်။ ပုလဲထုတ်လုပ်ရန်အတွက် မုတ်ကောင်များမွေးမြူရာ၌ ပင်လယ်ကြမ်းပြင်တွင် သံခြင်းများဖြင့် ချထားမွေးမြူခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်တွင် Floating Ball Surface Long Line များဖြင့် စမ်းသပ်မွေးမြူခြင်း နည်းလမ်းတို့ကိုအသုံးပြုပါသည်။

နိုင်ငံပိုင်ဆားလုပ်ငန်းများမှာ ပဆားလုပ်ငန်း (သံဖြူဇရပ်မြို့နယ်)၊ ထန်းပင်ချောင်းဆား လုပ်ငန်း (ပေါင်မြို့နယ်)၊ ကျိုက္ခမီဆားလုပ်ငန်းခွဲ (သံဖြူဇရပ်မြို့နယ်)၊ လဘာဆားလုပ်ကွင်း (သရက်ချောင်းမြို့နယ်)၊ သမဲ့ဖြူဆားလုပ်ငန်း (ငပုတောမြို့နယ်)၊ သဃ်န်းကလေး ဆားလုပ်ငန်း (လပွတ္တာမြို့နယ်)၊ စနဲဆားလုပ်ငန်း (ကျောက်ဖြူမြို့နယ်)၊ လက်ဝဲတက်ဆားလုပ်ငန်းခွဲ (ရမ်းဗြဲမြို့နယ်)၊ ကျောက်တလုံးဆားကွင်း (ကျောက်ဖြူမြို့နယ်)၊ မြို့တောင်ဆားကွင်း (သံတွဲမြို့နယ်) တို့ဖြစ်ပြီး၊ နိုင်ငံပိုင်ဓာတ်ဆားမှုန့်ထုပ်စက်ရုံလည်း ဆောင်ရွက်လျက်ရှိပါသည်။ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် စက်စဲဆားလုပ်ငန်းကို ဖက်စပ်လုပ်ငန်း အဖြစ်ထုတ်လုပ်ဆောင်ရွက်လျက်ရှိပါသည်။

## ၈-၄။ သတ္တုတွင်းထွက်ပစ္စည်းထုတ်လုပ်မှုနှင့်ပတ်သက်၍သတ္တုတွင်းဝန်ကြီးဌာနမှတာဝန်ယူဆောင်ရွက်နေသောဌာနခွဲများ

သတ္တုတွင်းထွက်ပစ္စည်း ထုတ်လုပ်မှုနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသောဌာနခွဲများမှာ -

(က) ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန(ဘ. ဓ. ရ)

(ခ) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

(ဂ) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

(ဃ) အမှတ်(၃)သတ္တုတွင်းလုပ်ငန်း

(င) မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း

(စ) မြန်မာ့ပုလဲလုပ်ငန်း

(ဆ) မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

### (က) ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန(ဘ. ဓ. ရ)

ဘ. ဓ. ရသည် သတ္တုသိုက်ရှာဖွေရေးလုပ်ငန်းများကို မြေပြင်ရှာဖွေခြင်းနှင့် မြေအောက်ရှာဖွေခြင်း လုပ်ငန်းအဖွဲ့များ စနစ်တကျဖွဲ့စည်းဆောင်ရွက်ခြင်း၊ အဖိုးတန်သတ္တု ထုတ်လုပ်နိုင်ရေးအတွက် စူးစမ်းရှာဖွေစမ်းသပ်ထုတ်လုပ်ခြင်းနှင့် ပုဂ္ဂလိကများနှင့်ဖက်စပ်လုပ်ကိုင်ခြင်းကို ဆောင်ရွက်ပါသည်။

### (ခ) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း

ငွေ၊ ခဲ၊ သွပ်၊ ကြေးနီသတ္တုများအား ထုတ်လုပ်ရောင်းချရန်တာဝန်ရှိပါသည်။ နမ္မတူဘော်တွင်း သတ္တုတွင်းသည်နိုင်ငံပိုင်ဖြစ်၍၊ ငွေစင်၊ ခဲစင်၊ သွပ်သတ္တုသန့်စင်၊ ကြေးနီမက်၊ နီကယ်စပိုက်၊ ခနောက်စိမ်းခဲစင်တို့ ထုတ်လုပ်ပြီး၊ ပြည်တွင်း၊ ပြည်ပသို့တင်ပို့ရောင်းချသည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီး မြို့နယ်ကြေးနီထုတ်လုပ်မှုကိုလည်းကောင်း၊ လုံချိန်သတ္တုတွင်း၌ ဘူမိဗေဒစမ်းသပ်တိုင်းတာရေးလုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံခြားကုမ္ပဏီများဖြင့် ဖက်စပ်လုပ်ကိုင်လျက်ရှိသည်။

အမှတ်(၁)သတ္တုတွင်းလုပ်ငန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွမ်းလုံခရိုင်၊ ဟိုပန်မြို့နယ်တွင် ဖာလင်သွပ်သတ္တုတွင်း၌ ပြည်တွင်းလုပ်ငန်းရှင်များနှင့် တွဲဖက်လုပ်ကိုင်လျက်ရှိပါသည်။

(ဂ) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

အမှတ်(၂)သတ္တုတွင်းလုပ်ငန်းသည် ခဲမဖြူ၊ အဖြိုက်နက်သတ္တုကဏ္ဍတွင် ဌာနပိုင်သတ္တုတွင်း (၁) ခု၊ ဖက်စပ်သတ္တုတွင်း (၆) ခု၊ ဖက်စပ်လုပ်ကွက်ပေါင်း (၄၁) ကွက်ဖြင့်လည်းကောင်း၊ ရွှေသတ္တုကဏ္ဍတွင် ဌာနပိုင်သတ္တုတွင်း (၁) ခု၊ ဖက်စပ်သတ္တုတွင်း (၃) ခု၊ အကြီးစားဖက်စပ်လုပ်ကွက် (၂၅)ကွက်၊ အသေးစား ဖက်စပ်လုပ်ကွက် (၇၉) ကွက်ဖြင့်လည်းကောင်း၊ လုပ်ကွက် (၁၇) ကွက်တို့ဖြင့်လည်းကောင်း၊ တူးဖော် လုပ်ကိုင်လျက်ရှိပါသည်။ ထို့အပြင်ခဲမဖြူ၊ အဖြိုက်နက်၊ ရှီးလိုက်ရောရာသတ္တုများကို အဆင့်မြင့်သန့်စင် စက်ရုံ (၂) ရုံဖြင့် ခွဲခြားပြီး အဆင့်မြင့်ဆောင်ရွက်လျက်ရှိပြီး၊ ခဲမဖြူသတ္တုသန့်စင်များအား ကျိုချက်စက်ရုံ တစ်ရုံဖြင့် ထုတ်လုပ်လျက်ရှိပါသည်။

(ဃ) အမှတ်(၃)သတ္တုတွင်းလုပ်ငန်း

အမှတ်(၃)သတ္တုတွင်းလုပ်ငန်းသည် သံမဏိ၊ ကျောက်မီးသွေး၊ ခရိုမိုက်၊ မင်ဂနီး(စ်)၊ ခနောက်စိမ်း နှင့် စက်မှုတွင်းထွက်ကုန်ကြမ်းများဖြစ်သည့် ဂေါဒန်ကျောက်၊ ထုံးကျောက်နှင့် ဘရိုက်တီးကျောက်များ ထုတ်လုပ်ပါသည်။

အမှတ်(၃)သတ္တုတွင်းလုပ်ငန်းတွင် နိုင်ငံတော်ပိုင်လုပ်ငန်းဖြစ်သော သံမဏိစက်ရုံ၊ သတ္တုတွင်း (၈)ခုနှင့် မြို့နယ်ထုတ်လုပ်ရေးစခန်းများရှိပြီး ပြည်ပဖက်စပ်စက်ရုံ (၁) ရုံနှင့် ပြည်တွင်းဖက်စပ်လုပ်ငန်း သတ္တုတွင်း (၆) ခုရှိပါသည်။

(င) မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်စိမ်းနှင့်ကျောက်မျက် ရတနာ များကို နိုင်ငံခြားဖက်စပ်လုပ်ငန်း(၁)ခု၊ ပြည်တွင်းဖက်စပ်လုပ်ငန်း(၇)ခုဖြင့် လုပ်ကိုင်လျက်ရှိသည့်အပြင် နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီအသင်းများကိုလည်း တူးဖော်ခွင့်ပါမစ်များ စိစစ်ချထားလျက်ရှိပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကိုလည်း ၁၉၆၄ ခုနှစ်မှစ၍ တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပခဲ့ပြီး၊ ၁၉၉၂ ခုနှစ်မှစ၍ တစ်နှစ်လျှင်နှစ်ကြိမ်ပြုလုပ်ကာ ပိုမိုတိုးချဲ့ရောင်းချခဲ့ပါသည်။

ရတနာပြပွဲများတွင်ကျောက်မျက်၊ ကျောက်စိမ်းနှင့်ပုလဲတွဲများကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချပါသည်။ ပြပွဲများသို့နိုင်ငံခြားမှ ကျောက်မျက်ရတနာကုမ္ပဏီများ၊ ရတနာကုန်သည်ကြီးများကိုဖိတ်ကြားပါသည်။

(စ) မြန်မာ့ပုလဲလုပ်ငန်း

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ပုလဲထုတ်လုပ်မွေးမြူရေးကို နိုင်ငံပိုင် ကျွန်းစခန်း (၃) ခု၊ ပြည်တွင်းဖက်စပ်လုပ်ငန်း (၃) ခုနှင့် ပြည်ပဖက်စပ်လုပ်ငန်း (၃) ခုတို့ဖြင့် ပုလဲများကို ထုတ်လုပ်လျက်ရှိပါသည်။

(ဆ) မြန်မာ့ဆေးနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

မြန်မာ့ဆေးလုပ်ငန်းသည် ဆေးကြမ်း၊ဆေးချောနှင့်အပိုဓာတ်ဆေးများကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။ ယခုအခါဆေးလုပ်ငန်းဥပဒေနှင့်နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီး ပုဂ္ဂလိက ဆေးထုတ်လုပ်မှုကိုပါ ထုတ်လုပ်မှုလိုင်စင်များထုတ်ပေးကာ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ဆေးလုပ်ငန်းများတွင် နိုင်ငံပိုင်ဆေးလုပ်ငန်း (၁၀)ခု၊ ဖက်စပ်လုပ်ငန်း (၁) ခုတို့ဖြင့် လုပ်ကိုင်လျက်ရှိပြီး၊ ဓာတ်ဆားမှုန့်ထုပ်စက်ရုံကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်တွင် တည်ထောင်ထားသည်။

## ၈-၅။ စွမ်းအင်ကဏ္ဍ၏အဓိကထုတ်ကုန်များ

ရေနံနှင့်သဘာဝဓာတ်ငွေ့သည် အားဖြည့်လောင်စာအမျိုးအစားဖြစ်ပြီး၊ စွမ်းအင်ကို ထုတ်လုပ်ပေးသည့် သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများဖြစ်သည်။ တွင်းထွက်ပစ္စည်းများအနက် ရေနံနှင့်သဘာဝဓာတ်ငွေ့သည် မြန်မာနိုင်ငံတွင် အရေးကြီးဆုံးသော တွင်းထွက်ပစ္စည်းဖြစ်သည်။ ရေနံစိမ်းမှ ချက်လုပ်ရရှိသော အဓိကထုတ်ကုန်မှာ ဓာတ်ဆီ၊ ရေနံဆီ၊ လေယာဉ်ဆီ၊ ဒီဇယ်ဆီ၊ မီးထိုးဆီ၊ စက်ဆီအမျိုးမျိုး၊ ရေနံမီးသွေး၊ ဖယောင်း၊ အိမ်သုတ်ရေနံ၊ ဓာတ်ငွေ့ရည်တို့ဖြစ်သည်။ သဘာဝဓာတ်ငွေ့ကို လောင်စာအဖြစ်လည်းကောင်း၊ ရေနံဓာတုဗေဒအတွက် ကုန်ကြမ်းအဖြစ်လည်းကောင်း အသုံးပြုနိုင်သည်။ ၎င်းမှယူရီးယားဓာတ်မြေဩဇာ၊ အမိုးနီးယားရည်၊မက်သနော၊ ရာဘာတုတို့ကိုထုတ်လုပ်သည်။

## ၈-၆။ စွမ်းအင်ကဏ္ဍအတွက် သွင်းအားစုများ

မြန်မာမင်းများလက်ထက်တွင် ရေနံကိုလက်ဖြင့် တူးဖော်ခဲ့ကြသည်။ ကိုလိုနီခေတ်တွင် နိုင်ငံခြားသားများ ပိုင်ဆိုင်သည့် ပုဂ္ဂလိကကုမ္ပဏီများက ခေတ်မီနည်းလမ်းများ အသုံးပြု၍ ရေနံတူးဖော်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများက ခေတ်မီနည်းလမ်းများ အသုံးပြုပြီး ရေနံတူးဖော်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် အစိုးရနှင့် ပုဂ္ဂလိကကုမ္ပဏီများ ပူးပေါင်း၍ ဖက်စပ်ကုမ္ပဏီတည်ထောင်ပြီး ရေနံထုတ်လုပ်ရောင်းဝယ်ခဲ့ကြသည်။ ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီသည် ရေနံကုမ္ပဏီများအား ပြည်သူပိုင်သိမ်းယူခဲ့ပြီး၊ ၁၉၆၅ ခုနှစ်တွင်တွင်းရိုးတွင်းစားများ ပိုင်သောရေနံတွင်းများကိုလည်း ပြည်သူပိုင်သိမ်းခဲ့သဖြင့် ရေနံလုပ်ငန်းအားလုံးသည် နိုင်ငံပိုင်ဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ မြန်မာ့ရေနံကော်ပိုရေးရှင်းသည် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်း၊ ရေနံချက်လုပ်ခြင်း၊ ရေနံထွက်ပစ္စည်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ မြန်မာ့ရေနံကော်ပိုရေးရှင်းသည် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ စူးစမ်းရှာဖွေတူးဖော်ထုတ်လုပ်မှုကို မြေပြင်ဘူမိဗေဒ လေ့လာရေးအဖွဲ့၊ ဆိုက်စမစ်အဖွဲ့၊ မြေဆွဲအားတိုင်းတာရေးအဖွဲ့များ၊ ကမ်းလွန်ရေနံရှာဖွေရေးအဖွဲ့များနှင့် လုပ်ကိုင်လျက်ရှိသည်။

ကုန်းတွင်းနှင့်ကမ်းလွန်ဒေသများ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့များ စမ်းသပ်ရှာဖွေခြင်းသည်

အခက်ခဲဆုံးနှင့်စွန့်စားမှုအများဆုံးအပိုင်းဖြစ်သည်။

တစ်ခါတရံ အသုံးစရိတ်များစွာကုန်ကျသော်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ကို လုံးဝမတွေ့ရှိမှုမျိုးလည်း ရှိကောင်းရှိနိုင်သည်။ အကယ်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ကိုတွေ့ရှိပါက ၎င်းတွင်းမှ စီးပွားဖြစ် ထုတ်လုပ်နိုင်စွမ်း ရှိမရှိထပ်မံစမ်းသပ်ရသည်။ ထို့နောက်မှသာ တွင်းများတူးဖော်ခြင်း၊ ပိုက်လိုင်းများတပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့်ပို့ဆောင်ခြင်းတို့ကိုလုပ်ဆောင်သည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် လက်ငင်းသွင်းအားစုများအနည်းငယ်သာ လိုအပ်သည်။ လိုအပ်သော လက်ငင်းသွင်းအားစုများမှာ စက်ယန္တရားများကိုလည်ပတ်စေရန် လိုအပ်သည့် စွမ်းအင်နှင့်စက်အရန်ပစ္စည်းများဖြစ်သည်။

ယခုအခါ စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ ပိုမိုထွက်ရှိရေးအတွက် လက်ရှိတွင်းဟောင်းများမှ ပိုမိုထုတ်လုပ်ရန်ကြိုးပမ်းခြင်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့နယ်မြေသစ်များ ရှာဖွေခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်ပြည်ပရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုခွဲဝေခံစားရေးအခြေခံဖြင့် စာချုပ်များချုပ်ဆိုကာ ချောက်၊ ရေနံချောင်းနှင့်မန်းရေနံမြေများရှိ တွင်းဟောင်းများအထွက်တိုးရေးအတွက် ခေတ်မီနည်းဖြင့် တူးဖော်နိုင်ရန်ဆောင်ရွက်ခဲ့သည်။ ထို့အတူကမ်းလွန်ဒေသမှ သဘာဝဓာတ်ငွေ့ကို စီးပွားဖြစ် ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန် မုတ္တမနှင့် တနင်္သာရီဒေသ ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းလုပ်ငန်းတွင် ပိုက်လိုင်းတပ်ဆင်မှုများ ပြီးစီးခဲ့သည်။ ကုန်းတွင်းနှင့်ကမ်းလွန် ရေနံသဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရာတွင် နိုင်ငံခြားရေနံကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်လျက်ရှိသည်။ ၂၀၀၂-၂၀၀၃ ခုနှစ်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ကျပ်သန်းပေါင်း(၂၆၄)ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပိုင်နက်ဇုံသည် ပင်လယ်အတွင်း မိုင်-၂၀၀ အထိရှည်လျားသဖြင့် ထိုနယ်နိမိတ်အတွင်း ရှေပြင်ရေအောက်ရှိသယံဇာတများကိုတူး ဖော်ထုတ်ယူ ခွင့်ရှိသည်။

## ၈-၇။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု

### (က) သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ

သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍသည် အခြားကဏ္ဍများမှ သွင်းအားစုများ ဝယ်ယူခြင်းနှင့် ၎င်း၏ ထုတ်ကုန်များကို အခြားကဏ္ဍများသို့ ရောင်းချခြင်းဖြင့် ဆက်သွယ်လျက်ရှိသည်။ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်ကုန်များမှာ အဓိကအားဖြင့်စက်မှု ကုန်ကြမ်းများဖြစ်သည့်အလျောက် စားသုံးသူများသို့ တိုက်ရိုက်ရောင်းချမှု နည်းပါးသည်။

ကျောက်မီးသွေးကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌အသုံးပြုသည်။ သံ၊ သံမဏိနှင့် ရေနံဓာတုစက်ရုံများတွင် အဓိကကျသောကုန်ကြမ်းအဖြစ်အသုံးပြုသည်။

သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်ကုန်များဖြစ်သော ငွေစင်၊ ခဲမဖြူ၊ သွပ်၊ ကြေးနီ၊ အဖြိုက်နက်စသည့် သတ္တုတွင်းထွက်ပစ္စည်းများနှင့် ကျောက်မျက်ရတနာများကို နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ၂၀၀၀-၀၁ တွင် သတ္တုတွင်းထွက်ပစ္စည်းပို့ကုန် ကျပ်သန်းပေါင်း (၃၂၄)၊ ၂၀၀၁-၀၂ခုနှစ်တွင် ကျပ်သန်းပေါင်း (၂၈၈)၊ ၂၀၀၂-၀၃ ခုနှစ်တွင် ကျပ်သန်းပေါင်း (၂၈၂) ရှိသည်။

အဖိုးတန်ကျောက်မျက်များနှင့် ပုလဲပို့ကုန်မှာ ၂၀၀၀-၀၁ ခုနှစ်တွင်ကျပ်သန်းပေါင်း (၃၆၂)၊ ၂၀၀၁-၀၂ ခုနှစ်တွင် ကျပ်သန်းပေါင်း (၁၂၆)၊ ၂၀၀၂-၀၃ခုနှစ်တွင် ကျပ်သန်းပေါင်း (၂၄၉) အသီးသီး ရှိသည်။

ဆောက်လုပ်ရေးကဏ္ဍတွင် အသုံးပြုသော အဓိကကုန်ကြမ်းများကို သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍမှရရှိသည်။ ဆောက်လုပ်ရေးနှင့်စက်မှုကဏ္ဍအတွက် အရေးပါသော သံ၊ သံမဏိတို့ကို သံပွနှင့် သံစိမ်းမှထုတ်လုပ်ရရှိသည်။ ဘိလပ်မြေထုတ်လုပ်ရာတွင် ကုန်ကြမ်းအဖြစ်အသုံးပြုသော ထုံးကျောက်၊ လောင်စာအဖြစ်အသုံးပြုသော သဘာဝဓာတ်ငွေ့၊ ကြွေထည်ပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသော မြေစေး၊ အုတ်ပြုလုပ်ရာတွင်အသုံးပြုသော ရွှံ့စေးနှင့် လမ်းခင်းကျောက်၊ ကျောက်စရစ်နှင့် သဲတို့သည် သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်ကုန်များဖြစ်ကြသည်။

(ခ) စွမ်းအင်ကဏ္ဍ

ရေနံစိမ်းကို ရေနံချက်စက်ရုံများသို့ ဓာတ်ဆီ၊ ရေနံဆီ၊ ချောဆီ၊ ဒီဇယ်ဆီ၊ မီးထိုးဆီတို့ ထုတ်လုပ်ရန်ပေးပို့ရသည်။ ယင်းတို့ကို ထုတ်လုပ်ပြီးနောက် ဖယောင်းကျန်ရစ်ပြီး ဖယောင်းကို ဖယောင်းတိုင်ပြုလုပ်ရာတွင် အသုံးပြုသည်။ ဓာတ်ဆီကိုပုဂ္ဂလိကပိုင်နှင့် နိုင်ငံပိုင်ပို့ဆောင်ရေးကဏ္ဍတွင် အသုံးပြုသည်။

ဒီဇယ်ဆီကို သယ်ယူပို့ဆောင်ရေးတွင်သာမက ရေစုပ်စက်များနှင့် အခြားစက်များတွင် အသုံးပြုသည်။ ချောဆီကိုစက်ရုံများလည်ပတ်ရန်နှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် စက်များတွင် အသုံးပြုသည်။ ရေနံဆီကိုအဓိကအားဖြင့် နေအိမ်များတွင် ချက်ပြုတ်ရာ၌လည်းကောင်း၊ မီးထွန်းရာ၌လည်းကောင်း အသုံးပြုကြသည်။ ရေနံစိမ်းသည် ပလပ်စတစ်၊ ရာဘာတု၊ ဓာတ်မြေသြဇာနှင့် အခြားအရေးပါသော ဓာတုဗေဒပစ္စည်းများထုတ်လုပ်ရာတွင် အဓိကကျသော ကုန်ကြမ်းဖြစ်သည်။ သဘာဝဓာတ်ငွေ့သည် လျှပ်စစ်ဓာတ်အား၊ ယူရီးယားဓာတ်မြေသြဇာ၊ ဘိလပ်မြေစသည်တို့ ထုတ်လုပ်ရာတွင် အထူးအရေးပါသည်။ မြန်မာနိုင်ငံတွင်ရေနံထွက်ရှိခြင်းကြောင့် ရေနံဓာတုဗေဒ စက်မှုလုပ်ငန်းများ၏ အလားအလာအထူးကောင်းမွန်သည်။

၈-၈။ နိဂုံး

ဤအခန်းတွင် သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၌လည်းကောင်း၊ စွမ်းအင်ကဏ္ဍ၌လည်းကောင်း၊ အရင်းအနှီးပမာဏများစွာနှင့် ကျွမ်းကျင်သောလုပ်သားလိုအပ်ကြောင်းနှင့် သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့များ စူးစမ်းရှာဖွေထုတ်လုပ်ခြင်းတွင် စရိတ်များစွာကုန်ကျကြောင်း ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍမှ ထုတ်ကုန်များသည် အခြားထုတ်လုပ်မှုကဏ္ဍများအတွက် အရေးပါမှုကို ရှင်းလင်းဖော်ပြခဲ့သည်။ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသော သတ္တုကုန်ကြမ်းများ၊ နိုင်ငံခြားငွေရရှိရေးအတွက် အဖိုးတန်ကျောက်မျက်ရတနာများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပြည်တွင်း၌ရရှိနိုင်သောကြောင့် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍသည်လည်းကောင်း၊ စွမ်းအင်ကဏ္ဍသည်လည်းကောင်း အလွန်အရေးကြီးသောကဏ္ဍဖြစ်သည်။

---

## အနှစ်ချုပ်

(၁) မြန်မာနိုင်ငံတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် အရေးကြီးဆုံးသော တွင်းထွက်ပစ္စည်းဖြစ်သည်။

(၂) သတ္တုတွင်းထွက်ပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့သည် အလိုအလျောက် ပြန်လည်မဖြည့်စွမ်းနိုင်သော သဘာဝအရင်းအမြစ်များ ဖြစ်သည်။

(၃) သတ္တုတွင်းထွက်ကဏ္ဍ၏ ထုတ်ကုန်များတွင် သတ္တုတွင်းထွက်များ၊ သတ္တုမဟုတ်သော တွင်းထွက်များ၊ ပုလဲ၊ ဆား၊ အဏ္ဏဝါဓာတုဗေဒ ပစ္စည်းများပါဝင်သည်။

(၄) သတ္တုတွင်းထွက်ကဏ္ဍသည် အရင်းအနှီးစူးစိုက်အသုံးပြုရသောကဏ္ဍတစ်ခု ဖြစ်သည်။

(၅) မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ကျောက်မျက်၊ ကျောက်စိမ်းနှင့် ပုလဲတွဲများကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊ တင်ဒါစနစ်ဖြင့်လည်းကောင်း ရောင်းချသည်။

(၆) မြန်မာ့ဆားလုပ်ငန်းများတွင် နိုင်ငံပိုင်ဆားလုပ်ငန်း (၁၀)ခု၊ ဖက်စပ်လုပ်ငန်းတစ်ခုတို့ဖြင့် လုပ်ကိုင်လျက်ရှိသည်။

(၇) ရေနံနှင့် သဘာဝဓာတ်ငွေ့သည် အားဖြည့်လောင်စာဖြစ်၍ စွမ်းအင်ကိုထုတ်ပေးသည့် သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများဖြစ်သည်။

(၈) သတ္တုတွင်းထွက်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍ၏ ထုတ်ကုန်များသည် အခြားစီးပွားရေး ကဏ္ဍများအတွက် အရေးကြီးသော သွင်းအားစုများ ဖြစ်သည်။

(၉) မြန်မာနိုင်ငံတွင် ကုန်းတွင်းနှင့်ကမ်းလွန်ဒေသများ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့များ စမ်းသပ်ရှာဖွေနေသည်။

---

## လေ့ကျင့်ခန်းများ

(က) မှား/မှန် မေးခွန်းများ

၁။ သတ္တု မဟုတ်သော တွင်းထွက်များကို အဖိုးတန် တွင်းထွက်ရတနာများ စက်မှုကုန်ကြမ်းများ ဆောက်လုပ်ရေးပစ္စည်းများဟု ခွဲခြားနိုင်သည်။

၂။ ကျောက်မီးသွေးသည် အားဖြည့်လောင်စာဖြစ်သည်။

၃။ မြန်မာနိုင်ငံ၏ အရေးအကြီးဆုံး တွင်းထွက်ပစ္စည်းမှာ ကြေးနီဖြစ်သည်။

၄။ သတ္တုတွင်းထွက်ကဏ္ဍသည် အရင်းအနှီးပမာဏ မြောက်မြားစွာ သုံးစွဲရန်လိုအပ်သည့် စီးပွားရေး ကဏ္ဍဖြစ်သည်။

၅။ မြန်မာနိုင်ငံတွင် အရည်အသွေးကောင်းသော ကျောက်မီးသွေးကို တူးဖော်ရရှိနိုင်သည်။

(ခ) ကွက်လပ်ဖြည့် မေးခွန်းများ

၁။ မြန်မာနိုင်ငံတွင် သတ္တုတွင်းထွက်ကဏ္ဍ၏ ထုတ်ကုန်ပစ္စည်းများကို သတ္တုတွင်းထွက်များ --------------- နှင့် ပုလဲ၊ ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းများဟု ခွဲခြားနိုင်သည်။

၂။ သံစိမ်းကို သတ္တုစပ်များနှင့် ရောစပ်ကျိုချက်သောအခါ ---------- ရရှိသည်။

၃။ ဘရိုက်တီးကျောက်၊ ထုံးကျောက်တို့သည် ----------- ကုန်ကြမ်းများဖြစ်ကြသည်။

၄။ သတ္တုတွင်းထွက်ကဏ္ဍသည် ---------- ကဏ္ဍတွင်ပါဝင်သည်။

၅။ မြန်မာနိုင်ငံတွင် အရေးအကြီးဆုံးသော တွင်းထွက်ပစ္စည်းမှာ -------------- ဖြစ်သည်။

(ဂ) ရွေးချယ်မှုမေးခွန်းများ

၁။ မြန်မာ့ဆားလုပ်ငန်းတွင် နိုင်ငံပိုင်ဆားလုပ်ငန်း (က) ၁ (ခ) ၁၀ (ဂ) ၁၁ ခုတို့ဖြင့် လုပ်ကိုင်လျှက်ရှိသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို (က) ၁၉၆၂ (ခ) ၁၉၆၄ (ဂ) ၁၉၆၆ ခုနှစ်မှ စ၍ကျင်းပခဲ့သည်။

၃။ မြန်မာနိုင်ငံတွင် ပုလဲမွေးမြူရေးလုပ်ငန်းကို အများအားဖြင့် (က) နိုင်ငံပိုင်လုပ်ငန်း (ခ) ပုဂ္ဂလိက ပိုင်လုပ်ငန်း (ဂ) ဖက်စပ်လုပ်ငန်းတို့ဖြင့် ဆောင်ရွက်နေသည်။

၄။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ အသုံးပြုသည့် တွင်းထွက်မှာ (က)ကျောက်မီးသွေး (ခ)ကြေးနီ (ဂ) ငွေ၊ ခဲ၊ သွပ် ဖြစ်သည်။

၅။ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် အခက်ခဲဆုံးနှင့် စွန့်စားမှုအများဆုံးအပိုင်းမှာ (က) စမ်း သပ်ရှာဖွေခြင်း (ခ) တူးဖော်ခြင်း (ဂ) ထုတ်လုပ်ခြင်းအပိုင်းဖြစ်သည်။

(ဃ) မေးခွန်းများ

၁။ သတ္တုတွင်းထွက်ပစ္စည်းများသည် အလိုအလျောက်ပြန်လည် မဖြည့်စွမ်းနိုင်သောသဘာဝ အရင်းအမြစ်များ ဖြစ်ကြောင်းရှင်းပြပါ။

၂။ သတ္တုတွင်းထွက်ပစ္စည်းများ၏ အဓိကထုတ်ကုန်များကို ဖော်ပြပါ။

၃။ မြန်မာ့စီးပွားရေး အဆောက်အအုံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၏ အရေးပါပုံ ကိုရှင်းလင်းဖြေဆိုပါ။

၄။ မြန်မာနိုင်ငံ သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ၏ ထုတ်ကုန်ပစ္စည်းများကိုဖော်ပြပြီး သတ္တုမဟုတ်သော တွင်းထွက်ပစ္စည်းများကို ရှင်းပြပါ။

# အခန်း (၉)

# မြန်မာနိုင်ငံစက်မှုလုပ်ငန်းကဏ္ဍများ

## Industrial Sectors of Myanmar

### ၉-၁။ နိဒါန်း

မြန်မာနိုင်ငံစက်မှုလုပ်ငန်းကဏ္ဍများတွင် စက်မှုလက်မှုကဏ္ဍ (Processing and Manufacturing)၊ လျှပ်စစ်ဓာတ်အားကဏ္ဍ (Electric Power) နှင့် ဆောက်လုပ်ရေးကဏ္ဍတို့ (Construction) ပါဝင်ပါသည်။ ဤကဏ္ဍများ၏ ထုတ်ကုန်များသည် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုကဏ္ဍများ၏ ထုတ်ကုန်များနှင့် သဘာဝချင်းမတူပေ။ စက်ရုံအလုပ်ရုံများတွင် ကုန်ကြမ်းမှ ကုန်ချောဖြစ်အောင် ဆင့်တက်ပြုပြင်ထုတ်လုပ်ရသည်ဖြစ်သောကြောင့် စက်ရုံများ၏ ထုတ်ကုန်အမျိုးအစား မတူသော်လည်း လုပ်ငန်းသဘာဝချင်း တူညီပေသည်။ သို့ဖြစ်၍ ၎င်းတို့ကို တစ်စုတစ်ပေါင်းတည်း စက်မှုလုပ်ငန်းကဏ္ဍများအဖြစ် လေ့လာရခြင်းဖြစ်သည်။ စက်မှုလုပ်ငန်းကဏ္ဍကို ဒုတိယဆင့်လုပ်ငန်းကဏ္ဍများဟူ၍လည်းခေါ်ဝေါ်ကြသည်။

ဇယား (၉.၁) မြန်မာနိုင်ငံစက်မှုလုပ်ငန်းကဏ္ဍများ၏ အရေးပါမှု (၂၀၀၂-၀၃)

( ၂၀၀၀-၀၁ ပုံမှန်ဈေးနှုန်း)

| စက်မှုလုပ်ငန်းများ | လုပ်သားအင်အား | | စက်မှုကဏ္ဍစုစုပေါင်း ထုတ်ကုန်တန်ဖိုး | |
|---|---|---|---|---|
| | ထောင်ပေါင်း | ရာခိုင်နှုန်း | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း |
| ၁။ စက်မှုလက်မှုကဏ္ဍ | ၁၂၁၂.၄၀ | ၁၁.၄ | ၂၈၆၈၀၁.၅ | ၉.၀၁ |
| ၂။ လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၈.၉၀ | ၀.၂ | ၃၈၇၈.၃ | ၀.၁၂ |
| ၃။ ဆောက်လုပ်ရေးကဏ္ဍ | ၂၈၁.၁၀ | ၂.၆ | ၉၅၆၄၁.၃ | ၃.၀၀ |
| စက်မှုလုပ်ငန်းကဏ္ဍစုစုပေါင်း | ၁၅၁၂.၄ | ၁၄.၂ | ၃၈၆၃၂၁.၁ | ၁၂.၁၃ |
| တစ်နိုင်ငံလုံးစုစုပေါင်း | ၁၀၆၆၇.၇၀ | ၁၀၀ | ၃၁၈၄၁၁၇.၃ | ၁၀၀. |

* Labour force survey 1990.

ထောက်မြစ်။ ။ CSO, Statistical Yearbook, 2004

မြန်မာနိုင်ငံတွင်စက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၀၂-၀၃ ခုနှစ် စာရင်းများအရ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်း (GDP) ၏ (၁၂. ၁၃) ရာခိုင်နှုန်းဝန်းကျင်တွင်သာရှိသည်။ လုပ်သားအင်အား အနေဖြင့်လည်း စုစုပေါင်းလုပ်သား အင်အား၏ (၁၄. ၂) ရာခိုင်နှုန်းသာရှိသောကြောင့် အရှေ့တောင်အာရှအပါအဝင် စက်မှုဖွံ့ဖြိုးတိုးတက် လျက်ရှိသော နိုင်ငံများနှင့်ယှဉ်လျှင်၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှု နှေးကွေးလျက်ရှိသည်။ ဤအချက်သည် စက်မှုထူထောင်ရေးလုပ်ငန်း အောင်မြင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒုတိယအဆင့် လုပ်ငန်းကဏ္ဍများ (ဝါ) စက်မှုလုပ်ငန်း ကဏ္ဍ၏အရေးပါမှု တိုးတက်ကြီးထွားလာတတ်သော ဖွံ့ဖြိုးမှု လမ်းကြောင်းပေါ်သို့ရောက်ရှိရန် လိုသေးကြောင်းဖော်ပြလျက်ရှိပေသည်။ စုစုပေါင်းထုတ်ကုန်တန်ဖိုးတွင် လည်းကောင်း၊ လုပ်သားအင်အားတွင်လည်းကောင်း မြန်မာ့စက်မှုလက်မှုလုပ်ငန်းကဏ္ဍများ၏ ပါဝင်မှု အချိုးအစား သေးငယ်နေခြင်းက မြန်မာနိုင်ငံတွင် စက်မှုထူထောင်ရေးကို အလေးပေး၍အားသွန်ခွန်စိုက်ပမ်း ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း ဖော်ညွှန်းနေပေသည်။

## ၉-၂။ မြန်မာနိုင်ငံတွင် စက်မှုထူထောင်ရန် လိုအပ်ခြင်း

မြန်မာနိုင်ငံတွင်စက်မှုထူထောင်ရန် လိုအပ်ရခြင်းမှာ အောက်ပါအကြောင်းအရင်းများကြောင့် ဖြစ်သည်။

(က) လုပ်အား၏ထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန်

(ခ) ပိုမိုဟန်ချက်ညီသော စီးပွားရေးအဆောက်အအုံဖြစ်ပေါ်စေရန်

(ဂ) ကိုယ့်အားကိုယ်ကိုးရေးနှင့် ဖူလုံမှုရရှိစေရန်

(ဃ) နည်းပညာဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်

**(က) လုပ်အား၏ထုတ်လုပ်မှု စွမ်းအားတိုးတက်စေရန်။** ။ မူလကဏ္ဍများသည် သဘာဝ သယံဇာတစွမ်းအားစုရရှိနိုင်မှုအပေါ် များစွာမှီခိုလျက်ရှိရာ သဘာဝသယံဇာတစွမ်းအားစု ရရှိနိုင်မှု အကန့်အသတ်ရှိသည်နှင့်အညီ မူလလုပ်ငန်းကဏ္ဍများတွင် လုပ်အား၏ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးမှာ အကန့်အသတ်များစွာရှိပေသည်။ အခြားတစ်ဖက်တွင် စက်မှုလုပ်ငန်းကဏ္ဍများ၌ အရင်းအနှီးနှင့် လုပ်အားရရှိနိုင်မှုပေါ်မူတည်၍ ထုတ်လုပ်မှုကို အလွယ်တကူ တိုးချဲ့နိုင်ပေမည်။ ထို့အပြင် ထုတ်လုပ်မှု နည်းပညာအခြေအနေအရ လုပ်အား၏ထုတ်လုပ်မှုစွမ်းအားသည် မူလလုပ်ငန်းကဏ္ဍများထက် စက်မှု လုပ်ငန်းကဏ္ဍများတွင် ပိုမိုပေသည်။ မြန်မာနိုင်ငံတွင်လည်း စက်မှုလုပ်ငန်းများ ထူထောင်အောင်မြင်ပါက တစ်နိုင်ငံလုံးအတွက် လုပ်အား၏ထုတ်လုပ်မှု စွမ်းအားတိုးတက်မြင့်မားလာမည်ဖြစ်သည်။

**(ခ) ဝိုမိုဟန်ချက်ညီသော စီးပွားရေးအဆောက်အအုံဖြစ်ပေါ်စေရန်။** ။ မြန်မာ့စီးပွားရေး အဆောက်အအုံသည် မူလလုပ်ငန်းကဏ္ဍများအပေါ် များစွာမှီခိုရသည့် ပုံသဏ္ဍာန်ဖြစ်ပေါ်နေသည်။ ၁၉၉၀ လုပ်သားအင်အားအရ စုစုပေါင်းလုပ်သားအင်အား၏ (၅၇. ၅) ရာခိုင်နှုန်းသည် မူလလုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်လျက်ရှိပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန်၏ (၅၃. ၅၃) ရာခိုင်နှုန်းကိုထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ၂၀၀၂-၀၃ ခုနှစ်အတွက် ပြည်ပပို့ကုန်တန်ဖိုး၏ (၆၁. ၇၇) ရာခိုင်နှုန်းမှာလည်း မူလထုတ်ကုန်များဖြစ်သည်။ မူလထုတ်ကုန်များ၏ သဘာဝမှာ ရာသီဥတုအပေါ်အမှီပြု၍ ထုတ်လုပ်ရသည်ဖြစ်၍ ဈေးဆစ်နိုင်အားမရှိခြင်း၊ မသေချာမရေရာမှုများရှိနေခြင်းတို့ကြောင့် မူလထုတ်ကုန်တစ်မျိုး၊ နှစ်မျိုးအပေါ်သာ အဓိကအားထားမှီခိုနေရသော စီးပွားရေးအဆောက်အအုံ ပုံသဏ္ဍာန်သည် နိုင်ငံတကာစီးပွားရေး အပြောင်းအလဲများ၏ ဂယက်ရိုက်ခတ်မှုဒဏ်ကို ခံနိုင်စွမ်းရှိနိုင်မည်မဟုတ်ပေ။ ဟန်ချက်ညီသော စီးပွားရေးအဆောက်အအုံပုံသဏ္ဍာန်မျိုးဖြစ်မှသာ တည်ငြိမ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများဖြစ်ပေါ်နိုင်မည်ဖြစ်သည်။

**(ဂ) ကိုယ့်အားကိုယ်ကိုးရေးနှင့် ဖူလုံမှုရရှိစေရန်။** ။စက်မှုလုပ်ငန်းအမျိုးမျိုးကို ထူထောင်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံသည် စက်မှုထုတ်ကုန်ပစ္စည်းများရရှိရေးအတွက် နိုင်ငံခြားမှ ထုတ်လုပ်သူများအပေါ် မှီခိုနေရမှု လျော့နည်းသွားမည်ဖြစ်သည်။ စက်မှုလုပ်ငန်းများမရှိသောကြောင့် ဒုတိယကမ္ဘာစစ်အတွင်းက နိုင်ငံခြားမှ ကုန်ပစ္စည်းများရရှိနိုင်မှု ပြတ်တောက်သွားသည့်အခါ မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းရှားပါးမှုနှင့် ရင်ဆိုင်ခဲ့ရဖူးသည်။ ဆေးဝါးမျိုးစုံ၊ ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးပစ္စည်း ကိရိယာများ၊ အီလက်ထရောနစ်ပစ္စည်းများနှင့် နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်သောပစ္စည်းများ ဖူလုံရေးသည် အလွန်လိုအပ်ပေသည်။ နိုင်ငံတကာ နိုင်ငံရေးလောကတွင် ကုန်ပစ္စည်းတင်ပို့ရောင်းချသော နိုင်ငံများ၏ အလိုဆန္ဒအတိုင်း ကုန်စည်တင်သွင်းသောနိုင်ငံများက လိုက်လျောဆောင်ရွက်စေရန် ဖိအားပေးသည့်အနေဖြင့် အရေးပါ၍ အချက်အချာကျသော ကုန်စည်များရောင်းချခြင်းကို ရပ်ဆိုင်းပိတ်ပင်ခြင်းမျိုး လုပ်လေ့လုပ်ထရှိသည်။ ကုန်စည်များစွာကို မိမိဘာသာဖူလုံမှုရရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် မြန်မာနိုင်ငံသည် ယင်းသို့သော ဖိအားပေးမှုများကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်မည်ဖြစ်၍ နိုင်ငံနှင့်လူမျိုး၏ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် သီးခြားလွတ်လပ်သော နိုင်ငံတကာမူဝါဒများ ကျင့်သုံးနိုင်မည်ဖြစ်ပေသည်။

**(ဃ) နည်းပညာဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်။** ။ စက်မှုလုပ်ငန်း၏ ထုတ်လုပ်မှုသဘာဝသည် နည်းပညာဖွံ့ဖြိုးမှုကို များစွာဖြစ်ထွန်းစေသည်။ ဤသို့ဖြစ်ရခြင်းမှာ စက်မှုလုပ်ငန်းထုတ်လုပ်မှု၏ သဘာဝသည် လုပ်သားနှင့် သူ၏ထုတ်ကုန်ပစ္စည်းတို့ နီးနီးကပ်ကပ်နှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံနေရသော သဘောရှိသောကြောင့်ဖြစ်သည်။ မူလလုပ်ငန်းကဏ္ဍများတွင်မူ အပင်စိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းဖြစ်စဉ်သည် ဖြည်းဖြည်းခြင်းသာ ဖြစ်ပေါ်လာပြီး လုပ်သားများနှင့် နီးနီးကပ်ကပ်နှင့် စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံနေရသော သဘောမရှိပေ။ စက်ရုံများနှင့် လုပ်ငန်းခွင်များတွင် လုပ်သားများကို

တစ်စုတစ်ပေါင်းတည်း လုပ်ကိုင်စေခြင်းဖြစ်သောကြောင့် နည်းလမ်းများနှင့် အတွေ့အကြုံဖလှယ်မှုများ ကောင်းစွာဖြစ်ပေါ်စေနိုင်သည်။ ၎င်းအပြင် လူ့ယဉ်ကျေးမှု တိုးတက်မှုသမိုင်းစဉ်တွင် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုလုပ်ငန်းများမှာ သဘာဝထောက်ပံ့မှုများအား ခံယူရရှိသည့်လုပ်ငန်းများအဖြစ်သာရှုမြင်ပြီး စက်မှုလုပ်ငန်းများကိုမူ သဘာဝအထောက်အပံ့များအပေါ် တည်မှီ၍ ဖြစ်ပေါ်လာသော သဘာဝသယံဇာတ အင်အားစုများအား အသုံးဝင်သော ကုန်စည်များအဖြစ်သို့ လူ့ဉာဏ်စွမ်းအားကိုအသုံးချ၍ ပြောင်းလဲပေးသည့် လုပ်ငန်းအဖြစ် ရှုမြင်ခဲ့ကြပေသည်။ မကြာသေးခင်ကမှ လူ့ဉာဏ်စွမ်းအားဖြင့် သဘာဝကို ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းမှုများပြုလုပ်လာကြသည်။ ဥပမာ- သစ်တောများပြန်လည်စိုက်ပျိုးခြင်း၊ မြစ်ကြောင်း ပြောင်းလဲအောင်ပြုပြင်ခြင်း၊ သဲကန္တာရများကို စိုက်ခင်းများဖြစ်အောင် ပြုပြင်ပြောင်းလဲခြင်းများ ဖြစ်သည်။ တိုင်းပြည်တစ်ပြည်တွင် နိုးကြားတက်ကြွသော စက်မှုလုပ်ငန်းကဏ္ဍရှိခြင်းက နည်းပညာဖွံ့ဖြိုး တိုးတက်မှုကို များစွာဖြစ်ထွန်းစေသည်။ မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းကဏ္ဍ ကြီးကြီးမားမား မရှိခြင်း ကြောင့် မြန်မာနိုင်ငံသားများအနေဖြင့် ခေတ်မီနည်းပညာများ လေ့လာနိုင်ရန် အခွင့်အလမ်းနည်းခဲ့သည်။ စက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်သာ နည်းပညာလေ့လာသင်ယူနိုင်ခွင့် ပိုမိုရှိနိုင်မည်ဖြစ်သည်။

အထက်ပါအကြောင်းများကြောင့် စက်မှုထူထောင်ရေးဆောင်ရွက်ရန် လိုအပ်သည်။ သို့ဖြစ်၍ စက်မှုလုပ်ငန်းများကို သင့်တော်သလိုရွေးချယ်ပြီး ထိရောက်သောစက်မှုထူထောင်ရေး အစီအစဉ်များကို ချမှတ်ဆောင်ရွက်ရပေမည်။ မြန်မာနိုင်ငံအတွက် နိုင်ငံတော်အစိုးရက ပြည်တွင်းကုန်ကြမ်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများနှင့် လယ်ယာကဏ္ဍထုတ်လုပ်မှုကို အထောက်အကူပြုစေမည့် စက်မှုလုပ်ငန်းများ တည်ထောင်ရေးအစီအစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပေသည်။

ဤသို့ဆောင်ရွက်ရာ၌ စက်မှုထူထောင်ရေးဖြစ်စဉ်နှင့် ဆက်နွှယ်လျက် ပြဿနာများစွာရှိနိုင်ပေသည်။ စက်မှုထူထောင်ရေးရလဒ်ကြောင့် မြို့များဖွံ့ဖြိုးတိုးတက်လာပြီး မြို့ပြတွင်လူနေထူထပ်ခြင်းနှင့် လူမှုရေးပြဿနာများ ပေါ်ပေါက်လာနိုင်မည်။ စက်ရုံများမှ စွန့်ပစ်ပစ္စည်းများကြောင့် လေထု၊ ရေထု ညစ်ညမ်းမှုများဖြစ်ပေါ်လာပြီး ပတ်ဝန်းကျင်ကို ပျက်စီးနိုင်မည်။ စက်မှုလုပ်သားများတွင် ကျွမ်းကျင် လုပ်သားများစွာ လိုအပ်သောကြောင့် စက်မှုထူထောင်ရေး လျင်မြန်စွာတိုးတက်လာခြင်းသည် တိုင်းပြည်၏ ပညာရေးစနစ်ကို ကြီးမားစွာပြောင်းလဲရန် တောင်းဆိုလာနိုင်သည်။ ကျေးလက်လယ်ယာလူ့အဖွဲ့အစည်းမှ မြို့ပြစက်မှု လူ့အဖွဲ့အစည်းသို့ ကူးပြောင်းသွားခြင်းဖြင့် လူ့အဖွဲ့အစည်း၏ တန်ဖိုးထားမှုနှင့် ယဉ်ကျေးမှုများလည်း ပြောင်းလဲသွားနိုင်မည်ဖြစ်သည်။

## ၉-၃။ စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ခြင်း

မူလထုတ်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် တည်နေရာကို သဘာဝသယံဇာတပစ္စည်းများ ရရှိနိုင်မှုပေါ် မူတည်၍ ရွေးချယ်သင့်သည်။ ဥပမာ- မြေရရှိနိုင်ရာဒေသများတွင် လယ်ယာထုတ်လုပ်မှု လုပ်ငန်းများထူထောင်ခြင်းမျိုးတွေ့ရပေသည်။ သို့ရာတွင်စက်မှုထုတ်ကုန်လုပ်ငန်းများအတွက်မူ ကုန်ကြမ်း

နှင့် ကုန်ချောပစ္စည်းများကို သယ်ယူပို့ဆောင်နိုင်ခြင်းကြောင့် နေရာမရွေး ဒေသများစွာတွင် တည်ထောင်နိုင်ကြသည်။ ဤတွင်စက်မှုလုပ်ငန်း တည်နေရာရွေးချယ်သည့် အခြေခံမူမှာ စားသုံးသူအတွက် နောက်ဆုံးစရိတ် အနည်းဆုံးဖြစ်စေရေးဖြစ်သည်။ နောက်ဆုံးစရိတ်ကို ခန့်မှန်းရာတွင် ကာလတိုကာလရှည် နှစ်မျိုးလုံး ထည့်သွင်းစဉ်းစားရသည်။ ဤအခြေခံမူအရ အကယ်၍စက်မှုလုပ်ငန်းတစ်ခု၏ သွင်းအားစု သယ်ယူစရိတ်မှာ ကြီးမားပြီး ကုန်ချောသယ်ယူစရိတ်မှာ နည်းပါးမည်ဆိုပါက ၎င်းစက်မှုလုပ်ငန်းကို သွင်းအားစုရှိရာ ဇာစ်မြစ်ဒေသတွင် တည်ဆောက်ရန်ဖြစ်သည်။ သွင်းအားစုဟုဆိုရာ၌ ကုန်ကြမ်းအပါအဝင် မြေယာ၊ လုပ်အား၊ အရင်းအနှီးတို့ဖြစ်ပါသည်။ ကုန်ကြမ်းသယ်ယူ စရိတ်ကြီးမားသည့် စက်မှုလုပ်ငန်းများမှာ သကြားစက်၊ သတ္တုသန့်စင်စက်၊ လျှပ်စစ်ဓာတ်ထုတ်လုပ်ခြင်းနှင့် အသားထုပ်ပိုးလုပ်ငန်းများ ဖြစ်ကြသည်။

တစ်ခါတစ်ရံ သယ်ယူပို့ဆောင်စရိတ်ကြီးမားသည့် သွင်းအားစုမှာ လုပ်အားဖြစ်နိုင်သည်။ သီးသန့်လုပ်အားအမျိုးအစားသာ စက်မှုလုပ်ငန်းမျိုးအတွက် အခြေအနေမျိုးတွင် ထိုစက်မှုလုပ်ငန်းများကို လိုအပ်သောလုပ်အားအမျိုးအစား ရရှိနိုင်သည့်နေရာတွင် ထိုစက်မှုလုပ်ငန်းကို တည်ဆောက်ရပေမည်။ ဥပမာ- မော်တော်ကားလုပ်ငန်း၌ တပ်ဆင်မှုအပိုင်းတွင် အထူးကျွမ်းကျင်သောလုပ်သားများ လိုအပ်ပေသည်။ ထို့ကြောင့် မော်တော်ကားလုပ်ငန်းများသည် ထိုလုပ်သားမျိုးရရှိနိုင်ရာ ဒေသများတွင် စုစည်းတည်ရှိမြဲဖြစ်သည်။ ဥပမာ- အမေရိကန် ပြည်ထောင်စုတွင် ဒက်ထရွိုက် (Detroit) မြို့တစ်ဝိုက်တွင်သာ မော်တော်ကားလုပ်ငန်းများ စုစည်းတည်ရှိပြီး ဗြိတိန်တွင်မူ ကွန်ဗင်ထရီ (Coventry) မြို့တစ်ဝိုက်တွင်သာရှိကြသည်။ မြန်မာနိုင်ငံတွင် ယွန်းထည်လုပ်ငန်းများသည် ပုဂံ၊ ညောင်ဦးနှင့် မုံရွာမြို့နယ် ကျောက်ကာကျေးရွာတို့တွင်သာ စုစည်းတည်ရှိပြီး ပိုးထည်လုပ်ငန်းများသည် အမရပူရနှင့် အင်းလေးဒေသတို့တွင်သာ စုစည်းတည်ရှိနေကြသည်။ ယင်းသို့စုစည်းတည်ရှိနေရခြင်းမှာ လိုအပ်သောလုပ်သားအမျိုးအစား ရရှိနိုင်မှုအပေါ် မူတည်နေသောကြောင့်ဖြစ်သည်။

ကုန်ချောထုတ်ကုန် သယ်ယူပို့ဆောင်စရိတ်ကြီးမားသော လုပ်ငန်းများအတွက်မူ ဈေးကွက်နှင့်နီးရာတွင် တည်ရှိကြသည်။ ဥပမာ- ပရိဘောဂလုပ်ငန်းများ၊ အစားအသောက်လုပ်ငန်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းများ စသည်တို့ဖြစ်သည်။

သွင်းအားစုနှင့် ကုန်ထွက်အမျိုးမျိုးလိုအပ်ပြီး ၎င်းတို့ကို သယ်ယူပို့ဆောင်ရသည့်စရိတ် အမျိုးမျိုးကွဲပြားနေသည့် လုပ်ငန်းများအတွက်မူ တည်နေရာရွေးချယ်ရာ၌ ထည့်သွင်းစဉ်းစားရမည့် အချက်များစွာရှိပေသည်။ သယ်ယူပို့ဆောင်စရိတ်နှင့် အခြားသွင်းအားစုစရိတ်များ ရေရှည်ပြောင်းလဲနိုင်မှုကိုပါ ထည့်သွင်းစဉ်းစားရမည်ဆိုပါက စက်မှုလုပ်ငန်းတည်နေရာ ရွေးချယ်မှုပြဿနာသည် ပိုမိုရှုပ်ထွေး ခက်ခဲပေသည်။ အချို့သောအခြေအနေများတွင် အရေးပါသော သွင်းအားစုတစ်မျိုး (ဥပမာ - လျှပ်စစ်ဓာတ်အား) ၏ ရရှိနိုင်မှုက လုပ်ငန်းတည်နေရာကို အဆုံးအဖြတ်ပေးနိုင်သည်။ ဥပမာ - ဗြိတိန်နိုင်ငံ၌ ချည်ထည်လုပ်ငန်းစက်ရုံများသည် အစပိုင်းတွင် ကျောက်မီးသွေးဈေး သက်သာစွာရရှိနိုင်သည့် ဒေသများတွင် တည်ရှိခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ချည်ထည်စက်ရုံလည်ပတ်ရေးအတွက် ရေနွေးငွေ့အားရရှိရန် ကျောက်မီးသွေးကို လိုအပ်သောကြောင့်ဖြစ်သည်။ နောက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားကို ကျယ်ကျယ်

ပြန့်ပြန့် သုံးစွဲလာသည်နှင့်အမျှ ချည်ထည်လုပ်ငန်းများသည် ယခင်ကကဲ့သို့ ကျောက်မီးသွေးတွင်းများ တည်ရှိသည်နေရာတွင်သာ တည်ထောင်ရမည်မဟုတ်တော့ပေ။

စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ခြင်း၏ ရေရှည်အကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားရန်လည်း လိုအပ်သည်။ ဤရေရှည်အကျိုးသက်ရောက်မှုကို အထောက်အကူပြုသော အကျိုးသက်ရောက်မှုနှင့် ဆုတ်ယုတ်စေသော အကျိုးသက်ရောက်မှုဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ အထောက်အကူပြုသော အကျိုးသက်ရောက်မှုများမှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ ပညာရေးလုပ်ငန်းများ ထွန်းကားလာခြင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများ များပြားလာခြင်း စသည်တို့ဖြစ်သည်။ ဤသို့သော တိုးတက်ဖွံ့ဖြိုးမှုများက အခြားစက်မှုလုပ်ငန်းများကိုပါ ထွန်းကားလာရန် ဆွဲဆောင်နိုင်ခြင်းဖြင့် ထိုဒေသ၏ စီးပွားရေးလုပ်ဆောင်ချက်များ တိုးချဲ့နိုင်လာမည်ဖြစ်သည်။ သို့ရာတွင် ဤသို့တိုးချဲ့လာမှုဖြစ်စဉ်တွင် ဆုတ်ယုတ်စေသော အကျိုးသက်ရောက်မှုများလည်းရှိပေသည်။ စက်မှုလုပ်ငန်းများ စုစည်းတည်ရှိလာခြင်းနှင့် လူနေထူထပ်ပြီး မြို့ပြအိမ်ယာပြဿနာ၊ ပတ်ဝန်းကျင်ညစ်ညမ်းပျက်စီးမှုပြဿနာ၊ လူမှုရေးပြဿနာနှင့် ယဉ်ကျေးမှုပြဿနာများ ပေါ်ပေါက်စေသည်။ ၎င်းအပြင် ဒေသတစ်ခုတွင် စက်မှုလုပ်ငန်းတိုးတက်လာခြင်းက အခြားဒေသများမှ အင်အားစုများကို ဆွဲဆောင်အသုံးချမှုကို ဖြစ်ပေါ်စေခြင်းကြောင့် ဒေသများအကြား ဖွံ့ဖြိုးမှုဘက်မညီခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် စက်မှုလုပ်ငန်းတည်နေရာ ရွေးချယ်ခြင်း၏ ရေရှည်အကျိုးသက်ရောက်မှုများ၊ သဘာဝသယံဇာတဖွံ့ဖြိုးမှု၊ လူဦးရေတိုးတက်မှုနှင့် သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးမှုတို့ကို ထည့်သွင်းစဉ်းစားပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရန် ဒေသဆိုင်ရာ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရမည်ဖြစ်သည်။

သို့ဖြစ်၍စက်မှုလုပ်ငန်း တည်နေရာရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အဓိက အချက်များမှာ -

(၁) ကုန်ကြမ်း၊ လောင်စာစွမ်းအင်၊ လုပ်အားစသည့် သွင်းအားစုများရရှိနိုင်မှု

(၂) ဈေးကွက်ရရှိနိုင်မှုအနေအထား

(၃) သယ်ယူပို့ဆောင်ရေးစရိတ်နှင့်

(၄) ဒေသများအကြား ဖွံ့ဖြိုးမှုဘက်ညီရန်လိုအပ်ခြင်းတို့ဖြစ်သည်။

## ၉-၄။ မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ

စီးပွားရေးဖွံ့ဖြိုးမှုရရှိစေရန် နိုင်ငံများတွင် စက်မှုလက်မှုထွန်းကားရန် လိုအပ်သည်။ စက်မှုလုပ်ငန်းများသည် လယ်ယာလုပ်ငန်းများထက် ကုန်ထုတ်စွမ်းအားမြင့်မားခြင်း၊ စက်မှုလုပ်ငန်းများ တိုးတက်ထွန်းကားလာပါက ဈေးနှုန်းလှုပ်ရှားမှုများသော လယ်ယာထွက်ကုန်စည်များအပေါ် မှီခိုမှုနည်းပါးသွားပြီး ဘက်ညီတိုးတက်ဖွံ့ဖြိုးမှုကိုဖြစ်စေခြင်း၊ ပြည်တွင်းဖူလုံသည့်အပြင် နိုင်ငံခြားငွေရှာဖွေနိုင်ခြင်း၊ အခြားစီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အပံ့ပေးနိုင်ခြင်း၊ အလုပ်အကိုင်ရရှိစေ၍

ဝင်ငွေတိုးလာခြင်း စသောအကျိုးသက်ရောက်မှုများကြောင့် စီးပွားရေးအဆောက်အအုံတစ်ခုလုံးကို လျှင်မြန်စွာ တိုးတက်စေနိုင်သည်။

မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၀၂-၀၃ ခုနှစ်တွင် ၂၀၀၀-၀၁ ခုနှစ် ထုတ်လုပ်သူများ၏ ပုံမှန်ဈေးနှုန်းများအရ ကျပ် (၂၈၆၈၀၁.၅ ) သန်းရှိ၍ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ (၉.၀၁) ရာခိုင်နှုန်းခန့်ရှိပြီး အလုပ်လုပ်သူဦးရေမှာ (၁၂၀၂.၄) သန်းရှိ၍ စုစုပေါင်းလုပ်သားအင်အား၏ (၁၀.၄) ရာခိုင်နှုန်းခန့်ရှိပေသည်။

## ၉-၄ (၁) စက်မှုလုပ်ငန်းအမျိုးအစားခွဲခြားပုံများ

စက်မှုလက်မှုကဏ္ဍရှိ လုပ်ငန်းများကို ဆင့်တက်ပြုပြင်သောလုပ်ငန်းများ (Processing) နှင့် ကုန်ချောထုတ်လုပ်ငန်းများ (Manufacturing) ဟူ၍ခွဲခြားနိုင်သည်။ ဆင့်တက်ပြုပြင်သော လုပ်ငန်း ဆိုသည်မှာ ထုတ်ကုန်တစ်မျိုးကို အခြားထုတ်ကုန်အသွင်သို့ ပြောင်းလဲရန် ဆင့်တက်ပြုပြင်သော လုပ်ငန်း ကို ဆိုလိုသည်။ အများအားဖြင့် ကုန်ကြမ်းတစ်မျိုးတည်းကိုသာ အသုံးပြု၍ သာမန်ဆင့်တက် ပြုပြင်သော လုပ်ငန်းဖြစ်သည်။ ဥပမာ- ဆန်စက်၊ သစ်စက်၊ ဝါကြိတ်စက်၊ ဆီစက် စသည်တို့ဖြစ်ကြသည်။ ကုန်ချော ထုတ်လုပ်ငန်းဆိုသည်မှာ အများအားဖြင့် ကုန်ကြမ်းပစ္စည်းအမျိုးမျိုးကို အသုံးပြုပြီး ကွဲပြားခြားနားသော ဖြစ်စဉ်များဖြင့် ထုတ်ကုန်များ ထုတ်လုပ်သောလုပ်ငန်းဖြစ်သည်။ ဥပမာ- အထည်အလိပ်လုပ်ငန်း၊ စက္ကူ လုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ မြေဩဇာလုပ်ငန်း၊ မော်တော်ကားလုပ်ငန်းများ ဖြစ်ကြသည်။ ဤသို့ခွဲခြားရ ခြင်းမှာ ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် တည်ရှိခဲ့သည့် စက်မှုလုပ်ငန်းအများစုမှာ အရိုးခံသဘာဝရှိသည့် ဆင့်တက် ပြုပြင်သော လုပ်ငန်းများသာဖြစ်ကြောင်း ဖော်ထုတ်ပြသလိုသောကြောင့်ဖြစ်သည်။

ဆင့်တက်ပြုပြင်သောလုပ်ငန်းများနှင့် ကုန်ချောထုတ်လုပ်ငန်းများကို အုပ်စုအမျိုးမျိုးခွဲ၍ လေ့လာ နိုင်ပေသည်။ အုပ်စုခွဲခြားပုံတစ်မျိုးမှာ အိမ်တွင်းစက်မှုလုပ်ငန်းများ (Cottage industries) နှင့် စက်ရုံများ (Factories) ဟူ၍ဖြစ်သည်။ အိမ်တွင်းစက်မှုလုပ်ငန်းဆိုသည်မှာ လုပ်သားများ၏ အိမ်တွင် လုပ်ကိုင်သော စက်မှုလက်မှုလုပ်ငန်းများဖြစ်သည်။ ဥပမာအားဖြင့် ယက္ကန်းသမား၏ အိမ်၌ လက်ရက် ကန်းဖြင့် အထည်ရက်လုပ်ခြင်းဖြစ်သည်။ ကိုလိုနီခေတ်မတိုင်မီက မြန်မာနိုင်ငံတွင်ရှိခဲ့သော အဓိက စက်မှုလုပ်ငန်းအမျိုးအစားမှာ အိမ်တွင်းစက်မှုလုပ်ငန်းများဖြစ်သည်။

အခြားလုပ်ငန်းအုပ်စုခွဲခြားပုံ တစ်မျိုးမှာ အသေးစားစက်မှုလုပ်ငန်းများ (Small scale industries) နှင့် အကြီးစားစက်မှုလုပ်ငန်းများ (Large scale industries) ဟူ၍ဖြစ်သည်။ အသေးစား စက်မှု လုပ်ငန်းများမှာ အလုပ်သမားအနည်းငယ်သာ ငှားရမ်းအသုံးပြုပြီး စက်ကိရိယာ အသုံးပြုမှု နည်းပါးသော လုပ်ငန်းများကို ခေါ်ဆိုခြင်းဖြစ်သည်။ ဥပမာ- ဆန်စက်၊ သစ်စက်၊ ဘိစကွက်စက်၊ ခေါက်ဆွဲစက် စသည်တို့ဖြစ်သည်။ အကြီးစားစက်မှုလုပ်ငန်းများမှာ လုပ်သားအမြောက်အမြားနှင့် အရင်း အနှီးများစွာအသုံးပြုရသော လုပ်ငန်းကြီးများကိုဆိုလိုသည်။ ဥပမာ- အထည်အလိပ်စက်ရုံများ၊ ရေနံချက်

စက်ရုံများ၊ သံနှင့် သံမဏိစက်ရုံ၊ မော်တော်ကားလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း စသည်တို့ဖြစ်သည်။ ကုန်စည်အများစုကို အသေးစားစက်မှု လုပ်ငန်းများ အနေဖြင့်လည်းကောင်း၊ အကြီးစားစက်မှုလုပ်ငန်းများအနေဖြင့်လည်းကောင်း၊ ထုတ်လုပ်နိုင်ကြသည်။ သို့ရာတွင်မော်တော်ကားလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း၊ သံနှင့်သံမဏိလုပ်ငန်းစသည်တို့ကိုမူ နည်းပညာအခြေအနေကြောင့် အကြီးစားစက်မှုလုပ်ငန်းအဖြစ်ဖြင့်သာ ဖွဲ့စည်းလုပ်ကိုင်နိုင်ပေသည်။

အခြားလုပ်ငန်းအုပ်စုခွဲခြားပုံတစ်မျိုးမှာ အလေးစားစက်မှုလုပ်ငန်းများ (Heavy industries) နှင့် အပေါ့စားစက်မှုလုပ်ငန်းများ (Light industries) ဟူ၍ ခွဲခြားခြင်းဖြစ်သည်။ အလေးစားစက်မှုလုပ်ငန်းများမှာ အရွယ်အစားကြီးမားပြီး အများအားဖြင့် ကုန်ကြမ်းအဖြစ်သတ္တုများကို အသုံးပြု၍ အရင်းအနှီးကုန်စည်ထုတ်လုပ်သော လုပ်ငန်းများဖြစ်သည်။ ဥပမာ - သံနှင့် သံမဏိလုပ်ငန်း၊ မော်တော်ကားလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်း စသည်တို့ဖြစ်ကြသည်။ အပေါ့စား စက်မှုလုပ်ငန်းများမှာ အများအားဖြင့် အရွယ်အစားသေးငယ်ပြီး စားသုံးကုန်စည်ထုတ်လုပ်သော လုပ်ငန်းများဖြစ်ကြသည်။ ဥပမာများမှာ စားသောက်ကုန်လုပ်ငန်းများ၊ အထည်အလိပ်နှင့် ပုံနှိပ်လုပ်ငန်းများ စသည်တို့ဖြစ်သည်။

ဆင့်တက်ပြုပြင်ရေးလုပ်ငန်းများနှင့် ကုန်ချောထုတ်လုပ်မှုလုပ်ငန်းများကို အထက်ပါအတိုင်း အမျိုးအစားခွဲခြားခြင်းသည် လေ့လာဆန်းစစ်ရာတွင် အလွန်အသုံးဝင်ပေသည်။ စက်မှုလုပ်ငန်းထုတ်ကုန်အမျိုးအစားများပြားလှသည်ဖြစ်၍ စက်မှုလုပ်ငန်းတစ်ခုချင်းကို သီးခြားလေ့လာရန် မဖြစ်နိုင်ပေ။ သို့ဖြစ်၍ အထက်ပါအတိုင်း ကျယ်ပြန့်သော အုပ်စုများခွဲခြား၍ လေ့လာရန်လိုအပ်ပေသည်။

အစိုးရထုတ်ပြန်သည့် တရားဝင်စာရင်းအင်းများတွင် စက်မှုထုတ်ကုန်များကိုလုပ်ငန်းအမျိုးအစားအလိုက် အုပ်စုခွဲခြားထားခြင်းမဟုတ်ဘဲ ကုန်စည်အုပ်စုအလိုက် (၁၃) မျိုးခွဲခြား ခြင်းဖြစ်သည်။ ၎င်းတို့မှာ (၁) စားသောက်ရေး၊ (၂) ဝတ်ဆင်ရေး၊ (၃) နေထိုင်ရေး၊ (၄) လူသုံးကုန်ပစ္စည်း၊ (၅) အိမ်သုံးကုန်ပစ္စည်း၊ (၆) ပုံနှိပ်နှင့်စာအုပ်ထုတ်ဝေရေး၊ (၇) ကုန်ကြမ်းပစ္စည်း၊ (၈) သတ္တုနှင့်ရေနံထွက်ကုန်ပစ္စည်း၊ (၉) စိုက်ပျိုးရေးကိရိယာ၊ (၁၀) စက်နှင့်စက်ပစ္စည်းကိရိယာ၊ (၁၁) သယ်ယူပို့ဆောင်ရေး (၁၂) လျှပ်စစ်ပစ္စည်း၊ (၁၃) အထွေထွေစက်မှုလက်မှုတို့ဖြစ်ကြသည်။

## ၉-၄ (၂) မြန်မာနိုင်ငံ စက်မှုလက်မှုကဏ္ဍ၏ အဓိကထုတ်ကုန်များ

မြန်မာနိုင်ငံစက်မှုလက်မှုကဏ္ဍမှ ထုတ်လုပ်သောအဓိကထုတ်ကုန်များကို (၂၀၀၄-၀၅) ခုနှစ်အတွက် ဇယား (၉. ၂) တွင်ဖော်ပြထားပါသည်။

ဇယား (၉. ၂) အရ မြန်မာနိုင်ငံ စက်မှုလက်မှုကဏ္ဍတွင် အရေးပါဆုံးလုပ်ငန်းမှာ စားသောက်ကုန်လုပ်ငန်း ဖြစ်ကြောင်းတွေ့ရသည်။ စားသောက်ကုန်လုပ်ငန်းများတွင် ဆန်စက်၊ ဆီစက်၊ ဂျုံစက်၊ သကြားစက်၊ နို့ချက်စက်ရုံ၊ စီးကရက်စက်ရုံ စသည်တို့ပါဝင်ကြပြီး ၎င်းတို့၏ ထုတ်ကုန်တန်ဖိုးမှာ ၂၀၀၄-၀၅ ခုနှစ်တွင် စုစုပေါင်း စက်မှုထုတ်ကုန်တန်ဖိုး၏ (၆၀. ၉၀၂) ရာခိုင်နှုန်းထိရှိကြောင်းတွေ့ရသည်။

ဒုတိယအရေးပါဆုံး လုပ်ငန်းမှာနေထိုင်ရေးဆိုင်ရာပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းဖြစ်သည်။ စက်မှုထုတ်ကုန်တန်ဖိုး စုစုပေါင်း၏ (၈. ၁၈) ရာခိုင်နှုန်းရှိကြောင်းတွေ့ရသည်။

ဇယား (၉. ၂) မြန်မာ့စက်မှုလုပ်ငန်းများ၏ ကုန်စည်အုပ်စုအလိုက် ထုတ်လုပ်မှု အခြေအနေ (၂၀၀၄-၂၀၀၅ ခုနှစ်)

| စဉ် | ကုန်စည်အုပ်စုများ | ထုတ်လုပ်မှုတန်ဖိုး (ကျပ်သန်း) | အချိုးအစား (ရာခိုင်နှုန်း) |
|---|---|---|---|
| ၁။ | စားသောက်ရေး | ၂၀၄၄၇၆. ၂၂ | ၆၁. ၉၂ |
| ၂။ | ဝတ်ဆင်ရေး | ၂၇၅၂၆. ၂၃ | ၅. ၂၅ |
| ၃။ | နေထိုင်ရေး | ၃၉၃၁၁. ၇၉ | ၈. ၁၈ |
| ၄။ | လူသုံးကုန်ပစ္စည်း | ၂၃၁၇၆. ၃၆ | ၂. ၄၃ |
| ၅။ | အိမ်သုံးကုန်ပစ္စည်း | ၁၀၅၀၄. ၂၃ | ၀. ၆၁ |
| ၆။ | ပုံနှိပ်နှင့်စာအုပ်ထုတ်ဝေရေး | ၉၁၈၆. ၅၄ | ၀. ၇၆ |
| ၇။ | ကုန်ကြမ်းများ | ၁၀၄၀၁. ၁၃ | ၂. ၇၂ |
| ၈။ | သတ္တုနှင့် ရေနံထွက်ပစ္စည်း | ၄၅၉၆၀. ၄၆ | ၄. ၂၂ |
| ၉။ | စိုက်ပျိုးရေးကိရိယာ | ၁၀၁၀. ၆၀ | ၀. ၁၄ |
| ၁၀။ | စက်နှင့် စက်ပစ္စည်းကိရိယာ | ၂၆၈၄. ၃၀ | ၀. ၇၈ |
| ၁၁။ | သယ်ယူပို့ဆောင်ရေး | ၂၀၂၁. ၃၂ | ၀. ၃၂ |
| ၁၂။ | လျှပ်စစ်ပစ္စည်း | ၁၀၈၉၅. ၇၂ | ၀. ၁၃ |
| ၁၃။ | အထွေထွေစက်မှုလက်မှု | ၂၃၉၅၅. ၈၆ | ၁၂. ၅၀ |
| | စုစုပေါင်း | ၄၁၁၁၁၀. ၈၀ | ၁၀၀. ၀၀ |

ဇာစ်မြစ်။ ။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ရသောဇယား (စက်မှု(၁) ဝန်ကြီးဌာန)

၁၉၈၉-၉၀ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်ပြောင်းလဲ ဆောင်ရွက်လာသည်နှင့်အညီ စက်မှုလက်မှုကဏ္ဍတွင်လည်း သင့်လျော်သော ပြုပြင်ပြောင်းလဲမှုများကို

ဆောင်ရွက်လျက်ရှိသည်။ စက်မှုလုပ်ငန်းများစနစ်တကျ ဖွံ့ဖြိုးရေးကို ကြိုးပမ်းရာတွင် အကြီးစားစက်မှုလုပ်ငန်းများ၊ လယ်ယာထွက်ကုန်ကြမ်းများကို ကုန်ချောအဖြစ်ဆင့်တက်ပြုပြင်သည့်လုပ်ငန်းများ၊ လယ်ယာအထောက်အကူပြုပစ္စည်းများ ထုတ်လုပ်သည့်စက်မှုလုပ်ငန်းများ၊ ပြည်တွင်းကုန်ကြမ်းပေါ် အခြေခံသည့် သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများ၊ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ထုတ်လုပ်သည့်လုပ်ငန်းများ၊ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်မည့် စက်မှုလုပ်ငန်းများ၊ ထပ်ဆင့်တိုးတန်ဖိုးရရှိစေမည့် ကုန်ချောထုတ်လုပ်ငန်းများကို နည်းအမျိုးမျိုးဖြင့် တိုးချဲ့တည်ထောင်နိုင်ရန် အားပေးဆောင်ရွက်လျက်ရှိသည်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ဥပဒေများ၊ အမိန့်ကြော်ငြာစာများကို ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်တို့ကိုတည်ထောင်နိုင်ခဲ့သည်။

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက စက်မှုဇုန်များတည်ထောင် ဆောင်ရွက်လျက်ရှိရာ ၂၀၀၅ ခုနှစ်ကုန်အထိ စက်မှုဇုန် (၁၉) ဇုန်ကို တည်ထောင်ဖွဲ့စည်းခဲ့ပြီးဖြစ်၍ ၎င်းစက်မှုဇုန်များမှ စားသောက်ရေး၊ ဝတ်ဆင်ရေး၊ နေထိုင်ရေးကုန်စည်များအပြင် လယ်ယာသုံးစက်ကိရိယာများနှင့် အခြားစက်မှုထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသည်။ ၎င်းအပြင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီကဦးဆောင်၍ စက်မှုထုတ်ကုန်ပစ္စည်းများ အရည်အသွေးထိန်းသိမ်းရေးနှင့် ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခဲ့ပြီး ပြည်တွင်းပြည်ပစက်မှု လုပ်ငန်းရှင်များ ပါဝင်တက်ရောက် ဆွေးနွေးစေခဲ့သည်။ ထို့ပြင်ပြည်တွင်း စက်မှုလုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်း၍ကုန်စည်ပြပွဲများ၊ သမဝါယမဈေးပွဲတော်များ ကျင်းပပြီးပြည်တွင်းပြည်ပ ဈေးကွက်များရှာဖွေကာ ပြည်ပပို့ကုန်တိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းက ဦးဆောင်၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်းပြည်ပမှ အသိပညာရှင်၊ အတတ်ပညာရှင်များအား ဖိတ်ခေါ်၍ စက်မှုဆိုင်ရာ ခေတ်မီနည်းပညာများ နည်းလမ်းတကျရယူနိုင်ရန် သင်တန်းများ၊ ဟောပြောပွဲများ၊ ဆင့်ပွားသင်တန်းများ ကျင်းပပြုလုပ်ပေးခဲ့သည်။ စက်မှုကုန်စည်များ ပိုမိုတွင်ကျယ်စွာ ထုတ်လုပ်၍ ပြည်ပသို့ တိုးတက်တင်ပို့ရောင်းချရေးကို အလေးပေးဆောင်ရွက်နိုင်ရန် စက်မှုလုပ်ငန်းရှင်များ ကိုယ်စား၊ ပြည်တွင်းပြည်ပလုပ်ငန်းရှင်များကိုယ်စား ပြည်ပအဖွဲ့အစည်း များနှင့်ဆက်သွယ်ပြီး အမြင်ချင်းဖလှယ်ခြင်း၊ လုပ်ငန်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပပြပွဲအမျိုးမျိုး ခင်းကျင်းပြသဆောင်ရွက်ခြင်းများကိုပြုလုပ်ခဲ့သည်။

အရေးကြီးသောစက်မှုထုတ်ကုန်အချို့၏ ၂၀၀၄-၀၅ ခုနှစ်အတွက်ထုတ်လုပ်မှုကို ဇယား (၉. ၃) တွင်ဖော်ပြထားသည်။ ဇယားတွင်အရေးကြီးသော စက်မှုထုတ်ကုန်များအဖြစ် စားသုံးကုန်စည်များနှင့် ကုန်ကြမ်းပစ္စည်းများကို တွေ့မြင်နိုင်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ကုန်ပစ္စည်းအမျိုးအမယ်အသစ်များ ထုတ်လုပ်သောစက်ရုံများ တည်ဆောက်လုပ်ကိုင်လျက်ရှိသည်။ ဘီယာ၊ စီးကရက်၊ အသင့်ချုပ်ပြီး အထည်အမျိုးမျိုး၊ စက်ထိုးထည်အမျိုးမျိုး၊ သစ်သားတံခါးရွက်အမျိုးမျိုး၊ တံခါးဘောင်၊ ကြမ်းခင်းတုံး၊ ပရိဘောဂ၊ သစ်ခွဲသား၊ အထပ်သား၊ သံချောင်းလုံး၊ အလူမီနီယမ်အမိုးပြားများ၊ ဆန်စက်များအတွက်စက်နှင့် စက်အပို

ပစ္စည်းများ ပလတ်စတစ်ရေပိုက်၊ ဘိလပ်မြေ၊ ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယို၊ ကက်ဆက်၊ ရေခဲသေတ္တာနှင့် လက်ဝတ်ရတနာစသည့် ကုန်ပစ္စည်းများကို နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေများအရ ပြည်တွင်းပြည်ပ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ဖက်စပ်ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းပြည်ပသို့ ရောင်းချခဲ့သည်။

ဇယား (၉. ၃) မြန်မာနိုင်ငံအရေးကြီးသော စက်မှုထုတ်ကုန်အချို့၏ထုတ်လုပ်မှု

| စဉ် | ကုန်စည်အမည် | ရေတွက်ပုံ | ၂၀၀၂-၀၃ ခုနှစ် |
|---|---|---|---|
| ၁ | သကြား | မက်ထရစ်တန် ပေါင်း | ၇၄၂၈၂ |
| ၂ | ဆား | မက်ထရစ်တန် ပေါင်း | ၆၀ |
| ၃ | စီးကရက် | လိပ်ရေသန်းပေါင်း | ၂၈၃၅ |
| ၄ | ချုပ်ပြီးထည် | ထည်ရေထောင်ပေါင်း | ၂၁၁၃ |
| ၅ | ဂုန်နီအိတ် | အိတ်ရေထောင်ပေါင်း | ၁၀၁၅၅ |
| ၆ | ဆပ်ပြာ | မက်ထရစ်တန် ပေါင်း | ၅၇၃၄၀ |
| ၇ | စက္ကူ | မက်ထရစ်တန် ပေါင်း | ၂၂၃၆၁ |
| ၈ | ဘိလပ်မြေ | မက်ထရစ်တန် ပေါင်း | ၄၇၀၈၅၈ |
| ၉ | ကျွန်းခွဲသား | ကုဗတန် ပေါင်း | ၂၉၂၀၁ |
| ၁၀ | သစ်မာခွဲသား | ကုဗတန် ပေါင်း | ၂၃၀၄၂၆ |
| ၁၁ | ဓာတ်ဆီ | ဂါလံထောင်ပေါင်း | ၈၄၃၁၆ |
| ၁၂ | ရေနံဆီ | ဂါလံထောင်ပေါင်း | ၃၈၇ |
| ၁၃ | ဒီဇယ်ဆီ | ဂါလံထောင်ပေါင်း | ၁၁၃၉၄၉ |
| ၁၄ | မီးထိုးဆီ | ဂါလံထောင်ပေါင်း | ၂၈၆၆၅ |
| ၁၅ | ဓာတ်မြေသြဇာ | မက်ထရစ်တန် ထောင်ပေါင်း | ၆၁ |
| ၁၆ | လယ်ထွန်စက် | စီးရေ | ၄၃၅ |

ဇာစ်မြစ်။ ။ CSO, Statistical Yearbook , 2004

## ၉-၄ (၃)။ အဓိကသွင်းအားစုများ

စက်မှုလက်မှုကဏ္ဍတွင် အသုံးပြုသော ကုန်ကြမ်းအပါအဝင် သွင်းအားစုများမှာ များပြားလှသောကြောင့် အမျိုးအမယ်တစ်ခုချင်းကို ဖော်ပြရန်မလွယ်ကူပေ။ သို့သော်သွင်းအားစုများကို အုပ်စုကြီးများခွဲ၍ ဖော်ပြနိုင်ပေသည်။ ဆင့်တက်ပြုပြင်သောလုပ်ငန်းများအတွက် ကုန်ကြမ်းများမှာ လယ်ယာ၊

သားငါး၊ သစ်တောနှင့် သတ္တုကဏ္ဍများ၏ ထုတ်ကုန်များဖြစ်ကြသည်။ ကုန်ချောထုတ်လုပ်ငန်းများတွင် အသုံးပြုသောကုန်ကြမ်းတစ်ချို့မှာ ကြိတ်ခွဲရေးလုပ်ငန်းများ၏ ထုတ်ကုန်များဖြစ်ကြပြီး အချို့ကုန်ကြမ်းများမှာ ပြည်ပမှသွင်းကုန်များဖြစ်ကြသည်။ ၂၀၀၂-၀၃ ခုနှစ်တွင် ကုန်ကြမ်းပစ္စည်း ကျပ် (၈၁. ၆၈) သန်းခန့်တင်သွင်းခဲ့ရာ ၎င်းတို့အနက် အများစုကို ကုန်ချောထုတ် စက်မှုလုပ်ငန်းများတွင် အသုံးပြုခဲ့သည်။ စက်မှုလက်မှုကဏ္ဍအတွက် အရေးပါသော သွင်းအားစုတစ်မျိုးမှာ ကိရိယာတန်ဆာပလာနှင့် အရန်ပစ္စည်းများ ဖြစ်ကြပြီး ၂၀၀၂-၀၃ တွင် ကျပ် (၃၅၅၇. ၈၀) သန်းခန့်ပြည်ပမှ တင်သွင်းခဲ့သည်။ ကုန်ကြမ်းနှင့် စက်အရန်ပစ္စည်း တင်သွင်းမှုသည် ၂၀၀၂-၀၃ ခုနှစ်တွင် စုစုပေါင်း ပြည်ပသွင်းကုန်တန်ဖိုး၏ (၀) ရာခိုင်နှုန်းရှိပေသည်။

စက်မှုလက်မှုကဏ္ဍအတွက် အရေးကြီးသော သွင်းအားစုတစ်မျိုးမှာ လျှပ်စစ်ဓာတ်အား ဖြစ်သည်။ ၁၉၉၀-၉၁ ခုနှစ်တွင် စက်မှုလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ (၇၈၇. ၅) သန်းမှ ၂၀၀၂-၀၃ တွင် (၁၄၁၇. ၀၁) သန်းခန့်အထိ တိုးတက်အသုံးပြုခဲ့သည်။ တိုင်းပြည်တစ်ပြည်၏ စက်မှုလုပ်ငန်းတိုးတက်မှုကို ဖော်ပြနိုင်သော ညွှန်ကိန်းတစ်ခုမှာ ထိုနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများတွင် အသုံးပြုသော လျှပ်စစ်ဓာတ်အား ပမာဏတိုးတက်မှုဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၀၂-၀၃ ခုနှစ်၌ စက်ရုံအလုပ်ရုံများအတွက် အသုံးပြုသော လျှပ်စစ်ဓာတ်အားပမာဏမှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စုစုပေါင်း၏ (၄၀. ၆၈) ရာခိုင်နှုန်းရှိပေသည်။

စက်မှုလက်မှုကဏ္ဍတွင် အသုံးပြုသော အရင်းအနှီးလိုအပ်ချက်မှာ လုပ်ငန်းတစ်ခုနှင့် တစ်ခုမတူ ကွဲပြားခြားနားမှုရှိပေသည်။ ဓာတ်မြေဩဇာစက်၊ ဘိလပ်မြေစက်၊ ဂုန်လျှော်စက်၊ မှန်စက်၊ အချို့သော ခေတ်မီဆန်စက်ကြီးများ၊ အထည်အလိပ်စက်၊ ရေနံချက်လုပ်ငန်းများနှင့် ရထားခေါင်းတွဲပြင်စက်ရုံစသည့် စက်မှုလုပ်ငန်းများမှာ အရင်းအနှီး စူးစိုက်သုံးသောလုပ်ငန်းများ ဖြစ်ကြသည်။ သို့ရာတွင် မြန်မာနိုင်ငံရှိ စက်မှုလုပ်ငန်းအများစုမှာ အသေးစားစက်မှုလုပ်ငန်းများဖြစ်ကြ၍ အရင်းအနှီး စက်ကိရိယာများစွာ အသုံးပြုခြင်းမရှိပေ။

စက်မှုလက်မှုကဏ္ဍအတွက် အလွန်အရေးပါသော သွင်းအားစုတစ်မျိုးမှာ လုပ်အားဖြစ်သည်။ ၁၉၉၀ ခုနှစ်တွင် စက်မှုလက်မှုကဏ္ဍ၌လုပ်ကိုင်နေသော လုပ်သားဦးရေမှာ (၁၂၀၂. ၄၀) သန်းခန့်ရှိသည်။ စက်ရုံအလုပ်ရုံများ၏ လုပ်ငန်းခွင်အခြေအနေကို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင် အခြေအနေရှိစေရန် ဖန်တီးပေးရသည်။ မြန်မာနိုင်ငံတွင် စက်ရုံအလုပ်ရုံများ၏ လုပ်ငန်းခွင်အခြေအနေ၊ အလုပ်ချိန်နာရီ၊ အနိမ့်ဆုံးလုပ်ခ၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အကာအကွယ်များ၊ စသည့်အချက်များနှင့် စပ်လျဉ်း၍ စက်ရုံအလုပ်ရုံဥပဒေများကို ပြဋ္ဌာန်းထားသည်။ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများက ထိုဥပဒေပြဋ္ဌာန်းချက်များကို လိုက်နာခြင်းရှိမရှိ ကြီးကြပ်သည့်အနေဖြင့် သက်ဆိုင်ရာ အရာထမ်းအမှုထမ်းများက စက်ရုံအလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးလေ့ရှိသည်။

## ၉-၄(၄)။ အခြားကဏ္ဍများနှင့်ဆက်စပ်မှု

စက်မှုလက်မှုကဏ္ဍ၏ အခြားကဏ္ဍများနှင့် ဆက်စပ်မှုက မြန်မာ့စီးပွားရေး အဆောက်အအုံတွင် စက်မှုလက်မှုကဏ္ဍ၏ အရေးပါမှုကိုဖော်ညွှန်းလျက်ရှိသည်။ ဆင့်တက်ပြုပြင်သော လုပ်ငန်း၏ လုပ်ဆောင်ချက်ဖြစ်သော ဆန်စက်လုပ်ငန်းမှာ ပြည်တွင်း စားသုံးသူများအတွက်ရော၊ ပြည်ပပို့ကုန်လုပ်ငန်းအတွက်ပါ အလွန်အရေးပါသည်။ ဆင့်တက်ပြုပြင်သောလုပ်ငန်း၏ အခြားလုပ်ဆောင်ချက်ဖြစ်သည့် သစ်စက်၊ ဆီစက်၊ ရေနံချက်စက်၊ သတ္တုသန့်စင်စက် စသည့် လုပ်ငန်းများသည်လည်း ပြည်တွင်းအသုံးပြုမှုနှင့် ပြည်ပတင်ပို့မှုအတွက် အလွန်အရေးပါသည်။

ကုန်ချောထုတ်စက်မှုလုပ်ငန်းများမှ ထုတ်လုပ်သော သကြား၊ ဆား၊ စီးကရက်၊ အထည်အလိပ်၊ ဆပ်ပြာ၊ မီးခြစ်၊ ဒန်အိုးဒန်ခွက်၊ ဖယောင်းတိုင် စသည်တို့မှာလည်း အရေးပါသော စားသုံးကုန်များဖြစ်သည်။ အုတ်နှင့်အုတ်ကြွပ်၊ ဘိလပ်မြေ၊ မှန်၊ အိမ်ရိုက်သံ စသည်တို့မှာလည်း ဆောက်လုပ်ရေးကဏ္ဍအတွက် အရေးကြီးသော ကုန်ကြမ်းပစ္စည်းများ ဖြစ်ကြပြီး၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ စက်ဆီစသည်တို့မှာလည်း ပို့ဆောင်ရေးနှင့် အခြားကဏ္ဍများအတွက် အရေးပါသည်။ ဓာတ်မြေဩဇာနှင့် လယ်ယာသုံး စက်ကရိယာများ ထုတ်လုပ်ခြင်းသည်လည်း လယ်ယာကဏ္ဍအတွက် အထူးအရေးပါလှသည်။ ဤကဲ့သို့ ပြည်တွင်းအသုံးပြုရန် ကုန်စည်များနှင့် ကုန်ကြမ်းပစ္စည်းများ ထုတ်လုပ်ပေးသည့်အပြင် မြန်မာနိုင်ငံ၏ ပို့ကုန်လုပ်ငန်းကိုပါ အထောက်အကူပြုသောကြောင့် ဆင့်တက်ပြုပြင်ရေးနှင့် ကုန်ချောထုတ်လုပ်ငန်းများသည် မြန်မာ့စီးပွားရေးတွင်အရေးပါသည်။

စက်မှုလက်မှုကဏ္ဍသည် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တုကဏ္ဍများမှ ကုန်ကြမ်းပစ္စည်းအမြောက်အမြား ဝယ်ယူအသုံးပြုနေရသောကြောင့် ဤကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုက မူလလုပ်ငန်းကဏ္ဍများ၏ ထုတ်ကုန်များအတွက် ဝယ်လိုအားတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ စက်မှုလက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် သိပ္ပံနှင့်နည်းပညာများကို အသုံးချရန်လိုအပ်သည်။ စက်ရုံများတွင် ထုတ်လုပ်မှုစွမ်းဆောင်ရည် တိုးတက်ပြည့်ဝလာစေရေးအတွက် စက်မှုကုန်ထုတ်နည်းလမ်းများ၊ ဖြစ်စဉ်များနှင့် ပက်သက်၍ အမြဲတစေ သုတေသနပြုလုပ်နေရပေမည်။ မြန်မာနိုင်ငံတွင် သိပ္ပံနှင့်နည်းပညာဌာနဟူ၍ သီးခြားရှိပြီး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်းတို့က ဦးဆောင်၍ ပြည်တွင်းပြည်ပမှ အသိပညာရှင် အတတ်ပညာရှင်များအား ဖိတ်ခေါ်ကာ စက်မှုလက်မှုဆိုင်ရာ ခေတ်မီနည်းပညာများ ရယူနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ ဟောပြောပွဲများ၊ ဆင့်ပွားသင်တန်းများ ကျင်းပပြုလုပ်ပေးလျက်ရှိသည်။

## ၉-၅။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားကဏ္ဍ

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်း မြင့်မားမှုတို့ကို တိုင်းတာသည့် ညွှန်ကိန်းများအနက် လူတစ်ဦးကျ လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ခေတ်သစ်နေထိုင်မှုဘဝတွင် လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်အရေးပါသော စားသုံးကုန်စည်

တစ်မျိုးဖြစ်သည်။ နေအိမ်များ လမ်းများတွင် အလင်းရောင်ရရှိရန်အပြင် ခေတ်မီ လျှပ်စစ်ပစ္စည်းများ ဖြစ်သည့် ကွန်ပျူတာ၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်း၊ လေအေးပေးစက်၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် မီးပူစသည်တို့အသုံးပြုနိုင်ရန် လျှပ်စစ်ဓာတ်အား လိုအပ်ပေသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အားကို စက်မှု ကုန်ထုတ်လုပ်ငန်းများတွင် စက်များလည်ပတ်စေရန် မောင်းနှင်အားအဖြစ်လည်းကောင်း၊ အပူပေးစွမ်းအင် လောင်စာအဖြစ်လည်းကောင်း၊ ကုန်ကြမ်းအဖြစ်လည်းကောင်း အများအပြား အသုံးချလျက်ရှိသည်။ ဆက်သွယ်ရေး ကိရိယာများ၊ ဓာတ်မှန်ရိုက်ခြင်း၊ အဏုကြည့်မှန်ပြောင်း အသုံးပြုခြင်း၊ ဓာတ်သတ္တု ရှာဖွေရေးလုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အားသုံး ကိရိယာများဖြင့် မြေအောက်သတ္တုကြောတည်ရှိရာကို တိကျစွာ တိုင်းတာနိုင်ခြင်း၊ ဆေးဝါးကုသရေးလုပ်ငန်းများတွင်၊ လျှပ်စစ်ဓာတ်အားသုံး ကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာနိုင်ခြင်း စသည်တို့သည် လျှပ်စစ်ဓာတ်အား၏ အရေးပါသော အခြေအနေကို ဖော်ပြလျက်ရှိသည်။

မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အားကဏ္ဍ၏ အသားတင်ထုတ်လုပ်မှု တန်ဖိုးမှာ ၂၀၀၂-၀၃ ခုနှစ်တွင် ၂၀၀၀-၀၁ ခုနှစ် ပုံမှန်ဈေးနှုန်းများအရ ကျပ် (၃၈၇၈. ၃) သန်းရှိ၍ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ (၀. ၃၂) ရာခိုင်နှုန်းရှိသည်။ လျှပ်စစ်ဓာတ်အားကဏ္ဍ တွင် ဂလုပ်လုပ်သူဦးရေမှာ ၁၈၉၀၀ ခန့်ရှိ၍ စုစုပေါင်းလုပ်သားအင်အား၏ (၀. ၂) ရာခိုင်နှုန်းသာ ရှိပေ သည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို ၂၀၀၅ ခုနှစ်အထိအဓိက ထုတ်လုပ်ဖြန့်ဖြူးပေးသည်မှာ **မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်း (Myanmar Electric Power Enterprise : MEPE)** ဖြစ်သည်။ ၂၀၀၆ ခုနှစ်မှစ၍ မူလလျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် **အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန** နှင့် ဖြန့်ဖြူးရောင်းချသည့် **အမှတ်(၂) လျှပ်စစ် စွမ်းအားဝန်ကြီးဌာန** ဟူ၍ ဝန်ကြီးဌာနနှစ်ခု ပြုပြင်ပြောင်းလဲခဲ့သည်။

နိုင်ငံတော်ရှိ အခြားအဖွဲ့အစည်းများကလည်း မိမိတို့အစီအစဉ်ဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သုံးစွဲလျက်ရှိသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ၁၉၉၁-၉၂ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ (၂၆၃၃. ၁) သန်းခန့်ထုတ်လုပ်ခဲ့ပြီး ၂၀၀၂-၀၃ တွင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ (၅၀၆၇. ၉၅) သန်းခန့်ထုတ်လုပ်ခဲ့သည်။

## ၉-၅(၁)။ မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု

မြန်မာနိုင်ငံတွင် ၁၉၉၈ခုနှစ်၊ နောက်ပိုင်း ဓာတ်အားပေးစက်ရုံများကို အသစ်တည်ဆောက်ခဲ့ရာ (၅၁၇. ၂၂၇) မဂ္ဂါဝပ်ရှိ ရေအားစက်ရုံ ၃၀၊ (၂၈၀) မဂ္ဂါဝပ်ရှိ ဓာတ်ငွေ့သုံးစက်ရုံလေးရုံ၊ မဂ္ဂါဝပ် (၁၂၀)ရှိ ရေနွေးငွေ့စက်ရုံတစ်ရုံ၊ (၁၅၂. ၉) မဂ္ဂါဝပ်ရှိ စွန့်ပစ် အပူသုံးစက်ရုံ လေးရုံ စုစုပေါင်း (၁၀၇၁. ၁၂၇) မဂ္ဂါ ဝပ်ရှိ စက်ရုံပေါင်း ၃၉ ရုံ တိုးတက်တည်ဆောက်နိုင်ခဲ့သည်။

မဟာဓာတ်အားလိုင်းစနစ်သို့ လက်ရှိလျှပ်စစ်ဓာတ်အားထုတ်ပေးနေသော ဓာတ်အားပေး စက်ရုံ

၁၁ ရုံမှာ ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ကင်းတားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဘီလူးချောင်း(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ ဇော်ဂျီ(၁)နှင့် ဇော်ဂျီ(၂) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဇောင်းတူရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ်ရှိ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၊ မန္တလေးတိုင်းဒေသကြီး ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေး ဓာတ်အားပေးစက်ရုံတို့ဖြစ်သည်။

နိုင်ငံတော်၏ မဟာဓာတ်လိုင်းအတွင်း ထည့်သွင်းထားသည့် ရေအားလျှပ်စစ်စီမံကိန်း အကြီးစား နှင့် အလတ်စားများအပြင် ဒေသတွင်းသုံးစွဲရန်အတွက် အကောင်အထည်ဖော်မည့် လျှပ်စစ်စီမံကိန်း အငယ်စားများကိုလည်း အကောင်အထည်ဖော်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ၁၉၉၈-၉၉ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ယူနစ် ၂၂၆. ၄၅ သန်းမှ ၂၀၀၅-၀၆ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ယူနစ် ၆၀၆၄. ၁၆ သန်းထိတိုးတက်ထုတ်လုပ်ခဲ့သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့်နည်းစနစ်အမျိုးမျိုးရှိသည့်အနက် လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ အောက်ပါစနစ်များဖြင့် ထုတ်လုပ်လျက်ရှိသည်။ ၎င်းတို့မှာ-

(က) ရေအားလျှပ်စစ်

(ခ) ရေနွေးငွေ့အားလျှပ်စစ်

(ဂ) သဘာဝဓာတ်ငွေ့အားလျှပ်စစ်

(ဃ) ဒီဇယ်အားလျှပ်စစ်

(င) ကျောက်မီးသွေးသုံးလျှပ်စစ်

(စ) ဇီဝလောင်စာသုံးလျှပ်စစ်

(ဆ) နေစွမ်းအင်ဖြင့်ထုတ်သောလျှပ်စစ်

(ဇ) လေအားလျှပ်စစ် တို့ဖြစ်သည်။

နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကိုမူ မြန်မာနိုင်ငံ၌ အသုံးပြုနိုင်ခြင်း မရှိသေးပေ။

**(က) ရေအားလျှပ်စစ်ဖြင့် ဓာတ်အားထုတ်လုပ်ခြင်း။** ။ ရေအားဖြင့် လျှပ်စစ်ဓါတ်အား ထုတ်လုပ်ခြင်းသည် ထုတ်လုပ်မှုစရိတ်သက်သာခြင်း၊ ရေအားကို နှစ်စဉ်ပြန်လည် ဖြည့်တင်းနိုင်သော သဘာဝရှိ၍ စွမ်းအင်ကုန်ခမ်းသွားမည်ကို မစိုးရိမ်ရခြင်း စသောအဓိကအားသာချက်နှစ်ရပ်ရှိသည်။ ထို့ပြင်

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌အသုံးပြုပြီးသောရေကို လယ်ယာစိုက်ပျိုးရေးအတွက်သာမက ဒေသတွင်း ရေလွှမ်းမိုးမှုမဖြစ်အောင် ထိန်းချုပ်ပေးနိုင်ခြင်း၊ ရေလမ်းခရီးသစ်များ ဖြစ်ပေါ်စေခြင်း၊ ငါးမွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးစေခြင်းစသော အကျိုးကျေးဇူးများကိုလည်း ရရှိစေသောကြောင့် ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် နိုင်ငံအတွက် အကောင်းဆုံးသော နည်းစနစ်တစ်ရပ်ဖြစ်သည်။

ရေအားလျှပ်စစ်ဖြင့် ဓာတ်အားထုတ်လုပ်သောဒေသများမှာ လောပိတရှိ ဘီလူးချောင်း(၁)၊ ဘီလူးချောင်း(၂)၊ မုံး၊ သဖန်းဆိပ်၊ ကင်းတား၊ ဆည်တော်ကြီး၊ ပေါင်းလောင်း၊ ဇော်ဂျီ(၁)၊ ဇော်ဂျီ(၂) နှင့် ဇောင်းတူရေအားလျှပ်စစ်တို့ဖြစ်သည်။

လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေးအတွက် ရေအားလျှပ်စစ်စီမံကိန်း ၁၆ ခုကိုတည်ဆောက်လျက် ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ကွန်ချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်၌ ဖြူးချောင်း ရေအား လျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်း ဒေသကြီး ကျောက်တံခါးမြို့နယ်၌ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၌ ရွှေလီရေအားလျှပ်စစ် စီမံကိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကရင်ပြည်နယ် သံတောင်မြို့နယ်၌ ပသိရေအားလျှပ်စစ်စီမံကိန်းနှင့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်၌ သူဌေးရေအားလျှပ်စစ် စီမံကိန်းတို့ ဖြစ်သည်။

**(ခ) ရေနွေးငွေ့အားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း။** ။ မီးထိုးဆီကို လောင်စာအဖြစ် အသုံးပြု ပြီး ရရှိလာသော ရေနွေးငွေ့အားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သော စနစ်ဖြစ်သည်။ ရေနွေးငွေ့အား ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ရှိရာ ဒေသများမှာ ရန်ကုန်တိုင်းဒေသကြီးရှိ အလုံနှင့် အင်းစိန်ရွာမ၊ မော်လမြိုင်နှင့် သထုံတို့ ဖြစ်ကြသည်။

**(ဂ) သဘာဝဓာတ်ငွေ့အားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း။** ။ သဘာဝဓာတ်ငွေ့မှရသော အပူစွမ်းအင်ကို အိမ်သုံးအဖြစ်လည်းကောင်း၊ အခြားစက်မှုလုပ်ငန်းကြီးများတွင် လောင်စာအဖြစ်လည်း ကောင်း ကျယ်ပြန့်စွာအသုံးပြုကြသည်။ မြန်မာနိုင်ငံတွင်လည်း သဘာဝဓာတ်ငွေ့သိုက် အများအပြားရှိရာ ၁၉၉၇-၉၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ထုတ်ယူရရှိသော သဘာဝဓာတ်ငွေ့ ပမာဏမှာ ကုဗပေသန်းပေါင်း (၃၁၀၃၂၃) ဖြစ်သည်။ လောင်စာဆီရှားပါးသောနေရာများတွင် သဘာဝဓာတ်ငွေ့အားဖြင့် လျှပ်စစ်ဓာတ် အား ထုတ်လုပ်ခြင်းသည် စီးပွားရေးအရ တွက်ခြေကိုက်သောလုပ်ငန်းဖြစ်သည်။

သဘာဝဓာတ်ငွေ့အားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သော ဒေသများမှာ ရန်ကုန်တိုင်းဒေသ ကြီးရှိ အလုံနှင့် အင်းစိန်ရွာမ၊ သာကေတ၊လှော်ကားနှင့် ကျွန်းချောင်း၊ မန်း၊ ရွှေတောင်၊ မြန်အောင်၊ ကျိုက်လတ်၊ မော်လမြိုင်နှင့် သထုံတို့ ဖြစ်ကြသည်။

**(ဃ) ဒီဇယ်စွမ်းအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း။** ။ မြန်မာနိုင်ငံတွင် ပင်မဓာတ် အားလိုင်း နယ်နိမိတ် တိုးချဲ့လာနိုင်သည်နှင့်အမျှ ဒီဇယ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် စုစုပေါင်း လျှပ်စစ်

ဓာတ်အား ထုတ်လုပ်မှု၏ တစ်ရာခိုင်နှုန်းမျှသာ ရှိတော့သည်။ ရခိုင်၊ တနင်္သာရီနှင့် ရှမ်းပြည်နယ်၏ နယ်စပ်ဒေသအချို့တွင်သာထုတ်လုပ်သည်။

(င)ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း။ ။ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အား စက်ရုံကို ရှမ်းပြည်တောင်ပိုင်း ပင်လောင်းမြို့နယ် တီကျစ်ကျေးရွာတွင် ၂၀၀၅ ခုနှစ် တွင်တည်ဆောက်ခဲ့သည်။ ပင်လောင်း ဒေသထွက်ကျောက်မီးသွေးကုန်ကြမ်းကို အခြေခံထုတ်လုပ်သည်။

(စ) ဇီဝလောင်စာသုံးလျှပ်စစ်

(ဆ) နေစွမ်းအင်ဖြင့်ထုတ်သောလျှပ်စစ်

(ဇ) လေအားလျှပ်စစ်တို့ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတို့မှာ ပုဂ္ဂလိက အိမ်တွင်း စက်မှုလုပ်ငန်း (Cottage Industry) အဆင့်မျှသာရှိပြီး စီးပွားဖြစ်အမြောက်အမြား ထုတ်လုပ်နိုင်ခြင်း မရှိသေးပါ။

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (MEPE) မှ နည်းစနစ်အမျိုးမျိုးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏနှင့် အချိုးအစားများကို ဇယား (၉. ၄)တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် စီးပွားရေး၊ လူမှုရေး ပြောင်းလဲမှုများနှင့်အညီ လျှပ်စစ်ဓာတ်အားသုံးစွဲမှု တိုးတက်လာသည့်အလျောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် လျှပ်စစ်ဓာတ်အားကိုတိုး၍ ထုတ်လုပ်ခဲ့ရာ ၁၉၉၁-၉၂ ခုနှစ်မှ ၂၀၀၁-၀၂ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု (၂)ဆနီးပါး တိုးတက် လာခဲ့သည်။

ဇယား(၉. ၄)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု

(ကီလိုဝပ် နာရီသန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၁၉၉၀-၉၁ | | ၂၀၀၂-၀၃ | |
|---|---|---|---|---|---|
| | | အရေအတွက် | ရာခိုင်နှုန်း | အရေအတွက် | ရာခိုင်နှုန်း |
| ၁ | ရေအားလျှပ်စစ် | ၁၂၄၈. ၅ | ၃၅. ၉၈ | ၂၁၁၁. ၀၂ | ၄၁. ၆၅ |
| ၂ | ရေနွေးငွေ့အားလျှပ်စစ် | ၂၈. ၁၁ | ၁. ၇၂ | ၆၄၁. ၄၈ | ၁၂. ၆၆ |
| ၃ | သဘာဝဓာတ်ငွေ့အားလျှပ်စစ် | ၁၂၉၂. ၆၀ | ၁၇. ၈၀ | ၂၂၈၆. ၉၅ | ၄၅. ၁၃ |
| ၄ | ဒီဇယ်အားလျှပ်စစ် | ၇၃. ၈၉ | ၄. ၅၀ | ၂၈. ၅၀ | ၀. ၅၆ |
| | စုစုပေါင်း | ၂၆၄၃. ၁ | ၁၀၀ | ၅၀၆၇. ၉၅ | ၁၀၀ |

ရင်းမြစ်။ ။ CSO, Statistical Yearbook, 2004

## ၉-၅ (၂)။ မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အားကဏ္ဍ၏သွင်းအားစုများ

လျှပ်စစ်ဓာတ်အားကဏ္ဍသည် အရင်းအနှီးကို အထူးပြုသုံးစွဲသောကဏ္ဍဖြစ်သည်။ အထူးသဖြင့် ရေအားလျှပ်စစ် ထုတ်လုပ်မှုသည် အခြားနည်းလမ်းများနှင့် နှိုင်းယှဉ်လျှင် အရင်းအနှီးကို ပို၍သုံးစွဲရသော လုပ်ငန်းဖြစ်သည်။ ရေအားလျှပ်စစ် ထုတ်လုပ်ရန်အတွက် ဆည်ကြီးများနှင့် ရေကာတာကြီးများကို တည်ဆောက်ရသည့်အပြင် ကြီးမားသော တာဘိုင်စက်ကြီးများကိုလည်း တပ်ဆင်ရန်လိုသည်။ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းရန်အတွက်လည်း စရိတ်စကကုန်ကျသည်။ သို့ရာတွင် ရေအားလျှပ်စစ်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းမလိုအပ်သောကြောင့် စက်လည်ပတ်မှုစရိတ်မှာနည်းပါးသည်။ ရေနွေးငွေ့၊ သဘာဝဓာတ်ငွေ့နှင့် ဒီဇယ်အားတို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်လျှင် စက်လည်ပတ် စရိတ်မှာ များစွာကြီးမားသည်။ သို့ဖြစ်၍ ၁၉၇၃-၇၄ ခုနှစ် အထိ သဘာဝဓာတ်ငွေ့အားဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းမရှိသေးဘဲ ရေအားလျှပ်စစ်ထုတ်လုပ်မှုသည် စုစုပေါင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၏ တစ်ဝက်နီးပါးရှိသည်အထိ အရေးပါခဲ့သည်။ သို့ရာတွင် သဘာဝဓာတ်ငွေ့အားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခဲ့ရာမှ ရေအားလျှပ်စစ်ထုတ်လုပ်မှု၏ အချိုးအစားလျော့နည်း ကျဆင်းသွားပြီး ၂၀၀၂-၀၃ ခုနှစ်တွင် သဘာဝဓာတ်ငွေ့အားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် စုစုပေါင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် ပါဝင်မှုရာနှုန်းအများဆုံး ဖြစ်လာခဲ့သည်။

## ၉-၅ (၃)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု

လျှပ်စစ်ဓာတ်အားသည် အရေးကြီးသော စားသုံးကုန်စည်ဖြစ်သကဲ့သို့ ကုန်ထုတ်လုပ်ရာတွင်လည်း မရှိမဖြစ် ထုတ်လုပ်သူသုံးကုန်စည်ဖြစ်သောကြောင့် များစွာအရေးပါသော ကုန်ပစ္စည်းဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံများ၊ အိမ်ထောင်စုများ၊ ဆေးရုံ၊ ကျောင်း၊ ရုံး စသည့်တို့တွင် အသုံးပြုရသောကြောင့် များစွာအရေးပါသည်။ အိမ်ထောင်စုများတွင် အသုံးပြုသော လျှပ်စစ်ဓာတ်အားမှာ လျင်မြန်စွာ တိုးတက်လျက်ရှိသည်။ ၂၀၀၄-၀၅ ခုနှစ်တွင် မြို့ပေါင်း (၄၂၇) မြို့၊ ကျေးရွာပေါင်း (၁၀၄၅) ရွာသို့ တိုးတက်သုံးစွဲလျက် ရှိပါသည်။

## ၉-၅(၄)။ မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အား အသုံးပြုမှု

မြန်မာနိုင်ငံတွင် အဓိကအားဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ထုတ်လုပ်ဖြန့်ဖြူးပေးသော လျှပ်စစ်ဓာတ်အားကိုသာ သုံးစွဲလျက်ရှိပါသည်။ မြန်မာ့လျှပ်စစ်ဓာတ်အားသုံးစွဲမှု အခြေအနေကို သုံးစွဲပုံအလိုက် အုပ်စု (၄) ခုခွဲ၍လေ့လာနိုင်ပါသည်။ ၎င်းတို့မှာ-

(၁) စက်ရုံသုံး

(၂) အိမ်သုံး

(၃) ဆေးရုံ၊ ရုံး၊ ကျောင်း စသည့်အသုံး

(၄) အထွေထွေသုံးတို့ ဖြစ်သည်။

အိမ်သုံးတွင် လူနေအိမ်များ လျှပ်စစ်မီးသုံးစွဲမှုများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း အသေးစား များ၏ သုံးစွဲမှုတို့ပါဝင်သည်။ စက်ရုံးသုံးဆိုသည်မှာ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းများနှင့် အစိုးရစက်ရုံ အလုပ်ရုံများတွင် သုံးစွဲမှုများဖြစ်သည်။ အစိုးရရုံးများ၊ ဆေးရုံများ၊ ကျောင်းများတွင် သုံးစွဲမှုမှာ အလုံး အရင်းအလိုက် သုံးစွဲမှုများဖြစ်သည်။ အထွေထွေသုံးတွင် ယာယီသုံးစွဲမှုများလည်း ပါဝင်သည်။ လျှပ်စစ် ဓာတ်အားသုံးစွဲမှု ဧရိယာကို အောက်ပါအတိုင်း နှစ်ပိုင်းခွဲခြားထားသည်။

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သည် ပင်မဓာတ်အားလိုင်း ဖြန့် ဖြူးရေးစနစ် (Grid system) မှသုံးစွဲကြသည်။

(၂) ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယား ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့သည် သီးခြားဓာတ်အားဖြန့်ဖြူးရေးစနစ် (Isolated system) မှ သုံးစွဲကြရသည်။ ဇယား (၉.၅)တွင်မြန်မာနိုင်ငံ၏ ဓာတ်အားသုံးစွဲသူအုပ်စုအလိုက် လျှပ်စစ်ဓာတ်အား သုံးစွဲမှုကိုဖော်ပြထားသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် ၁၉၉၁-၉၂ ခုနှစ်အထိ စက်ရုံသုံး အချိုးအစား က အများဆုံးရှိနေခဲ့သော်လည်း နောက်ပိုင်း အိမ်သုံးလျှပ်စစ်ဓာတ်အား အချိုးအစား တိုးပွားလာခဲ့ပြီး ၂၀၀၁-၀၂ ခုနှစ်တွင် စက်ရုံသုံးအချိုးအစားထက်ကျော်လွန် ပြီး (၄၀.၉၄) ရာခိုင်နှုန်းထိရှိခဲ့သည်။ ဤ အချက်က လူနေမှုဘဝတွင် ခေတ်မီလာခြင်း၏ ပြယုဂ်ဖြစ်သည်ဟုဆိုရပေမည်။ လျှပ်စစ်ဓာတ်အား ထုတ်လုပ်သော လုပ်ငန်းများသည် ပြည်သူသုံးလုပ်ငန်း အမျိုးအစားဖြစ်ပြီး၊ စီးပွားရေး၊ လူမှုရေး ရည်မှန်း ချက်များကို ပြီးမြောက်အောင်မြင်စေနိုင်သည့် အပြင်လူတို့၏ လူနေမှုဘဝမြင့်မားလာရေးအတွက် မရှိ မဖြစ်သော ကုန်စည်တစ်မျိုး ဖြစ်ပေသည်။

**ဇယား (၉.၅) မြန်မာနိုင်ငံလျှပ်စစ်ဓာတ်အား သုံးစွဲမှု**

| စဉ် | အကြောင်းအရာ | ၁၉၉၁-၉၂ | | ၂၀၀၁-၀၂ | |
|---|---|---|---|---|---|
| | | ကီလိုဝပ်နာရီ (သန်းပေါင်း) | ရာခိုင်နှုန်း | ကီလိုဝပ်နာရီ (သန်းပေါင်း) | ရာခိုင်နှုန်း |
| ၁ | စက်ရုံသုံး | ၇၂၇ | ၄၃.၃၅ | ၁၁၄၈ | ၃၇.၇ |
| ၂ | အိမ်သုံး | ၆၇၂ | ၄၀.၀၇ | ၁၂၄၅ | ၄၀.၉၄ |
| ၃ | ဆေးရုံ၊ ရုံး၊ ကျောင်း စသည့် အသုံး | ၂၂၉ | ၁၃.၆၆ | ၅၆၃ | ၁၈.၅ |
| ၄ | အထွေထွေသုံး | ၄၉ | ၂.၉၂ | ၈၅ | ၂.၈ |
| | စုစုပေါင်း | ၁၆၇၇ | ၁၀၀.၀ | ၃၀၄၁ | ၁၀၀.၀ |

ရင်းမြစ်။ ။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

## ၉-၆။ ဆောက်လုပ်ရေးကဏ္ဍ

ဆောက်လုပ်ရေးကဏ္ဍသည် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် အရေးပါသော ကဏ္ဍတစ်ခု ဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမောရေးအတွက် လည်းကောင်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက်လည်းကောင်း၊ လမ်းတံတားနှင့် ဆည်မြောင်း တာတမံ ဆောက်လုပ်ခြင်းအတွက်လည်းကောင်း၊ ဟိုတယ်၊ တည်းခိုရိပ်သာများ ဆောက်လုပ်ခြင်းအတွက် လည်းကောင်း၊ မြို့ပြစည်ပင်ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် မြို့သစ်များ ဖော်ထုတ်ရာတွင်လည်းကောင်း၊ ဆောက်လုပ်ရေးကဏ္ဍမှ ဆောင်ရွက်ပေးလျက်ရှိသည်။ ဆောက်လုပ်ရေးကဏ္ဍသည် နိုင်ငံတော်၏လိုအပ်ချက်များ ကိုဖြည့်ဆည်းလျက်ရှိရာ ၂၀၀၀-၀၁ ခုနှစ် ပုံမှန်ဈေးနှုန်းများအရ ၂၀၀၁-၀၂ ခုနှစ်တွင် ယင်းကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ကျပ်သန်းပေါင်း (၅၉၆၀၂.၈) တန်ဖိုးရှိခဲ့ပြီး ၂၀၀၂-၀၃ ခုနှစ်တွင် အသားတင်ထုတ်လုပ်မှုတန်ဖိုး ကျပ်သန်းပေါင်း (၉၅၆၄၁.၃) ရှိသောကြောင့် ဆောက်လုပ်မှုတန်ဖိုးမှာ နှစ်ဆနီးပါးတိုးတက်လာသည်။ ၂၀၀၂-၀၃ ခုနှစ်တွင် ဆောက်လုပ်ရေးကဏ္ဍ၏ ဆောက်လုပ်မှုတန်ဖိုးမှာ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး၏ (၃) ရာခိုင်နှုန်းရှိသည်။ လုပ်သားဦးရေမှာ (၃)သိန်းခန့်ရှိပြီး မြန်မာနိုင်ငံရှိ စုစုပေါင်းအလုပ်လုပ်သူဦးရေ၏ (၂.၆၄) ရာခိုင်နှုန်းခန့် ရှိသည်။

## ၉-၆(၁)။ ဆောက်လုပ်ရေးကဏ္ဍ၏ တည်ဆောက်ရေးလုပ်ငန်းများ

ဆောက်လုပ်ရေးကဏ္ဍကို နိုင်ငံပိုင် အခန်းမှ ဆောက်လုပ်မှု၊ သမဝါယမပိုင်အခန်းမှ ဆောက်လုပ်မှုနှင့် ပုဂ္ဂလိကပိုင်းအခန်းမှ ဆောက်လုပ်မှုဟူ၍ သုံးမျိုးခွဲခြားလေ့လာနိုင်သည်။

နိုင်ငံပိုင်အခန်းမှ ဆောက်လုပ်မှုတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် မွမ်းမံပြင်ဆင်မှု လုပ်ငန်းများ ပါဝင်သည်။ တည်ဆောက်ရေးလုပ်ငန်းများတွင် -

(၁) လမ်းနှင့်တံတား တည်ဆောက်ခြင်း

(၂) စက်ရုံ၊ အလုပ်ရုံ၊ ကျောင်း၊ ဆေးရုံ၊ ရုံး၊ လူနေအိမ် စသောအဆောက်အအုံများ တည်ဆောက်ခြင်း

(၃) ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း

(၄) လျှပ်စစ်ဓာတ်အား ပေးရေးနှင့် ဓာတ်အားပေးလိုင်းများ တည်ဆောက်ခြင်း

(၅) ရထားလမ်း၊ လေယာဉ်ပြေးလမ်း၊ ဆိပ်ကမ်း စသည်များ တည်ဆောက်ခြင်း

(၆) သတ္တုတွင်းဆိုင်ရာ လုပ်ငန်းများ တည်ဆောက်ခြင်းနှင့်

(၇) အခြားတည်ဆောက်ခြင်းတို့ ပါဝင်သည်။

မွမ်းမံပြင်ဆင်မှု လုပ်ငန်းများတွင်-

(၁) လမ်းနှင့် တံတားမွမ်းမံပြင်ဆင်ခြင်း

(၂) အဆောက်အအုံနှင့် အခြား ပြင်ဆင်ခြင်းတို့ ပါဝင်သည်။

နိုင်ငံတော်အပိုင်းမှ လမ်းတံတားများ၊ ဆည်မြောင်းတာတမံများ တိုးချဲ့တည်ဆောက်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက်ရှိသည့်နည်းတူ ပုဂ္ဂလိကပိုင်အခန်းမှလည်း အဆောက်အအုံများကို တိုးချဲ့တည်ဆောက်ခဲ့ရာ အထူးသဖြင့် ၁၉၉၆ ခုနှစ် မြန်မာ့ခရီးသွားနှစ်ကို ဦးတည်၍ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီးများ တည်ဆောက်ခြင်း၊ ယခင်ဟိုတယ်ကြီးများကို အဆင့်မြင့်ပြုပြင်မွမ်းမံခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဆောက်လုပ်ရေးလုပ်ငန်းများကို ပိုမိုသွက်လက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဌာနဆိုင်ရာနှင့် အခြားအဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ ဖက်စပ်လုပ်ငန်းများ၊ မှတ်ပုံတင်ပုဂ္ဂလိကကန်ထရိုက်တာများပါ ကျယ်ပြန့်စွာပါဝင်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများအနေဖြင့် အပ်နှံသောလုပ်ငန်းများကို အပ်နှံသောအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ တာဝန်ယူဆောင်ရွက်လျက်ရှိသည့်အပြင် လုပ်ငန်းစာချုပ်ချုပ်ဆို၍လည်း ဆောင်ရွက်လျက်ရှိသည်။

## ၉-၆ (၂)။ ဆောက်လုပ်ရေးကဏ္ဍ၏ အဓိက သွင်းအားစုများ

ဆောက်လုပ်ရေးကဏ္ဍ၏ အဓိက သွင်းအားစုများမှာ သစ်၊ ဝါး၊ အုတ်၊ ဘိလပ်မြေ၊ သဲ၊ ကျောက်၊ ထုံး၊ သံ၊ သံမဏိနှင့် စက်ပစ္စည်းများဖြစ်သော ဘူဒိုဇာ၊ ကရိန်း၊ ထရပ်ကားများဖြစ်သည်။ ဆောက်လုပ်သော လုပ်ငန်းအရွယ်အစားပမာဏပေါ် မူတည်၍ အသုံးပြုသော သွင်းအားစုများနှင့် အရင်းအနှီးပမာဏမှာ ကွာခြားပါသည်။ ထို့ပြင် ကျွမ်းကျင်သော ဆောက်လုပ်ရေး ပညာရှင်များ၊ အင်ဂျင်နီယာပညာရှင်များ စသည်တို့အပြင် လုပ်ငန်းအသီးသီး၌ ကျွမ်းကျင်လုပ်သားအမျိုးမျိုး လိုအပ်သည်။ လက်သမား၊ ဆေးသုတ်သမား၊ ရေပိုက်တပ်ဆင်သူများ၊ စက်ပစ္စည်းတပ်ဆင်သူများ စသည်တို့သည် လုပ်အားသွင်းအားစုများဖြစ်ကြသည်။

## ၉-၆ (၃)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု

နိုင်ငံတော်ဘက်စုံ ခေတ်မီဖွံ့ဖြိုးရေး၊ စည်းလုံးညီညွတ်ရေးနှင့် လုံခြုံရေးတို့အတွက် လည်းကောင်း၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ လမ်းများ၊ တံတားများ၊ အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊ ဆည်မြောင်းတာတမံများ တိုးချဲ့တည်ဆောက်ခြင်း၊ လူနေအိမ်၊ ရုံး၊ သိုလှောင်ရုံ၊ စက်ရုံ၊ အလုပ်ရုံ၊ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း စသည်တို့ကို ဆောက်လုပ်ပေးသည်။

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်အဖြစ် နေပြည်တော်မြို့တော်ကိုလည်း တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီး မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်လည်း မြို့ပြစည်ပင်

ဖွံ့ဖြိုးရေးအတွက် မြို့သစ်များ၊ ကျေးရွာများ ထူထောင်ပေးသည်။ ဥပမာ- ရန်ကုန် တိုင်းဒေသကြီး အတွင်း၌ ဒဂုံမြို့သစ်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ ရွှေပေါက်ကံ၊ ဒလ၊ ဒေါပုံ၊ ဝေဘာဂီ၊ သုနန္ဒာ၊ မင်္ဂလာဒုံ၊ သုဝဏ္ဏ၊ သာကေတ၊ အင်းစိန် စသည့်မြို့နယ်များတွင် အိမ်ယာမြေကွက်များ ဖော်ထုတ်ပေးခြင်းဖြင့် အိမ်ယာလိုအပ်မှုများကို ဖြည့်ဆည်းပေးနိုင်သည်။ အိမ်ယာမြေကွက်များအပြင် စက်မှုမြေကွက်များကို လည်း ဖော်ထုတ်ပေးသည့်အတွက် စက်မှုကဏ္ဍတိုးတက်မှုကို အထောက်အကူပြုသည်။

ဆောက်လုပ်ရေးလုပ်ငန်းများကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေး သမဝါယမ အသင်းများနှင့် မှတ်ပုံတင်ပုဂ္ဂလိကကန်ထရိုက်တာများလည်း ပါဝင် ဆောင်ရွက်လျက် ရှိသည်။

## ၉-၇။ နိဂုံး

ဤအခန်းတွင် မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းကဏ္ဍ၌ ပါဝင်သော စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့၏ အရေးပါပုံများကို ဖော်ပြခဲ့သည်။ စက်မှုလုပ်ငန်း တည်ထောင်ရာတွင် အရေးကြီးသည့် စက်မှုလုပ်ငန်းတည်နေရာ ရွေးချယ်ပုံ၊ စက်မှုလုပ်ငန်းအမျိုးအစားခွဲခြားပုံ၊ အဆိုပါစက်မှုကဏ္ဍများ၏ အဓိကထုတ်ကုန်နှင့် သွင်းအားစုများ၊ စက်မှုကဏ္ဍတစ်ခုနှင့် အခြားကဏ္ဍများ ဆက်စပ်မှုစသည့်တို့ကို ရှင်းပြထားသည်။ နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုလုပ်ငန်းများသည် မည်မျှအရေးပါကြောင်းကို ရှင်းလင်းဖော်ပြထားသည်။

---

## အနှစ်ချုပ်

(၁) စက်မှုလက်မှုကဏ္ဍများတွင် စက်မှုလက်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် ဆောက်လုပ်ရေး ကဏ္ဍများ ပါဝင်ပါသည်။
(၂) ယင်းစက်မှုလက်မှုကဏ္ဍများသည် ဒုတိယအဆင့်လုပ်ငန်းကဏ္ဍ (Secondary Sector) တွင်ပါ ဝင်ပါသည်။
(၃) နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုထူထောင်ရန် အလွန်အရေးပါပါသည်။
(၄) မြန်မာနိုင်ငံ၏ စက်မှုလုပ်ငန်းကဏ္ဍများ၏ ထုတ်လုပ်မှုသည် GDP တွင် ပါဝင်မှုနည်းနေခြင်း၊ စုစုပေါင်းလုပ်သားအင်အားတွင် ယင်းကဏ္ဍများ၏ လုပ်သားအင်အားနည်းနေခြင်းမှတဆင့် မြန်မာနိုင်ငံသည် စက်မှုနိုင်ငံအဆင့်သို့ မရောက်သေးသော်လည်း စက်မှုထူထောင်ရေးအတွက် အားပေး လျက်ရှိပါသည်။
(၅) စီးပွားရေးအဆောက်အအုံသည် မူလထုတ်ကုန်စည်ပေါ်တွင် မှီခိုနေခြင်းဖြင့် နိုင်ငံတကာ စီးပွားရေး အပြောင်းအလဲများ၏ ဂယက်ရိုက်ခတ်မှုဒဏ်ကို ပိုမိုခံစားရလေ့ရှိသဖြင့် ဟန်ချက်ညီစီးပွားရေး အဆောက်အအုံရရှိရန် စက်မှုကုန်ထုတ်လုပ်နိုင်ရေး အထူးလိုအပ်ပါသည်။

(၆) စက်မှုလုပ်ငန်းတည်နေရာရွေးချယ်ရာတွင် အဓိကထားရမည့်အခြေခံမူမှာ စားသုံးသူအတွက် စရိတ်အနည်းဆုံးဖြစ်ရေးပင်ဖြစ်သည်။ ထို့ပြင် တည်နေရာရွေးချယ်ရာတွင် ရေရှည်အကျိုးသက်ရောက်မှု (ကောင်းကျိုး - ဆိုးကျိုး) များကိုလည်း ထည့်သွင်းရပေသည်။

(၇) စက်မှုထူထောင်ရာတွင် သွင်းအားစုရရှိနိုင်မှု၊ ဈေးကွက်ရရှိမှု၊ သယ်ယူပို့ဆောင်စရိတ်နှင့် ဒေသဟန်ချက်ညီရေးတို့မှာ အရေးကြီးသော အချက်များဖြစ်သည်။

(၈) စက်မှုလုပ်ငန်းများကို ဆင့်တက်ပြုပြင်သောလုပ်ငန်းများနှင့် ကုန်ချောထုတ်လုပ်ငန်းဟူ၍ ခွဲခြားနိုင်ပါသည်။

(၉) နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအဆင့်နှင့် လူနေမှုအဆင့်အတန်းတို့ကို တိုင်းတာသည့် ညွှန်းကိန်းများအနက် လူတစ်ဦးကျ လျှပ်စစ်ဓာတ်အား သုံးစွဲမှုသည်လည်း အပါအဝင်ဖြစ်သောကြောင့် လျှပ်စစ်ဓာတ်အား ဖြည့်တင်းပေးရာ လျှပ်စစ်ဓာတ်အားကဏ္ဍသည်လည်း အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။

(၁၀) မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားကို ဒါများအားဖြင့် ရေအား၊ ရေနွေးငွေ့အား၊ သဘာဝဓာတ်ငွေ့အားနှင့် ဒီဇယ်အားတို့မှ ထုတ်လုပ်ပါသည်။

(၁၁) လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေး၊ နယ်စပ်ဖွံ့ဖြိုးရေး၊ မြို့ပြ စည်ပင်ဝပြောရေး၊ လမ်း၊ တံတားနှင့် ဆည်းမြောင်းတာတမံ တည်ဆောက်ရေး၊ အိမ်ရာနှင့် အခြားအဆောက်အအုံ တည်ဆောက်ရေးတို့ကို ဆောက်လုပ်ရေးကဏ္ဍမှ တည်ဆောက်ပေးလျက်ရှိသောကြောင့် ဆောက်လုပ်ရေးကဏ္ဍသည်လည်း အရေးပါသောကဏ္ဍတစ်ခုဖြစ်ပါသည်။

---

<u>ဝေါဟာရများ</u>

- လုပ်အား၏ထုတ်လုပ်မှုစွမ်းအား
- ဆင့်တက်ပြုပြင်သော လုပ်ငန်း
- ကုန်ချောထုတ်လုပ်မှုလုပ်ငန်း
- အိမ်တွင်းစက်မှုလုပ်ငန်း
- အသေးစားစက်မှုလုပ်ငန်း
- အကြီးစားစက်မှုလုပ်ငန်း
- အပေါ့စားစက်မှုလုပ်ငန်း
- အလေးစားစက်မှုလုပ်ငန်း
- သွင်းကုန်အစားထိုးလုပ်ငန်း

---

**လေ့ကျင့်ခန်းများ**

**(က) မှား/မှန် မေးခွန်းများ**

၁။ မြန်မာနိုင်ငံတွင် စက်မှုထူထောင်လျှင် လုပ်အား၏ထုတ်လုပ်မှု စွမ်းအားတိုးတက်လာမည်။

၂။ မြန်မာနိုင်ငံ၏ စီးပွားအဆောက်အအုံ ပုံသဏ္ဍာန်သည် တစ်ဖက်စောင်းနင်းဖြစ်နေသည်။

၃။ စက်မှုလုပ်ငန်းထုတ်လုပ်မှု၏ သဘာဝသည် နည်းပညာဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေသည်။

၄။ စက်မှုထူထောင်ရေး ရလဒ်အားလုံးမှာ ကောင်းသောရလဒ်များဖြစ်သည်။

၅။ မူလထုတ်ကုန်လုပ်ငန်းများကို သဘာဝသယံဇာတပစ္စည်းများ ရရှိနိုင်မည့် ဒေသများတွင် ထူထောင်ရမည်။

**(ခ) ကွက်လပ်ဖြည့်မေးခွန်းများ**

၁။ မြန်မာနိုင်ငံ၏စက်မှုလုပ်ငန်းကဏ္ဍများတွင် စက်မှုလက်မှုကဏ္ဍ လျှပ်စစ်ဓါတ်အားနှင့် ------------ တို့ပါဝင်သည်။

၂။ ထုတ်လုပ်မှုနည်းပညာအခြေအနေအရ လုပ်အား၏ ထုတ်လုပ်မှုစွမ်းအားသည် မူလလုပ်ငန်းကဏ္ဍများထက် ------------------ တွင် ပိုမိုသည်။

၃။ မူလထုတ်ကုန်တစ်မျိုး၊ နှစ်မျိုးပေါ်သာ အဓိက အားထားမှီခိုနေရသော ------------ သည် နိုင်ငံတကာ စီးပွားရေးအပြောင်းအလဲများ၏ ဂယက်ရိုက်မှုဒဏ်ကို ခံနိုင်စွမ်းမရှိပေ။

၄။ စက်ရုံများနှင့် လုပ်ငန်းခွင်များတွင် လုပ်သားများ တစ်စုတစ်ပေါင်းတည်း လုပ်ကိုင်စေခြင်းကြောင့် နည်းလမ်းများနှင့် ---------------- ကောင်းစွာဖြစ်ပေါ်စေနိုင်သည်။

၅။ စက်ရုံမှ --------------- များကြောင့် လေထု၊ ရေထုညစ်ညမ်းမှုများပေါ်လာပြီး ပတ်ဝန်းကျင်ကို ပျက်စီးစေနိုင်သည်။

**(ဂ) ရွေးချယ်မှုမေးခွန်းများ**

၁။ လုပ်သားများ၏ အိမ်တွင်လုပ်ကိုင်နိုင်သော စက်မှုလက်မှုလုပ်ငန်းမှာ (က) အိမ်တွင်းစက်မှုလုပ်ငန်း (ခ) အသေးစားစက်မှုလုပ်ငန်း (ဂ) အသေးစားလက်မှုလုပ်ငန်း ဖြစ်သည်။

၂။ မြန်မာ့စက်မှုထုတ်ကုန်များတွင် အရေးကြီးသောထုတ်ကုန်များမှာ (က) စားသုံးကုန်စည်များနှင့် ကုန်ကြမ်းများ (ခ) ကုန်ကြမ်းများနှင့် လူသုံးကုန်စည်များ (ဂ) လူသုံးကုန်စည်များနှင့် ဆောက်လုပ်ရေးကုန်စည်များဖြစ်သည်။

၃။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုအဆင့်အတန်းမြင့်မားမှုတို့ကို တိုင်းတာသည့် ညွှန်ကိန်းတွင် (က) လျှပ်စစ်ဓာတ်အားသုံးစွဲမှု (ခ) သွားလာရေးလွယ်ကူမှု (ဂ) နေထိုင်မှုအဆင်ပြေမှုပါဝင်သည်။

၄။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် ထုတ်လုပ်မှုစရိတ်အသက်သာဆုံးမှာ (က) ရေအားလျှပ်စစ် (ခ) သဘာဝဓာတ်ငွေ့အားသုံးလျှပ်စစ် (ဂ) ကျောက်မီးသွေးသုံးလျှပ်စစ် ဖြစ်သည်။

၅။ မြန်မာ့ဆောက်လုပ်ရေးကဏ္ဍတွင် လမ်း တံတားတည်ဆောက်ရေးလုပ်ငန်းကို (က) နိုင်ငံပိုင် (ခ) သမဝါယမပိုင် (ဂ) ပုဂ္ဂလိကပိုင် အခန်းမှ အများဆုံးဆောင်ရွက်သည်။

**(ဃ) မေးခွန်းများ**

၁။ မြန်မာနိုင်ငံတွင် စက်မှုထူထောင်ရန်လိုအပ်ရသည့် အကြောင်းရင်းများကို ဆွေးနွေးတင်ပြပါ။

၂။ စက်မှုလုပ်ငန်းများ တည်နေရာရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကိုရှင်းပြပါ။

၃။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ စက်မှုလုပ်ငန်းများကို မည်သို့အမျိုးအစား ခွဲခြားနိုင်သနည်း။ ရှင်းပြပါ။

၄။ မြန်မာနိုင်ငံ စက်မှုလက်မှုကဏ္ဍတွင်အသုံးပြုသည့်အဓိကသွင်းအားစုများအကြောင်း ရှင်းပြပါ။

၅။ မြန်မာနိုင်ငံ၌ အသုံးပြုသည့် လျှပ်စစ်ဓါတ်အားစနစ်များကိုဖော်ပြ၍၊ လျှပ်စစ်ဓါတ်အားထုတ်လုပ်မှု အကြောင်းကို ဆွေးနွေးပါ။

၆။ မြန်မာနိုင်ငံ စက်မှုလက်မှုကဏ္ဍ၏ အဓိကထုတ်ကုန်များကို ဖော်ပြပါ။

၇။ လျှပ်စစ်ဓာတ်အားကို မြန်မာနိုင်ငံတွင် မည်သို့သုံးစွဲနေသနည်း။

၈။ ဆောက်လုပ်ရေးကဏ္ဍ၏ တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းပြပါ။

# အခန်း (၁၀)
# မြန်မာနိုင်ငံ၏ကုန်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများ
## Trade, Finance, Transport and Communications Sectors of Myanmar

### ၁၀-၁။ နိဒါန်း

ယခင်အခန်းများတွင် ပထမဆင့်ကဏ္ဍနှင့် ဒုတိယဆင့်ကဏ္ဍတို့တွင် ပါဝင်သည့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍများကို ဖော်ပြပြီးဖြစ်သည်။ ယခုအခန်းတွင် တတိယဆင့်ကဏ္ဍတွင်ပါဝင်သည့် ကဏ္ဍများ အနက် အရေးပါသည့်ကဏ္ဍများဖြစ်သော ကုန်သွယ်ရေး၊ ငွေရေးကြေးရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးကဏ္ဍများအကြောင်းကို ဖော်ပြသွားမည်ဖြစ်သည်။

ကုန်သွယ်ရေး၊ ငွေရေးကြေးရေး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများသည် ကုန်စည် ထုတ် လုပ်သည့် ကဏ္ဍများမဟုတ်ကြပေ၊ ငွေချေးငှားခြင်း၊ ငွေပေးချေခြင်း၊ သယ်ယူပို့ဆောင်ခြင်းစသည့် ဝန်ဆောင်မှုများ (services) ကိုဆောင်ရွက်ပေးသည်။ ခေတ်သစ်စီးပွားရေး အဆောက်အအုံတွင် ဝန် ဆောင်မှု ထုတ်လုပ်ခြင်းမှာ အရေးပါပေသည်။ ကုန်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ စနစ်တကျမရှိခဲ့ လျှင် ကုန်စည်များကိုဝယ်ယူရာ၌ လိုအပ်သောအချိန်တွင် လိုအပ်သောဌာနှ၌လိုအပ်သည့်အရေအတွက် ပမာဏရရှိနိုင်မည်မဟုတ်ပေ။ ငွေကြေးဆိုင်ရာဝန်ဆောင်မှုများမရှိခဲ့လျှင် လဲလှယ်ခြင်းနှင့် ပေးချေခြင်းများ တွင် အခက်အခဲကြုံတွေ့ရပေမည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ဆောင်မှုမရှိပါက ကုန်သွယ်ရေး နှင့် ကူးသန်းရောင်းဝယ်ရေးမှာ တိုးတက်မှုနှေးကွေးပေမည်။

### ၁၀-၂။ ကုန်သွယ်ရေးကဏ္ဍ

ကုန်သွယ်မှုသည် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဖလှယ်မှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ လူတို့သည် မိမိတို့ကျွမ်းကျင်ရာ လုပ်ငန်းတွင် ဇောက်ချထုတ်လုပ်မှုကြောင့် ကုန်စည်တစ်ခုကို မိမိလိုအပ် သည်ထက် ပိုမိုထုတ်လုပ်နိုင်စွမ်းရှိလာမည်။ လိုအပ်ချက်ထက် ပိုလျှံသော ကုန်စည်ကို အခြား မိမိတို့ လိုအပ်သော ကုန်စည်ဖြင့် လဲလှယ်လာကြသည်။ ဇောက်ချထုတ်လုပ်မှုနှင့် ဖလှယ်မှုတို့ ပေါ်ပေါက် လာခြင်းသည် လူသားတို့အတွက် ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှုတို့ကို ပိုမိုတိုးတက်လာစေသည်။

ကုန်သည်ပွဲစားတို့သည် ကုန်စည်ဖလှယ်ရေးကိစ္စတွင် ရောင်းသူနှင့်ဝယ်သူတို့အကြား ဆက်သွယ် ရေး လွယ်ကူစေရန်အတွက် ပေါ်ပေါက်လာသော လူတန်းစားတစ်ရပ်ဖြစ်သည်။ ကုန်သည်ပွဲစားတို့သည် ကုန်စည်ထုတ်လုပ်ရောင်းချမှုတို့အတွက် ရောင်းချလိုသောကုန်စည်ကို ဝယ်ယူပေးခြင်း၊ သို့မဟုတ် ရောင်း ချနိုင်အောင် ဆောင်ရွက်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးပါမည်။ ဤသို့ ရောင်းချလိုသူများ

အတွက် လုပ်ကိုင်ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများကို ဝယ်ယူရေးဝန်ဆောင်မှုများ (Procurement Services) ဟုခေါ်ဝေါ်သည်။

ကုန်သည်ပွဲစားတို့သည် ဝယ်ယူလိုသူတို့အတွက် လိုအပ်သောကုန်စည် အမျိုးအစားကို လိုအပ်သော ပုံသဏ္ဍာန်အတိုင်း လိုအပ်သောအချိန်တွင်၊ လိုအပ်သောနေရာ၌ရရှိအောင် ဆောင်ရွက်ဖြည့်ဆည်းပေးသည်။ ထိုသို့လုပ်ကိုင်ဆောင်ရွက်သော ဝန်ဆောင်မှုများကို ရောင်းချရေးဝန်ဆောင်မှုများ (Marketing Services) ဟုခေါ်ဝေါ်သည်။ ထို့ကြောင့်ကုန်သွယ်မှုလုပ်ငန်းတွင် ဝယ်ယူရေးဝန်ဆောင်မှုများနှင့် ရောင်းချရေးဝန်ဆောင်မှုများ ပါဝင်သည်။ ထုတ်လုပ်ရောင်းချသူများအတွက် သင့်လျော်သည့် အချိန်၊ ဌာနနှင့် ပုံသဏ္ဍာန်တို့မှာ ဝယ်ယူသူများအတွက် ဝယ်လိုသည့်အချိန်ဌာနနှင့် ပုံသဏ္ဍာန်ခြားနားနေသောကြောင့် ကုန်သည်ပွဲစားတို့သည် ကုန်စည်များကို ဝယ်ယူမှု၊ ပို့ဆောင်မှု၊ သိုလှောင်ခြင်းနှင့် အမျိုးအစားခွဲခြားခြင်း၊ ထုပ်ပိုးခြင်းနှင့် ကြော်ငြာခြင်းစသည့် ဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ကြရသည်။

ဖော်ပြပါ ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်လျှင် စီးပွားရေးအဆောက်အအုံတိုးတက်မှုအတွက် များစွာအကျိုးပြုပေမည်။

## ၁၀-၂(၁)။ ကုန်သွယ်ရေးကဏ္ဍ၏အရေးပါမှု

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၀ ခုနှစ်များနောက်ပိုင်းနှင့် ၁၉၄၀ ခုနှစ်များ အစောပိုင်းတို့တွင် မြန်မာ့ဆန်စပါးပို့ကုန်သည် ကမ္ဘာ့ဈေးကွက်၏ ဦးဆောင်တင်ပို့သောနိုင်ငံတစ်ခုဖြစ်၍ အရှေ့တောင်အာရှဒေသ၏ စီးပွားရေးဦးဆောင်သောနိုင်ငံတစ်ခုဖြစ်ခဲ့ပါသည်။ သို့သော် ထိုအချိန်က ဗြိတိသျှကိုလိုနီအစိုးရ၏ အုပ်ချုပ်မှုအောက်တွင်ဖြစ်၍ ဆန်စပါးပို့ကုန်လုပ်ငန်းမှ ရရှိသော အကျိုးအမြတ်၏ အစိတ်အပိုင်းအနည်းငယ်ကိုသာ နိုင်ငံတော်မှအကျိုးခံစားခဲ့ပါသည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်လွတ်လပ်ရေးရပြီးနောက် နိုင်ငံခြားကုန်သွယ်ရေးသည် တိုင်းရင်းသား ပုဂ္ဂလိကကုမ္ပဏီအနည်းငယ်နှင့် နိုင်ငံခြားကော်ပိုရေးရှင်းတို့၏ လက်ထဲတွင် အဓိကရှိနေပါသည်။ နိုင်ငံပိုင်ကော်ပိုရေးရှင်းများသည်လည်း နိုင်ငံခြားကုန်သွယ်ရေးတွင် ပါဝင်ဆောင်ရွက် လာပါသည်။ ၁၉၆၂ ခုနှစ်မတ်လ ၂ ရက်နေ့နောက်ပိုင်း ဆိုရှယ်လစ်အစိုးရ လက်ထက်တွင် နိုင်ငံခြား ကုန်သွယ်ရေးကို အစိုးရတစ်ဦးတည်းသာ ချုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်၏တာဝန်ကိုယူပြီးနောက် ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်သော စီးပွားရေးစနစ်နှင့်အညီ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ (၃၀)ရက်နေ့တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေ (Union of Myanmar Foreign Investment Law) ကိုပြဌာန်းခဲ့ပါသည်။ ထိုဥပဒေအရ နိုင်ငံတော်အတွင်း အစိုးရစီးပွားရေး လုပ်ငန်းသာမက ပုဂ္ဂလိက၊ သမဝါယမနှင့် နိုင်ငံခြားသားပိုင်စီးပွားရေး လုပ်ငန်းများကိုအားပေးလာပါသည်။ နိုင်ငံတော်၏ လက်ရှိချမှတ်ကျင့်သုံးလျက်ရှိသော ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပြည်တွင်းပြည်ပကုန်သွယ်ရေး လုပ်ငန်းများကို နိုင်ငံတော်ပိုင်၊ သမ

ဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင် အခန်းသာမက နိုင်ငံခြားသားများပါ ပါဝင်လုပ်ကိုင်ခွင့်ပြုလာပါသည်။ **အရှေ့ပါ** သော ကုန်သွယ်ရေးပေါ်လစီတစ်ရပ်အနေနှင့် ၁၉၈၈ ခုနှစ်ဆုံးပိုင်းတွင် တရုတ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ် ရေး ကိုတရားဝင်စတင်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာကုန်သွယ်ရေးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Value of **net** output of services and trade) မှာ ၂၀၀၁-၀၂ ပုံမှန်ဈေးနှုန်းအရ ၂၀၀၁-၀၂ ခုနှစ်တွင် ကျပ် သန်းပေါင်း (၆၇၈၉၃၂.၈) ရှိရာမှ ၂၀၀၃-၀၄ ခုနှစ်တွင် ကျပ်သန်းပေါင်း (၈၄၉၅၄၉.၇) ဖြစ်၍ ၂၅% တိုးတက်လာပါသည်။ ၂၀၀၃-၀၄ ခုနှစ်တွင် ကုန်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးသည် တမျိုးသား လုံး ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၂၃.၄၄% ဖြစ်သည်ကို တွေ့ရပါသည်။

### ၁၀-၂ (၂)။ ပင်လယ်ရေကြောင်းကုန်သွယ်ရေး (Overseas Trade)

မြန်မာနိုင်ငံရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းကဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကဖြစ်စေ၊ ပြည်ပသို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်း၊ ပြည်ပမှကုန်ပစ္စည်းများတင်သွင်းခြင်းကိစ္စအဝဝကို လမ်းညွှန်ကြီးကြပ် ထိန်းကျောင်းသည့်ဥပဒေမှာ ၁၉၄၇ခုနှစ်သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး(ယာယီ) အက်ဥပဒေဖြစ်ပါ သည်။

မြန်မာနိုင်ငံ၏ ပို့ကုန်ဆိုင်ရာမူဝါဒသည် ပြည်တွင်းစားသုံးပြီး ပိုလျှံသမျှအားလုံးကို ပြည်ပ တင်ပို့ရန်နှင့်မိမိ၏ သဘာဝသယံဇာတနှင့် လူ့အရင်းအမြစ်ကို အကျိုးရှိစွာအသုံးပြုလျက် ပြည်ပဈေး ကွက်သို့ ထိုးဖောက်ဝင်ရောက်ရေးကို ကြိုးပမ်းရန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သွင်းကုန်ဆိုင်ရာမူဝါဒသည် နိုင်ငံအတွက်အဓိကလိုအပ်လျက်ရှိသော ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ စက်ပစ္စည်းများ၊ ကုန်ကြမ်းပစ္စည်းများနှင့် အခြားအရေးကြီး ကုန်ပစ္စည်းများကို ဦးစားပေး တင်သွင်းရန်ဖြစ်ပါသည်။ ပြည်ပကုန်သွယ်မှုရှင်းတမ်း (Balance of trade) ဘက်ညီမှုရှိရန်အတွက် ပို့ကုန်ဦးစွာတင်ပို့ပြီး ရသည့်ငွေဖြင့် ပြန်လည်ဝယ်ယူသည့်မူကို ကျင့်သုံးဆောင်ရွက်ရန် သတ်မှတ်ထားပါ သည်။

သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခွင့်ပြုသောလုပ်ငန်းများမှာ

(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် ၁၉၅၀ ပြည့်နှစ်အထူးကုမ္ပဏီများ အက်ဥပဒေတို့ အရ မှတ်ပုံတင်ထားသော လီမိတက်ကုမ္ပဏီများ (နိုင်ငံခြားကုမ္ပဏီများအပါအဝင်) ဖက်စပ်ကော်ပို ရေးရှင်းများ/ဖက်စပ်လီမိတက်ကုမ္ပဏီများ အစုစပ်လုပ်ငန်းများ

(ခ) သမဝါယမအသင်းဥပဒေအရ တည်ဆောက်ထားသောသမဝါယမများ အသင်းလီမိတက်များ ဖြစ်ပါသည်။

ပြည်ပပို့ကုန်ပစ္စည်းတင်ပို့ရောင်းချခြင်းနှင့် ပြည်ပမှကုန်ပစ္စည်းများတင်သွင်းရာတွင် ခွင့်ပြုသော ငွေကြေးအမျိုးအစားများမှာ အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်၊ ရူပီ နှင့် ဘတ်တို့ ဖြစ်ပါသည်။

ပို့ကုန်အားလုံးအပေါ်တွင် လိုင်စင်ကြေး ကောက်ခံခြင်းမရှိပါ။ သွင်းကုန်လိုင်စင်ကြေးကို ကုန်သွယ်မှုပြုသည့် ငွေကြေးအလိုက် ကျပ်ဖြင့်ကုန်သွယ်ပါက ကျပ်ဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာဖြင့် ရောင်းဝယ်ပါက အမေရိကန်ဒေါ်လာဖြင့် လည်းကောင်းကောက်ခံပါသည်။

ပြည်ပသို့တင်ပို့သော ပို့ကုန်အမျိုးအစားများမှာ စိုက်ပျိုးရေးထွက်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများ၊ တွင်းထွက်ပစ္စည်းများနှင့် အဖိုးတန်ရတနာများ၊ ဓာတ်ငွေ့နှင့်အခြားသော ကုန်စည်များတို့ဖြစ်ပါသည်။ ၎င်းတို့ကို ဇယား (၁၀-၁)တွင် ဖော်ပြထားပါသည်။

ဇယား (၁၀-၁)၊ ပို့ကုန်အမျိုးအစားအလိုက်တင်ပို့မှု

**(Export of Principal Commodities)**

| ကုန်ထွက်အမျိုးအစား | ၁၉၈၅-၈၆ | | ၂၀၀၁-၀၂ | | ၂၀၀၃-၀၄ | |
|---|---|---|---|---|---|---|
| | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း |
| ၁။စိုက်ပျိုးရေးထွက်ပစ္စည်းများ | ၁၁၂၆ | ၄၂.၄၃ | ၃၀၂၀ | ၁၇.၆၃ | ၂၃၄၃ | ၁၆.၅၉ |
| ၂။တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၁ | ၀.၄၀ | ၄၂ | ၀.၂၅ | ၁၃ | ၀.၀၉ |
| ၃။ရေထွက်ပစ္စည်းများ | ၉၄ | ၃.၅၄ | ၈၆၀ | ၅.၀၃ | ၉၆၆ | ၆.၈၄ |
| ၄။သစ်တောထွက်ပစ္စည်းများ | ၁၀၄၆ | ၃၉.၄၁ | ၁၈၈၀ | ၁၀.၉၇ | ၂၀၄၉ | ၁၄.၅၂ |
| ၅။တွင်းထွက်ပစ္စည်းများ | ၁၁၄ | ၄.၃၀ | ၂၈၈ | ၁.၆၈ | ၃၄၀ | ၂.၄၀ |
| ၆။ကျောက်မျက်ရတနာများ | ၇၄ | ၂.၇၉ | ၁၂၇ | ၀.၇၄ | ၃၅၇ | ၂.၅၃ |
| ၇။ဓာတ်ငွေ့ | - | | ၄၂၄၇ | ၂၄.၇၉ | ၃၄၇၈ | ၂၄.၆၃ |
| ၈။အဝတ်အထည် | ၆ | ၀.၂၃ | ၂၉၈၅ | ၁၇.၄၃ | ၁၉၆၅ | ၁၃.၉၂ |
| ၉။အခြားပစ္စည်းများ | ၁၈၃ | ၆.၉၀ | ၃၆၈၀ | ၂၁.၄၈ | ၂၆၀၈ | ၁၈.၄၇ |
| စုစုပေါင်းပို့ကုန် | ၂၆၅၄ | ၁၀၀ | ၁၇၁၃၁ | ၁၀၀ | ၁၄၁၀၂ | ၁၀၀ |

ဇာစ်မြစ်။ CSO, Statistical Year Book, 2004

ပြည်ပသို့တင်ပို့သော ပို့ကုန်ဇယား (၁၀-၁)အရ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် စုစုပေါင်း ပို့ကုန်တန်ဖိုးသည် ၁၉၈၅-၈၆ ခုနှစ်ထက် (၅) ဆကျော်တိုးတက်ခဲ့သော်လည်း ၂၀၀၁-၂၀၀၂ နှင့် နှိုင်းယှဉ်လျှင် ကျဆင်းသွားပါသည်။ စုစုပေါင်းပို့ကုန်တွင် ကုန်စည်အမျိုးအစားအလိုက် အရေးပါမှုမှာ ၁၉၈၅-၈၆ ခုနှစ်တွင် စိုက်ပျိုးရေးပို့ကုန်သည်ပထမ သစ်တောပို့ကုန်သည်ဒုတိယ ဖြစ်သော်လည်း ၂၀၀၁-၀၂ နှင့် ၂၀၀၃-၀၄ တွင် ဓာတ်ငွေ့သည်ပထမ၊ စိုက်ပျိုးရေးပို့ကုန်သည်ဒုတိယ ဖြစ်သည်ကိုတွေ့ရပါသည်။ ဆန်စပါးသည် စိုက်ပျိုးရေးပို့ကုန်တွင် အစိတ်အပိုင်းတစ်ရပ် အနေဖြင့်သာပါဝင်ပါသည်။ ထို့ကြောင့် ဒုတိယ

ကမ္ဘာ့စစ်အတိုင်မီ ကမ္ဘာ့တွင် ဆန်စပါးပို့ကုန် ဦးဆောင်တင်ပို့သည့်နိုင်ငံဖြစ်ခဲ့သော မြန်မာနိုင်ငံသည် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် မြန်မာ့၏ အရေးပါသော ပို့ကုန်သည် ဓာတ်ငွေ့ဖြစ်ပြီး ပို့ကုန်အရေးပါမှု များစွာ ပြောင်းလဲနေသည်ကို တွေ့ရပါသည်။

ပြည်ပသို့ ပို့ကုန်များတိုးတက်တင်ပို့နိုင်ရန်အတွက် ပြည်တွင်းတွင်ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်း၊ ပြည်တွင်းထုတ်လုပ်သူများနှင့် စည်းရုံးဆောင်ရွက်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်း၊ ပြည်ပပို့ကုန်တင်ပို့ခြင်းတို့အတွက် အကူအညီပေးရန် (Export Promotion Information Centre) ကို ၂၈-၂-၂၀၀၅တွင် ရန်ကုန်မြို့၌ဖွင့်လှစ်ပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရုံးခန်းများဖွင့်၍ ပို့ကုန်မြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်နေပါသည်။

မြန်မာ့ပို့ကုန်ကို အဓိကဝယ်ယူသောနိုင်ငံများမှာ ထိုင်း၊ စင်္ကာပူ၊ အိန္ဒိယ၊ ဂျပန်၊ ဟောင်ကောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားတို့ဖြစ်သည်။

မြန်မာနိုင်ငံသို့ ပြည်ပမှအဓိကတင်သွင်းသော ကုန်စည်အမျိုးအစားများမှာ စားသုံးကုန်စည်များ၊ အဖျော်ယမကာနှင့်ဆေးလိပ်၊ လောင်စာမှအပကုန်ကြမ်းပစ္စည်းများ၊ တိရစ္ဆာန်နှင့်ဟင်းရွက်ဆီ၊ ဓါတုဗေဒပစ္စည်းများ၊ စက်မှုထွက်ကုန်ပစ္စည်းများနှင့် စက်ကိရိယာနှင့်သယ်ယူပို့ဆောင်ရေးပစ္စည်းများဖြစ်ပါသည်။

ဇယား (၁၀-၂) အရ ၁၉၈၅-၈၆ခုနှစ်က စက်နှင့်သယ်ယူပို့ဆောင်ရေးကိရိယာများ တင်သွင်းမှုအများဆုံး ၅၀% ကျော် ဖြစ်ခဲ့ပြီး စက်မှုကုန်စည်သည် ဒုတိယအရေးပါသော သွင်းကုန်ဖြစ်ခဲ့သည်။ ၂၀၀၃-၀၄ ခုနှစ်တွင် စက်မှုကုန်စည်နှင့် စက်နှင့်သယ်ယူပို့ဆောင်ရေးသွင်းကုန် အရေးပါမှု တူညီသွားသည်ကို တွေ့ရပါသည်။

ပြည်ပမှသွင်းကုန်များတွင် ၂၀၀၁-၂၀၀၂ ခုနှစ်၏ အဓိကတင်သွင်းသော ကုန်စည်အုပ်စုမှာ စက်ကိရိယာနှင့် သယ်ယူပို့ဆောင်ရေးပစ္စည်းများဖြစ်သည်၊ စုစုပေါင်းသွင်းကုန်၏ (၂၇. ၈%) ရှိသည်။ ဒုတိယအများဆုံးမှာ စက်မှုကုန်စည်ဖြစ်ပြီး စုစုပေါင်းသွင်းကုန်၏ (၂၄. ၇၅%) ဖြစ်သည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် အဓိကတင်သွင်းသော ကုန်စည်အုပ်စုမှာ စက်ကိရိယာနှင့် သယ်ယူပို့ဆောင်ရေးပစ္စည်းများဖြစ်ပြီး စုစုပေါင်းသွင်းကုန်၏ (၂၅. ၆၄%) ရှိသည်။ ဒုတိယမှာ စက်မှုကုန်စည်များဖြစ်ပြီး စုစုပေါင်းသွင်းကုန်၏ (၂၅. ၅၃%) ဖြစ်သည်။

## ဇယား(၁၀-၂)။ သွင်းကုန်အုပ်စုအလိုက်တင်သွင်းမှု

| သွင်းကုန်အမျိုးအစား | ၁၉၈၅-၈၆ | | * ၂၀၀၁-၀၂ | | * ၂၀၀၃-၀၄ | |
|---|---|---|---|---|---|---|
| | ကျပ်သန်း ပေါင်း | ရာခိုင် နှုန်း | ကျပ်သန်း ပေါင်း | ရာခိုင် နှုန်း | ကျပ်သန်း ပေါင်း | ရာခိုင် နှုန်း |
| ၁။စားသုံးကုန်ပစ္စည်းများ | ၆၃. ၃၃ | ၁. ၃၂ | ၈၃၈. ၀၃ | ၄. ၅၆ | ၃၃၉. ၃၃ | ၂. ၅၃ |
| ၂။အဖျော်ယမကာနှင့်ဆေးလိပ် | ၂. ၆၀ | ၀. ၀၅ | ၁၉၀. ၉၉ | ၁. ၀၄ | ၁၀၉. ၉၆ | ၀. ၈၂ |
| ၃။လောင်စာမှအပကုန်ကြမ်း ပစ္စည်းများ | ၂၃. ၂၆ | ၀. ၄၈ | ၅၉. ၀၂ | ၀. ၃၂ | ၅၃. ၂၆ | ၀. ၄၃ |
| ၄။တွင်းထွက်လောင်စာစက်ဆီနှင့် ဆက်စပ်ပစ္စည်းများ | ၉၉. ၇၆ | ၂. ၀၈ | ၃၈၃၉. ၁၇ | ၂၀. ၈၉ | ၁၉၅၂. ၇၄ | ၁၄. ၅၈ |
| ၅။တိရိစ္ဆာန်နှင့်ဟင်းရွက်ဆီ | ၇၇. ၆၃ | ၁. ၆၂ | ၂၅၃. ၀၂ | ၁. ၃၈ | ၄၄၅. ၀၄ | ၃. ၃၂ |
| ၆။ဓာတုဗေဒပစ္စည်းများ | ၄၈၃. ၆၅ | ၁၀. ၀၇ | ၁၇၈၆. ၇၈ | ၉. ၇၂ | ၁၄၁၂. ၄၈ | ၁၀. ၅၄ |
| ၇။စက်မှုကုန်စည်များ | ၁၁၉၃. ၆၀ | ၂၄. ၈၆ | ၄၅၄၈. ၁၃ | ၂၄. ၇၅ | ၃၄၁၉. ၈၉ | ၂၅. ၅၃ |
| ၈။စက်နှင့်သယ်ယူပို့ဆောင်ရေး ကိရိယာများ | ၂၄၅၂. ၄၇ | ၅၁. ၀၇ | ၅၁၁၀. ၁၄ | ၂၇. ၈၁ | ၃၄၃၅. ၀၉ | ၂၅. ၆၄ |
| ၉။စက်မှုထွက်ကုန်များ | ၄၀၂. ၀၀ | ၈. ၃၇ | ၇၂၅. ၇၂ | ၃. ၉၅ | ၄၀၉. ၀၁ | ၃. ၀၃ |
| ၁၀။အခြားသွင်းကုန်များ | ၃. ၇၃ | ၁၀. ၀၈ | ၁၀၂၆. ၆၅ | ၅. ၅၉ | ၁၈၁၆. ၇၃ | ၁၃. ၅၆ |
| စုစုပေါင်းသွင်းကုန် | ၄၈၀၂. ၀၄ | ၁၀၀ | ၁၈၃၇၇. ၆၅ | ၁၀၀ | ၁၃၃၉၇. ၅၆ | ၁၀၀ |

ဇာစ်မြစ်။ ။ CSO, Statistical Year Book, 2004

မှတ်ချက်။ ။ သွင်းကုန်ပစ္စည်းရောက်ရှိမှုပေါ် မူတည်၍ ဆိပ်ကမ်းရောက်တန်ဖိုးဖြင့် ဖော်ပြထားသည်။ * နယ်စပ်ဒေသ တင်သွင်းမှုများ ပါဝင်သည်။

### ၁၀-၂ (၃)။ ပြည်တွင်းကမ်းရိုးတန်းကုန်သွယ်မှု (Coastal Trade)

မြန်မာနိုင်ငံအတွင်း ရန်ကုန်ဆိပ်ကမ်းနှင့် နိုင်ငံ၏ကမ်းရိုးတန်းဒေသ မြို့ကြီးဖြစ်သော ရခိုင်ကမ်းရိုးတန်းရှိ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ကျောက်တော်၊ မောင်တော၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ရှိ ပုသိမ်နှင့် ကိုကိုးကျွန်း၊ တနင်္သာရီကမ်းရိုးတန်းရှိ မြိတ်၊ ထားဝယ်၊ မော်လမြိုင်မြို့များနှင့်လည်း ပြည်တွင်းကမ်းရိုးတန်းကုန်သွယ်မှု ပြုလုပ်ပါသည်။

ရန်ကုန်နှင့်ပြည်တွင်းအခြား ဆိပ်ကမ်းမြို့များနှင့် ကမ်းရိုးတန်းကုန်သွယ်မှုတွင် စားသုံးကုန်စည်များနှင့် ရင်းနှီးကုန်စည်များပါဝင်သည်။ ကမ်းရိုးတမ်းကုန်သွယ်ရေးသည် ၁၉၈၅ ခုနှစ်တွင် ကျပ်သန်းပေါင်း (၁၃၆၉. ၃၈)၊ ၂၀၀၁တွင် ကျပ်သန်းပေါင်း (၁၁၁၁၈. ၁၅) ဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် ကျပ်

သန်းပေါင်း (၂၆၅၄၈. ၇၄) ထိတိုးတက်လာသည်။ ၂၀၀၃ ခုနှစ်တွင် ၁၉၈၅ ခုနှစ်ထက် (၁၉) ဆခန့်၊ ၂၀၀၁ ခုနှစ်ထက် (၂) ဆကျော်ခန့်တိုးတက်လာသည်ကိုတွေ့ရ ပါသည်။

### ၁၀-၂(၄)။ နယ်စပ်ကုန်သွယ်ရေး (Border Trade)

**နယ်စပ်ကုန်သွယ်ရေးဆိုသည်မှာ နိုင်ငံသားတစ်ဦးနှင့် အခြားနိုင်ငံသားတစ်ဦး (ရောင်းသူနှင့် ဝယ်သူနှစ်ဦး) တို့ နယ်စပ်ဒေသတွင်တွေ့ဆုံလျက် ပစ္စည်းကိုကြည့်၍ အရောင်းအဝယ် အပေးအယူလုပ်ခြင်းပင်ဖြစ်သည်။**

မြန်မာနိုင်ငံသည်ဈေးကွက်စီးပွားရေးစနစ်ကို တရားဝင်နယ်စပ်ကုန်သွယ်ရေးကို ၂၂-၁၁-၈၈ နေ့တွင် တရုတ်-မြန်မာ့နယ်စပ်ကုန်သွယ်ရေးဖြင့် စတင်ခဲ့သည်။ ထို့နောက် ၁၂-၄-၉၅ နေ့တွင် အိန္ဒိယ-မြန်မာနယ်စပ်ကုန်သွယ်ရေးစတင်သည်။ ၅-၉-၉၅ နေ့တွင်ဘင်္ဂလားဒေး့ရှ်-မြန်မာနယ်စပ် ကုန်သွယ်ရေး၊ ၁၇-၃-၉၆ နေ့တွင် ထိုင်း-မြန်မာ နယ်စပ်ကုန်သွယ်ရေးတို့ကို စတင်ခဲ့ပါသည်။

နယ်စပ်ဒေသများမှ တစ်ဆင့် တစ်ဖက်အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့်လည်းကောင်း ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့်လည်းကောင်း တင်ပို့တင်သွင်းခွင့်ပြုပါသည်။

နယ်စပ်ဒေသပုံမှန် ကုန်သွယ်ရေးနည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ ခွင့်ပြုခြင်း၊ ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း၊ ကိစ္စအရပ်ရပ်တို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးစနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပါသည်။

နယ်စပ်ဒေသများတွင် နယ်စပ်ကုန်သွယ်ရေးနည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် အသုံးပြုပေးချေသော ငွေကြေးများမှာ မြန်မာနှင့်တရုတ်နယ်စပ်တွင် ကျပ်၊ ဒေါ်လာ၊ ယွမ် ဖြစ်ပြီး မြန်မာနှင့်ထိုင်းနယ်စပ်တွင် ကျပ်၊ ဒေါ်လာ၊ ဘတ် ဖြစ်ပါသည်။ မြန်မာနှင့်အိန္ဒိယနယ်စပ်တွင် ကျပ်၊ဒေါ်လာ၊ ရူပီ ဖြစ်ပြီး မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် ကျပ်၊ ဒေါ်လာ၊ တာကာ တို့ဖြစ်ပါသည်။ **ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလာသည်နှင့်အညီ နယ်စပ်ကုန်သွယ်ရေးတွင် ပုဂ္ဂလိကလုပ်ငန်းများ၏ အခန်းကဏ္ဍ အရေးပါလာသည်။**

### ၁၀-၂ (၅)။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း (Tourist Industry)

ဈေးကွက်စီးပွားရေးစနစ်ကို ဦးတည်သော စီးပွားရေးစနစ်နှင့်အညီ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံခြားငွေပိုမိုရရှိစေရန်အတွက် အစိုးရသည် ၁၉၉၀ ခုနှစ် ဇွန်လတွင် မြန်မာ့ခရီးသွားဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၁ ခုနှစ်မှစ၍ ပုဂ္ဂလိကပိုင်ဆိုင်မှုများကို နိုင်ငံတော်သို့ မှတ်ပုံတင်ပါသည်။ ပုဂ္ဂလိကဟိုတယ်နှင့် တည်းခိုရိပ်သာ၊ ခရီးသွားလုပ်ငန်း ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းတို့ကို လုပ်ငန်းလိုင်စင်ထုတ်ပေးပါသည်။ နိုင်ငံတော်အတွင်း ပိုင်ဆိုင်မှုပုံစံအရ ဟိုတယ်၊

မိုတယ်နှင့် တည်းခိုခန်းခုရေကို အောက်ပါအတိုင်း ဖော်ပြထားသည်။

ဇယား(၁၀-၃)၊ ပိုင်ဆိုင်မှုအလိုက်ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများ

(ခုရေ)

| ပိုင်ဆိုင်မှုပုံစံ | ၂၀၀၁-၂၀၀၂ | | ၂၀၀၃-၂၀၀၄ | |
|---|---|---|---|---|
| | ဟိုတယ်၊မိုတယ်နှင့် တည်းခိုခန်း | ကုတင် အရေအတွက် | ဟိုတယ်၊မိုတယ်နှင့် တည်းခိုခန်း | ကုတင် အရေအတွက် |
| နိုင်ငံပိုင် | ၃၄ | ၃၈၃၄ | ၃၂ | ၃၅၃၂ |
| ပုဂ္ဂလိကပိုင် | ၄၉၃ | ၂၇၇၅၆ | ၅၃၈ | ၃၀၉၃၄ |

ရင်းမြစ်။ ။CSO, Statistical Year Book, 2004

အထက်ပါဇယားအရ ၂၀၀၃-၂၀၀၄ခုနှစ်တွင် နိုင်ငံပိုင်ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်း အရေအတွက် အနည်းငယ်နည်းသွားသော်လည်း ပုဂ္ဂလိကပိုင်လုပ်ငန်းအရေအတွက် တိုးတက်လာသည်။ ထိုနှစ်တွင်ခရီးသည်များ လက်ခံနိုင်မှုကိုဖော်ပြသော ကုတင်အရေအတွက်တွင် ပုဂ္ဂလိကပိုင်းသည် နိုင်ငံပိုင်ထက် (၉)ဆကျော်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပုဂ္ဂလိကပိုင်အခန်းကဏ္ဍတိုးတက်လာသည်။ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် နိုင်ငံခြားမှခရီးသည် စုစုပေါင်း ၃၃၀၃၂၀ ဦးထိ တိုးတက်လာပြီး ၁၉၈၅-၈၆ ခုနှစ်ကထက် (၉)ဆကျော် တိုးတက်လာသည်။

## ၁၀-၂ (၆)။ ကုန်သွယ်ရေးကဏ္ဍ၏ သွင်းအားစုများ

ကုန်သွယ်မှုလုပ်ငန်း အမျိုးအစားပေါင်းများစွာရှိသောကြောင့် လိုအပ်သောသွင်းအားစုများမှာလည်း အမျိုးအမယ်များပြားပါသည်။

သာမန်သွင်းအားစုများ (current inputs) အနက် အရေးကြီးဆုံးသွင်းအားစုမှာ သယ်ယူ ပို့ဆောင်ရေးပင်ဖြစ်သည်။ ကုန်သွယ်မှုလုပ်ငန်းတွင် သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးမှာ မရှိမဖြစ် လိုအပ်ပေသည်။ ငွေရေးကြေးရေး ဝန်ဆောင်မှုများနှင့် ထုပ်ပိုးပစ္စည်းများမှာလည်း အရေးကြီးသည့် သာမန်သွင်းအားစုများဖြစ်သည်။

မတည်အရင်းအနှီး ပစ္စည်းသွင်းအားစု (capital inputs) တွင် အရေးပါဆုံးမှာ ဆိုင်ခန်းများ၊ ကုန်တိုက်များနှင့် သိုလှောင်ရုံများစသည့်အဆောက်အဦများဖြစ်သည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ဟိုတယ်နှင့်စားသောက်ဆိုင်များစသည့် အဆောက်အဦများ လိုအပ်ပေသည်။

လုပ်အားသည်လည်း ကုန်သွယ်ရေးကဏ္ဍတွင် အရေးပါသော သွင်းအားစုဖြစ်သည်။ ကျွမ်းကျင်သည့် မန်နေဂျာများ၊ စာရင်းကိုင်များ၊ အရောင်းမြှင့်တင်ရေး ပုဂ္ဂိုလ်များ စသည်တို့လိုအပ်ပါသည်။

**၁၀-၂ (၇)။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု**

**တုန်သွယ်ရေးကဏ္ဍသည် စီးပွားရေးအဆောက်အအုံအတွင်းရှိ အခြားကဏ္ဍ အများအပြားနှင့် ဆက်နွယ်နေသည်။ အရောင်းအဝယ်ကိစ္စရပ်များရှိသည့်နေရာတိုင်းတွင် ကုန်သွယ်ရေးကဏ္ဍ ပါဝင် ပတ်သက်နေသည်။**

**၁၀-၃ ။ ငွေရေးကြေးရေးကဏ္ဍ**

ငွေကြေးနှင့်ဘဏ္ဍာရေး ဆောင်ရွက်မှုဟူသမျှသည် ငွေရေးကြေးရေးကဏ္ဍနှင့် သက်ဆိုင်သည့် လုပ်ဆောင်ချက်များပင်ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းပြည်ပ ကုန်သွယ်ရေး ကဏ္ဍများတွင် အမြဲတ ဆက်သွယ်လုပ်ဆောင်နေသော ကဏ္ဍပင်ဖြစ်သည်။ ကုန်သွယ်မှု ပြုလုပ်ရာတွင် ငွေကြေးဖြင့်အပေးအယူ ပြုလုပ်ရသည်။ အပေးအယူပြုလုပ်မှုများကိုလည်း အဆင်ပြေစွာ ပြုလုပ်နိုင်ရန် လိုအပ်သည်။ ထိုစီးပွားရေး လုပ်ငန်းများကို လုပ်ကိုင်ရာတွင် မတည်အရင်းအနှီးများ၊ လုပ်ငန်းသုံးအရင်းအနှီးများလိုအပ်သကဲ့သို့ ၎င်းတို့ကို ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများမှ အဆင်ပြေစွာ ရရှိနိုင်ရန်လိုအပ်သည်။ ငွေရေးကြေးရေးကဏ္ဍတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဘဏ္ဍာရေးလုပ်ငန်းများ ချေးငွေလုပ်ငန်း များနှင့် အာမခံလုပ်ငန်းများပါဝင်သည်။

ငွေရေးကြေးရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးမှာ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် အသားတင် ထုတ်လုပ်မှုတန်ဖိုး ကျပ်သန်းပေါင်း (၅၁၆၅. ၆) ဖြစ်၍ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး၏ (၀. ၁၄) ရာခိုင်နှုန်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံဗဟိုဘဏ်၊ မြန်မာ့စီးပွားရေး ဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ နိုင်ငံဝန်ထမ်းများဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အသေးစားချေးငွေ လုပ်ငန်းတို့နှင့် ပုဂ္ဂလိကဘဏ်များ ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံ ဗဟိုဘဏ်သည် အစိုးရ၏ ငွေကြေးပေါ်လစီ (monetary policy) ကို အကောင် အထည်ဖော်ရန် တာဝန်ယူရသည်။ အစိုးရ၏ဘဏ်အဖြစ် ဆောင်ရွက်၍ ငွေစက္ကူ ထုတ်ဝေခွင့်အာဏာကို ဗဟိုဘဏ်မှ ရရှိသည်။ ငွေကြေး၏ ပြည်ပတန်ဖိုးကို ထိန်းချုပ်ခြင်းနှင့် နိုင်ငံခြားငွေ (foreign exchange) ထိန်းချုပ်ခြင်းတို့ကိုပါ တာဝန်ယူရပါသည်။

ဗဟိုဘဏ်သည် အစိုးရ၏ဘဏ်ဖြစ်သောကြောင့် မြန်မာနိုင်ငံတွင်းရှိ ဘဏ်အားလုံး၏ လုပ် ဆောင်ချက်များကိုလည်း ထိန်းချုပ်ရပေသည်။ ၁၉၉၅ ခုနှစ်၌ ပုဂ္ဂလိကဘဏ်များကို စတင်ဆောင်ရွက် ခွင့်ပြုခဲ့သည်။ ငွေစက္ကူထုတ်ဝေရာ၌ ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလတွင် လှည့်လည်သုံးစွဲငွေမှာ ကျပ်သန်း ပေါင်း (၁၅၉၇၈၆) ရှိခဲ့သည်။

ဇယား (၁၀-၄) ဘဏ်တွင် ပြည်သူတို့၏ စုဆောင်းငွေ

| နှစ် | စုဆောင်းငွေ (ကျပ်သန်းပေါင်း) |
|---|---|
| ၁၉၈၅ | ၆၅၃၃ |
| ၁၉၉၀ | ၁၁၄၀၆ |
| ၁၉၉၅ | ၅၃၃၃၀ |
| ၁၉၉၇ | ၁၀၀၈၅၈ |
| ၁၉၉၈ | ၁၅၁၁၅၈ |
| ၁၉၉၉ | ၂၁၆၉၅၆ |
| ၂၀၀၀ | ၃၃၅၆၅၃ |
| ၂၀၀၁ | ၄၄၉၈၀၅ |
| ၂၀၀၂ | ၅၃၈၀၈၂ |

ဇာစ်မြစ်။ ။ CSO, Statistical Year Book, 2004

ဇယား၌ ဖော်ပြထားသည့်အတိုင်း ဘဏ်တွင် ပြည်သူများ၏ စုဆောင်းငွေမှာ တစ်နှစ်ထက် တစ်နှစ် တိုးတက်လျက်ရှိသည်။

မြန်မာ့စီးပွားရေးဘဏ်သည် အထွေထွေဘဏ်လုပ်ငန်း ဆောင်ရွက်မှုများကို လုပ်ဆောင်ပေးပြီး ကာလတိုကာလရှည် ချေးငွေများထုတ်ချေးသည်။ မြန်မာနိုင်ငံဗဟိုဘဏ်ကိုယ်စား ငွေကြေးကိုယ်စားလှယ် အဖြစ် ဘဏ္ဍာငွေထိန်းသိမ်းခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံခြားငွေလုပ်ငန်း ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ပေးပါသည်။

မြန်မာ့စီးပွားရေးဘဏ်သည် ဘဏ်ခွဲများကို မြန်မာနိုင်ငံအတွင်း မြို့များတွင် ထားရှိပြီး ဘဏ်လုပ်ငန်းဆောင်ရွက်မှုကို လူပုဂ္ဂိုလ်များ၊ လုပ်ငန်းများ၊ သမဝါယမများ၊ စီးပွားရေးအဖွဲ့အစည်းများအတွက် ဆောင်ရွက်ပေးသည်။ အသေးစားချေးငွေဌာနများကိုလည်း နိုင်ငံအနှံ့အပြားတွင် ဖွင့်လှစ်ထားပြီး စုဆောင်းငွေကိုလည်းလက်ခံသည်။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၊ ပြည်တွင်း ပြည်ပမှ ဖက်စပ်လုပ်ငန်းများ ပုဂ္ဂလိကကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တစ်ဦးစီအတွက် ပြည်ပကုန်သွယ်မှုနှင့် ပတ်သက်သည့် လုပ်ငန်းများကို ဆောင်ရွက်ပေးပြီး နိုင်ငံခြားတိုင်းပြည် အသီးသီး၏ ငွေကြေးယူနစ်များနှင့် ပတ်သက်သော ကိစ္စများကို ဆောင်ရွက်ပေးသည်။

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူ အဖွဲ့အစည်းများ၊ အစုစပ်လုပ်ငန်းများ၊ ဖက်စပ်လုပ်ငန်းများ၊ ကုမ္ပဏီလီမိတက်များ၊ တစ်ဦးတည်းပိုင် လုပ်ငန်းများနှင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအတွက် ပြည်တွင်းနှင့် ပြည်ပဘဏ်လုပ်ငန်းများကို

ဆောင်ရွက်ပေးသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သော နှစ်တိုနှစ်ရှည် ချေးငွေများ ထုတ်ပေးသည်။ ပိုလျှံငွေများကိုလည်း တောင်သူလယ်သမားတို့သည် ယင်းဘဏ်တွင်ပင် အပ်နှံစုဆောင်းနိုင်သည်။

နိုင်ငံ့ဝန်ထမ်းများဘဏ် (Government Employees Bank-G.E.B) ကို (၁. ၄. ၉၆) နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ရည်ရွယ်ချက်မှာတာဝန်ထမ်းဆောင်နေဆဲ နိုင်ငံဝန်ထမ်းများ၊ အငြိမ်းစားလစာငွေ ခံစားခွင့်ရှိသူများနှင့် နိုင်ငံတော်၏ အထောက်အပံ့ငွေကို လစဉ်ထုတ်ယူခွင့် ရှိသူများအား ၎င်းတို့၏ သက်သာချောင်ချိရေးကို ရှေးရှု၍ သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးရန် ရည်ရွယ်ပါသည်။

အာမခံလုပ်ငန်းဆောင်တာများကို ယခင်အချိန်က နိုင်ငံတော်ပိုင်အဖွဲ့အစည်းဖြစ်သည့် မြန်မာ့အာမခံလုပ်ငန်းကသာ ဆောင်ရွက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍ ပါဝင်လာနိုင်ရေးအတွက် ရည်ရွယ်ပြီး ၁၉၉၆ ခုနှစ်၊ ဇွန်လအတွင်းအာမခံ နည်းဥပဒေများပြဋ္ဌာန်းကာ ပုဂ္ဂလိကအာမခံလုပ်ငန်းများအား ခွင့်ပြုခဲ့ပါသည်။ အာမခံလုပ်ငန်း ဆောင်တာများအား အဓိကအားဖြင့် အမျိုးအစားနှစ်မျိုး ခွဲခြားနိုင်သည်။ ၎င်းလုပ်ငန်းဆောင်တာနှစ်မျိုးမှာ အသက်အာမခံလုပ်ငန်းနှင့် (မီးအာခံ၊ မတော်တဆထိခိုက်မှုအာမခံ စသည့်) အထွေထွေ အာမခံ လုပ်ငန်းတို့ ဖြစ်သည်။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ငွေရေးကြေးရေးလုပ်ငန်းများသည် ပဓာနကျသည့် အခန်းဍ္ဍတည်ရှိနေရာ ပြောင်းလဲကျင့်သုံးနေသော စီးပွားရေးစနစ်အရ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုသည့် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးစနစ် ဖြစ်ပေါ်လာစေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်အပိုင်းကသာမက ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ပါဝင်ဆောင်ရွက်လာ နိုင်စေရန်အလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံးခွဲများကို ဖွင့်လှစ်ခဲ့သည်။ ထို့ကြောင့် ၁၉၉၉ ခုနှစ်နှစ်ဆုံးပိုင်းတွင် ပုဂ္ဂလိက ဘဏ်ပေါင်း (၂၀) မှ ပြည်တွင်းဘဏ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး နိုင်ငံခြားဘဏ် (၄၆) ဘဏ်တို့၏ ကိုယ်စားလှယ်ရုံးခွဲများ ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

ငွေရေးကြေးရေးကဏ္ဍတွင် အဓိကလိုအပ်သောသွင်းအားစုမှာ လုပ်အားပင်ဖြစ်သည်။ အဆောက်အအုံများ သယ်ယူပို့ဆောင်ရေး အထောက်အကူပစ္စည်းများစသည်တို့ လိုအပ်သော်လည်း အရေးပါဆုံးသော သွင်းအားစုမှာ ကျွမ်းကျင်သောလုပ်သားပင်ဖြစ်သည်။ ဘဏ်လုပ်ငန်းပညာရှင်များ၊ အရည်အချင်းမြင့်မားသော စီမံအုပ်ချုပ်သူများ၊ ကွန်ပျူတာပညာရှင်များ၊ စာရင်းကိုင်များ စသည်တို့လိုအပ်သည်။ ဘဏ်လုပ်ငန်းများတွင် အမှားအယွင်း အနည်းငယ်ရှိပါက ငွေရေးကြေးရေး အမြောက်အမြား ဆုံးရှုံးနိုင်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဘဏ်လုပ်ငန်းစနစ်တွင် ဘဏ်လုပ်ငန်းအတတ်ပညာ ကျွမ်းကျင်မှုနှင့် နည်းပညာ ဖွံ့ဖြိုးမြင့်မားလာစေရန် မျှော်မှန်း၍ နိုင်ငံခြားဘဏ်များ၏ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုင်ငံခြားဘဏ် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်းကောင်း ဆွေးနွေးပွဲများ သင်တန်းများကျင်းပလျက်ရှိသည်။ ထို့အပြင် ကမ္ဘာ့ဘဏ် (World Bank)၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF) အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank- ADB) နှင့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများသို့လည်း သင်တန်းများ၊ ဆွေးနွေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်ရန်အတွက် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဘဏ်အရာထမ်းများကို နှစ်စဉ်အများအပြား စေလွှတ်၍ နည်းပညာများ၊ အတွေ့အကြုံများ ဆည်းပူးလေ့လာခွင့် ပြုလျက်ရှိသည်။

## ၁၀-၃ (၁) ။ အခြားကဏ္ဍများနှင့် ဆက်စပ်မှု

ငွေရေးကြေးရေးကိစ္စသည် စီးပွားရေးလုပ်ငန်းများအတွက် အရေးကြီးဆုံး အချက်များထဲတွင် တစ်ခုအဖြစ်ပါဝင်နေသည့် အားလျော်စွာ စီးပွားရေးကဏ္ဍတိုင်းနှင့် ဆက်စပ်နေသည်။ ခေတ်သစ် စီးပွားရေးအဆောက်အအုံများသည် ငွေကြေးပေါ်တွင် အခြေခံ၍ ချောမွေ့စွာ လည်ပတ်နေရသည်ဖြစ်ရာ ငွေရေးကြေးရေးကဏ္ဍနှင့် ဆက်သွယ်မှုမရှိသော စီးပွားရေးကဏ္ဍဟူ၍ မရှိနိုင်ပေ။ အပေးအယူ ပြုလုပ်တိုင်း ငွေရေးကြေးရေး လုပ်ဆောင်ချက်များ ပါဝင်နေကြောင်း တွေ့ရပေသည်။ ငွေရေးကြေးရေးကဏ္ဍအနေဖြင့် ပြည်သူတို့၏ စုဆောင်းငွေများကို လက်ခံပြီးနောက် ထုတ်လုပ်မှု တိုးတက်ရေးအတွက် ကာလတို၊ ကာလရှည်ချေးငွေများ ပြန်လည်ထုတ်ပေးကြောင်းတွေ့ရပေသည်။ ထို့ကြောင့် ငွေရေးကြေးရေးကဏ္ဍသည် စီးပွားရေး အဆောက်အအုံတစ်ခု၏ အသွင်ပြောင်းလဲရေးနှင့် တိုးတက်မှုရရှိရေးအတွက် နီးကပ်စွာ ဆက်နွယ်လျက်ရှိသည်။

## ၁၀-၄။ ပို့ဆောင်ရေးကဏ္ဍ

ပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်သည်။ ကုန်ထုတ်ကဏ္ဍ အသီးသီးမှ တိုးတက်ထုတ်လုပ်သော ကုန်ပစ္စည်းများ စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် တိုးတက်လျက်ရှိသော လူဦးရေအတွက် ခရီးသွားလာရေး အဆင်ပြေချောမွေ့စေရန် မြန်မာနိုင်ငံပို့ဆောင်ရေးလုပ်ငန်းများမှ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၀၃-၀၄ခုနှစ်တွင် ပို့ဆောင်ရေးကဏ္ဍ၏ ဆောင်ရွက်မှုတန်ဖိုးမှာကျပ်သန်းပေါင်း ၇၂၆၉၁၈. ၃ ဖြစ်၍ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ ၉. ၄၂ ရာခိုင်နှုန်း ဖြစ်သည်။

ပို့ဆောင်ရေးလုပ်ငန်းတွင် -

(က) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး

(ခ) ရေလမ်းသယ်ယူပို့ဆောင်ရေး

(ဂ) ရထားသယ်ယူပို့ဆောင်ရေးနှင့်

(ဃ) လေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ပါဝင်ပါသည်။

ဤလုပ်ငန်းအားလုံးကို နိုင်ငံပိုင်၊ သမဝါယမနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအားလုံးက ပါဝင်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံပိုင်အခန်းတွင် မြန်မာ့မီးရထား၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းနှင့် မြန်မာ့လေကြောင်းတို့ပါဝင်သည်။ သမဝါယမအခန်းတွင် ကုန်လမ်းပို့ဆောင်မှုလုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်မှုလုပ်ငန်းများပါရှိပြီး၊ ပုဂ္ဂလိကအခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်လုပ်ငန်း၊ ကုန်တင်မော်တော်ယာဉ်လုပ်ငန်းနှင့် ရေကြောင်းပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတို့ ပါဝင်သည်။

ဇယား (၁၀-၅)၊ ရထားဘူတာ၊ ရထားလမ်းနှင့်ခရီးမိုင်အကွာအဝေး

| အကြောင်းအရာ | ယူနစ် | ၁၉၈၅-၈၆ | ၂၀၀၁-၂၀၀၂ | ၂၀၀၃-၂၀၀၄ |
|---|---|---|---|---|
| ရထားဘူတာ | ခုရေ | ၄၇၀ | ၇၇၉ | ၇၇၅ |
| ရထားလမ်းအရှည် | မိုင် | ၁၉၅၀ | ၂၉၇၄ | ၃၀၁၂ |
| ခရီးမိုင် | မိုင် | ၂၇၆၇ | ၃၈၆၀ | ၃၉၂၂ |

ဇာစ်မြစ်။ CSO, Statistical Year Book, 2004

ရထားလမ်းများအနေနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် (၁၄) ခုအနက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ရထားလမ်းများကို ဖောက်လုပ် တည်ဆောက်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ရထားလမ်းအရှည်သည် အထက်ပါဇယားအရ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ၁၉၈၅-၈၆ ခုနှစ်ကထက် (၁၀၆၂) မိုင် သို့မဟုတ် (၅၄.၄၆) ရာခိုင်နှုန်း တိုးတက်လာပါသည်။ ရထားဘူတာအရေအတွက်သည် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ၁၉၈၅-၈၆ ခုနှစ်ကထက် (၃၀၅)ခု သို့မဟုတ် (၆၄.၉) ရာခိုင်နှုန်းတိုးတက်လာပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းတွင် သဘာဝမြစ်ကြောင်းလမ်းများသာမက တူးမြောင်းများလည်း ပါဝင်သည်။ မြန်မာနိုင်ငံတွင် ထင်ရှားသောတူးမြောင်းများမှာ တွံတေးတူးမြောင်းနှင့် ပဲခူး-စစ်တောင်းတူးမြောင်းတို့ဖြစ်ကြသည်။ မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်တွင် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းပိုင် သင်္ဘောများဖြင့် ကူးသန်းသွားလာလျက်ရှိသည်။

ပြည်တွင်းလေကြောင်းပို့ဆောင်ရေးလုပ်ငန်းတွင် လေဆိပ်အသစ်များ တိုးချဲ့တည်ဆောက်လျက်ရှိသည်။ ထို့ကြောင့် ၁၉၈၅-၈၆ ခုနှစ်တွင် လေဆိပ် (၆၀) ရှိရာမှ ၂၀၀၃-၂၀၀၄ ခုနှစ်တွင် လေဆိပ် (၉၆)ခုထိ တိုးချဲ့ဆောက်လုပ်ပြီးဖြစ်သည်။ မြန်မာ့လေကြောင်းနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းသည် ပြည်ပခရီးစဉ်များကို ပြေးဆွဲလျက်ရှိသည်။ ထို့ပြင် အဲယား

မန္တလေးလေကြောင်း (Air Mandalay)၊ ရန်ကုန်အဲယားဝေး(စ်)လေကြောင်း (Yangon Airways)၊ အဲယားပုဂံလေကြောင်း (Air Bagan)၊ လေကြောင်းများဖြင့် ပြည်တွင်း၌ ပျံသန်းပြေးဆွဲလျက်ရှိသည်။

ဇယား( ၁၀-၆)၊ ကုန်းလမ်းပို့ဆောင်ရေးခရီးမိုင်နှင့် မှတ်ပုံတင်ယာဉ်အရေအတွက်

| အကြောင်းအရာ | ယူနစ် | ၁၉၈၅-၈၆ | ၂၀၀၁-၂၀၀၂ | ၂၀၀၃-၂၀၀၄ |
|---|---|---|---|---|
| ကားလမ်းအရှည်မိုင် | မိုင် | ၁၄၄၁၇ | ၁၇၉၉၅ | ၁၈၄၃၆ |
| မှတ်ပုံတင်ယာဉ်အရေအတွက် | ခုရေ | ၁၄၁၀၀၅ | ၄၄၉၄၉၆ | ၄၈၃၀၅၀ |

ဇာစ်မြစ်။ ။CSO, Statistical Year Book, 2004

ကုန်းလမ်းလမ်းပို့ဆောင်ရေးတွင် ကားလမ်းအရှည်မိုင်သည် ၂၀၀၃-၂၀၀၄ခုနှစ်တွင် ၁၉၈၅-၈၆ ခုနှစ်ထက် (၂၇. ၈၈)ရာခိုင်နှုန်း တိုးတက်လာပါသည်။ မှတ်ပုံတင်ယာဉ် အရေအတွက် သည် ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ၁၉၈၅-၈၆ ခုနှစ်ထက် (၃) ဆ ကျော်တိုးတက်လာသည်။

ဇယား ( ၁၀-၇ )၊ နိုင်ငံတော်တွင် သယ်ယူပို့ဆောင်မှုအမျိုးအစားအလိုက်ရငွေ

| အကြောင်းအရာ | ၁၉၈၅-၈၆ | | ၂၀၀၁-၀၂ | | ၂၀၀၃-၀၄ | |
|---|---|---|---|---|---|---|
| | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း | ကျပ်သန်းပေါင်း | ရာခိုင်နှုန်း |
| ရထား | ၃၅၀. ၆၃ | ၄၀. ၁၄ | ၆၄၉၇. ၃၁ | ၅၆. ၄၅ | ၂၀၀၀၀. ၈၇ | ၆၂. ၉၅ |
| လေယာဉ် | ၁၄၃. ၅၄ | ၁၆. ၄၃ | ၁၈၄၅. ၃၁ | ၁၆. ၀၃ | ၆၀၃၉. ၈၁ | ၁၈. ၁၁ |
| ပြည်တွင်းရေကြောင်း | ၁၂၄. ၄၂ | ၁၄. ၂၅ | ၁၅၈၂. ၈၄ | ၁၃. ၇၅ | ၃၉၈၇. ၇၇ | ၁၁. ၉၅ |
| ကား | ၂၅၄. ၈၆ | ၂၉. ၁၈ | ၁၅၈၅. ၁၈ | ၁၃. ၇၇ | ၂၃၃၀. ၇၃ | ၆. ၉၉ |
| စုစုပေါင်း | ၈၇၃. ၄၅ | ၁၀၀ | ၁၁၅၁၀. ၆၄ | ၁၀၀ | ၃၃၃၅၉. ၁၈ | ၁၀၀ |

ဇာစ်မြစ်။ ။CSO, Statistical Year Book, 2004

အထက်ပါဇယားအရ ရထားပို့ဆောင်ရေးမှ ရငွေသည်အများဆုံးဖြစ်၍ လေကြောင်းပို့ဆောင်ရေးမှ ရငွေသည် ဒုတိယ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှရငွေသည် တတိယဖြစ်ပြီး ကုန်လမ်းပို့ဆောင်ရေးမှရငွေသည် အနည်းဆုံးဖြစ်သည်။ ကုန်လမ်းပို့ဆောင်ရေးတွင် ပုဂ္ဂလိက၏ ပို့ဆောင်မှုအခန်းကဏ္ဍသည် နိုင်ငံတော်၏ အခန်းကဏ္ဍထက် ပို၍များသောကြောင့်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍမှ ရငွေသည် ၂၀၀၃-၀၄ ခုနှစ်တွင် ၂၀၀၁-၀၂ ခုနှစ်ထက် (၃)ဆ နီးပါးတိုးတက်လာခြင်းမှာသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကြောင့်ဖြစ်သည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍ၏

ရငွေသည် နိုင်ငံတော်အစိုးရ၏ ရငွေဖြစ်သည်။

**၁၀-၅။ ဆက်သွယ်ရေးကဏ္ဍ**

ဆက်သွယ်ရေးလုပ်ငန်းသည် နိုင်ငံ၏ အာရုံကြောနှင့်တူသည်။ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် လက်အောက်ခံ ဝန်ထမ်းအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်မှုကို ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပေးသကဲ့သို့ စီးပွားရေးလုပ်ငန်းများနှင့် အာဏာပိုင် အဖွဲ့အစည်းများ နိုင်ငံအတွင်းရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး တိုးတက် ဖြစ်ပေါ်မှုများသည် ဆက်သွယ်ရေးပေါ်တွင် အဓိကမူတည်နေပါသည်။ နိုင်ငံ၏ ဆက်သွယ်ရေး အဆင့်အတန်း မြင့်မားခြင်းမရှိပါက ဘက်ညီတိုးတက်ဖွံ့ဖြိုးမှုကို ရနိုင်မည်မဟုတ်ပေ။ ဆက်သွယ်ရေး ကဏ္ဍ၏ ပြည်တွင်းအသားတင်ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၀၀-၀၁ ပုံသေဈေးနှုန်းအရ ၂၀၀၁-၀၂ ခုနှစ် တွင် ကျပ်သန်းပေါင်း (၉၂၀၇. ၄)မှ ၂၀၀၃-၀၄ ခုနှစ်တွင် ကျပ်သန်းပေါင်း (၁၈၅၆၆. ၆) သန်းအထိ တိုး လာပါသည်။ ထို့ကြောင့် ၂၀၀၃-၀၄ ခုနှစ်တွင် ၂၀၀၁-၀၂ ခုနှစ်ထက် ဝန်ဆောင်မှုတန်ဖိုး (၂)ဆ တိုး လာပါသည်။ ၂၀၀၃-၀၄ခုနှစ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးသည် တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၏ (၀. ၅၁) ရာခိုင်နှုန်းဖြစ်သည်။

မြန်မာနိုင်ငံ ဆက်သွယ်ရေးလုပ်ငန်းပိုင်းတွင် စာတိုက်များ၊ တယ်လီဖုန်းများ၊ ကြေးနန်းရုံးများ၊ တဲလ်လက်စ် (Telex service)၊ ဖက်စီမီလီ (Fascimile Service)၊ အီး(လ်)မေးလ် (e-mail)၊ အင်တာနက် (Internet)၊ မိုက်ခရိုဝေဖ့်စခန်း (Microwave Stations) များပါဝင်ခဲ့သည်။ ၁၉၉၅-၉၆ ဆယ်လူလာ (Cellular)၊ မိုဗိုင်းလ်ဖုန်း (Mobile)၊ ဖက်စီမီလီ (Fascimile Service) နှင့် စက်တဲလ် လိုက်စခန်း (Satellite Earth Station) တို့ကို စတင်သုံးစွဲခဲ့ပါသည်။ ၁၉၉၈-၉၉ ခုနှစ်တွင် (C.D.M.A)ဖုန်းနှင့် အီး(လ်)မေးလ် (e-mail) ကိုစတင်သုံးစွဲခဲ့ပါသည်။ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် အင်တာနက် (Internet) ကို စတင်သုံးစွဲခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်တွင် (G.S.M) ကို စတင်သုံးစွဲခဲ့ ပါ သည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများ၏အခြေအနေကိုအောက်ပါဇယားတွင်ဖော်ပြထားသည်။

ဇယား (၁၀-၈) မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးလုပ်ငန်းများ (ဦးရေ)

| စဉ် | အကြောင်းအရာ | ၂၀၀၁-၀၂ | ၂၀၀၃-၀၄ |
|---|---|---|---|
| ၁ | စာတိုက်များ | ၁၂၉၃ | ၁၃၁၆ |
| ၂ | တယ်လီဂရပ်ရုံးများ (Telegraph service) | ၁၁၀ | ၁၃၂ |
| ၃ | တယ်လီဖုန်းများ | ၃၀၇၀၅၆ | ၃၇၂၃၁၇ |
| | မိုဘိုင်းလ်ဖုန်း (Mobile Phone) | ၁၉၅၅၃ | ၃၉၄၁၆ |
| | ဆယ်လူလာ (Cellular) | ၈၅၅၉ | ၈၄၄၀ |
| | C.D.M.A | ၁၁၁၈၃ | ၁၁၉၆၄ |
| | G.S.M | ၂၉၂၉ | ၂၈၃၃၆ |
| ၄ | တဲလ်လက်စ် (Telex Service) | ၃၀ | ၂၆ |
| ၅ | ဖက်စီမီလီ (Fascimile) | ၃၀၅၄ | ၃၇၂၅ |
| ၆ | အီးလ်မေးလ် (e-mail) | ၄၈၁၁ | ၂၇၂၇၂ |
| ၇ | အင်တာနက် (Internet) | ၆၈ | ၁၀၃၃၈ |
| ၈ | မက်ခရိုဝေဗ်စခန်းများ (Microwave stations) | ၈၇ | ၂၂၃ |

ဇာစ်မြစ်။ ။CSO, Statistical Year Book, 2004

အထက်ပါဇယားအရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဆောင်ရွက်မှုသည် ၂၀၀၃-၂၀၀၄ ခုနှစ်၌ ၂၀၀၁-၂၀၀၂ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် လုပ်ငန်းအားလုံးနီးပါး တိုးတက်မှုရှိသည်ကို တွေ့ရသည်။ အထူးသဖြင့် မိုဘိုင်းလ်ဖုန်းနှင့် G.S.M သုံးစွဲမှုများလာသည်ကို တွေ့ရပါသည်။ ဆက်သွယ်ရေးကဏ္ဍသည် အခြားလူမှုစီးပွားရေးကဏ္ဍများ တိုးတက်အောင်မြင်မှုအတွက် များစွာအထောက်အကူပြုသည်။ ကုန်သွယ်မှုတွင် စွမ်းဆောင်ရည် ပြည့်ဝစေရန်အတွက် ဈေးကွက်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို တစ်နေရာမှတစ်နေရာသို့ မြန်မြန်နှင့်မှန်ကန်စွာ ပေးပို့နိုင်ရန် အထူးလိုအပ်သည်။ စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် ရာသီဥတု အခြေအနေ၊ ပိုးမွှားရောဂါကျရောက်မှု၊ စိုက်ပျိုးရေးနည်းစနစ်များနှင့် ပတ်သက်သည့် သတင်းများကိုလည်း လျင်မြန်တိကျစွာ သိရှိနိုင်ရန် ဆက်သွယ်ရေးကဏ္ဍက ဆောင်ရွက်ပေးလျက်ရှိသည်။ စက်မှု၊ သစ်တော စသည်တို့အပါအဝင် အခြားစီးပွားရေး လုပ်ငန်းများကို ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရန်နှင့် ဈေးကွက်အခြေအနေကိုလိုက်၍ ပြုပြင်ပြောင်းလဲမှုကို လျင်မြန်စွာပြုလုပ်နိုင်ရန်၊ ဈေးကွက်အခြေအနေနှင့် သတင်းများကို ဝေးလံသည့်ဒေသများသို့ ရောက်အောင်ပို့ပေးနိုင်ရန် ဆက်သွယ်ရေး ကဏ္ဍက ဆောင်ရွက်ပေးသည်။

**၁၀-၆။ နိဂုံး**

ဤအခန်းတွင် ပထမဆင့်ကဏ္ဍများ၊ ဒုတိယဆင့်ကဏ္ဍများသည် မြန်မာ့စီးပွားရေး ကဏ္ဍများတွင် အရေးပါသကဲ့သို့ပင်၊ တတိယဆင့်ကဏ္ဍများဖြစ်သော ဝန်ဆောင်မှုလုပ်ငန်းများလည်း မရှိမဖြစ် လိုအပ်ကြောင်း ဖော်ပြခဲ့သည်။ တတိယဆင့်ကဏ္ဍများအနက်မှ အရေးပါဆုံးဖြစ်သော ကုန်သွယ်ရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတို့သည် ခေတ်သစ်စီးပွားရေးစနစ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မည်ကဲ့သို့ဆောင်ရွက်ပေးနေကြောင်းကိုလည်း ဖော်ပြထားသည်။ ကုန်သွယ်မှု ပုံစံအမျိုးမျိုး ငွေရေးကြေးရေးဆောင်ရွက်ပေးပုံအမျိုးမျိုး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး လုပ်ငန်းပုံစံအသီးသီးကိုလည်း လေ့လာနိုင်ရန် ရှင်းလင်းထားပါသည်။

---

## အနှစ်ချုပ်

(၁) ကုန်သွယ်ရေးဆိုင်ရာလုပ်ဆောင်မှုများ၏ အခြေခံသည် ဖလှယ်မှုဖြစ်သည်။

(၂) ကုန်သည်ပွဲစားများသည် ကုန်စည်ဖလှယ်ရေးကိစ္စတွင် ဝယ်သူနှင့် ရောင်းသူများအကြား ဆက်သွယ်ရေးလွယ်ကူစေရန်အတွက် ပေါ်ပေါက်လာသော လူတန်းစား တစ်ရပ်ဖြစ်သည်။

(၃) ကုန်သွယ်မှုလုပ်ငန်းတွင် ဝယ်ယူရေးဝန်ဆောင်မှုများနှင့် ရောင်းချရေးဝန်ဆောင်မှုများပါဝင်သည်။

(၄) ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို စွမ်းဆောင်ရည်ပြည့်ဝစွာ ဆောင်ရွက်ပေးနိုင်လျှင် စီးပွားရေး အဆောက်အအုံအတွက် အကျိုးရှိသည်။

(၅) မြန်မာနိုင်ငံ၏ ပို့ကုန်များတွင် ခာတ်ငွေ့သည် ပထမအရေးပါဆုံး ဖြစ်သည်။

(၆) မြန်မာနိုင်ငံကုန်သွယ်ရေး မြှင့်တင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသည်။

(၇) မြန်မာနိုင်ငံပြည်ပ ကုန်သွယ်ရေးစနစ်၊ ပို့ကုန် သွင်းကုန်အမျိုးအစားနှင့် ပမာဏတို့သည် စီးပွားရေး အဆောက်အအုံအတွက် အရေးပါသည်။

(၈) နယ်စပ်ကုန်သွယ်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိသည်။

(၉) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ ၂၀၀၃-၀၄ ခုနှစ်တွင် အစိုးရထက် ပုဂ္ဂလိကပိုင်းအခန်းကဏ္ဍ ပိုမိုတိုးတက်လာပါသည်။

(၁၀) မြန်မာနိုင်ငံတွင် ဈေးကွက်စီးပွားရေးနှင့် အညီပို့ကုန်မြှင့်တင်ရေးမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်သည်။

(၁၁) ကုန်သွယ်ရေးကဏ္ဍသည် စီးပွားရေးအဆောက်အအုံအတွင်းရှိ အခြားကဏ္ဍအများအပြားနှင့် ဆက်နွယ်နေသည်။

(၁၂) မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် မြန်မာနိုင်ငံ၏ ဗဟိုဘဏ်ဖြစ်သည်။

(၁၃) ငွေရေးကြေးရေးကဏ္ဍသည် နိုင်ငံ၏ ငွေကြေးနှင့် ဘဏ္ဍာရေးဆောင်ရွက်မှုဟူသမျှနှင့် သက်ဆိုင်သည်။

(၁၄) ၁၉၉၅ခုနှစ်၌ ပုဂ္ဂလိကဘဏ်များကို စတင်ဆောင်ရွက်ခွင့်ပြုခဲ့သည်။

(၁၅) မြန်မာ့အာမခံလုပ်ငန်း၏ ဆောင်ရွက်ချက်ကို အသက်အာမခံနှင့် အထွေထွေအာမခံဟူ၍ (၂) မျိုး ခွဲခြားထားသည်။

(၁၆) မျက်မှောက်ကာလ စီးပွားရေးစနစ်တွင် သယ်ယူပို့ဆောင်ရေးကဏ္ဍသည် အရေးပါသည်။

(၁၇) ပို့ဆောင်ရေးလုပ်ငန်းများအားလုံးတွင် နိုင်ငံပိုင်၊ သမဝါယမနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများက ပါဝင် လုပ်ကိုင်ဆောင်ရွက်သည်။

(၁၈) ၂၀၀၃-၀၄ခုနှစ်တွင် ၁၉၈၅-၈၆ခုနှစ်ကထက် ကားလမ်းအရှည်မိုင်သည် ၂၇.၈၈ ရာခိုင်နှုန်း တိုးတက်လာသည်၊ မှတ်ပုံတင်ကားအရေအတွက်သည် (၃)ဆ တိုးတက်လာသည်။

(၁၉) ပို့ဆောင်ရေးကဏ္ဍမှ ရငွေတွင် မီးရထားမှရငွေအများဆုံး၊ လေကြောင်း ဒုတိယနှင့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး တတိယဖြစ်သည်။

(၂၀) ဆက်သွယ်ရေးအဆင့်အတန်းမြင့်မားမှုသည် နိုင်ငံရေးစီမံခန့်ခွဲရေး၊ လူမှုရေး၊ စီးပွားရေးတွင် တိကျမှန်ကန်မှု၊ ဘက်ညီတိုးတက်မှုများ ရရှိစေနိုင်သည်။

(၂၁) ဆက်သွယ်ရေးကဏ္ဍ၏ ဝန်ဆောင်မှုတန်ဖိုးသည် ၂၀၀၃-၀၄ခုနှစ်တွင် ၂၀၀၁-၀၂ခုနှစ်က ထက် (၂)ဆနီးပါးတိုးတက်လာပါသည်။

---

ဝေါဟာရများ

- ဝယ်ယူရေးဝန်ဆောင်မှု
- ရောင်းချရေးဝန်ဆောင်မှု
- နယ်စပ်ကုန်သွယ်ရေး

---

**လေ့ကျင့်ခန်းများ**

(က) မှား/မှန်မေးခွန်း

၁။ ကုန်သည်ပွဲစားတို့သည် ကုန်စည်ရောင်းဝယ်ရာတွင် ရောင်းသူနှင့် ဝယ်သူတို့အကြား ဆက်သွယ် ပေးကြသည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် ၁၉၅၀ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေအရ မှတ်ပုံ တင်ထားသော လီမိတက်များ၊ အစုစပ်လုပ်ငန်းများကို သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခွင့်ပြုသည်။

၃။ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာသည့်အခါ ပုဂ္ဂလိကလုပ်ငန်းများ၏ အခန်းကဏ္ဍ အရေး ပါလာသည်။

၄။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် အစိုးရ၏ ငွေကြေးပေါ်လစီကို အကောင်အထည် ဖော်ရသည်။

၅။ ၁၉၈၈ မတိုင်မီကပင် နိုင်ငံခြားကုန်သွယ်ရေးကို ပုဂ္ဂလိကမှ ပါဝင်ဆောင်ရွက်ခဲ့သည်။

(ခ) ကွက်လပ်ဖြည့်မေးခွန်း

၁။ --------------- နှင့် ဖလှယ်မှုတွင်ပေါ်ပေါက်လာခြင်းသည် လူတို့၏ ကုန်ထုတ်လုပ်မှုနှင့် စားသုံးမှုကို ပိုမိုတိုးတက်လာစေသည်။

၂။ နယ်စပ်ဒေသများမှ တဆင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်ရာတွင် နယ်စပ်ကုန်သွယ်မှု နည်းလမ်းနှင့် ---------------- နည်းလမ်းများဖြင့် ဆောင်ရွက်ကြသည်။

၃။ နိုင်ငံဝန်ထမ်းများဘဏ်ကို ------------- နေ့တွင် စတင်ဖွင့်လှစ်ခဲ့သည်။

၄။ မြန်မာနိုင်ငံတွင် -------------ခုနှစ်၌ ပုဂ္ဂလိကဘဏ်များကို စတင်ဆောင်ရွက်ခွင့် ပြုခဲ့သည်။

၅။ ဆက်သွယ်ရေးကဏ္ဍသည် နိုင်ငံ၏ ------------- နှင့် တူသည်။

(ဂ) ရွေးချယ်မှုမေးခွန်းများ

၁။ ၂၀၀၃-၀၄ခုနှစ်များတွင် မြန်မာ့ပို့ကုန်များအနက် အရေးပါသောပို့ကုန်မှာ (က) ဆန်စပါး (ခ) ကျွန်းသစ် (ဂ) ဓာတ်ငွေ့ ဖြစ်သည်။

၂။ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးတွင် ပထမဦးဆုံးစတင်ခဲ့သည့် အိမ်နီးချင်းနိုင်ငံမှာ (က) အိန္ဒိယ (ခ) ထိုင်း (ဂ) တရုတ် ဖြစ်သည်။

၃။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို (က) ၃၀. ၁၁. ၁၉၈၈ (ခ) ၃၀. ၁၁. ၁၉၈၉ (ဂ) ၃၀. ၁၂. ၁၉၈၈ နေ့တွင် ပြဋ္ဌာန်းခဲ့သည်။

၄။ မြန်မာပို့ဆောင်ရေးကဏ္ဍတွင် ပုဂ္ဂလိက၏ ပို့ဆောင်မှုအခန်းကဏ္ဍ ပို၍များသော ပို့ဆောင်ရေးလုပ်ငန်းမှာ (က) ကုန်းလမ်း (ခ) ရေလမ်း (ဂ) လေကြောင်းလမ်း ဖြစ်သည်။

၅။ ၅. ၉. ၁၉၉၅ နေ့တွင် (က) ထိုင်း-မြန်မာ (ခ) အိန္ဒိယ-မြန်မာ (ဂ) ဘင်္ဂလားဒေ့ရှ်-မြန်မာ တရားဝင်နယ်စပ် ကုန်သွယ်ရေးကို စတင်ခဲ့သည်။

(ဃ) မေးခွန်းများ

၁။ ကုန်သွယ်ရေးကဏ္ဍ၏ အရေးပါမှုနှင့် ကုန်သည်ပွဲစားတို့၏ ဆောင်ရွက်ချက်များကို ရှင်းပြပါ။

၂။ ၁၉၈၈ ခုနှစ်နောက်ပိုင်း မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးကဏ္ဍတွင် ပြောင်းလဲလာပုံကို ရှင်းပြပါ။

၃။ မြန်မာနိုင်ငံ၏ပြည်ပကုန်သွယ်ရေးလုပ်ငန်းကိုအတိုချုံး၍ရှင်းပြပါ။

၄။ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကိုရှင်းပြပါ။

၅။ မြန်မာနိုင်ငံ၏ငွေရေးကြေးရေးကဏ္ဍကိုရှင်းပြပါ။

၆။ မြန်မာနိုင်ငံ ပြည်သူပိုင်ဘဏ်လုပ်ငန်းများ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းရေးသားပါ။

၇။ မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးလုပ်ငန်းကို အတိုချုံးရှင်းပြပါ။

၈။ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအကြောင်းရှင်းပြပါ။

၉။ ဆက်သွယ်ရေးလုပ်ငန်းအမျိုးမျိုးကို ဖော်ပြ၍ ယင်းတို့၏အရေးပါမှုကိုရှင်းပြပါ။